BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

**The Lightning Newsletter**

အမှတ် (၈၂) ခရစ်နှစ်၊ ၂၀၀၈ ခုနှစ်၊ မတ်လ    မြန်မာသက္ကရာဇ် (၁၃၆၉)    ( ၁၅-၁-၉၉ ) ရက်နေ့တွင်စတင်တည်ထောင်သည်။

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နအဖအား ဝတ္တရားပျက်ကွက်မှုဖြင့် တရားစွဲသော်လည်း တရားရုံးက အရေးမယူ

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၉) ရက်နေ့တွင် အမျိုးသားပြည်သူ့လွှတ်တော်ခေါ်ပေးရန် နှစ်ပေါင်းနှစ်ဆယ်နီးပါး ကတိနှင့်တာဝန်ဝတ္တရားများ ပျက်ကွက်မှုဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နအဖ) အား တရားစွဲလိုက်သည်။

၁၉၉၀ ခုနှစ်၊ ရွေးကောက်ပွဲဥပဒေ ၁/၉၀ အပိုဒ် (၁၂) နှင့် (၈၉) ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၃) တို့အရ ပြည်သူ့လွှတ်တော်ကိုဖွဲ့စည်းပေးရန် နဝတ (နအဖ၏ ယခင်အမည်) အစိုးရက တရားဝင်ပေးထားသည့် ကတိအား ယနေ့ထိဖြည့်ဆည်းပေးခြင်းမရှိသည့်အတွက် ဤသို့တရားစွဲရခြင်းဖြစ်ကြောင်း အဖွဲ့ချုပ်၏ပြောခွင့်ရသူ ဦးဉာဏ်ဝင်းကပြောသည်။

သို့ရာတွင် ဟိုက်ကုတ်လက်ထောက်ညွှန်ကြားရေးမှူးက လျှောက်လွှာကိုကြည့်ပြီး ဘာမှမပြောဘဲထွက်သွားကြောင်း၊ တနာရီခန့်ကြာပြီးနောက် ပြန်လာသောအခါ လျှောက်လွှာကိုလက်မခံကြောင်းပြောသည်ဟု ဦးဉာဏ်ဝင်းက မဇ္ဈိမသို့ပြောသည်။

"တရားရုံးတော့ရှိတယ်။ တရားဥပဒေတော့မရှိဘူးပေါ့။ ဒီထက်မြင့်တဲ့ တရားရုံးလည်းမရှိဘူး။ နောက်ထပ် ဘယ်လိုဆောင်ရွက်ရမလဲဆိုတာ လာမယ့်အပတ်မှာ ကျနော်တို့ဆောင်ရွက်ပါ့မယ်" ဟု ဆက်လက်ပြောကြားခဲ့သည်။

တရားသူကြီးတဦး၌သာလျှင် ဤသို့အဆိုလွှာကိုပယ်ချပိုင်ခွင့်ရှိသည့်အတွက် ယခုကဲ့သို့ တရားသူကြီးမဟုတ်သူဝန်ထမ်းတဦးက တထိုင်တည်းနှင့်ပယ်ချလိုက်ခြင်းသည်ပင်လျှင် တရားဥပဒေနှင့်ညီသည်ဟု မိမိတို့မှ မယူဆပါကြောင်း ဦးဉာဏ်ဝင်းက ဆက်လက်ပြောကြားသွားသည်။

"ဒီကိစ္စမှာ တရားဥပဒေစိုးမိုးရေးကို မဆောင်ရွက်တဲ့အတွက် ကျနော်တို့နိုင်ငံအတွက် အထူးဝမ်းနည်းစရာကောင်းတယ်။ တရားဥပဒေစိုးမိုးရေးမရှိဘဲနဲ့ ဘယ်လိုဒီမိုကရေစီနိုင်ငံမျိုးမှ ထူထောင်လို့မရနိုင်ပါဘူး" ဟု ဦးဉာဏ်ဝင်းက ဝေဖန်ပြောကြားလိုက်သည်။

နအဖအစိုးရအနေဖြင့် ၁၉၉၀ ရွေးကောက်ပွဲကာလက ပြည်သူ့လွှတ်တော်ခေါ်ယူရေးကတိကို ဖြည့်ဆည်းပေးခြင်းမရှိသည့်အပြင် နောက်ထပ်ရွေးကောက်ပွဲကျင်းပမည်ဟု ကြေညာခဲ့သဖြင့် ဤသို့ တရားစွဲဆိုရခြင်းဖြစ်ကြောင်း ဦးဉာဏ်ဝင်းကပြောသည်။ ဆက်လက်၍ ဤလုပ်ရပ်သည် ၁၉၉၀ ခုနှစ်က ရွေးကောက်ပွဲတွင် တခဲနက်ဆန္ဒမဲပေးခဲ့သော မဲဆန္ဒရှင်များ၏ ဆန္ဒတို့ကို ဆန့်ကျင်ရာရောက်နေသည်ဟုလည်း ပြောသည်။

တရားရုံးသို့ သွားရောက်တရားစွဲခဲ့သူများမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တာဝန်ရှိသူများဖြစ်ကြသော ဥက္ကဋ္ဌဦးအောင်ရွှေ၊ ရှေ့နေကြီးများဖြစ်ကြသော ဦးကြည်ဝင်းနှင့် ဦးအောင်သိန်းတို့နှင့်အတူ ပြောခွင့်ရ ဦးဉာဏ်ဝင်းတို့ဖြစ်ကြသည်။

❖

ပြည်သူ့ခွန်အား... မကိုးစားလျှင်
စားသွားလည်းကြေ... လုံလည်းချွတ်...

## (၆၁) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင်ကျင်းပ



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးချုပ်တွင်ကျင်းပခဲ့သည့်ပြည်ထောင်စုနေ့အခမ်းအနားသို့တက်ရောက်လာကြသည့်အဖွဲ့ချုပ်အဖွဲ့ဝင်များ

ရန်ကုန်မြို့ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဌာနချုပ်ရုံးတွင် (၆၁) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပခဲ့ပြီး အဖွဲ့ချုပ်၏ ကြေညာချက်အမှတ် (၆/၀၂/၀၈) ကို ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါကြေညာချက်တွင် လက်ရှိ မြန်မာနိုင်ငံ၏အုပ်ချုပ်မှုပုံစံသည် တပြည်ထောင်စနစ်ဖြစ်သဖြင့် ပင်လုံစာချုပ်၏ ရည်ရွယ်ချက်များနှင့် မကိုက်ညီသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားအခွင့်အရေးများ ကွယ်ပျောက်ကာ ဒီမိုကရေစီအရေးများ ဆိတ်သုဉ်းနေခြင်းကြောင့် ပြည်ထောင်စုစိတ်ဓာတ်များပျောက်ဆုံးနေကာ အမျိုးသားသွေးစည်းညီညွတ်ရေးမဆိုထားဘိ၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးများလည်း မှေးမှိန်လျက်ရှိကြောင်း ဖော်ပြထားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ၂၀၀၈ ခုနှစ်အား အမျိုးသားပြန်လည်သင့်မြတ်ရေးနှစ်အဖြစ် သတ်မှတ်ထားခဲ့ခြင်းကြောင့် မိမိတိုင်းပြည်အမှန်တကယ် ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်စေရန် အတွက် အထူးလိုအပ်လျက်ရှိသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတွင် အဓိကတာဝန်ကျလျက်ရှိကြောင်း ဖော်ပြထားသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးအား အကောင်အထည်ဖော်ရန်၊ နိုင်ငံရေးအဓိပ္ပါယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးရေးကို အမြန်ကျင်းပရန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည်လည်း ပြည်သူလူထုထဲတွင် ပါဝင်သည်ဖြစ်သလို အခြားတိုင်းရင်းသားလူမျိုးစုများသည်လည်း ပြည်သူလူထုပင်ဖြစ်ကြသဖြင့် အချင်းချင်းတွေ့ဆုံဆွေးနွေးရန် တောင်းဆိုထားသည်။ တွေ့ဆုံဆွေးနွေးရာတွင် ပါဝင်ရမည့် အဲန်အယ်လ်ဒီခေါင်းဆောင်များနှင့် တိုင်းရင်းသားခေါင်းဆောင်များကိုလည်း ခြွင်းချက်မရှိ လွှတ်ပေးရန်၊ ၁၉၉၀ ပြည့်ရွေးကောက်ပွဲအနိုင်ရ ဖျက်သိမ်းခံတိုင်းရင်းသားပါတီများကို မှတ်ပုံတင်ခွင့်ပေး၍ လွတ်လပ်စွာစည်းရုံးလှုပ်ရှားခွင့်ပေးရန်တို့ကိုလည်း တောင်းဆိုထားသည်။

အခမ်းအနားကျင်းပရာသို့ တိုင်းရင်းသားခေါင်းဆောင်များ၊ ဝါရင့်နိုင်ငံရေးသမားကြီးများနှင့် သံတမန်များတက်ရောက်ခဲ့ကြပြီး အဲန်အယ်လ်ဒီပါတီဝင်များက တွေ့ဆုံဆွေးနွေးရေးနှင့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးတို့ ဟစ်ကြွေးတောင်းဆိုကာ ဆန္ဒပြခဲ့ကြသည်။

နအဖခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကမူ ၎င်း၏ပြည်ထောင်စုနေ့သဝဏ်လွှာတွင် အဆိုးမြင်ဝါဒီများက ပြည်ထောင်စုကြီးကို အင်အားချည့်နဲ့ပြိုကွဲစေရန် သပ်လျှိုသွေးခွဲနေကြောင်းနှင့် ပိတ်ဆို့ဟန့်တားမှုအဖုံဖုံတို့ဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးအောင်ပြုလုပ်နေကြောင်း စွပ်စွဲပြောဆိုခဲ့ပြီး မူဝါဒလမ်းစဉ် (၇) ရပ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံးမှ ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းခဲ့သည်။ ❖



ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရာ ရုံးချုပ်သို့ ချီတက်လာကြစဉ်

မင်းဆိုးကို မိုးကြိုး ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# နှောင်ရိုးစိတ်ဓာတ်ဖြင့် တိုက်ပွဲဝင်ကြ

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်း၍ နအဖမှ (၁/၂၀၀၈)၊ (၂/၂၀၀၈) နှင့် (၃/ ၂၀၀၈) တို့ကို ထုတ်ပြန်ကြေညာခဲ့သည်။ တွေ့ဆုံဆွေးနွေးအဖြေရှာရေးကိုပယ်ချလိုက်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုပစ်ပယ်လျက် စစ်အာဏာရှင်စနစ်တည်မြဲရေးကိုသာ ဦးတည်နေကြောင်း ရှင်းလင်းစွာဖော်ပြလိုက်ခြင်းပင်ဖြစ်သည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်စပ်လျဉ်း၍ NCUB ၊ NCGUB ၊ ENC ၊ WLB ၊ FDB၊ SYCB နှင့် NY (FORUM) တို့မှ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့စွဲဖြင့် သဘောထားထုတ်ပြန်ခဲ့ကြသည်။ ယင်းထုတ်ပြန်ကြေညာချက်တွင် နအဖ၏ ဆန္ဒခံယူပွဲအား လုံးဝလက်ခံခဲ့ခြင်းမရှိသည့်အတွက် ပြည်သူလူထုမှ စုပေါင်းတိုက်ဖျက်သွားရန် တောင်းဆိုထားပြီး နအဖဖွဲ့စည်းပုံအခြေခံဥပဒေအား တခဲနက်ကန့်ကွက်မဲပေးကြရန် ပန်ကြားထားသည်။ ဤသဘောထားသည် ပြည်တွင်းရှိ NLD၊ CRPP အစရှိသော အဖွဲ့အစည်းများ၏ သဘောထားနှင့်လည်း အနှစ်သာရအရ တူညီနေပေသည်။

နအဖစစ်အုပ်စုကား ၎င်း၏ ကြံ့ဖွံ့အဖွဲ့ဝင်အင်အားကို အသုံးချလျက် နိုင်ငံတကာနှင့် ပြည်သူလူထုအင်အားကို လှည့်ဖျားရန် ကြိုးပမ်းနေပေသည်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် ဒီမိုကရေစီအင်အားစုတို့အား စိန်ခေါ်လာမှုကို အခွင့်အလမ်းအဖြစ် ပြောင်းလဲပစ်ရမည်ဖြစ်သည်။ စစ်အာဏာရှင်တို့ ဘိတ်သိတ်သွန်းလောင်းရာရင်ပြင်အဖြစ်သတ်မှတ်ထားသည့် ဆန္ဒခံယူပွဲကို ဒီမိုကရေစီအင်အားစုများက စစ်အာဏာရှင်စနစ်အား မြေမြှုပ်သင်္ဂြိုလ်ရာသင်္ချိုင်းဂူအဖြစ် ပြောင်းလဲပစ်ရန် လုပ်ဆောင်ကြရမည်ဖြစ်သည်။

ဤနေရာ၌ မြန်မာပြည်သူတိုင်း 'အရေးကြုံက သက်လုံကောင်း' ဟူသော စကားပုံနှင့်အညီ ညီညွတ်မှုဖြင့် အနိုင်ယူခဲ့ကြသော မြန်မာ့သမိုင်းမှ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲလှုပ်ရှားမှု စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေးတိုက်ပွဲများကို ပြန်ပြောင်းသုံးသပ်ရန်လိုပေးသည်။ ၁၉၆၀ ပြည့်နှစ်တွင်ကျင်းပသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ စစ်တပ်နှင့် တည်မြဲတို့က "နိုင်လျှင်လည်းနိုင်ရမည်၊ ရှုံးလျှင်လည်းနိုင်ရမည်" ဟူသော ကြွေးကြော်သံဖြင့် ရွေးကောက်ပွဲတွင် မတရားမှုများကျူးလွန်ခဲ့သော်လည်း ပြည်သူက ဆန့်ကျင်ပယ်ချလျက် သန့်ရှင်းပါတီကိုသာ စုပြုံမဲပေးခဲ့သည်။ အလားတူပင် ၁၉၉၀ အထွေထွေရွေးကောက်ပွဲတွင်လည်း နဝတမှ မည်မျှပင် တစညအား ဘက်လိုက်အားပေးစေကာမူ ဒေါ်အောင်ဆန်းစုကြည်၏ NLD ပါတီသာ (၈၂ %) ကျော်ဆန္ဒမဲဖြင့် တခဲနက်အောင်ပွဲရခဲ့သည်။ ဤသမိုင်းများက မြန်မာပြည်သူလူထု၏ အင်အားသည် အကြီးမားဆုံးဖြစ်ကြောင်း သက်သေပြသည်သာမက ပြည်သူနှင့် အမှန်တရားသည် ခွဲခြားမရနိုင်သော သဘောသဘာဝရှိကြောင်း ဖော်ပြချက်လည်းဖြစ်နေသည်။

ကိုယ်ဘာသာကိုယ် ကုလားဖန်ထိုး၍ ကိုယ်ဖဲကိုယ်ချိုးထားသော နအဖ၏ လိမ်ညာလှည့်ဖျားမှုအား တဦးတယောက် တပါတီအဖွဲ့ဖြင့် တွန်းလှန်၍မရနိုင်။ အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် တိုက်ပွဲဝင်မှအောင်နိုင်ရာ၏။ ဤနေရာ၌ ပြည်သူ၏အဆုံးအဖြတ်သာအတည်ဖြစ်သည်။ ပြည်သူသာလျှင် တရားသူကြီးဖြစ်သည်။ ပြည်သူလူထု၏စည်းလုံးညီညွတ်သော မကုန်မခမ်းနိုင်သောအားဖြင့်သာ တိုက်ပွဲဝင်ရာ၏။ နိုင်ငံရေးအင်အားစုများ၏တာဝန်မှာ ပြည်သူအား မှန်ကန်သောဦးဆောင်မှုပေးရန်သာ ဖြစ်သည်။ တိုင်းပြည်အနာဂတ်အတွက် ဤမျှအရေးပါလှသည့် အဆုံးအဖြတ်တိုက်ပွဲကို တိုက်ပွဲဝင်ရာ၌ ဘုရင့်နောင်ဖောင်ဖျက်၍တိုက်ခိုက်သော နောင်ရိုးစိတ်ဓာတ်ဖြင့်တိုက်ပွဲဝင်ကြရန် လိုအပ်ပေသည်။ စွန့်လွှတ်စွန့်စားသော ကိုယ်ကျိုးမဖက် အနစ်နာခံသော တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ကို နိုင်ငံရေးပါတီများအနေဖြင့် ပြသရန်လိုအပ်လျက်ရှိသည်။ ဤနေရာ၌ ဆိုရန်ရှိသည်ကား "ပြည်သူ့ခွန်အား၊ မကိုးစားလျှင်... ဓားသွားလည်းကြွေ၊ လှံလည်းခွေ..."မည်ဖြစ်ပါကြောင်း ...။ ❖

**မင်းဆိုးကို မိုးကြိုးပစ်မည်**

# ဒေါ်အောင်ဆန်းစုကြည်အား ရွေးကောက်ပွဲဝင်ခွင့်မရှိဟု နအဖနိုင်ငံခြားရေးဝန်ကြီးက တရားဝင်ထုတ်ဖော်ပြော



မြန်မာ့ဒီမိုကရေစီခေါင်း ဒေါ်အောင်ဆန်းစုကြည်

လာမည့် ၂၀၁၀ ခုနှစ်တွင် နအဖက ဦးဆောင်ကျင်းပမည့် ရွေးကောက်ပွဲအသစ်တွင် ဒေါ်အောင်ဆန်းစုကြည်ပါဝင်ရွေးကောက်ခံခွင့်မရှိကြောင်း နအဖနိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်းက အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် စင်ကာပူသတင်းဌာနများသို့ ဤသို့ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဂျော့ချ်ယိုးက "သူကတော့ နိုင်ငံခြားသားနဲ့လက်ထပ်ထားတဲ့ မြန်မာနိုင်ငံသားတယောက်ဒါမှမဟုတ် နိုင်ငံခြားသားမှတ်ပုံတင်ကိုင်ဆောင်ထားတဲ့ သားသမီးများတဲ့ မည်သူမဆို ၁၉၇၄ ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်ပွဲဝင်ခွင့်မရှိဘူးလို့ ရှင်းပြပါတယ်" သတင်းထောက်များအား ပြောသည်။

ထိုအကြောင်းပြချက်နှင့်ပတ်သက်၍ ပြော ရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက "အခု ကျနော်ပြောနိုင်တာက ဘာအရပြောနေမှန်းကိုမသိဘူး။ အခုလုပ်မယ့် ရွေးကောက်ပွဲဥပဒေလည်း မရှိသေးဘူး။ နောက်တခုက အခြေခံဥပဒေလည်းမရှိသေးဘူး။ အဲဒီတော့ ဘယ်ဥပဒေနဲ့ပြောနေမှန်းကို ကျနော်မသိဘူး။ ဥပဒေမရှိဘဲနဲ့ပြောနေတယ်လို့ပဲ ကျနော်ကောက်ချက်ပေးနိုင်တယ်"ဟု လွတ်လပ်သောအာရှအသံနှင့် တွေ့ဆုံမေးမြန်းရာတွင် ဖြေကြားခဲ့သည်။

လက်ရှိအခြေအနေတွင် ဒေါ်အောင်ဆန်းစုကြည်၏ခင်ပွန်းသည် ဒေါက်တာမိုက်ကယ်လ်အဲရစ်စ်သည် ၁၉၉၉ ခုနှစ်ကပင် ဆီးကြိတ်ကင်ဆာဖြင့်ကွယ်လွန်ခဲ့သည်မှာ (၉) နှစ်နီးပါး ရှိခဲ့ပြီဖြစ်သည်။ သားနှစ်ယောက်နှင့်လည်း ယခုနောက်ဆုံး အကျယ်ချုပ်သက်တမ်းအတွင်း စာဖြင့်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်ခွင့်တစုံတရာ ရရှိခဲ့ခြင်းမရှိခဲ့ပေ။

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ သုတေသနပညာရှင်တဦးဖြစ်သူ ဆူနိုင်းပဆူက "သူတို့ရဲ့ တခုတည်းသောဦးတည်ချက်က ဒေါ်အောင်ဆန်းစုကြည် တရားဝင်အုပ်ချုပ်ခွင့်ရမသွားဖို့ပါပဲ။ သူတို့ထုတ်တဲ့စည်းမျဉ်းဥပဒေသအားလုံးကလည်း တကယ်တော့ နည်းမျိုးစုံသုံးပြီး အုပ်ချုပ်ရေးမှာ သူမ မပါဝင်နိုင်ရေး လှည့်ပတ်အကြောင်းပြနေတာချည့်ပါပဲ"ဘန်ကောက်အခြေစိုက် အေအက်ဖ်ပီသတင်းဌာနသို့ ပြောသည်။

အင်္ဂါနေ့က ဘီဂျင်းတွင် မစ္စတာဂမ်ဘာရီက မကြာခင် မြန်မာပြည်သို့ပြန်လာရန် မျှော်လင့်နေကြောင်းပြောခဲ့သော်လည်း နိုင်ငံရေးသုံးသပ်သူများကမူ နအဖစစ်အုပ်စုအား ဂမ်ဘာရီက ဖျောင်းဖျနားချနိုင်လိမ့်မည်ဟု မယုံကြည်ကြပေ။

အရှေ့တောင်အာရှဆိုင်ရာ International Crisis Group အုပ်စု၏ ပရောဂျက်ဒါရိုက်တာ ဂျွန်ဗားဂိုးက "ဂမ်ဘာရီခမျာလည်း အတော့်ကို ကျဉ်းထဲကျပ်ထဲမှာ အလုပ်လုပ်နေရတာပါ။ သူတတ်နိုင်သရွေ့ အတော်များများလုပ်ခဲ့ပေမယ့် ခက်တာက သူ့မှာ မြန်မာပြည်အတွင်းမှာ ခြေကုပ်မရှိဘူးဖြစ်နေတယ်"ဟု ပြောသည်။ ဆက်လက်၍ မြန်မာပြည်မှာ တိုးတက်တဲ့ပြောင်းလဲမှုတွေဖြစ်ပေါ်လာဖို့အတွက်ဆိုရင် နအဖရဲ့လမ်းပြမြေပုံက အပြစ်အနာတွေ တင်းကြမ်းထပ်နေတာပါပဲဟု ထပ်လောင်းပြောကြားလိုက်သည်။ ❖

## ဒေါ်အောင်ဆန်းစုကြည်အား ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်မပြုခြင်းသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်ကြောင်း အဖွဲ့ချုပ်မှကြေညာ

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်နေ့စွဲဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကြေညာချက်တစောင်ထုတ်ပြန်လိုက်သည်။ စာပါအကြောင်းအရာမှာ တပ်မတော်၏ဖခင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ အမျိုးသားခေါင်းဆောင်ကြီးတဦးဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းသည် ကိုလိုနီလက်အောက်မှ၊ ဖက်ဆစ်လက်အောက်မှ တိုင်းပြည်လွတ်လပ်ရေးရရှိရန် ကိုယ်ကျိုးစွန့်အနစ်နာခံ ကြိုးပမ်းအားထုတ်ခဲ့သူတယောက်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်မှ မွေးဖွားလာသည့် မွေးရာပါနိုင်ငံသားတဦးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်အား ၂၀၁၀ ခုနှစ်တွင် ကျင်းပမည့်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုလိမ့်မည်မဟုတ်ကြောင်း သတင်းဌာနများမှကြားသိနေရခြင်းသည် တရားမဝင်ကြောင်း တရားဝင်ကြေညာချက်တစောင်ထုတ်ပြန်လိုက်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာ့နိုင်ငံရေးလုပ်ငန်းစဉ်များတွင် မဖြစ်မနေပါဝင်ရမည့်ပုဂ္ဂိုလ်တဦးဖြစ်ပြီး ထိုသို့ပြောကြားချက်သည် ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုနှင့်နိုင်ငံရေးအရထိုးနှက်ချက်သာဖြစ်လျှက် ဒေါ်အောင်ဆန်းစုကြည်အား ရွေးကောက်ပွဲဝင်ခွင့်မရစေရန် ကြိုတင်ဆုံးဖြတ်ခြင်းမျိုးဖြစ်နေကြောင်း အဖွဲ့ချုပ်၏ ကြေညာချက်တွင် ဖော်ပြထားသည်။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း၊ အပိုဒ် (၂) တွင် "..... မျိုးနွယ်အားဖြင့်ဖြစ်စေ၊ အသားအရောင်အားဖြင့်ဖြစ်စေ၊ ကျား /မ သဘာဝအားဖြင့်ဖြစ်စေ၊ ဘာသာစကားအားဖြင့်ဖြစ်စေ၊ ကိုးကွယ်သည့်ဘာသာအားဖြင့်ဖြစ်စေ၊ နိုင်ငံရေးယူဆချက် သို့တည်းမဟုတ် လူမှုအဆင့်အတန်းနှင့်ဆိုင်သောဇစ်မြစ်အားဖြင့်ဖြစ်စေ၊ ပစ္စည်းဥစ္စာဂုဏ်အားဖြင့်ဖြစ်စေ၊ မျိုးရိုးဇာတိအားဖြင့်ဖြစ်စေ၊ အဆင့်အတန်းအားဖြင့်ဖြစ်စေ ခွဲခြားခြင်းမရှိစေရ"ဟူ၍လည်းကောင်း၊ အပိုဒ် (၂၁) တွင်– "လူတိုင်းတွင် မိမိနိုင်ငံ၏အုပ်ချုပ်ရေး၌ ကိုယ်တိုင်ဖြစ်စေ၊ လွတ်လပ်စွာရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များမှတဆင့်ဖြစ်စေ၊ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်"ဟူ၍ ဖော်ပြထားသည့်အတွက် နအဖသည် လက်မှတ်ရေးထိုးထားသည့် ထိုအပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းကိုချိုးဖောက်နေခြင်းဖြစ်ကြောင်း ထောက်ပြထားသည်။ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်တို့ တိုင်းပြည်အကျိုးအတွက် ဆွေးနွေးပြောဆိုနေသော ယခုအချိန်တွင် 'ဒေါ်အောင်ဆန်းစုကြည်ပါဝင်ခွင့်မရှိ'ဆိုသောစကားမျိုးသည် မပြောသင့်၊ မပြောထိုက်သောစကားဖြစ်နေသည့်အပြင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးတို့အား ထိခိုက်စေနိုင်ကြောင်းတို့ကို ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ အတိအလင်းဖော်ပြလိုက်သည်။ ❖



# တိုင်းရင်းသားများအရေး အမြင်မတူမှုများရှိပါက လာရောက်ဆွေးနွေးရန် အဖွဲ့ချုပ်၏တာဝန်ရှိသူများက ဖိတ်ခေါ်



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဦးအောင်ရွှေ

တိုင်းရင်းသားလူမျိုးစုဝင်များ၏ အချို့ပါတီများ၊ အဖွဲ့အစည်းများမှ အထွေထွေအတွင်းရေးမှူး၏ ထုတ်ပြန်ခဲ့သည့်ကြေညာချက်အပေါ် သဘောမတူ၊ ကန့်ကွက်ကြောင်း ကြေညာချက်များထုတ်ပြန်ခဲ့ခြင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဌာနချုပ်) ရုံးသို့ လာရောက်ဆွေးနွေးတိုင်ပင်နိုင်ကြောင်း ဖိတ်ခေါ်လိုက်သည်။

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၄) ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ အစည်းအဝေးတရပ်ကျင်းပခဲ့ပြီး ကြေညာချက်အမှတ် (၅/၀၂/၀၈) တစောင်ထုတ်ပြန်ကာ ဖိတ်ခေါ်လိုက်ခြင်းဖြစ်သည်။

၎င်းကြေညာချက်တွင် ဒီမိုကရေစီနည်းလမ်းအရ မိမိသဘောထားများနှင့်အယူအဆများကို လွတ်လပ်စွာပြောဆိုခြင်း၊ ကန့်ကွက်ခြင်းတို့ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် သဘောပေါက်နားလည်နိုင်သလို နှစ်ဦးနှစ်ဘက်ဆွေးနွေးပြောဆိုခြင်းမှာလည်း ဒီမိုကရေစီ၏အနှစ်သာရဖြစ်သည်ဟု ဖော်ပြပါရှိသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အားတည်ထောင်ခဲ့ခြင်းမှာ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အခြေခံလူ့အခွင့်အရေးများနှင့် စစ်မှန်သည့်ဒီမိုကရေစီရရှိရေးတို့ အတွက်ဖြစ်ပြီး စတင်တည်ထောင်စဉ်ကပင် တိုင်းရင်းသားလူမျိုးများ၏အရေးကို အစဉ်တစိုက် အလေးထားလျက်ရှိခဲ့ကြောင်း ဖော်ပြထားသည်။

၁၉၈၈ ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ပြန်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါဒသဘောထားများ (မူကြမ်း)၊ တိုင်းရင်းသားလူမျိုးများကဏ္ဍတွင် ....

"တိုင်းရင်းသားလူမျိုးအားလုံး၏ တန်းတူရည်တူအခွင့်အရေးများကို အသိအမှတ်ပြုခြင်း၊ စိတ်ထားစေတနာ ဖြူစင်ခြင်း၊ ချစ်ကြည်ရင်းနှီးခြင်း၊ တဦး၏အယူအဆ တဦးလေးစားခြင်း၊ အခြေခံလူ့အခွင့်အရေး လေးစားယုံကြည်ခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းစဉ်လာ ဖွံ့ဖြိုးတည်ထွန်းစေလိုသောဆန္ဒအားလိုက်လျောခြင်းတို့ကိုအခြေပြုကာ အကောင်းဆုံးအဖြေကိုရရှိသည်အထိ ကြိုးပမ်းမည်။

၎င်းအချက်များကို အထူးအလေးနက်ထား၍ပူးပေါင်းဖြေရှင်းကြလျှင် ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးနှင့် ပြည်ထောင်စုသားအချင်းချင်း သဟဇာတဖြစ်ရေးတို့သည် မုချအောင်ပန်းဆင်နိုင်မည့် ရည်မှန်းချက်များဖြစ်သည်ဟု ယုံကြည်သည်။

"၎င်းရည်မှန်းချက်များကို အထမြောက်အောင် ကြိုးပမ်းလုပ်ဆောင်သွားမည်"

"ဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးအဖြစ် စီးပွားရေးအင်အားခိုင်မာတောင့်တင်းစွာ ရပ်တည်နိုင်ရေးကို လိုလားသည့်အလျောက် ပြည်နယ်အသီးသီးတွင် စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို လွတ်လပ်စွာဆောင်ရွက်နိုင်ရေးအတွက် ဦးတည်မည်။ တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါအခွင့်အရေးများ ခံစားပြည့်ဝရေးနှင့် ပြည်ထောင်စုကြီးတခုလုံး သာယာဝပြောရေးဖြစ်စေမည့်မူကို လက်ခံကျင့်သုံး၍ ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဖော်ထုတ်မည်" ဟု အတိအလင်းကြေညာခဲ့သည်။

အထွေအထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကလည်း အထက်တွင်ဖော်ပြခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါဒသဘောထားများအပေါ်အခြေခံ၍ ၁၉၈၈ ခုနှစ်မှစတင်ကာ ယနေ့အထိ ၎င်း၏ မြန်မာပြည်အနှံ့ စည်းရုံးရေးခရီးတလျှောက်တွင် အလျဉ်းသင့်သလို တိုင်းရင်းသားအရေးကို အလေးထား၍ မကြာခဏပြောဆိုခဲ့သည်။

ထို့ပြင် ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာ (၈) ရက်နေ့တွင်ထုတ်ပြန်ခဲ့သည့် တိုင်းရင်းသားများအရေးနှင့်ပတ်သက်သည့် ကြေညာချက်တွင် ....

"ဒီမိုကရေစီအင်အားစုများအားလုံး သွေးစည်းခိုင်မာမှုနှင့် အမျိုးသားသွေးစည်းညီညွတ်ရေး အရေးတကြီးလိုအပ်နေသော ယခုအချိန်မျိုးတွင် နိုင်ငံရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးအင်အားစုများ၊ အထူးသဖြင့် ကျမတို့၏ တိုင်းရင်းသားလူမျိုးစုအားလုံး၏ ဆန္ဒသဘောထားများနှင့် အကျိုးစီးပွားများကို အခိုင်အမာအဆက်မပြတ် အလေးအနက်ထားကာ စဉ်းစားပေးရမည်မှာ ကျမအပေါ်ကျရောက်လာသော တာဝန်ဖြစ်နေပါပြီ" ဟု ရိုးသားတည်ကြည်စွာဖြင့်ဖော်ပြခဲ့သည်။

၎င်းသည်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တိုင်းရင်းသားလူမျိုးများအားလုံး၏အကျိုးနှင့် ပြည်ထောင်စုကြီးတခုလုံး၏ အကျိုးစီးပွားများကို အလေးထားခြင်းဖြစ်ကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးအနေဖြင့် တာဝန်သိသိ သစ္စာရှိရှိ ပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းအချက်အား သံသယတစုံတရာရှိပါက အဖွဲ့ချုပ်၏ တာဝန်ရှိသူများနှင့် လာရောက်ဆွေးနွေးနိုင်ကြောင်း အဖွဲ့ချုပ်၏ ပြောရေးဆိုခွင့်ရှိသူများက တရားဝင်ကမ်းလှမ်းလိုက်ခြင်းဖြစ်သည်။ ❖

# နအဖစစ်အုပ်စုမှ ထုတ်ပြန်ထားသည့်ဥပဒေအား ပြည်သူလူထုက ဝေဖန်တားမြစ်ပိုင်ခွင့်ကို ခြိမ်းခြောက်ထားသည့်ပုဒ်မ ရုတ်သိမ်းပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တောင်းဆို

ပြည်သူလူထု၏ မွေးရာပါအခွင့်အရေးဖြစ်သော လွတ်လပ်စွာပြောရေးဆိုခွင့်အား ဟန့်တားခြိမ်းခြောက်ထားသည့် နအဖ၏ပုဒ်မ (၅/၉၆) အား နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးရာများကို လွတ်လပ်စွာပြောဆိုရမည့် ယခုကာလတွင် ရုတ်သိမ်းပေးရန်ပြည်သူများ၏ကိုယ်စား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တောင်းဆိုလိုက်သည်။

ထိုဥပဒေပုဒ်မ (၅/၉၆)၊ အပိုဒ် (၈) တွင် 'ခိုင်မာသည့်ဖွဲ့စည်းအုပ်ချုပ်ပုံဖြစ်ပေါ်လာရေးကိုရှေးရှု၍ အမျိုးသားညီလာခံက ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများကို ထိခိုက်ပျက်ပြားစေရန်ဖြစ်စေ၊ ပြည်သူများအထင်လွဲမှားရန်ဖြစ်စေ နှောက်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဟန့်တားခြင်း၊ ပြောဆိုခြင်း (သို့မဟုတ်) ရေးသားဖြန့်ဝေခြင်း'ဟု လည်းကောင်း၊ အပိုဒ် (ဃ) တွင် တရားဝင်ဆောင်ရွက်ပိုင်ခွင့်မရှိဘဲ အမျိုးသားညီလာခံ၏လုပ်ငန်းများကိုဆောင်ရွက်ခြင်း (သို့မဟုတ်) နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုရေးဆွဲခြင်း (သို့မဟုတ်) ရေးသားဖြန့်ဝေခြင်းဟုလည်းကောင်း ပါရှိနေသည်။

အကယ်၍ ၎င်းဥပဒေကို လူပုဂ္ဂိုလ်တဦးတယောက်က ဖောက်ဖျက်ကျူးလွန်သည်ဟု သတ်မှတ်ခံရပါက ထောင်ဒဏ် (၅)နှစ်မှ နှစ် (၂၀) အထိ ကျခံရမည့်အပြင် ငွေဒဏ်လည်း ထည့်သွင်းသတ်မှတ်နိုင်ကြောင်းနှင့် ကျူးလွန်သည်ဟုစွပ်စွဲခံရသော မည်သည့်အဖွဲ့အစည်းမဆိုသည်လည်း ကာလသတ်မှတ်၍ လုပ်ငန်းများရပ်ဆိုင်းထားခံရခြင်း၊ ဖျက်သိမ်းခံရနိုင်ခြင်းအပြင် မတရားအသင်းအဖြစ်ပင် ကြေညာခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

အမျိုးသားညီလာခံကို စတင်ခေါ်ယူခဲ့ချိန်က ၎င်းဥပဒေမရှိခဲ့ကြောင်းနှင့် ၎င်းဥပဒေအရ ပြည်သူတို့သည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်ပတ်သက်သမျှ မည်သည့်အကြောင်းချင်းရာကိုမှ ပြောဆိုခွင့်မရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးရာများအား လွတ်လပ်စွာ ဆွေးနွေးတိုင်ပင်ရေးဆွဲနိုင်ကြရန် ထို (၅/၉၆) အား ရုတ်သိမ်းပေးပါရန် အဖွဲ့ချုပ်မှတောင်းဆိုလိုက်ဖြစ်သည်။

၎င်းဥပဒေအမှတ် (၅/၉၆) ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

❖

# အခြေခံဥပဒေသည် လက်နက်အားကိုးဖြင့် ရေးဆွဲကောင်းသောအရာမဟုတ်ဟု ၈၈ မျိုးဆက်ကျောင်းသားများပြောဆို

နအဖစစ်အုပ်စု၏ ပြည်သူ့ဆန္ဒခံယူပွဲနှင့် ရွေးကောက်ပွဲဆိုင်ရာကြေညာချက်နှစ်စောင်အပေါ် (၈၈) မျိုးဆက်ကျောင်းသားများက သဘောထားကြေညာချက်တစောင်ကိုထုတ်ပြန်လိုက်သည်။

နအဖစစ်အုပ်စု၏ ထိုကြေညာချက် (၂) စောင်ဖြစ်သော (၁/၂၀၀၈) နှင့် (၂/၂၀၀၈) တို့အား နအဖအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ဖေဖော်ဝါရီလ (၉) ရက်နေ့စွဲဖြင့် လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

နအဖစစ်အုပ်စုအနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား တဖက်သတ်ရေးဆွဲ၊ အဓမ္မအတည်ပြုမည်ဆိုပါက နိုင်ငံတော်အား မတည်ငြိမ်မှုများနှင့် ဆင်းရဲတွင်းနက်သည်ထက် နက်စေမည်ဖြစ်ပြီး လူထုအုံကြွမှုများဖြင့်သာ ဇာတ်သိမ်းရဦးမည်ဖြစ်ကြောင်း (၈၈) မျိုးဆက်ကျောင်းသားများက အဆိုပါကြေညာချက်တွင် စစ်အုပ်စုအား သတိပေးပြောကြားလိုက်သည်။

ဆက်လက်၍ ယနေ့တမျိုးသားလုံးရင်ဆိုင်ကြုံတွေ့နေရသည့် အထွေထွေအကျပ်အတည်းများမှလွန်မြောက်ပြီး ဒီမိုကရေစီသို့ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းနိုင်ရေးအတွက် အကောင်းဆုံးနှင့် တခုတည်းသောနည်းလမ်းမှာ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးအဖြေရှာရေးဖြစ်သည်ဟု ဖော်ပြထားသည်။ အားလုံးတိုင်ပင်ဆွေးနွေးရေးဆွဲသော ဖွဲ့စည်းပုံအခြေခံဥပဒေကသာလျှင် အများပြည်သူကို ကိုယ်စားပြုနိုင်လိမ့်မည်ဖြစ်ကြောင်းကိုလည်း ရေးသားထားသည်။

နိုင်ငံသူနိုင်ငံသားတို့၏ ဘဝလုံခြုံရေးကို ကာကွယ်ဖော်ဆောင်နိုင်သော ပြည်ထောင်စု၏ ထာဝရငြိမ်းချမ်းရေးနှင့် ရေရှည်တည်တံ့ရေးအား အာမခံချက်ပေးနိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေမျိုးဖြစ်မှသာလျှင် ပြည်ထောင်စုသားအားလုံးကလေးစားလိုက်နာအသိအမှတ်ပြုမည်ဖြစ်ကြောင်းလည်း ဖော်ပြပါရှိသည်။

၁၉၉၀ ခုနှစ်က ပြည်သူများရွေးကောက်တင်မြှောက်ထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမပါဘဲ ရေးဆွဲထားသည့် နအဖ၏ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် ဒီမိုကရေစီနည်းလမ်းတကျ ရေးဆွဲထားခြင်းမဟုတ်သည့်အပြင် ပြည်သူတရပ်လုံးကိုလည်း ကိုယ်စားမပြုကြောင်း (၈၈) မျိုးဆက်ကျောင်းသားများကဆိုသည်။

တရားနည်းလမ်းမကျဘဲ ရေးဆွဲထားသည့် အခြေခံဥပဒေဖြစ်ခြင်းကြောင့် ထိုဥပဒေအားအတည်ဖြစ်ရန် ကျင်းပမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဆိုသည်မှာလည်း ဒီမိုကရေစီနည်းကျကျနှင့် သမာသမတ်ဖြစ်လိမ့်မည်ဟု မယုံကြည်ကြောင်း အတိအလင်းဖော်ပြထားသည်။

ထို့မျှမက တရားဝင်ကျင်းပပေးခဲ့သော ၁၉၉၀ ရွေးကောက်ပွဲအား အသိအမှတ်ပြုအကောင်အထည်ဖော်ပေးခြင်း မရှိသေးဘဲ နောက်ထပ်ရွေးကောက်ပွဲတခု ထပ်မံပြုလုပ်မည်ဆိုခြင်းသည်လည်း သဘာဝကျသောပြုမူ ချက်တရပ်မဟုတ်ကြောင်း ဝေဖန်လိုက်ပြီး နအဖအနေနှင့် အင်အားသုံးအကျပ်ကိုင်ကာ ဆန္ဒခံယူပွဲကျင်းပခြင်းနှင့် ရွေးကောက်ပွဲအသစ်ကျင်းပခြင်းတို့ပြုလုပ်ရန် ဆောင်ရွက်နေခြင်းသည် ပြည်သူတရပ်လုံးနှင့်တကွ ကုလသမဂ္ဂ လုံခြုံရေးကောင်စီအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်း၏ သဘောထားများကို ဆန့်ကျင်စော်ကားနေခြင်းဖြစ်ကြောင်း ဖော်ပြပါရှိသည်။

သို့ဖြစ်ပါ၍ ၎င်းသို့ တဖက်သတ်ချမှတ်ဖော်ဆောင်ခြိမ်းခြောက်အကျပ်ကိုင်မှုများအား လက်ခံလိမ့်မည်မဟုတ်ဘဲ အကြမ်းမဖက်သောနည်းဖြင့် ဆက်လက်ဆန့်ကျင်သွားမည်ဖြစ်ကြောင်း (၈၈) မျိုးဆက်ကျောင်းသားများက နအဖအားအသိပေးလိုက်သည်။

❖

# မရှိတာထက် မသိတာခက်

ဂါမဏိ

**အခြေခံဥပဒေမရှိတာထက်စာရင်၊ ရှိတာက ဘာမှပိုမထူး ကြောင်းကို ၁၉၇၄ မေ–ဇွန် အလုပ်သမားအရေးတော်ပုံ၊ ၁၉၇၄ ဒီဇင်ဘာ ဦးသန့်အရေးတော်ပုံ၊ ၁၉၇၅ ဇွန်၊ ရွှေတိဂုံအရေးတော်ပုံ။ ၁၉၇၆ မတ်၊ မှိုင်းရာပြည့်အရေးတော်ပုံတွေက သက်သေပြခဲ့ပြီး၊ ရှိတာပိုမကောင်းတဲ့ တပါတီအာဏာရှင်စနစ် အခြေခံဥပဒေကို နောက်ဆုံးမှာ (၈) လေးလုံးအရေးတော်ပုံကြီးက မြောင်းထဲလွှင့် ပစ်လိုက်ပါတော့တယ်....။**



နအဖက စစ်ကိုလိုနီအခြေခံဥပဒေကို လူထုဆန္ဒခံယူပွဲနဲ့ အတည်ပြုတော့မယ်လို့ ဆိုလာတဲ့အခါ မိုးသံလေသံကြားရင် ဖားတွေအုံးအွမ်အော်သလို အချို့အချို့သော ပြည်တွင်းပြည်ပက အတွေ့အကြုံရင့်ကျက်သူ၊ အကြားအမြင်ဗဟုသုတများသူဆိုတာတွေက "အခြေခံဥပဒေ လုံးဝမရှိတာထက်စာရင် အခြေခံဥပဒေတခုခုရှိနေတာက တော်သေးတယ်"လို့ ဟောင်သံပေးလာတာတွေ ကြားရပါတယ်။

အမှန်ကတော့ တိုင်းပြည်တပြည်မှာ အခြေခံဥပဒေရှိမရှိထက် ပိုအဓိကကျတဲ့အချက်တွေရှိတာကို သိဖို့ကပိုအရေးကြီးပါတယ်။

၁၉၄၂ ခု၊ မတ်လမှာ ဂျပန်က ဗမာပြည်ကိုသိမ်းပိုက်ခဲ့ပြီး စစ်အုပ်ချုပ်ရေးချခဲ့ပါတယ်။ ဘာအခြေခံဥပဒေမှ မရှိခဲ့ပါဘူး။ ၁၉၄၃ ဩဂုတ် (၁) ရက်မှာတော့ ဂျပန်က "ဗမာနိုင်ငံတော်"ကို "လွတ်လပ်ရေးပေး" လိုက်တဲ့အခါ အခြေခံဥပဒေတခုနဲ့ အုပ်ချုပ်စေပါတော့တယ်။ ဒါပေမဲ့ အခြေခံဥပဒေမရှိတာထက်စာရင်တော့ (၄၃) ဩဂုတ်လနောက်ပိုင်း အခြေခံဥပဒေရှိလာတာက ပိုကောင်းလာတယ်လို့ သမိုင်းမှာ ဘယ်သူမှကောက်ချက်ချတာ မတွေ့ရပါဘူး။

၁၉၄၇ အခြေခံဥပဒေရှိတာဟာ မရှိတာထက်စာရင် တော်သေးတယ်လို့လဲ အပြည့်အဝမပြောနိုင်ပါဘူး။ အထူးသဖြင့် ကရင်၊ ကရင်နီ၊ မွန်၊ ရခိုင်နဲ့ ပအို့ဝ်တိုင်းရင်းသားတွေအတွက် ဘယ်လိုမှမမှန်ပါဘူး။ ဒါကြောင့်လည်း လွတ်လပ်ရေးရပြီးတာနဲ့ မကြာခင်မှာဘဲ လက်နက်ကိုင်ခုခံတော်လှန်ရတဲ့အခြေဆိုက်သွားခဲ့ရပါတယ်။ နောက် (၁၀) နှစ်အကြာမှာလည်း ဒီ (၄၇) အခြေခံဥပဒေရှိနေတာ ဆိုးကျိုးပဲပိုဖြစ်လာလို့ ရှမ်းနဲ့ ကချင်တိုင်းရင်းသားတွေက နောက်ထပ် လက်နက်စွဲကိုင် ခုခံတော်လှန်ရပြန်ပါတယ်။

၁၉၆၂ ခုမှာ နေဝင်းစစ်အုပ်စုက ၄၇ အခြေခံဥပဒေကို ဖျက်သိမ်းလိုက်ပြီး စစ်အစိုးရအဖြစ် (၁၁) နှစ်ကြာအုပ်စိုးခဲ့ရာက ၁၉၇၄ ခုမှာ အခြေခံဥပဒေတခုကို ပြဋ္ဌာန်း၊ ဗိုလ်ချုပ်နေဝင်းက ဦးနေဝင်းအဖြစ် အသွင်ပြောင်းခဲ့ပါတယ်။ အခြေခံဥပဒေမရှိတာထက်စာရင် ရှိတာက ဘာမှပိုမထူးကြောင်းကို ၁၉၇၄ မေ–ဇွန် အလုပ်သမားအရေးတော်ပုံ၊ ၁၉၇၄ ဒီဇင်ဘာ ဦးသန့်အရေးတော်ပုံ၊ ၁၉၇၅ ဇွန် ရွှေတိဂုံအရေးတော်ပုံ၊ ၁၉၇၆ မတ် မှိုင်းရာပြည့်အရေးတော်ပုံတွေက သက်သေပြခဲ့ပြီး၊ ရှိတာပိုမကောင်းတဲ့ တပါတီအာဏာရှင်စနစ်အခြေခံဥပဒေကို နောက်ဆုံးမှာ (၈) လေးလုံးအရေးတော်ပုံကြီးက မြောင်းထဲလွှင့်ပစ်လိုက်ပါတော့တယ်။

အခုတခါလာပြန်ပါပြီ။ နအဖရဲ့ညောင်နှစ်ပင်အခြေခံဥပဒေကလည်း (၄၃) အခြေခံဥပဒေ၊ (၇၄) အခြေခံဥပဒေတွေနဲ့ မတိမ်းမယိမ်းဖြစ်တာကို တကယ်မသိကြတာလား။ အခြေခံဥပဒေမရှိတာကိုမြင်သလို ဖြစ်လာမယ့်အခြေအနေတွေကို သိဖို့ကပိုအရေးကြီးပါတယ်။ ဒါကြောင့် ညောင်နှစ်ပင်အခြေခံဥပဒေရဲ့အနာဂတ်ကို သိဖို့လိုပါတယ်။ ညောင်နှစ်ပင်အခြေခံဥပဒေရဲ့ အနှစ်သာရဟာ ၁၉၄၃ တုန်းကလို ဖက်ဆစ်အနှစ်သာရတွေပဲဖြစ်တာ ထင်ထင်ရှားရှားတွေ့နိုင်ပါတယ်။ ဒီထဲမှာ ဒီမိုကရေစီကို တိုက်ရိုက်ထိခိုက်တဲ့မှုတွေနဲ့ တိုင်းရင်းသားတန်းတူရေးကို တိုက်ရိုက်ထိခိုက်တဲ့မှုတွေ ပါဝင်နေတယ်။

စစ်တပ်ကြီးစိုးရေး အခြေခံမှုတွေက

**အခန်း (၁) နိုင်ငံတော်အခြေခံမူများမှာ ...** အပိုဒ် (၂–စ) အမျိုးသားနိုင်ငံရေးမှာ စစ်တပ်က အစဉ်ဦးဆောင်ရေး၊ အပိုဒ် (၆–ဃ) လွှတ်တော်တွေမှာ ရွေးကောက်မခံရတဲ့စစ်သားတွေ လေးပုံတပုံပါရေး၊ အပိုဒ် (၇–ဂ) ကာကွယ်ရေး၊ လုံခြုံရေး၊ နယ်စပ်ဒေသရေး ရာတာဝန်တွေကို စစ်သားတွေကသာထမ်း ဆောင်ရေး၊ အပိုဒ် (၉–ခ၊ ဂ၊ ဃ၊ င၊ စ) နဲ့ အပိုဒ် (၂၈–က၊ ခ၊ ဂ) တရားဝင်စစ် တပ်ကြီးစိုးခွင့်၊ အာဏာသိမ်းခွင့်။

**အခန်း(၅) အုပ်ချုပ်ရေးမှာ ...** အပိုဒ် (၂–က–၂၊ ခ) (၃–ခ) (၂၂–က–၂၊ ခ) (၃၄–ဃ–၂) (၃၅–ဂ–၃) ကာကွယ်ရေး၊ ပြည်ထဲရေး၊ နယ်စပ်ရေးရာဝန်ကြီး ဒုဝန်ကြီးနေရာများကို စစ်သားများခန့်ခြင်း၊ အပိုဒ် (၅–ဂ–၂) (၂၄–ခ–၂) စစ်သားဝန်ကြီး၊ ဒုဝန်ကြီးထုတ်ဖြုတ်ရာမှာ တပ်ချုပ် အဓိကကျခြင်း၊ အပိုဒ် (၅–စ–၂) (၂၄–ဃ–၂) ဝန်ကြီး၊ ဒုဝန်ကြီးခန့်ခံရတဲ့စစ်သား တပ်ကထွက်ဖို့မလိုခြင်း။

**အခန်း (၇) တပ်မတော်မှာ...** အပိုဒ် (၂) (၃) (၄) (၅) (၆) (၁၀) စစ်တပ်၏တရားဝင်ကြီးစိုးခွင့်၊ အပိုဒ် (၇) (၈) (၉) (၁၂) တပ်ချုပ်ရဲ့ အဆင့်အတန်းသတ်မှတ်ချက်။

**အခန်း (၁၁) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များမှာ ...** အပိုဒ် (၉) (၁၀) အရေးပေါ်အခြေအနေကြေညာရင် တပ်ချုပ်ကိုအာဏာအပ်ရခြင်း။

ဒီမိုကရေစီဆန့်ကျင်ရေးအခြေခံမှုတွေက ....

**အခန်း (၁) နိုင်ငံတော်အခြေခံမူများမှာ...** အပိုဒ် (၇–က) နိုင်ငံ့အုပ်ချုပ်ရေးအကြီးအကဲဟာ သမတဖြစ်ခြင်း။

**အခန်း (၃) နိုင်ငံတော်အကြီးအကဲမှာ...** အပိုဒ် (၄–ဃ၊ င၊ စ၊ ဆ) သမတအရည်အချင်းသတ်မှတ်ချက်များ၊ အပိုဒ် (၅–က၊ ခ၊ င) သမတနဲ့ဒုသမတရွေးချယ်ပုံ။

**အခန်း(၄) ဥပဒေပြုရေးမှာ...** အပိုဒ် (၂–က၊ ခ) (၃) (၄) (၁၃) (၂၃–ဃ) (၃၄–ဈ) လွှတ်တော်တွေမှာ ရွေးကောက်မခံရတဲ့ စစ်သားအမတ် တမတ်သားပါခြင်း၊ အပိုဒ် (၁၁–က–၂) (၁၉–ခ) လွှတ်တော်ကာကွယ်ရေးနဲ့လုံခြုံရေးကော်မတီကို ရွေးကောက်မခံ စစ်သားအမတ်များနဲ့ ဖွဲ့စည်းခြင်း၊ အပိုဒ် (၃၃–ခ၊ ည) (၃၅–ခ၊ ဂ) (၃၇–က၊ ခ) လွှတ်တော်ကိုယ်စားလှယ်အရည်အချင်းသတ်မှတ်ပုံများ။

**အခန်း(၅) အုပ်ချုပ်ရေးမှာ...** အပိုဒ် (၁–က၊ ဂ) နိုင်ငံ့အုပ်ချုပ်ရေးအကြီးအကဲဟာ သမတဖြစ်ခြင်းနဲ့ အစိုးရအဖွဲ့မှာ သမတဒုသမတများပါခြင်း၊ အပိုဒ် (၂–က–၁) (၃–က) အမတ်မဟုတ်သူများအပါအဝင် ဝန်ကြီးနှင့် ဒုဝန်ကြီးများကို သမတကရွေးချယ်ခြင်း၊ အပိုဒ် (၂–ဂ) (၂၂–ဂ) သမတရဲ့ ဝန်ကြီးလောင်းစာရင်းကို လွှတ်တော်က ငြင်းခွင့်မရှိခြင်း၊ အပိုဒ် (၂–ဆ) (၇–င) ဝန်ကြီးများနဲ့ ရှေ့နေချုပ်ဟာ သမတကို တာဝန်ခံရခြင်း၊ အပိုဒ် (၃၅–ဂ–၂) မြို့တော်ကောင်စီကို သမတကခန့်ခြင်း၊ အပိုဒ် (၃၅–ဌ) ထွေအုပ်ဦးစီးမှူးဟာ မြို့တော်ကောင်စီအတွင်းရေးမှူးဖြစ်ခြင်း၊ အပိုဒ် (၃၇) ခရိုင်မြို့နယ်အုပ်ချုပ်ရေးကို ရွေးကောက်မခံအစိုးရ ဝန်ထမ်းများအားတာဝန်ပေးခြင်း၊ အပိုဒ် (၃၈) ရပ်ကွက်–ကျေးရွာအုပ်ချုပ်ရေးကို ရွေးကောက်မခံလူအား တာဝန်ပေးခြင်း။

**အခန်း (၆) တရားစီရင်ရေးမှာ...** အပိုဒ် (၂–ဂ–၁၊ ၂၊ ၃) (၂–ဃ–၁၊ ၂၊ ၃) သမတက တရားသူကြီးချုပ်နှင့် တရားရုံးချုပ် တရားသူကြီးများခန့်ခြင်း၊ အပိုဒ် (၄) သမတက တရားသူကြီးချုပ်၊ တရားသူကြီးများကို စွဲချက်တင် ရာထူးဖြုတ်နိုင်ခြင်း။

**အခန်း (၈) နိုင်ငံသားများ၏ မူလအခွင့်အရေးများမှာ ...** အပိုဒ် (၁၀) (၁၃) (၁၅) (၂၄) (၂၅) (၃၁) (၃၅) ကိုတင်စည်းကမ်းသတ်မှတ်ချက်ဖြင့် လွတ်လပ်ခွင့်၊ လုံခြုံခွင့်၊ အဓမ္မလုပ်အားမပေးခွင့်၊ ပညာသင်ခွင့်၊ ကျန်းမာရေးစောင့်ရှောက်ခံခွင့်၊ ပိုင်ဆိုင်ခွင့်၊ (၂၄) နာရီထက် ကျော်လွန်ချုပ်နှောင်မခံခွင့်ရှိခြင်း။

**အခန်း (၁၁) အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များမှာ...** အပိုဒ် (၁) (၃–က၊ ခ) (၄–ခ) (၈) သမတက လွှတ်တော်သဘောမပါဘဲ အရေးပေါ်အခြေအနေနှင့် စစ်အုပ်ချုပ်ရေးကြေညာနိုင်ခြင်း၊ တပ်ချုပ်ကိုအာဏာလွှဲနိုင်ခြင်း။

**အခန်း(၁၂) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းမှာ...** အပိုဒ် (၄–က၊ ခ) အမတ် (၇၅) ရာခိုင်နှုန်းကျော်သဘောတူမှ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ခြင်း။

တိုင်းရင်းသားဖိနှိပ်ရေးအခြေခံမှုတွေက

**အခန်း (၁) နိုင်ငံတော်အခြေခံမူများမှာ...** အပိုဒ် (၄–ခ၊ ဂ) နဲ့ အပိုဒ် (၆–ဂ) လွှတ်တော်တခုစီရှိတဲ့ တိုင်းဒေသကြီး (၇) ခုထားခြင်း။

**အခန်း (၂) နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံမှာ...** အပိုဒ် (၂) (၃) ပြည်နယ်နဲ့ အဆင့်တူ တိုင်းဒေသကြီး (၇) ခုထားခြင်း၊ အပိုဒ် (၄) (၁၁) ပြည်နယ်–ကိုယ်ပိုင်အုပ်ချုပ်ရေးစီရင်စု အမည်ပြောင်းရာမှာ သက်ဆိုင်ရာလွှတ်တော်အခန်းကဏ္ဍမပါခြင်း၊ အပိုဒ် (၅–ခ) ဘယ်နယ်မြေကိုမဆို သမတတိုက်ရိုက်အုပ်ချုပ်တဲ့ ပြည်ထောင်စုနယ်မြေအဖြစ် လိုအပ်သလို သတ်မှတ်နိုင်ခြင်း၊ အပိုဒ် (၇) ခွဲထွက်ခွင့်မရှိလို့ပြဋ္ဌာန်းထားခြင်း၊ အပိုဒ် (၉) ပြည်နယ် နယ်နိမိတ်သတ်မှတ်ရာမှာ ပြည်ထောင်စုလွှတ်တော် အတည်ပြုချက်လိုခြင်း။

**အခန်း (၄) ဥပဒေပြုရေးမှာ...** အပိုဒ် (၁၉–ဂ) လိုအပ်မှ တိုင်းရင်းသားလူမျိုးများအရေး လွှတ်တော်ကော်မတီကို ကာလသတ်မှတ် ဖွဲ့စည်းခွင့်ရှိခြင်း။

**အခန်း(၅) အုပ်ချုပ်ရေးမှာ...** အပိုဒ် (၁–ဃ) လူမျိုးစုရေးရာဝန်ကြီး (သို့မဟုတ်) ပြည်နယ်ရေးရာဝန်ကြီး မထားခြင်း၊ အပိုဒ် (၂၁–င၊ စ) ပြည်နယ်ဝန်ကြီးချုပ်ကို ပြည်နယ်အမတ်များထဲမှ သမတကရွေးချယ်ခန့်အပ်ခြင်း၊ အပိုဒ် (၂၂–ဌ) ပြည်နယ်ဝန်ကြီးချုပ်ဟာ သမတကိုတာဝန်ခံရခြင်း၊ ပြည်နယ်ဝန်ကြီးများဟာ ပြည်နယ်ဝန်ကြီးချုပ်မှတဆင့် သမတကို တာဝန်ခံရခြင်း၊ အပိုဒ် (၂၆) (၃၄–ဍ) ထွေအုပ်ဦးစီးမှူးဟာ ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဦးစီးအဖွဲ့အတွင်းရေးမှူးဖြစ်ခြင်း။

**အခန်း (၈) နိုင်ငံသားများ၏ မူလအခွင့်အရေးများမှာ...** အပိုဒ် (၂၃) ကိုတင်စည်းကမ်းသတ်မှတ်ချက်ဖြင့် စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးတမ်းဆောင်ရွက်ခွင့်ရှိခြင်း။ ပြည်နယ်ဥပဒေပြုအာဏာပိုင်းမှာလည်း အရေးမပါတဲ့အာဏာများသာရှိခြင်း။

တကယ်တော့ ဒီမူတွေအားလုံးကို ၂၀၀၇ စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေးကြီးက တခဲနက်ပယ်ချလိုက်ပြီးဖြစ်ပါတယ်။ လူထုဆန္ဒကို ပေးခဲ့ပြီးဖြစ်ပါတယ်။ ၁၉၈၈ တုန်းက မောင်နေဝင်းရဲ့ ပါတီစုံကြိုက်သလား၊ တပါတီကြိုက်သလား၊ လူထုဆန္ဒခံယူပွဲလုပ်မယ် ဆိုတာကို ရှစ်လေးလုံးအရေးတော်ပုံကြီးက ပယ်ချလိုက်သလိုပါဘဲ။ ဒီတော့ ဆန္ဒပေါ်လွင်ပြီးသားဖြစ်နေတာကို ဆန္ဒခံယူပွဲလုပ်မယ်ဆိုကတည်းက မရိုးမသား ကလိမ်ကကျစ်လုပ်ဖို့ သက်သက်ဘဲဖြစ်ပါတယ်။ မဲလိမ်၊ မဲခိုးမှာ လုံးဝသေချာနေပါတယ်။

ကျနော်တို့တာဝန်က ပြည်သူလူထုက ကန့်ကွက်မဲပေးအောင် စည်းရုံးပညာပေးလှုံ့ဆော်ဖို့မလိုပါဘူး။ ပြည်သူလူထုဟာ ညောင်နှစ်ပင်အခြေခံဥပဒေ အူဘယ်နှစ်ခွေရှိတယ်ဆိုတာ နောကျေနေပါပြီ။ ဒါကြောင့် နအဖ မဲလိမ်၊ မဲခိုးတာကိုပဲ ဆန့်ကျင်တိုက်ပွဲဝင်ဖို့၊ ဖော်ထုတ်ဖွင့်ချပစ်ဖို့လိုပါတယ်။ ဆန္ဒခံယူပွဲအောင်နိုင်ရေးကော်မတီတွေ ဖွဲ့စည်းမယ်ဆိုရင် အနှစ်သာရအားဖြင့် မဲခိုး၊ မဲလိမ် ဆန့်ကျင်တိုက်ဖျက်ရေးကော်မတီတွေ ဖြစ်စေရပါမယ်။ ပြည်သူလူထုကြီးက ညောင်နှစ်ပင်အခြေခံဥပဒေကို လုံးဝလက်မခံဘူးဆိုတာ အင်မတန်သေချာနေပါတယ်။ (၉၀) ရွေးကောက်ပွဲတုန်းကလိုပဲ တကယ်တမ်း ဒီမိုကရေစီကျ လွတ်လပ်တရားမျှတတဲ့ ဆန္ဒခံယူပွဲ

စာမျက် (၅) ကော်လံ (၄) သို့ ....

# မြန်မာ့ဒီမိုကရေစီရေးပြောင်းလဲမှုနှောင့်နှေးနေခြင်းကြောင့် အစိုးရအပေါ် စိတ်တိုင်းမကျဖြစ်နေတဲ့ ကုလအထူးကိုယ်စားလှယ်



မြန်မာစစ်အစိုးရအပေါ် စိတ်တိုင်းမကျဖြစ်နေတဲ့ ကုလအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီ

အေပီ (ဖေဖော်ဝါရီ ၂၂ ရက်)

ပြီးခဲ့သောသောကြာနေ့က မြန်မာ့ဒီမိုကရေစီရေးပြောင်းလဲမှုဖြစ်စဉ်များ နှေးကွေးနေခြင်းအပေါ် စိတ်တိုင်းမကျဖြစ်ရကြောင်း အင်ဒိုနီးရှားသို့ရောက်ရှိနေသော ကုလ၏ အထူးသံကိုယ်စားလှယ်က ပြောကြားလိုက်ပြီး နိုဗဲလ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်အား ရွေးကောက်ပွဲဝင်ခွင့်ပြုရန် မျှော်လင့်ကြောင်း ဆက်လက်ပြောကြားလိုက်သည်။

မြန်မာပြည်တွင်းရေးအခြေအနေများ တိုးတက်ကောင်းမွန်စွာပြောင်းလဲလာစေရေးအတွက်ရည်ရွယ်သော သူ၏အာရှခရီးစဉ်အတွင်း အင်ဒိုနီးရှားသမတ ဆူစီလိုဘန်ဘမ်းယုဒ်ဟိုယိုနိုအား အစည်းဝေးအပြီးတွင် ဤသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

''တခါတရံတွေမှာ ကျနော်ကိုယ်တိုင်လည်း တကယ့်အကျိုးသက်ရောက်မှုကို လက်ဆုပ်လက်ကိုင်ပြဖို့ နှေးကွေးနေမှုတွေ၊ ဒါမှမဟုတ် ဒီထက်ပိုပြီးရသင့်တာတွေ မရလာတာ အပေါ်မကျေမနပ်ဖြစ်မိတယ်။ ဒါပေမယ့်လည်း အကျိုးသစ်တွေ ထပ်ထပ်ပြီးရလာဖို့ကိုတော့ ကျနော်တို့ဆက်လုပ်ရှားနေရမှာပါပဲ''တွေ့ဆုံးမေးမြန်းခန်းတခုတွင် ထည့်သွင်းဖြေကြားခဲ့သည်။

မစ္စတာဂမ်ဘာရီက သူ့အနေနှင့် မတ်လပထမပတ်အတွင်း မြန်မာပြည်သို့ပြန်လည်ဝင်ရောက်နိုင်ရန် မြန်မာ့စစ်ခေါင်းဆောင်များနှင့် ဆွေးနွေးပွဲများပြန်စနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း၊ သို့သော်လည်း ယခင်အခေါက်များက သူ့အပေါ်ထားရှိသော ကန့်သတ်ချုပ်ချယ်မှုနှင့် သူ့ခရီးစဉ်အား ဘောင်ခတ်ထားခဲ့မှုများကိုမူ ဝေဖန်ပြောကြားခဲ့သည်။

''ပြည်သူတွေနဲ့ပိုပြီးတော့ လွတ်လွတ်လပ်လပ်နဲ့ အချိန်အတော်ကြာ တွေ့ဆုံစကားပြောခွင့်ရဖို့ကိုတော့ ကျနော်တောင်းဆိုရပါလိမ့်မယ်''ဟု သူကပြောခဲ့သည်။

ရတ်တရက်ထ၍ ထုတ်ပြန်လိုက်သည့် ဤလအစောပိုင်းကကြေညာချက်တွင် စစ်အုပ်စု၏ထိန်းချုပ်မှုအောက်တွင် ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အား ယခုနှစ် မေလတွင် စစ်အုပ်စုကပင် ဦးဆောင်လျှက် ပြည်သူ့ဆန္ဒခံယူပွဲကိုကျင်းပမည်ဖြစ်ပြီး ၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပပေးမည်ဟု ဖော်ပြထားသည်။

ထိုဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် နိုင်ငံခြားသားနှင့်လက်ထပ်ခဲ့ပြီး နိုင်ငံခြားသားမှတ်ပုံတင်ကိုင်ဆောင်ထားသော သားနှစ်ယောက်၏မိခင်ဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်အား ရွေးကောက်ပွဲဝင်ခွင့်ပြုလိမ့်မည် မဟုတ်ပေ။ ထိုနည်းတူ ဒေါ်အောင်ဆန်းစုကြည်၏ပါတီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည်လည်း နအဖ၏ အစီအမံထဲတွင် ပါဝင်ခြင်းမရှိပေ။

ဒေါ်အောင်ဆန်းစုကြည်၏ ပါတီသည် ၁၉၉၀ ပြည့်အထွေထွေရွေးကောက်ပွဲတွင် မဲအပြတ်အသတ်နှင့် အနိုင်ရခဲ့သော်လည်း နှစ်ပေါင်းနှစ်ဆယ်နီးပါး အာဏာလွှဲပေးရန် စစ်အုပ်စုက ပျက်ကွက်နေခဲ့ပြီး အဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်သည်လည်း မြန်မာပြည်တွင် နေထိုင်သည့် (၁၈) နှစ်တာကာလအတွင်း (၁၂) နှစ်ထက်မနည်းသောကာလတို့မှာ နေအိမ်အကျယ်ချုပ်ဘဝဖြင့်သာ ကုန်လွန်စေခဲ့သည်။

❖

# မစ္စတာဂမ်ဘာရီမြန်မာပြည်သို့ မတ်လအတွင်းပြန်ဝင်ဦးမည်

မြန်မာစစ်အစိုးရက ကုလသမဂ္ဂအထူးကိုယ်စားလှယ် အီဘရာဟင်ဂမ်ဘာရီကို မတ်လအစောပိုင်းတွင် မြန်မာနိုင်ငံသို့လာရောက်ခွင့်ပေးမည်ဟု မြန်မာနိုင်ငံခြားရေးဝန်ကြီးမှ အာဆီယံဝန်ကြီးများ အစည်းအဝေးတွင် အသိပေးပြောကြားလိုက်သည်။

ဤသတင်းအား အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဟာဆန်ဝီရာယုဒက (၂၁၊ ၂၊ ၂၀၀၈) နေ့က ဂျာကာတာမြို့တော်တွင် သတင်းထောက်များအား ပြောကြားခဲ့ခြင်းဖြစ်သည်။

မစ္စတာဂမ်ဘာရီသည် မြန်မာနိုင်ငံဒီမိုကရေစီတိုးတက်ပြောင်းလဲရေးအတွက် အာရှဒေသနိုင်ငံများ၏ ထောက်ခံအားပေးမှုရရှိရန် ခရီးလှည့်လည်လျက်ရှိသည်။ ထိုခရီးစဉ်ပထမအဆင့်အဖြစ် ဖေဖော်ဝါရီလ (၂၀) ရက်နေ့က တရုတ်နိုင်ငံသို့သွားရောက်၍ တရုတ်သံတမန်များနှင့် တွေ့ဆုံခဲ့သည်။



ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီနှင့် တရုတ်နိုင်ငံခြားရေးဒုဝန်ကြီး ဝန်ယီ

မြန်မာနိုင်ငံအပြောင်းအလဲများ ပြုလုပ်ရာတွင် စစ်အစိုးရကိုစေ့ဆော်ပေးရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အလျင်အမြန်လှုပ်ရှားရန်အရေးကြီးကြောင်း တရုတ်နိုင်ငံခြားရေး ဒုဝန်ကြီး ဝမ်းယီကို ပြောကြားခဲ့သည်။ ဆက်လက်၍ ယခုအချိန် မြန်မာနိုင်ငံတိုးတက်ရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာအသိုင်းအဝန်းများနှင့် ဆက်ဆံရေးသည် အလွန်အရေးကြီးသော အနေအထားမှာရှိသည်ဟု ယုံကြည်ကြောင်း ဂမ်ဘာရီက ပြောကြားခဲ့သည်။

မစ္စတာဂမ်ဘာရီသည် မြန်မာနိုင်ငံအရေးအတွက် တရုတ်နိုင်ငံကို အဓိကအလေးထား၍ ပထမဆုံးသွားရောက်ခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံသည် မြန်မာစစ်အစိုးရအတွက် အရေးကြီးသော စီးပွားဘက်ဖြစ်သလို၊ လက်နက်ထောက်ပံ့နေသော နိုင်ငံလည်းဖြစ်သည်။ စက်တင်ဘာအရေးအခင်းနောက်ပိုင်းမှစ၍ မြန်မာပြည်အခြေအနေသည် တဖြည်းဖြည်း တိုးတက်မှုရှိလာသည်ဟုယူဆ၍ မြန်မာစစ်အစိုးရအား အနောက်နိုင်ငံများ၏ ဝေဖန်ရှုတ်ချမှုများကို တရုတ်နိုင်ငံက ကန့်ကွက်ခဲ့သည်။

မြန်မာစစ်အစိုးရက မစ္စတာဂမ်ဘာရီ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခွင့်ပြုနိုင်ရေးအတွက်အချိန်ယူနေသဖြင့် တရုတ်ပြည်သို့ အရင်ဝင်ရောက်ခြင်းသည် အလွန်အရေးကြီးကြောင်း နိုင်ငံခြားရေး ဒုဝန်ကြီးဝန်ယီက ပြောကြားသည်။ တရုတ်နိုင်ငံသည် မစ္စတာဂမ်ဘာရီအား ပြည်ဝင်ခွင့်ဗီဇာပေးရန် မြန်မာစစ်အစိုးရကို အယုံသွင်းပေးနိုင်သောကြောင့် ဝေဖန်ခံရမှုလျော့နည်းခဲ့သည်။ ❖

# မြန်မာစစ်အုပ်စု၏ လူ့အခွင့်အရေး ချိုးဖောက်မှုအပေါ် ဥရောပသမဂ္ဂမှ ထပ်မံဖိအားပေးမည်



ဥရောပနိုင်ငံခြားရေးဝန်ကြီးများ၏ပုံမှန်အစည်းအဝေးတခု

၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပမည် ကြေငြာချက်ထုတ်ပြန်ထားသော်လည်း အရေးယူပိတ်ဆို့မှုများအား ဆက်လက်၍ တင်းတင်းကျပ်ကျပ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂအဖွဲ့ (အီးယူ)မှ ပြောကြားလိုက်သည်။

လူထုဆန္ဒခံယူပွဲနှင့် ရွေးကောက်ပွဲသစ်ပြုလုပ်မည်ဆိုခြင်းကို လက်ခံသော်လည်း မြန်မာပြည်တွင် လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေများ တိုးတက်မှုမရှိက စီးပွားရေးအရ ပိတ်ဆို့အရေးယူမှုများ ပိုမိုလုပ်ဆောင်ရမည်ဟု ဘရပ်ဆဲလ်တွင်ကျင်းပသော အီးယူနိုင်ငံခြားရေးဝန်ကြီးများ၏ ပုံမှန်အစည်းအဝေး၌ သတိပေးပြောကြားကြောင်း သိရှိရသည်။ စက်တင်ဘာလ သံဃာတော်များဦးဆောင်ပြီး ငြိမ်းချမ်းစွာဆန္ဒပြခဲ့သည်ကို အကြမ်းဖက်နှိမ်နင်းမှုများ ပြုလုပ်ခဲ့သဖြင့် ကုမ္ပဏီပေါင်း (၁,၂၀၇) ခုကို ပစ်မှတ်ထားကာ ပိတ်ဆို့မှုများပြုလုပ်ခြင်း၊ ပြည်ဝင်ခွင့် ဗီဇာပိတ်ပင်မှုများကို တိုးချဲ့ခြင်း၊ မြန်မာစစ်ခေါင်းဆောင်များ၏ပိုင်ဆိုင်မှုများကို ပိတ်ပင်ခြင်းများဖြင့် အီးယူကဒဏ်ခတ်ပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့သည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ရွေးကောက်ပွဲသစ်ကျင်းပပေးခြင်းသည် ပန်းတိုင်ဆီကိုသွားသောခြေလှမ်းဖြစ်တယ်ဆိုတာကို ရှင်းရှင်းလင်းလင်းသိရှိရအောင် စောင့်ကြည့်ရန်လိုအပ်ကြောင်း၊ နိုင်ငံရေးပါတီများ ပါဝင်မှုသည် ရှင်းရှင်းလင်းလင်းဖြစ်ရန်လိုကြောင်း၊ ဥပဒေနှင့်အညီ လွပ်လပ်ပြီးမျှတမှုရှိသော ရွေးကောက်ပွဲဖြစ်ရန်လိုကြောင်း အီးယူပြင်ပဆက်ဆံရေးကော်မရှင်နာ ဘင်နီတာက ထိုအစည်းအဝေးပွဲအပြီး၌ သတင်းထောက်များကို ပြောကြားခဲ့သည်။ ထို့ပြင် အီးယူနိုင်ငံခြားရေးဝန်ကြီးများကလည်း မစ္စတာဂမ်ဘာရီနှင့် လူ့အခွင့်အရေးအထူးသံတမန် မစ္စတာပီညဲရိုးတို့ကို ပြည်ဝင်ခွင့်ပေးရန် တောင်းဆိုထားပြီး၊ ဂမ်ဘာရီကို ဧပြီလမတိုင်မီ မြန်မာပြည်တွင်းသို့ ဝင်ခွင့်ရပြီးစစ်အစိုးရနှင့် အပြည့်အဝပူးပေါင်းလုပ်ဆောင်နိုင်ရေးသည် အလွန်အရေးကြီးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဤအစည်းအဝေးပွဲတွင် နိုဗယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ပြန်လွှတ်ပေးရန်နှင့် နိုင်ငံရေးအနှစ်သာရရှိသော တွေ့ဆုံဆွေးနွေးမှုများ အမြန်ဆုံးပြုလုပ်ရန် မြန်မာစစ်အုပ်စုကို တိုက်တွန်းလိုက်ကြောင်း သိရသည်။ မြန်မာစစ်အုပ်စုသည် ၁၉၉၀ ခုနှစ် မေလတွင်ကျင်းပပြုလုပ်ခဲ့သော ရွေးကောက်ပွဲတွင် အနိုင်ရရှိထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ရလဒ်ကို မျက်ကွယ်ပြုထားခဲ့သည်။

❖

စာမျက်နှာ (၄) ဂါမဏီ၏ဆောင်းပါးမှ...

ဆိုရင် ကန့်ကွက်မဲက သေချာပေါက်အပြတ်အသတ်များရပါလိမ့်မယ်။ ဒါကြောင့် ညောင်နှစ်ပင်အခြေခံဥပဒေထောက်ခံမဲက ကန့်ကွက်မဲထက် ပိုများနေမယ်ဆိုရင်တော့၊ မဲလိမ်မဲခိုးတာ လုံးဝရာနှုန်းပြည့်သေချာပါတယ်။ ဒ့ါကြောင့် ဒီလို မဲမသမာတာကို လူထုအင်အားနဲ့ ဆန့်ကျင်တိုက်ခိုက်ဖို့ဘဲ ဦးတည်ပြင်ဆင်ရမှာဖြစ်ပါတယ်။ မဲခိုးမှုဖြစ်လာရင် လူထုအားလုံးဟာ ယူကရိန်း၊ ဆားဘီးယား၊ ဂျော်ဂျီယာနိုင်ငံတွေမှာလုပ်ခဲ့သလို တခဲနက် အုံကြွကြရမှာဖြစ်ပါတယ်။

နောက်တခုသတိထားဖို့က နအဖဟာ ၁၉၉၀ ကတည်းက သူတို့ရှုံးလို့ အာဏာလွှဲမပေးခဲ့တာဖြစ်တော့ ဒီတခါလည်း အတိုက်အခံဘက်က နိုင်တာကိုခံမှာမဟုတ်ပါဘူး။ ညောင်နှစ်ပင်ဥပဒေပယ်ချခံရလည်း (၉၀) ရွေးကောက်ခံကိုယ်စားလှယ်တွေကို အာဏာလွှဲပေးမှာမဟုတ်ပါဘူး။ နောက်ထပ် ညောင်နှစ်ပင်မျက်လှည့်ပွဲ အပိုင်း (၂) ထပ်လုပ်ပြီး ဇာတ်မျောကြီးလုပ်အုံးမှာ ဖြစ်ပါတယ်။ ဒါကြောင့် အကယ်၍များ ကံကောင်းထောက်မပြီး တရားမျှတလွတ်လပ်တဲ့ ဆန္ဒခံယူပွဲဖြစ်သွားလို့ ပြည်သူလူထုဘက်ကနိုင်သွားရင်တော့ (၉၀) ခုနှစ် နိုင်တုန်းကလို ကိုယ့်အိမ်ထဲ မိန့်မိန့်ကြီးထိုင်ပြီး ဖုတ်သွင်းရထားဆိုက်မှာကို စောင့်နေလို့မဖြစ်ပါဘူး။ မိမိတို့အောင်သီးအောင်နှံကို မိမိတို့လက်ထဲ ပိုင်ပိုင်နိုင်နိုင်ရောက်အောင် လူထုအားနဲ့ တိုက်ပွဲဆင်ရယူရမှာဖြစ်ပါတယ်။ မဲထည့်ပြီး ပြီးရောလုပ်လို့မဖြစ်ပါဘူး။

ကျနော်တို့ဟာ နအဖထက် ရှေ့ကို နှစ်ကွက်၊ သုံးကွက်လောက်ကြိုမြင်ထားဖို့ လိုပါတယ်။ ဆန္ဒခံယူပွဲမှာ ညောင်နှစ်ပင်အခြေခံဥပဒေကိုပယ်ချဖို့ထက် လူထုအင်အားစုဝေးခွင့်နဲ့ လူထုတိုက်ပွဲဆင်နိုင်တဲ့အခွင့်အလမ်းကို အမိအရ အသုံးချရမှာဖြစ်ပါတယ်။

ဂါမဏိ

❖

အခု စစ်အုပ်စုကလုပ်ပေးမယ့် လူထုဆန္ဒခံယူပွဲကို ဘာကြောင့်ဆန့်ကျင်သင့်သလဲ။ တိုင်းပြည်ရဲ့အခြေအနေအရ မလွှဲသာမရှောင်သာ အဲဒီဆန္ဒခံယူပွဲကို ပြည်သူတွေ မဖြစ်မနေပါ ဝင်ဆင်နွှဲရတော့မယ်ဆိုရင်လည်း ဘာကြောင့်ကန့်ကွက်မဲကိုသာ တခဲနက်ထည့်ကြဖို့လိုအပ်သလဲဆိုတာ ပြည်သူတွေ အလွယ်တကူလေ့လာနိုင်စေဖို့ အခြေခံမူကြမ်းဆိုတဲ့ အချက်တွေကို ရေးဆွဲခဲ့တုန်းက ညီလာခံကို ကိုယ်တိုင်တက်ရောက်ခဲ့သူများရဲ့ ကိုယ်တွေ့အကြောင်းအရာတွေနဲ့ ပြည်သူ့အတွက် အခြေခံမူလား၊ နအဖစစ်အုပ်စုရဲ့ အသက်အိုးအိမ်စည်းစိမ်မှန်သမျှကို ရာသက်ပန်စောင့်ရှောက်ဖို့ပြဋ္ဌာန်းပေးမယ့်အခြေခံမူတွေလား ဆိုတာ အကျဉ်းချုပ်ပြီးတင်ပြချင်တယ်။

"တကယ်တော့ ၁၉၉၃ ဇန်နဝါရီလ (၉) ရက်နေ့ကတည်းက အခြေခံဥပဒေဟာ အလိုအလျောက် သူ့ဘာသာသူ အတည်ပြုပြီးဖြစ်နေပါပြီ။ ဒီကွန်ဖရင့်ကြီးကိုအားလုံးက Make up လုပ်ထားပြီးသားပဲ။ ကျနော်တို့ကတော့ စစ်အစိုးရရွေးချယ်တဲ့ ကိုယ်စားလှယ်အနေနဲ့သွားကတည်းကိုက ဘယ်သူကအဆိုတင်သွင်း၊ ဘယ်သူကထောက်ခံဆိုတာ ပေးထားပြီးသား။ မဆလခေတ်က အစည်းအဝေးအတိုင်းပဲ၊ စာတမ်းကို တယောက်ဖတ်ပြမယ်။ တယောက်ကထောက်ခံမယ်။ ပြီးရင်အတည်ပြုမယ်"

ဒါက ၁၉၉၃ ညီလာခံစကတည်းက ၁၉၉၆ ခုနှစ်အထိ အမျိုးသားညီလာခံကို တက်ရောက်ခဲ့တဲ့ ကရင်ပြည်နယ်တိုင်းရင်းသားကိုယ်စားလှယ်အစုအဖွဲ့ရဲ့ ကိုယ်စားလှယ်တဦးဖြစ်တဲ့ စောအယ်ဒီထွေးက ညီလာခံနဲ့ပတ်သက်ပြီး မှတ်ချက်ချပြောဆိုသွားတဲ့စကား ဖြစ်ပါတယ်။

၁၉၉၃ ဇန်နဝါရီလကနေ ၁၉၉၅ နိုဝင်ဘာလ (၂၈) ရက်နေ့အထိ NLD ကို ကိုယ်စားပြုတက်ရောက်ခဲ့တဲ့ သထုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခွန်မြင့်ထွန်းကတော့ "ဗမာပြည်တိုးတက်ဖို့ စီးပွားရေးကောင်းရမယ်။ စီးပွားရေးကောင်းဖို့ဆိုရင် နိုင်ငံရေးတည်ငြိမ်ဖို့လိုတယ်။ ဒီအပေါ်မှာ သူတို့ရော၊ ကျနော်တို့ရော အငြင်းမပွားဘူး။ ကျနော်တို့က နိုင်ငံရေးတည်ငြိမ်ဖို့ဆိုရင် စနစ်ပြောင်းဖို့လိုတယ်။ စနစ်မပြောင်းရင် နိုင်ငံရေးတည်ငြိမ်မှုမရနိုင်ဘူး။ ဒီကနေ့ အမျိုးသားညီလာခံအပါအဝင် စစ်တပ်ရဲ့လုပ်ဆောင်ချက်တွေက စနစ်မပြောင်းရေးပေါ်မှာ အခြေခံထားတယ်။ လက်ရှိအခြေအနေအတိုင်း စစ်တပ်က အရာရာမှာလွှမ်းမိုးရမယ်ဆိုတဲ့ အခြေခံပေါ်မှာပဲ ဖွဲ့စည်းပုံကိုရေးဆွဲနေတာဖြစ်တယ်" လို့ ကောက်ချက်ချခဲ့ပါတယ်။

ညီလာခံကိုယ်စားလှယ်ဖိတ်ကြားပုံ နည်းလမ်းမကျတဲ့အကြောင်းကိုတော့ လယ်သမားမဟုတ်ဘဲ လယ်သမားကိုယ်စားလှယ်အနေနဲ့ ဖိအားပေးတက်ခိုင်းခံရသူ ကယားပြည်နယ်မှ အငြိမ်းစားမူလတန်းကျောင်းအုပ်ဆရာကြီး ခူးရှေးရယ်ကလည်း .... "ကျနော်တို့ ပြုစုတဲ့စာတမ်းက ခဏခဏ တည်းဖြတ်ခံရတယ်။ ဒါလေးတော့ ဒီလိုပြုပြင်ပေးလိုက်ပါဦး။ ဒီလိုပြန်ရေးပေးပါဦး။

ဆိုင်ရာကနေ ကျနော်တို့ရဲ့စာတမ်းကို အခါခါအလီလီဖြတ်တယ်။ ကျနော်တို့ နားလည်တာက သဘာပတိကြီးက ရှင်းပြသွားတဲ့အတိုင်း၊ ကျနော်တို့ကိုယ်စားလှယ်တွေက စာတမ်းပြုစုရမယ်။ ဆွေးနွေးရမယ်။ ဒါပေမယ့် သူတို့လိုချင်တာကရှိပြီးသား။ အဲဒီရှိပြီးသားအတိုင်းကို မရောက်မချင်း ကျနော်တို့ကို ဝိုင်းပြီးမှထောက်ခံခိုင်းတယ်" လို့ ပြောပြတယ်။

စေ့စပ်ဖြေရှင်းရေးမျှော်လင့်ချက်နဲ့ ညီလာခံတက်ရခဲ့သူ ရလလဖ (ရှမ်းပြည်လူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့) ဒုဥက္ကဋ္ဌ ပအို့ဝ်အမျိုးသား ဗိုလ်မှူးကြီးခွန်တိဆောင်ကတော့ "ကျနော်တို့ စစ်ကိုမုန်းတယ်။ စစ်ကိုမုန်းလို့ စစ်သားလုပ်တယ်။ အခုစစ်ကိုမုန်းလို့ စစ်တိုက်ရမယ်။ ဒါပဲ"ဟု စစ်သားပီပီ လိုရင်းကို တိတိကျကျပြောခဲ့တယ်။

ဖယ်ခုံမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်ခွန်မားရ်ကိုဘန်း၊ မိုင်းပျင်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဒယ်နီရယ်အောင်တို့ကလည်း ၁၉၉၃ ခုနှစ်ကတည်းက နအဖအမျိုးသားညီလာခံကို ဆက်တက်ရင် သမိုင်းတရားခံဖြစ်မယ်ဆိုပြီး စွန့်ခွာလာကြသူတွေဖြစ်ပါတယ်။ ဒါ့အပြင် NLD အနေနဲ့တော့ (၉၊ ၁၊ ၉၃) နေ့မှာ စတင်ကျင်းပတဲ့ နအဖအမျိုးသားညီလာခံကို ဥက္ကဋ္ဌ ဦးအောင်ရွှေဦးဆောင်တဲ့ကိုယ်စားလှယ် (၈၅) ဦးတက်ရောက်ခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံတော်အတွက် မဖြစ်မနေလိုအပ်နေတဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာရေးနဲ့ အများပြည်သူတို့ယုံကြည်လက်ခံနိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ပေါ်ပေါက်လာရေးတို့အတွက် ဒီညီလာခံကို အခြေပြုပြီး NLD အနေနဲ့ လုပ်နိုင်မလား လို့ယူဆပြီး ညီလာခံလမ်းကိုရွေးချယ်ခဲ့တယ်။ ဒါပေမယ့်လက်တွေ့မှာတော့ အမျိုးသားညီလာခံရဲ့ချို့ယွင်းချက်၊ အားနည်းချက်တွေနဲ့ မလျော်ညီ၊ မသင့်မြတ်တာတွေ တပုံကြီးနဲ့ ကြုံတွေ့ရတဲ့အခါ အဖွဲ့ချုပ်ခေါင်းဆောင်များအနေနဲ့ တက်ရောက်နေတဲ့လွှတ်တော်ကိုယ်စားလှယ်များစိတ်ပျက်ပြီး ညီလာခံကို သပိတ်မှောက်မသွားအောင် အတော်ကြီးကို ကြပ်မတ်ခဲ့ရတယ်လို့ အဲဒီတုန်းက ညီလာခံတက်ခဲ့သူတွေက ပြန်ပြောပြပါတယ်။




**အခုအချိန်ဟာ နိုင်ငံရေးသမားတွေရဲ့နိုင်ငံရေးလှုပ်ရှားမှုကဏ္ဍထက် ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုက မရှိမဖြစ်လိုအပ်နေချိန်ရောက်လာပါပြီ။ ၈၈ တုန်းကလို ...၊ မကြာသေးခင်ကဖြစ်ခဲ့ရတဲ့ ရွှေဝါရောင်တော်လှန်ရေးလို...၊ သွေးမြေကျဖို့မလိုတဲ့ ပူးပေါင်းမှုတခုပါ။ အဲဒါကတော့ မဲပေးနိုင်ခွင့်ရှိတဲ့ပြည်သူအားလုံး မဲရုံကိုဖြစ်တဲ့နည်းနဲ့ရောက်အောင်သွားပြီး ကန့်ကွက်မဲထည့်ပေးကြဖို့ပါပဲ။ နိုင်ငံရေးသမားတွေကတော့ လွတ်လပ်ပြီး တရားမျှတတဲ့ဆန္ဒခံယူပွဲဖြစ်လာအောင် ဖိအားပေးဖို့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြပါလိမ့်မယ် ...။**

အဓိကတွေ့ရှိရတဲ့ညီလာခံရဲ့ ချို့ယွင်းအားနည်းချက်တွေကတော့ ....

– ချမှတ်ထားတဲ့ ညီလာခံဦးတည်ချက်နဲ့ လုပ်ထုံးလုပ်နည်းများဟာ အမျိုးသားညီလာခံကျင်းပရေးနဲ့ ညှိနှိုင်းဆွေးနွေးပွဲများမှာရော၊ ညီလာခံမှာရော၊ ကိုယ်စားလှယ်များနဲ့ ညှိနှိုင်းပြီးမှ သတ်မှတ်တာမဟုတ်ဘဲ နဝတစစ်အာဏာပိုင်များက တဖက်သတ်ချမှတ်ထားတာဖြစ်တယ်။

– ညီလာခံကိုယ်စားလှယ်အချိုးအစားကိုကြည့်ရင် ပြည်သူရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေဟာ ညီလာခံကိုယ်စားလှယ်အားလုံးရဲ့ (၁၅.၂၄%) သာရှိတာမို့၊ အမျိုးသားညီလာခံမှာ အမြဲထာဝရကို "အနည်းစု" ဖြစ်နေပြီး၊ ကျန်ကိုယ်စားလှယ်တွေကို နအဖအစီအစဉ်နဲ့ ရွေးခဲ့တာဖြစ်တယ်။

– ခေါင်းစဉ်ပါအခန်းတွေကို မဆွေးနွေးမီ ပထမဦးဆုံး ကောင်မရှင်ဥက္ကဋ္ဌနဲ့ လုပ်ငန်းကော်မတီဥက္ကဋ္ဌတို့က ရှင်းလင်းလမ်းကြောင်းမှုလုပ်တြတယ်။

– စာတမ်းပြုစုတင်ပြရာမှာ လွတ်လပ်မှုမရှိဘဲ ညီလာခံကျင်းပရေးဆိုင်ရာအာဏာပိုင်တွေက စီစစ်ပြီး သူတို့ဖြစ်ချင်တာတွေကို အကြိမ်ကြိမ်ပြင်ပေးရတယ်။ ဒါ့အပြင် ....

– ညီလာခံအတွင်းမှာ ဆွေးနွေးကြရာမှာ အချင်းချင်းအပြန်အလှန်ဖလှယ်ခွင့်၊ တင်ပြချက်တွေအပေါ် စီစစ်သုံးသပ်ပြီး .... အသင့်မြတ်ဆုံးကို ညှိနှိုင်းရွေးချယ်ခွင့်မရှိတာ

– ကိုယ်စားလှယ်တွေရဲ့ တင်ပြချက်တွေကို အများအပြား ဥပေက္ခာပြုခံရတယ်။

– ညီလာခံလုပ်ငန်းလုပ်နည်းမှာ မပါပေမယ့် အလှည့်ကျသဘာပတိက စာတမ်းတွေကို ခြုံငုံသုံးသပ်ပြီး ကောက်ခံတင်ပြတာလုပ်တယ်။

– ဆွေးနွေးချမှတ်ရာမှာ အခြေခံမူသက်သက်သာမက အသေးစိတ်တွေပါဝင်နေတယ်။

– ညီလာခံကျင်းပရေးဆိုင်ရာ အချိန်ဇယားသတ်မှတ်ထားတာမရှိဘဲ အဆင်ပြေသလို လက်တမ်းလုပ်နေတာတွေ တွေ့ရတော့ ညီလာခံကိုယ်စားလှယ်တွေက တော်တော်စိတ်ပျက်လာကြတယ်။ ဒါထက်ပိုဆိုးတာက ညီလာခံတက်တာကို လူထုက လက်မခံတာဘဲ။

ပြည်သူလူထုရဲ့ လေးစားယုံကြည်မှုမရတဲ့ ဒီညီလာခံကိုတက်နေတာ ပြည်သူလူထုအကျိုးစီးပွားကိုဆန့်ကျင်ပြီး နအဖနဲ့ ပလူးတာလိုဖြစ်လာတာနဲ့အမျှ ပြည်သူလူထုက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေအပေါ် ဆက်ဆံရေးက ကျဲသထက်ကျဲလာပါတော့တယ်။

အဖွဲ့ချုပ်ခေါင်းဆောင်များကတော့ အခြေအနေတွေကိုတွက်ဆပြီး အမြဲတစေသုံးသပ်နေပါတယ်။ အမျိုးသားညီလာခံက ချမှတ်ထားတဲ့ အခြေခံမူတွေထဲမှာ ဒီမိုကရေစီမူများနဲ့မကိုက်ညီတဲ့အချက်တွေ၊ ချုပ်ကိုင်မှုလွန်ကဲတာတွေကို အထင်အရှားတွေ့နေရပါတော့တယ်။

အဓိကကျတာတွေကတော့ ....

–'အချုပ်အခြာအာဏာဟာ ပြည်သူလူထုထံမှ ဆင်းသက်သည်'.... လို့ အခြေခံမူကို ခံယူထားပါလျက်နဲ့ ပြည်သူတွေကိုယ်တိုင် စိတ်တိုင်းကျ ရွေးကောက်တင်မြှောက် အာဏာအပ်နှင်းလိုက်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းရမယ့် ပြည်ထောင်စုလွှတ်တော်မှာ အချုပ်အခြာအာဏာကို ပေးမထားဘဲ အခြေခံဥပဒေအရ အာဏာ (၃) ရပ်ကို ပိုင်းခြားခွဲခြားလိုက်တဲ့လုပ်ရပ်ဟာ တိုင်းပြည်ရဲ့အမြင့်ဆုံး အချုပ်အခြာအာဏာပိုင်အဖွဲ့ဖြစ်တဲ့ ပြည်သူ့လွှတ်တော်အခန်းကဏ္ဍကို သေးသိမ်အောင်လုပ်တာဖြစ်တယ်။

– ပြည်သူက တိုက်ရိုက်ရွေးချယ်တင်မြှောက်အာဏာအပ်နှင်းလိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့သာ အဆင့်ဆင့်သောလွှတ်တော်ကို ဖွဲ့စည်းတာမဟုတ်ဘဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမည်စာရင်းတင်သွင်းတဲ့ပုဂ္ဂိုလ်တွေနဲ့ ပါဝင်ဖွဲ့စည်းတာဟာ ဒီမိုကရေစီနဲ့အခြေခံမူကို ကြီးကြီးမားမား ဖောက်ဖျက်ကျူးလွန်တာဖြစ်တယ်။

– ဝန်ကြီးဌာနတွေဖွဲ့စည်းတဲ့အခါ ကာကွယ်ရေး၊ လုံခြုံရေး၊ ပြည်ထဲရေးနဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနတွေကို တပ်မတော်သားတွေသာ တာဝန်ပေးရမယ်ဆိုတော့ စစ်တပ်က ပြည်သူ့အာဏာလုယူထားတာကို ဆက်ပြီးခွင့်ပြုသလိုဖြစ်နေတယ်။

– ပြည်နယ်၊ တိုင်းဝန်ကြီးချုပ်တွေကို ဒီမိုကရေစီကျင့်စဉ်အရ ပြည်နယ်အမတ်တွေကြားက ရွေးကောက်တာဝန်ပေးရမယ့်အစား နိုင်ငံတော်သမတက အမည်စာရင်းတင်သွင်းသူအား သက်ဆိုင်ရာပြည်နယ်လွှတ်တော်က အတည်ပြုပေးရမယ်ဆိုပြီး ဗဟိုချုပ်ကိုင်မှု အဆမတန်ကျင့်သုံးလာတယ်။

– ဒီမိုကရေစီကိုအခြေခံပြီး နိုင်ငံတော်ရဲ့ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့သင့်တာဖြစ်ပေမယ့် အခုဥပဒေမှာ ခရိုင်နဲ့မြို့နယ်များမှာ နိုင်ငံ့ဝန်ထမ်းတွေကို အုပ်ချုပ်စေမှာဖြစ်ပြီး ရပ်ကွက်နဲ့ကျေးရွာအုပ်စုတွေမှာလည်း အစိုးရကပဲ ခန့်အပ်မှာဖြစ်နေတယ်။

– တပ်မတော်ကိုလည်း တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လွတ်လပ်လပ် စီမံ

စာမျက်နှာ (၁၉) ကော်လံ (၅) သို့ ...

# မေလ လူထုဆန္ဒခံယူပွဲသည် စစ်အာဏာရှင်စနစ်အား တရားဝင်သက်ဆိုးရှည်စေရေး အတွက်သာဖြစ်ကြောင်း စင်ကာပူရောက် မျိုးချစ်မြန်မာများက ကြေညာချက်ထုတ်

၂၀၀၈ မေလတွင် လူထုဆန္ဒခံယူပွဲနှင့် ၂၀၁၀ တွင် ရွေးကောက်ပွဲအသစ်ကျင်းပမည်ဆိုသော နအဖစစ်အုပ်စု၏ ကြေညာချက်ထုတ်ပြန်လိုက်ခြင်းသည် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ဦးတည်သည့်လမ်းကြောင်းမဟုတ်ဘဲ စစ်အာဏာရှင်စနစ်အား တရားဝင်တည်မြဲရေးသက်သက် အတွက်သာဖြစ်ကြောင်း စင်ကာပူရောက် မျိုးချစ်မြန်မာများက ထုတ်ဖော်ပြောကြားလိုက်သည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ (၁၈) ရက်နေ့က အစည်းအဝေးတရပ်ကျင်းပခဲ့ပြီးနောက် အစည်းအဝေးတက်ရောက်သူအားလုံး၏ တညီတညွတ်တည်း ဆုံးဖြတ်ချက်အရ ဤသို့ ကြေညာချက်ထုတ်ပြန်ဖော်ပြလိုက်ခြင်းဖြစ်သည်။ ထိုအစည်းအဝေးမှနေ၍ (၈) လေးလုံးအရေးတော်ပုံမှစ၍ ယခု ၂၀၀၈ ခုနှစ်တိုင်အောင် အနှစ်နှစ်ဆယ်ကာလအတွင်း စစ်မှန်သောဒီမိုကရေစီ ပြန်လည်ထွန်းကားရေးကို အစဉ်တစိုက်တောင်းဆိုနေခဲ့သော်လည်း အရာမထင်ခဲ့ခြင်းကို ဝေဖန်သုံးသပ်ထားသည်။

ထို့ကြောင့် စင်ကာပူရောက်မြန်မာများအနေနှင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီထွန်းကားရေးအတွက် ကြိုးပမ်းအားထုတ်လျှက်ရှိသော ရဟန်းအဖွဲ့အစည်း၊ လူအဖွဲ့အစည်းများ၊ ဒီမိုကရက်တစ်အင်အားစုများ၊ တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းများ၊ တသီးပုဂ္ဂလများ စသည့် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားဆောင်ရွက်သူ မည်သူနှင့်မဆို အတူလက်တွဲကာ ဖြစ်နိုင်သမျှနည်းလမ်းပေါင်းစုံသုံး၍ စစ်အာဏာရှင်ကို တော်လှန်သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

မြန်မာပြည်အတွင်းရှိ လူထုလှုပ်ရှားမှုများ၊ လူထုတိုက်ပွဲများအားလည်း အောင်ပွဲရောက်သည့်တိုင်အောင် တပေါင်းတစည်းတည်းဦးဆောင်မှုနှင့်အတူ အားပေးထောက်ခံသွားမည်ဖြစ်ကြောင်းသိရသည်။

လူထုလှုပ်ရှားမှုတိုက်ပွဲသင်္ကြာန်ကို ဖော်ဆောင်ရာတွင် မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့ဖြစ်သော ၂၀၀၈ ခုနှစ်၊ မတ်လ (၁၃) ရက်နေ့တွင် စတင်မည်ဖြစ်ပြီး စစ်အာဏာရှင်ပြုတ်ကျရမည့် နောက်ဆုံးသတ်မှတ်ရက်မှာ ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ (၈) ရက်ဖြစ်လိမ့်မည်ဟုဖော်ပြပါရှိသည်။ စစ်အစိုးရက ကျင်းပပေးမည်ဆိုသော လာမည့်လူထုဆန္ဒခံယူပွဲအား လူထုလှုပ်ရှားမှုတိုက်ပွဲသင်္ကြန်ဖြစ်ပေါ်လာစေရန်လည်း အစွမ်းကုန်ကြိုးစားပြောင်းလဲသွားမည်ဖြစ်ကြောင်း ကြေညာချက်တွင်ပါဝင်သည်။

လာမည့် ၂၀၀၈ ခုနှစ် (၈) လ၊ (၈) ရက်နေ့သည် သမိုင်းဝင်ဒီမိုကရေစီတော်လှန်ရေးကြီး၏ နှစ်နှစ်ဆယ်ပြည့်မြောက်သည့်နေ့လည်းဖြစ်သည့်အတွက် လက်ရှိအုပ်စိုးနေသော စစ်အာဏာရှင်က ထိုသမိုင်းဝင်နေ့အား ဖယ်ရှားရှင်းလင်းရန် အားထုတ်ကြိုးပမ်းလျှက်ရှိနေသည်ကိုတွေ့နေရသည့်အတွက် ဤသို့ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်းသိရသည်။

ထိုအစည်းအဝေးအား စင်ကာပူအခြေစိုက် အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့၊ အဝေးရောက် (၈၈) မျိုးဆက်ကျောင်းသားများ၊ အဝေးရောက်မျိုးချစ်မြန်မာများ၊ အိုးဝေစင်ကာပူ အင်တာနက်အဖွဲ့၊ မြန်မာနိုင်ငံအားကူညီကာကွယ်မည့်အဖွဲ့နှင့် လမ်းပြကြယ် စာကြည့်တိုက်အဖွဲ့သားများ စုံညီ စွာတက်ရောက်ခဲ့ကြသည်။

❖

# နအဖစစ်အစိုးရ၏ အခြေခံဥပဒေမူကြမ်းကို အင်ဒိုနီးရှားအစိုးရဝေဖန်

ဖေဖော်ဝါရီ ၂၂

ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအတိုက်အခံခေါင်းဆောင်များကို မပါဝင်ရဟုသည့် စစ်အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ဖွံ့ဖြိုးဆဲနိုင်ငံများထဲအပါအဝင်ဖြစသည့် အင်ဒိုနီးရှားနိုင်ငံက ပထမဆုံးဝေဖန်ပြောဆိုလိုက်ခြင်းဖြစ်သည်။ အတိုက်အခံများနှင့် တိုင်းရင်းသားလူမျိုးစုအဖွဲ့များ ဆုံးရှုံးနစ်နာမှုမရှိစေရေးအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဆန္ဒခံယူပွဲကျင်းပမည့် မေလမတိုင်မီကာလအတွင်း ပြန်လည်သုံးသပ်ကြည့်သင့်သည်ဟု အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ဟာဆန်းဝီရာယုဒက ပြောဆိုလိုက်သည်။ ဆန္ဒခံယူပွဲမကျင်းပမီ အတိုက်အခံအဖွဲ့အစည်းများနှင့် တိုင်းရင်းသားအဖွဲ့အစည်းများပါ ပါဝင်ဆွေးနွေးတိုင်ပင်ခြင်းအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် ပိုမို၍ ပြည်စုံသွားလိမ့်မည်ဖြစ်ကြောင်းနှင့် တခြားအဖွဲ့အစည်းများ၏အကျိုးကိုလည်း ထည့်သွင်းစဥ်းစားရာ ရောက်လိမ့်မည်ဖြစ်ကြောင်းကို မစ္စတာဟာဆန်းက Financial Times သတင်းအား ပြောကြားခဲ့သည်။

အရှေ့တောင်အာရှနိုင်ငံများအတွင်း စစ်အစိုးရ၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အင်ဒိုနီးရှားနိုင်ငံတခုသာလျှင် အခြားအတိုက်အခံများဘက်မှကြည့်ရှု၍ ဝေဖန်မှုများပြုလုပ်ခဲ့သော်လည်း ဗီယက်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ စစ်အစိုးရ၏ကြေညာချက်ကို ထောက်ခံခဲ့သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံအများစုသည် ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်ယှဉ်ပြိုင်ခွင့်မရှိဟုသည့် စစ်အစိုးရ၏လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ ကျေနပ်မှုမရှိကြချေ။ ❖

# စစ်မှန်၍တရားမျှတသော ပြည်သူ့ဆန္ဒခံယူပွဲဖြစ်ရေးအတွက် မြန်မာနိုင်ငံအား ထိုင်းနိုင်ငံက အကူအညီပေးလို



ထိုင်းနိုင်ငံခြားရေးဝန်ကြီးဖြစ်သူ နတ်ပဒွန်ပဒ်တမာ

ထိုင်းနိုင်ငံခြားရေးဝန်ကြီးအသစ်က မြန်မာပြည်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် အတည်ပြုရေးအတွက် မေလအတွင်းကျင်းပမည့် ပြည်လုံးကျွတ်လူထုဆန္ဒခံယူပွဲတွင် ထိုင်းနိုင်ငံ၏အတွေ့အကြုံကို မျှဝေလိုကြောင်း သတင်းထောက်များအား ပြောဆိုလိုက်သည်။

ပြည်သူ့အင်အားပါတီ ဦးဆောင်သည့် ဝန်ကြီးချုပ် စမတ်စွန်ဒရာဝေ (Samak Sundaravaj) ၏ (၆) ပါတီ ညွန့်ပေါင်းအစိုးရတက်လာခါစတွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးသစ် နုတ်ပဒွန်ပဒ်တမာက မြန်မာ့ပြည်တွင်းရေးအား ထိုင်းနိုင်ငံက ဝင်ရောက်စွက်ဖက်ခြင်းမပြုဘဲ အာဆီယံအသင်းကြီး၏ ယေဘုယျ စွဲကိုင်ထားသည့်ပေါ်လစီကို ကျင့်သုံးမည်ဟု ပြောဆိုခဲ့သည်။

သို့သော် မကြာသေးခင်က စင်ကာပူနိုင်ငံတွင်ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင်မူ မြန်မာ့အရေးများတွင် ထိုင်းနိုင်ငံမှ ပိုမို၍ပါဝင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မူကြမ်းအတည်ပြုနိုင်ရေးနှင့် မေလအတွင်းကျင်းပမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက်လည်း ထိုင်းနိုင်ငံတွင် မကြာသေးမီနှစ်များကကျင်းပခဲ့သည့် အတွေ့အကြုံများကို မျှဝေဖလှယ်လိုကြောင်းကမ်းလှမ်းခဲ့သည်။

ယင်းကဲ့သို့ပြောဆိုချက်အပေါ် Forum –Asaia အဖွဲ့၏ ပြောခွင့်ရပုဂ္ဂိုလ် ဆူနိုင်းပါဆော့က ကြိုဆိုလိုက်ပြီး ထိုင်းနိုင်ငံ၏ ပြည်လုံးကျွတ်လူထုဆန္ဒခံယူပွဲနှင့် ၂၀၀၇ ခုနှစ် ရွေးကောက်ပွဲသည် အာဏာသိမ်းစစ်အစိုးရ၏ လက်အောက်တွင် ကျင်းပခဲ့ခြင်းဖြစ်သော်လည်း စစ်တပ်အနေဖြင့် မဲဆန္ဒရှင်များအား ခြိမ်းခြောက်ခြင်း၊ ရွေးကောက်ပွဲကျင်းပရေးကော်မတီများကိုလည်း ကြိုးကိုင်ခြင်းမရှိခဲ့ဘဲ ထိုင်း မဲဆန္ဒရှင်များအနေဖြင့် ၎င်းတို့၏ဆန္ဒကို လွတ်လပ်စွာထုတ်ဖော်ခွင့်ရရှိခဲ့သည်။

သို့သော် လက်ရှိမြန်မာနိုင်ငံ၏ အခြေအနှင့် ထိုင်းနိုင်ငံမတူညီပုံကို မစ္စတာဆူနိုင်းက"မြန်မာနိုင်ငံမှ စစ်အစိုးရအနေနဲ့ ဒီမိုကရေစီလိုလားအပ်တဲ့ အုပ်စုတွေရဲ့ပါဝင်မှုကို ကန့်သတ်ချုပ်ချယ်တာတွေ့ရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်မှာတောင်မှ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ရွေးကောက်ပွဲမှာ မပါဝင်ရဘူးလို့ အဓိပ္ပါယ်သက်ရောက်တဲ့ ကန့်သတ်ချက်တွေပါဝင်တာတွေ့ရပါတယ်။ ဒါ့အပြင် မြန်မာစစ်အစိုးရက ကြံခိုင်ဖွံ့ဖြိုးရေးအသင်းကို အင်အားဖြည့်ထားတာတွေ့ရတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း လူထုအစည်းအဝေးပွဲကြီးတွေပြုလုပ်ပြီး ထောက်ခံအတည်ပြုဖို့ ဦးတည်တာလည်း ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာလူထုကိုယ်တိုင် တကယ်တမ်းဆန္ဒမပါပဲ စစ်အစိုးရက လက်သပ်မွေးထားတဲ့အုပ်စုတွေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုဖို့ ရည်ရွယ်တာဖြစ်ပါတယ်"ဟု ထောက်ပြပြောဆိုခဲ့သည်။

ဆက်လက်၍ ထိုင်းနိုင်ငံအနေနှင့် မြန်မာပြည်ကိုကူညီလိုပါက မြန်မာစစ်အစိုးရကို ဦးစားပေးမယ့်အစား မဲဆန္ဒရှင်များဖြစ်သည့် မြန်မာနိုင်ငံသားများကိုသာ အကူအညီပေးသင့်ကြောင်း၊ (၁၈) လကြာခဲ့သည့် ထိုင်းစစ်အာဏာသိမ်းအစိုးရထံမှ ခြိမ်းခြောက်မှုအန္တရာယ်ကင်းကင်းရှင်းစွာ ထိုင်းလူထုက ကိုယ့်စိတ်ကြိုက်အစိုးရကို ရွေးချယ်နိုင်ခဲ့သော်လည်း ယခုမြန်မာစစ်အစိုးရ၏ ရွေးကောက်ပွဲသည် အစကတည်းက တမင်အကွက်ဆင်ထားသည့် နိုင်ငံရေးလှည့်ကွက်ဖြစ်သည့်အတွက် မြန်မာလူထုအား ထိုင်းနိုင်ငံက မည်သို့အကူအညီပေးနိုင်မလဲဆိုသည်ကိုသာ စဉ်းစားသင့်ကြောင်း မစ္စတာဆူနိုင်းကပြောဆိုခဲ့သည်။

ထိုင်းနိုင်ငံအခြေစိုက် မြန်မာ့အရေးလေ့လာသုံးသပ်သူ ကိုဝင်းမင်းက "ဒါဟာ ထိုင်းနိုင်ငံမှာ ပထမဦးဆုံးလုပ်ခဲ့တဲ့ လူထုဆန္ဒခံယူပွဲလည်း ဖြစ်ပါတယ်။ အရင်တုန်းက ဆိုရင်တော့ ထိုင်းနိုင်ငံက ပါလီမန်ကနေပဲ ဖွဲ့စည်းပုံကို အတည်ပြုလေ့ရှိတာဆိုတော့ ထိုင်းနိုင်ငံရဲ့အတွေ့အကြုံက ကောင်းသွားတာတွေရှိပါတယ်။ ပထမဆုံးက ဖွဲ့စည်းပုံကို လူထုဆန္ဒခံယူပွဲမလုပ်ခင် ဆွေးနွေးခွင့်ပေးခဲ့ပါတယ်။ အဲ့ဒီတော့ ဒီဖွဲ့စည်းပုံနဲ့ပတ်သက်လို့ ကြိုက်တဲ့သူရော၊ မကြိုက်တဲ့သူရော တနိုင်ငံလုံးကိုလွှင့်တဲ့ တီဗွီတွေ၊ ရေဒီယိုတွေ၊ သတင်းစာတွေမှာ ငြင်းခုန်ပွဲတွေ သူတို့လုပ်ပါတယ်။ ဒီဖွဲ့စည်းပုံကိုလေ့လာနိုင်ဖို့ဆိုပြီးတော့ အိမ်တိုင်းစေ့ တအိမ်ကို ဖွဲ့စည်းပုံနဲ့ပတ်သက်တဲ့ စာအုပ်တအုပ်ပေ့ါနော်။ ဖြန့်ဝေပေးခဲ့ပါတယ်။ အဲ့ဒါအပြင် သတင်းစာတွေထဲကနေလည်း အချုပ်ပိုအနေနဲ့ သူတို့ထည့်ပေးတယ်။ အင်္ဂလိပ်သတင်းစာတွေမှာလည်း အရေးကြီးတဲ့ အချက်တွေကို ဖွဲ့စည်းပုံနဲ့ပတ်သက်တာတွေကိုထည့်ပေးတဲ့အခါ လူတိုင်းက အားလုံးလေ့လာခွင့်ရှိတဲ့အခါကျတော့ ကြိုက်တယ်၊ မကြိုက်ဘူး သူတို့မဲပေးနိုင်ခွင့်ရှိခဲ့တာပေ့ါလေ"

ဆက်လက်၍ မဲရုံတည်ဆောက်ပုံနှင့် ပတ်သက်၍ ထိုင်းနိုင်ငံက လျှို့ဝှက်မဲပေးနိုင်ရေးစီစဉ်ထားပုံကို ရှင်းပြခဲ့သည်။ မဲပုံးကို အဖြူနှင့်အမဲ (၂) ပုံးမထားဘဲ စာရွက်တရွက်မှာပင် ထောက်ခံခြင်း၊ သို့မဟုတ် ကန့်ကွက်ခြင်းကိုချရေးလျှက် တပုံးတည်းသောမဲပုံးမှာပင်ထည့်ရသည့်အတွက် မဲဆန္ဒရှင်အတွက် လုံခြုံစိတ်ချရသော မဲပေးနည်းစနစ်ဖြစ်ကြောင်း၊ စစ်တပ်ဦးစီးကျင်းပပေးသည့်တိုင်အောင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ခဲ့ကြောင်း ဝေဖန်သုံးသပ်ခဲ့သည်။

မဲရုံစောင့်ခြင်းနှင့်ပတ်သက်၍ "ထိုင်းနိုင်ငံအနေနဲ့က လူရိုသေရှင်ရိုသေပုဂ္ဂိုလ်တွေပေ့ါနော်။ မဲရုံစောင့်ဖို့ လုပ်ပေးခဲ့ပါတယ်။ နောက်ဆုံးတခုကတော့ ဒီဖွဲ့စည်းအုပ်ချုပ်ပုံကို အတည်မပြုပေးခဲ့လို့ရှိရင် ထိုင်းနိုင်ငံမှာလုပ်ခဲ့တာက အရင်တုန်းကရှိခဲ့တဲ့ ဖွဲ့စည်းပုံကို ပြန်သုံးမယ်ဆိုတဲ့နည်းရှိခဲ့ပါတယ်။ အခု မြန်မာနိုင်ငံမှာက ဒီဖွဲ့စည်းပုံကို ဆန့်ကျင်မဲပေးခဲ့လို့ရှိရင် ဘယ်လိုဆက်လုပ်မယ်ဆိုတဲ့ အစီအစဉ်မရှိတာကိုတွေ့ရပါတယ်။ ဒီအချက်တွေကို ကြည့်ခြင်းအားဖြင့် ထိုင်းနိုင်ငံအနေနဲ့ မြန်မာနိုင်ငံကို သူတို့အတွေ့အကြုံတွေကို ရှင်းပြအကူအညီပေးလို့ပါတယ်" ဟု ၎င်းအမြင်များကို ပြောဆိုခဲ့သည်။

❖



(၁)

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ (၉) ရက်နေ့ နေ့စွဲနှင့် နအဖဟာ ကြေညာချက် (၂) စောင်ကို တပြိုင်နက်တည်းထုတ်ပြန်လိုက်ပါတယ်။ ကြေညာချက်အမှတ် ၁/၂၀၀၈ နှင့် ကြေညာချက်အမှတ် ၂/၂၀၀၈ ဆိုပြီး ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးရဲ့ လက်မှတ်နှင့် ထုတ်ပြန်လိုက်တာဖြစ်တယ်။

၁/၂၀၀၈ က ....

"မူဝါဒလမ်းစဉ် (၇) ရပ်၏ စတုတ္ထအဆင့်နှင့်အညီ ဖြစ်ပေါ်လာသည့် အခြေခံဥပဒေမူကြမ်းအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်းကို ၂၀၀၈ ခုနှစ် မေလတွင်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်" ဖြစ်ပြီး ....

၂/၂၀၀၈ က ....

"အခြေခံကောင်းများကိုတည်ဆောက်ပေးပြီးဖြစ်သည့်အတွက် နိုင်ငံတော်တွင် တပ်မတော်မှ တာဝန်ယူအုပ်ချုပ်ခြင်းကို ဒီမိုကရေစီပြည်သူ့အုပ်ချုပ်ရေးစနစ်ဖြင့် ပြောင်းလဲရန်သင့်တော်ပြီဖြစ်၍ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ်တွင် ကျင်းပပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်" ဖြစ်ပါတယ်။

ဒါဟာ ကစားဝိုင်းထဲက လူတွေရှဲသွားအောင် စားပွဲပေါ်ကို ဓားမြှောင်စိုက်ချပြလိုက်တဲ့ လူမိုက်လုပ်ရပ်ဖြစ်တယ်။

"ရဲတဲ့သူ တခုခုလုပ်လိုက်စမ်း" လို့ စိမ်ခေါ်လိုက်တာဖြစ်တယ်။

စိမ်အခေါ်ခံလိုက်ရတဲ့သူတွေက ....

ဒေါ်အောင်ဆန်းစုကြည်ဖြစ်တယ်။ NLD ဖြစ်တယ်။ SNLD ဖြစ်တယ်။ UNA ဖြစ်တယ်။ CRPP ဖြစ်တယ်။ (၉၀) ပြည့်နှစ်ရွေးကောက်ပွဲရလဒ်ဖြစ်တယ်။

(၉၀) ခုနှစ်မှာ စုပြုံပုံအောပြီး ဆန္ဒမဲတွေပေးလိုက်ကြတဲ့ လူထုတွေဖြစ်တယ်။

စက်တင်ဘာရွှေဝါရောင်လှုပ်ရှားမှုကြီးအတွင်းမှာ ပျံလွန်တော်မူခဲ့ကြတဲ့၊ ကျဆုံးခဲ့ကြတဲ့ဝိညာဉ်တွေဖြစ်တယ်။

အခုထိစစ်ကြောရေးစခန်းမှာ အော်ဟစ်ညည်းတွားနေကြရဆဲဖြစ်တဲ့ ဒီမိုကရေစီရေးတိုက်ပွဲဝင်သူများရဲ့ စိတ်ဓာတ်တွေနှင့် ဆန္ဒတွေဖြစ်တယ်။

ပြောရရင် ....

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် မစ္စတာဂမ်ဘာရီတို့ ကမကထပြုနေတဲ့ တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ် (Dialouge Process) ပါ တခါတည်းရောပြီး စိမ်အခေါ်ခံလိုက်ရတာဖြစ်တယ်။

ရဲရင်လုပ်ကြည့်ဆိုပြီး ပေးလိုက်တဲ့အချိန်က နှစ်လပိုပို၊ သုံးလမပြည့်တပြည့်။ အချိန်က အင်မတန်ကိုနည်းပါတယ်။

အင်မတန် အကန့်အသတ်ကြီးပါတယ်။ စက္ကန့်တိုင်းဟာ တန်ဖိုးဖြတ်မရအောင်ကို တန်းဖိုးကြီးလာတယ်။

(၂)

ကျနော်မေးချင်တယ်။

နအဖက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲလုပ်ရအောင် သူ့ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာက ဘယ်သူ့ကို ကိုယ်စားပြုလို့လဲ။

အမျိုးသားညီလာခံက ချမှတ်ပေးလိုက်တဲ့အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို အခြေခံပြီးရေးဆွဲပါတယ်လို့ဆိုရအောင် အမျိုးသားညီလာခံဆိုတာကရော ဘယ်လောက်စစ်မှန်ခဲ့လို့လဲ။ ဘယ်သူတွေ တက်ခွင့်ရပြီး၊ ဘယ်သူတွေ တက်ခွင့်မရခဲ့ဘူးလဲ။

နအဖရဲ့ အမျိုးသားညီလာခံဆိုတာကို တက်ခဲ့ကြတဲ့ကိုယ်စားလှယ် (၁,၀၀၀) ယောက်ဆိုတာထဲမှာ လူထုကိုယ်တိုင် ရွေးချယ်ပေးလိုက်တဲ့၊ လူထုကို အမှန်တကယ်ကိုယ်စားပြုနိုင်တဲ့ ကိုယ်စားလှယ်ဘယ်နှစ်ယောက်ပါခဲ့သလဲ၊ ဘယ်နှစ်ရာခိုင်နှုန်းပါခဲ့သလဲ။

NLD က (၁၈၊ ၂၊ ၂၀၀၈) ရက်နေ့မှာ ထုတ်ပြန်လိုက်တဲ့ အထူးကြေညာချက် ၁/၀၂/၀၈ မှာ ....

နဝတ၊ နအဖတို့ကိုယ်တိုင်ထုတ်ပြန်ခဲ့တဲ့ကြေညာချက် ၁/၉၀ အပိုဒ် (၂၀) မှာ "ယနေ့အခြေအနေတွင် ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များသည် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြရန် တာဝန်ရှိသည့်ပုဂ္ဂိုလ်များဖြစ်သည်" လို့ ဖော်ပြထားကြောင်းထောက်ပြပြီး လက်တွေ့မှာ ပြည်သူများကရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ် (၁) ရာခိုင်နှုန်းသာ အမျိုးသားညီလာခံမှာ တက်ရောက်ခွင့်၊ အခြေခံမူတွေကို ရေးဆွဲခွင့်ရခဲ့တာဖြစ်ကြောင်း တိတိကျကျ ထောက်ပြလိုက်ပါတယ်။

NLD ရဲ့ထောက်ပြချက်ကို ကျနော်တို့ လေးနက်ကြရလိမ့်မယ်။

ကျနော်မြင်တာကတော့ .... နအဖရဲ့ အမျိုးသားညီလာခံဆိုတာက အမျိုးသားညီလာခံအတုအယောင်ဖြစ်တယ်။

လူထုကို ကိုယ်စားပြုမှုလုံးဝမရှိတဲ့ အမျိုးသားညီလာခံဖြစ်တယ်။ အဲဒီက ရေးဆွဲချမှတ်ပေးလိုက်တဲ့ အခြေခံမူဆိုတာတွေကလည်း အတုအယောင်အခြေခံမူတွေသာဖြစ်တယ်။ ကိုယ်စားပြုမှုမပြည့်စုံတဲ့၊ ဖိအားပေးပြီး၊ အနိုင်ကျင့်ပြီး နအဖအလိုကျ တဖက်သတ်ရေးဆွဲထားတဲ့ အခြေခံမူတွေဖြစ်တယ်။

အဲဒီအခြေခံမူတွေကို အခြေခံပြီးရေးဆွဲထားတဲ့ နအဖရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ ဘယ်မှာလာပြီး စစ်မှန်တဲ့ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်နိုင်တော့မှာလဲ။

ဘာကိုယ်စားပြုမှုမှမရှိတဲ့ အခြေခံဥပဒေ၊ ဘယ်လူထုကိုမှ အကာအကွယ်ပေးမှာမဟုတ်တဲ့ အခြေခံဥပဒေ၊ စစ်အုပ်စုအလိုကျ စစ်အာဏာရှင်သက်ဆိုးရှည်ရေးကိုသာ ဘက်ပေါင်းစုံ ထောက်ခံအကာအကွယ်ပေးမယ့် အခြေခံဥပဒေဖြစ်တယ်။

ဒါကို ကျနော်တို့ ပြတ်ပြတ်သားသား ဆန့်ကျင်ရလိမ့်မယ်။

ဒီကနေ့ ကျနော်တို့အင်အားစု အသီးသီးနှင့်ပြည်သူတရပ်လုံးရဲ့တာဝန်ဟာ ရဲရင့်ပြတ်သားစွာ ဆန့်ကျင်ကန့်ကွက်ပြီး ဒီနအဖရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာကို စက္ကူစုတ်လုပ်ပစ်ရေးပဲဖြစ်တယ်လို့ ကျနော်မြင်တယ်။

# စက္ကူစုတ်လုပ်ပစ်နိုင်သူဟာ ... လူထုဖြစ်တယ်



အဲဒီလောက်ထိ လူလည်လုပ်ပြီး ညစ်ပတ်လိုက်ရင် လူထုရဲ့ဒေါသကိုဆွပေးလိုက်သလို၊ ဖောက်ခွဲလိုက်သလိုမျိုးများ ဖြစ်သွားလေမလား သူစဉ်းစားနိုင်ပါတယ်...။

ပြောလို့သာ ပြောရတာပါ။ ဒီလိုလူမျိုးက ဒီလောက်အထိ စဉ်းစားချင်မှလည်း စဉ်းစားမှာပါ...။

ဌေးနန်မှိုင်း

(၃)

'နောက်လာတဲ့မောင်ပုလဲ၊ ဒိုင်းဝန်ထက်ကဲ' ဆိုတဲ့စကားက ဒီနေရာမှာ သွေးထွက်အောင်မှန်တယ်။ ဗိုလ်နေဝင်းလက်ထက်က ပြည်လုံးကျွတ်ဆန္ဒခံယူပွဲလုပ်မယ်ဆိုတုန်းက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းဆိုတာကို ဟုတ်တာ မဟုတ်တာအပထား၊ အကြိမ်ကြိမ် လူထုကို ချပြဖော်ရသေးတယ်။

ပထမ မူကြမ်းကိုချပြ၊ လူထုတွေဆီက အကြံဉာဏ်တွေ၊ ပြင်ဆင်ချက်တွေ ဖြည့်စွက်ချက်တွေ ရယူ၊ ဖြည့်စွက်ပြင်ဆင်ပြီးတော့ ဒုတိယမူကြမ်းအဖြစ် တခါပြန်ချပြ၊ ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက်၊ မြို့နယ်အလိုက် လူထုတွေကြားမှာချပြ၊ လူထုတွေက ဖြည့်ကြ၊ စွက်ကြ၊ ဝေဖန်ကြ၊ အကြံပြုကြ အဲဒါတွေ ရယူပြီးတော့မှ တတိယမူကြမ်းဆိုတဲ့ဟာ ထွက်လာတယ်။

အဲဒါကို လူထုတွေ၊ ရပ်မိရပ်ဖတွေပါတဲ့ မဲရုံကိုယ်စားလှယ်တွေ၊ မဲရုံတာဝန်ခံတွေ ရွေးချယ်ခန့်ထားပြီး မြို့ရွာအနှံ့ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲလုပ်ပေးခဲ့တာဖြစ်ပါတယ်။

လူထုကို ချပြတာဆိုတာလည်း မည်ကာမက္ကပဲ၊ အတုသာသာ ဟန်ဆောင် ပန်ဆောင်ပဲလို့ဆိုရင်တောင် ....

ဗိုလ်နေဝင်းက မဆလပါတီဆိုတာ ရှိနေသေးတော့၊ အိန္ဒြေဆည်စရာ၊ သိက္ခာထိမ်းစရာလေးရှိနေသေးတော့၊ စိတ်ထဲက ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ နည်းနည်းဖြစ်ဖြစ် လုပ်ပြရကောင်းမှန်းသိသေးတယ်။ လုပ်ပြဖော်ရသေးတယ်။

ခုဗိုလ်သန်းရွှေလက်ထက်ကျတော့ ....

ထိမ်းစရာ ဘာသိက္ခာမှလည်းမရှိ။ ထောက်ထားရမယ့် ဘာကျင့်ဝတ်သီလမှလည်းမရှိဆိုတော့ ဆန္ဒခံယူပွဲပြုလုပ်မည့်နေ့ကို ကြေညာတဲ့အချိန်ထိ ဖွဲ့စည်းအုပ်ချုပ်ပုံ ပထမမူကြမ်းက မပြီးသေးဘူး။

သူများတွေက ဒီအချက်ကိုထောက်ပြကြတော့မှ ထပြီး "ရေးဆွဲပြီးစီးသွားပါပြီ" လို့ ဒရောသောပါးကြေညာတယ်။

သူပြောသလို ပြီးပြီပဲဆိုပါတော့။

အဲဒီမူကြမ်းကို ဘယ်လို လူထုကိုချပြမှာလဲ။

လူထုက ဘယ်လိုပြင်ဆင်၊ ဖြည့်စွက်၊ ဘယ်လိုအကြံပြုခွင့်ရမှာလဲ။

သူကရော လူထုတွေရဲ့အကြံပြု ဖြည့်စွက်ချက်တွေကို ဘယ်လိုထပ်ဖြည့်မှာလဲ။ ဘယ်တော့ထပ်ဖြည့်မှာလဲ။

အဲဒီအခွင့်အရေးမျိုးတွေ၊ ဗိုလ်နေဝင်းရဲ့မဆလပါတီကတောင်ပေးခဲ့ဖူးတဲ့ အဲဒီလိုအခွင့်အရေးတွေ။ ဗိုလ်သန်းရွှေလက်ထက် မှာ ဘယ်ရောက်သွားပြီလဲ။ ရကောရနိုင်ပါဦးမလား။

ကျနော်တော့ မမြင်ဘူး။

'ငါရေးထားတာ ထောက်ခံ၊ မျက်စေ့စုံမှိတ်ပြီးထောက်ခံ လျှာမရှည်နဲ့' လို့ လူထုကို ငေါက်နေသလိုပဲ ခံစားရတယ်။

အဲဒီလိုတစုံတရာ လူထုပါဝင်မှုကို အသိအမှတ်ပြုခဲ့တဲ့ ဗိုလ်နေဝင်းတောင် မဲရုံထဲမှာ မဲလိမ်လိုက်တာ သောက်သောက်လဲပဲ။

ကန့်ကွက်တဲ့မဲတွေ၊ ထောက်ခံမဲတွေဖြစ်ကုန်အောင် အမဲပုံးကို အဖြူပုံးထဲမှောက်သွန်ချခဲ့ကြတာတွေ၊ သိရက်နှင့် ခံခဲ့ကြရတာတွေ ဒီနေ့ထိ၊ နှစ်ပေါင်း (၃၀) ကျော် (၄၀) နီးပါးထိ ဘယ်သူမှမမေ့ကြသေးပါဘူး။

အဲဒီလူတောင် အဲဒီလောက်လုပ်ရင် လူထုပါဝင်မှုကိုလည်း လက်မခံ၊ လူထုကိုယ်စားပြုရွေးချယ်ပေးလိုက်တဲ့ လူထုကိုယ်စားလှယ်တွေရဲ့ပါဝင်မှုကိုလည်းလက်မခံတဲ့ ဗိုလ်သန်းရွှေတို့ ဆန္ဒခံယူပွဲမျိုးဆို ဘယ်လောက်များ ညစ်ပတ်လိုက်ကြမလဲဆိုတာ စဉ်းစားကြည့်ရုံနဲ့တင် ကြက်သီးထလောက်ပါတယ်။

(၄)

ဘောလုံးကွင်းမှာ လူထုအစည်းအဝေးအတုတွေ ဖိအားပေးဖန်တီးပြီး မြို့လုံးကျွတ်ဆန္ဒပြပွဲတွေနှင့် အတည်ပြုသွားနိုင်သလား။ ဒါက သူသိပ်ကြိုက်တဲ့ လုပ်လေ့လုပ်ထရှိတဲ့ ပုံသဏ္ဍာန်။

ဒါပေမယ့် အဲဒီနည်းလောက်နှင့် ၂၅ ရာခိုင်နှုန်းမက ထင်တိုင်းကြဲပြီး ရယူထားတဲ့ အခွင့်အရေးတွေ၊ သပိတ်ဝင်အိပ်ဝင် တရားဝင်ဖြစ်သွားပြီလို့ဆိုရင် ကမ္ဘာ့အလယ်မှာ အပြုံမှကောင်းပါ့မလား။ ရပ်များဆိုးလွန်းနေမလား။

နောက်တခုက လူထုကိုအဲဒီလောက်ထိ လူလည်လုပ်ပြီးညစ်ပတ်လိုက်ရင် လူထုရဲ့ဒေါသကိုဆွပေးလိုက်သလို၊ ဖောက်ခွဲလိုက်သလိုမျိုးများဖြစ်သွားလေမလား သူစဉ်းစားနိုင်ပါတယ်။ ပြောလို့သာ ပြောရတာပါ။ ဒီလိုလူမျိုးက ဒီ လောက်အထိ စဉ်းစားချင်မှလည်း စဉ်းစားမှာပါ။

သေချာတာကတော့ ....

မဲရုံနှင့်ပဲလုပ်လုပ်၊ ဘောလုံးကွင်းနည်းပဲလုပ်လုပ်၊ နအဖဟာ ကျနော်တို့အင်အားစုတွေကို၊ ကျနော်တို့လူထုတွေကို ဖိအားပေးတာတွေ၊ မက်လုံးပေးတာတွေ၊ ခြောက်လှန့်တာတွေ၊ ချော့မြူတာတွေ နည်းမျိုးစုံနှင့် ညစ်ပတ်လာမယ်ဆိုတာပါပဲ။

အဲဒါကို အသေအချာကာဖို့လိုတယ်၊

ဆန္ဒခံယူပွဲမှာ ဘာအဖြေထွက်မယ်မှန်းမသိသေးပဲနှင့်တောင် ရွေးကောက်ပွဲရက်ကို ကြေညာထားတဲ့အချက်က ဘယ်နည်းနှင့်မှ မရှုံးဘူး။ နိုင်ကိုနိုင်ရမယ်လို့ အပီတွက်ထားတဲ့ပုံပဲ။ ဒါကို ကျနော်တို့က သတိချပ်ကြရလိမ့်မယ်။

သူက NLD နှင့် (၉၀) ရွေးကောက်

စာမျက်နှာ (၁၈) ကော်လံ (၄) သို့ ...

## သတင်းတို

### ပြည်သူ့ဆန္ဒခံယူပွဲကို နှောက်ယှက်သူများအား ပြင်းထန်စွာအရေးယူမည်

ဖေဖော်ဝါရီ ၂၇

လာမည့် ၂၀၀၇ မေလတွင် နအဖစစ်အစိုးရမှပြုလုပ်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုမည့်ဆန္ဒခံယူပွဲအား နှောင့်ယှက်သူများကို ပြင်းထန်စွာအရေးယူမည်ဖြစ်ကြောင်းနှင့် သာသနာ့ဝန်ထမ်းများကိုလည်း မဲပေးပိုင်ခွင့်မပြုကြောင်းကိုလည်း ဥပဒေထုတ်ပြန်လိုက်သည်။ ယင်းထုတ်ပြန်ခဲ့သည့် ဥပဒေအားချိုးဖောက်သူသည် (၃) နှစ်ထက်မပိုသော ထောင်ဒဏ်ကိုလည်းကောင်း၊ ကျပ် (၁) သိန်းထက်မပိုသောငွေဒဏ်ကိုလည်းကောင်း၊ ဒဏ် (၂) ရပ်စလုံးကိုသော်လည်းကောင်း ကျခံရမည်ဟု ၎င်းတို့ပိုင်မီဒီယာဖြစ်သည့် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားခဲ့သည်။ ထို့ပြင် နအဖစစ်ခေါင်းဆောင်ဗိုလ်ချုပ်မှူးကြီး သန်းရွှေလက်မှတ်ထိုးထုတ်ပြန်ခဲ့သည့် ယင်းဥပဒေတွင် ဆန္ဒမဲပေးခြင်းကိုလည်း ရွှေ့ဆိုင်းဖျက်သိမ်းနိုင်သည်ဟုလည်း ဆိုထားခဲ့သည်။ ထို့ပြင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ ဟိန္ဒူစသည့်ဘာသာများမှ သာသနာ့ဝန်ထမ်းများ၊ စိတ်ပေါ့သွပ်သူ၊ ထောင်ကျနေသူများ၊ ပြည်ပတွင် တရားမဝင်ရောက်နေသူများနှင့် နိုင်ငံခြားသားများကို မဲစာရင်းတွင်ထည့်သွင်းခြင်းပြုမည်မဟုတ်ကြောင်းလည်းပါရှိသည်။ ယခုထုတ်ပြန်သော အခန်း (၁၂) ခန်းပါရှိသည့် ဥပဒေကြေညာချက်အရ ပြည်ပတွင် တရားဝင်ရောက်ရှိသူများအနေဖြင့် မဲပေးပိုင်ခွင့်ရှိသည်ဟုလည်းဆိုထားသည်။

အစိုးရတရားသူကြီးချုပ်နှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီဥက္ကဋ္ဌဦးအောင်တိုးမှ ဥက္ကဋ္ဌအဖြစ်တာဝန်ယူကာ အဖွဲ့ဝင် (၄၅) ဦးပါဝင်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်တရပ်ကို ဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေဆန္ဒခံယူပွဲကို မေလတွင်ပြုလုပ်မည်ဖြစ်ပြီး ၂၀၁၀ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲအသစ် ကျင်းပမည်ဖြစ်ကြောင်းကိုလည်း ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် စစ်အစိုးရမှ ထုတ်ပြန်ကြေညာခဲ့သည်။ စစ်အစိုးရသည် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေးဥပဒေနှင့် ကော်မရှင်ဖွဲ့စည်းခြင်းကို ထုတ်ပြန်ကြေညာခဲ့သော်လည်း ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုမူ ယခုအချိန်ထိ ပုံနှိပ်ဖြန့်ဝေခြင်းမရှိသေးပေ။ ❖

### ပြည်သူ့ဆန္ဒခံယူပွဲအတွက် ယာယီမှတ်ပုံတင်များ ထုတ်ပေးနေ

ဖေဖော်ဝါရီ ၂၈

အခြေခံဥပဒေအတည်ပြုဆန္ဒခံယူပွဲတွင် မဲဆန္ဒရှင်အပြည့်အဝရရှိရေးအတွက် စစ်အစိုးရ ယာယီမှတ်ပုံတင်များထုတ်ပေးလျက်ရှိနေသည်ဟုသိရသည်။ အသက် (၁၈) နှစ်ပြည့်သူများအား ယာယီမဲထည့်နိုင်ရန်အတွက် အချက်အလက်ပြည့်စုံပါက ချက်ချင်းပြုလုပ်ပေးလျက်ရှိပြီး ပျောက်ဆုံးနေသူများအားလည်း ပြန်လည်လုပ်ပေးလျက်ရှိသည်။ ယခင်က နိုင်ငံသားစိစစ်ရေးကဒ်ပြုလုပ်လျှင် လူတဦးသည် ကျပ် (၅၀,၀၀၀) ခန့်ကုန်ကျစားရိတ်ရှိခဲ့ပြီး ယခုပြုလုပ်ပေးလျက်ရှိသည့် ယာယီမှတ်ပုံတင်အတွက် ယင်ခင်နိုင်ငံသားစိစစ်ရေးကဒ် (မှတ်ပုံတင်) လျှောက်သည့်ပုံစံအတိုင်းဖြည့်စွက်၍ ဓာတ်ပုံ (၄) ပုံပေးရကြောင်း၊ ကုန်ကျစရိတ်မယူပဲ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ယခုပြုလုပ်ပေးလျက်ရှိသည့် ယာယီမှတ်ပုံတင်သည် ယခင်ကထုတ်ပေးသည့်ကဒ်များထက် အရွယ်အစားမှာ (၂) ဆလောက်ကြီးပြီး အဖြူရောင် သုံးခေါက်ချိုးဖြစ်ပြီး ယင်းကဒ်အား လက်ဝယ်ကိုင်ဆောင်ထားသူသည် မြန်မာနိုင်ငံအတွင်း မည်သည့်နေရာမဆိုသွားလာနိုင်ကြောင်းလည်းသိရသည်။ ❖

### မေလအတွင်းကျင်းပမည့် ဆန္ဒခံယူပွဲအား ချင်းအမျိုးသားများဆန့်ကျင်

ဖေဖော်ဝါရီ ၂၀

အိန္ဒိယနှင့်ထိုင်းနိုင်ငံတို့တွင်ကျင်းပခဲ့သည့် နှစ် (၆၀) ပြည့် ချင်းအမျိုးသားများနေ့အခမ်းအနားတွင် နအဖ၏ လာမည့်မေလအတွင်းကျင်းပပြုလုပ်မည်ဖြစ်သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာ လူထုဆန္ဒခံယူပွဲနှင့် ၂၀၁၀ ခုနှစ်တွင် ပြုလုပ်သွားမည်ဖြစ်သည့် ရွေးကောက်ပွဲသည် ပြည်သူလူထု၏ဆန္ဒကိုအခြေမခံသည့်အတွက် ဆန့်ကျင်ကန့်ကွက်သွားမည်ဖြစ်ကြောင်း ပြောဆိုလိုက်သည်။ တိုင်းရင်းသားလူမျိုးများထဲတွင် တခုအပါအဝင်ဖြစ်သည့် ချင်းတိုင်းရင်းသားများမှလည်း ဒီမိုကရေစီတောင်းဆိုမှုလုပ်ငန်းများကို လုပ်ကိုင်ကြောင်း၊ စစ်အာဏာရှင်စနစ်ကို စုပေါင်းအားနှင့် ပြန်လည်တိုက်ထုတ်ပြီး အများပြည်သူ၏ဆန္ဒနှင့်ထပ်တူထပ်မျှဖြစ်သည့် ဒီမိုကရေစီစနစ်ကိုအစားထိုးဖို့ မိမိတို့ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားအားလုံး၏တာဝန်ဖြစ်ကြောင်းလည်း ပြောဆိုခဲ့သည်။ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ (၂၀) ရက်နေ့တွင် ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်တွင် ချင်းအမျိုးသား (၅၀၀၀) ကျော်တက်ရောက်ခဲ့သည့် ပထမအကြိမ် ချင်းအမျိုးသားလူထုအစည်းအဝေးပွဲကြီးတွင် ချင်းပြည်နယ်တွင်ကျင့်သုံးခဲ့သည့် မြေရှင်ပဒေသရာဇ်စနစ်ကို ဖျက်သိမ်းကာ လူထု၏ဆန္ဒအတိုင်း ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့တည်ဆောက်ရန် တခဲနက်ဆုံးဖြတ်နိုင်ခဲ့သည့် နေ့ထူးနေ့မြတ်အား ချင်းအမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ❖

### ဖွဲ့စည်းအုပ်ချုပ်ပုံမူကြမ်းဆိုင်ရာစာအုပ် ဆိုင်များတွင်ရှာမတွေ့

ယခုနှစ်မေလတွင်ကျင်းပမည့် မြန်မာစစ်အုပ်စု၏ ပြည်သူ့ဆန္ဒခံယူပွဲကျင်းပတော့မည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် (မူကြမ်း) ဆိုင်ရာစာအုပ်ကိုလေ့လာရန် စာအုပ်ဆိုင်များသို့ သွားရောက်စုံစမ်းရှာဖွေခဲ့သော်လည်း ရှာဖွေ၍မရခဲ့ကြောင်း သိရှိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်စပ်လျဉ်း၍ အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများအားလုံးပါဝင်သော စာအုပ်ကိုပြည်သူများ သိရှိလေ့လာနိုင်ရန် ပုံနှိပ်ဖြန့်ချိခဲ့ပြီးဖြစ်ပါသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးမှ ဖေဖေါ်ဝါရီလ (၁၉) ရက်နေ့တွင်ပြုလုပ်သော ကော်မရှင်အစည်းအဝေး (၁၇/၂၀၀၇) တွင် ပြောကြားခဲ့သည်။ အခြေခံဥပဒေမူကြမ်းစာအုပ်ကို စာအုပ်ဆိုင်များတွင် ရှာဖွေ၍မရကြောင်း၊ စာပေဗိမာန်မှ ထုတ်ဝေဖြန့်ချိလေ့ရှိသောကြောင့် သွားရောက်မေးမြန်းသော်လည်း မရှိပါဟု ဖြေကြားခဲ့ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ယခုအချိန်ထိ လေ့လာခွင့်မရကြောင်း၊ တွေ့မြင်ဖူးခြင်းလည်းမရှိသေးကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်ကြားရေးအဖွဲ့ဝင်ဦးဥာဏ်ဝင်းမှပြောကြားခဲ့သည်။ ❖

## တောင်ကိုရီးယားပြည်သူများက မြန်မာပြည်သူများအတွက်

### ပထမဦးဆုံးငြိမ်းချမ်းရေးရေဒီယိုလှုပ်ရှားမှုအစီအစဉ်စတင်

၂၀၀၇၊ ဖေဖော်ဝါရီလ (၁၀) ရက်။

ထိုင်း–မြန်မာနယ်စပ်တနေရာတွင် ပါမောက္ခတဦးအပါအဝင် အဖွဲ့ဝင်လေးဦးပါဝင်သော တောင်ကိုရီးယားကိုယ်စားလှယ်အဖွဲ့က မြန်မာပြည်သူများအား ထောက်ခံအားပေးသည့်အနေဖြင့် ငြိမ်းချမ်းရေး ရေဒီယိုလှုပ်ရှားမှုကိုစတင်ကြောင်း သတင်းစာရှင်းလင်းပွဲတခုကျင်းပခဲ့သည်။

ငြိမ်းချမ်းရေးရေဒီယိုဟုခေါ်သော ထိုလှုပ်ရှားမှုတွင် အဖွဲ့ဝင်တဦးအဖြစ် လိုက်ပါလာသူ အိုခွန်ယောင်က "မြန်မာစစ်အစိုးရကနေပြီးတော့ ဘာမှမလုပ်ပေးနိုင်တဲ့အရာတွေအားလုံးကို ပြည်သူတွေသိအောင်ဆိုပြီးတော့ ကိုရီးယားပြည်သူတွေကနေပြီးတော့ ဒီရေဒီယိုတွေကို မြန်မာပြည်သူတွေအားလုံး ရေဒီယိုတွေနားထောင်လို့ရအောင်ဆိုပြီးတော့ ကိုရီးယားပြည်သူတွေကိုယ်စား ရေဒီယိုကမ်ပိန်းလာလုပ်ပေးတာဖြစ်ပါတယ်" စကားပြန်မှတဆင့် ပြောကြားလိုက်သည်။

ဤပွဲဖြစ်မြောက်ရေးအတွက်လည်းကောင်း၊ ဤငြိမ်းချမ်းရေးရေဒီယိုလှုပ်ရှားမှုအစီအစဉ်ဖြစ်မြောက်လာစေရေးအတွက်လည်းကောင်း၊ ဆောင်ရွက်ပေးနေသူ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ တွဲဘက်အထွေထွေအတွင်းရေးမှူး ဦးငွေလင်းမှ "ကိုရီးယားပြည်သူတွေစဉ်းစားတာက ဒီစက်တင်ဘာလှုပ်ရှားမှုကြီးဖြစ်သွားတဲ့အခါမှာ ဘုန်းကြီးပါပါဝင်ပြီးတော့ အသေခံပြီးတိုက်ကြတဲ့အခါကျတော့ သူတို့ကွမ်ဂျူးနဲ့ တော်တော်တူတယ်လို့မြင်တယ်။ ကွမ်ဂျူးမှာ တော်လှန်ရေးအောင်သွားသလိုပဲ၊ စစ်အာဏာရှင်ကို ဖြုတ်ချလိုက်သလိုပဲ ကျနော်တို့မြန်မာပြည်သူတွေကလည်း ဖြုတ်ချနိုင်ရမယ်ဆိုတဲ့ စိတ်မျိုးသူတို့မှာ ဖြစ်လာပြီးတော့မှ ဒီရေဒီယိုကမ်ပိန်းကို ဆောင်ရွက်ပြီးတော့မှ ကျနော်တို့ကို အားပေးလိုက်တာဖြစ်ပါတယ်" တက်ရောက်လာသောသတင်းထောက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ယခုစတင်မိတ်ဆက်သည့်အနေနှင့် လှူဒါန်းခဲ့သော ရေဒီယိုအလုံးပေါင်းမှာ (၄၀၀) ခန့်ရှိပြီး နောက်ထပ်လည်း ထပ်မံလှူဒါန်းဦးမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။ ယခုလက်ရှိအလုံးများအား အဖွဲ့အစည်းများအား ခွဲဝေလှူဒါန်းခဲ့ရာတွင် လက်ခံရရှိသောအဖွဲ့များမှာ ဂျေအေစီဘီအေ၊ အိပ်ချ်အာရ်တီဘီ၊ ဘီအက်စ်အက်စ်အိုရောင်ခြည်ဦးအလုပ်သမားအဖွဲ့၊ ကေဝိုင်အို (ဘဲကလေ့၊ အုန်းဖျံ၊ နို့ဖိုး–ဒုက္ခသည်စခန်းများ) အေဘီအက်စ်ဒီအက်ဖ် (နို့ဖိုးနှင့် ဘဲကလေ့ဒုက္ခသည်စခန်းများမှ အဖွဲ့ဝင်များအတွက်)၊ အမ်ဝိုင်ပီအို၊ အေအေအက်စ်ဝိုင်စီ၊ ပီဝိုင်အမ်ဂျီ (ပလောင်လူငယ်စုပေါင်းကွန်ယက်အဖွဲ့) ကေအမ်တီဝိုင် (ကယန်းမျိုးဆက်သစ်လူငယ်အဖွဲ့) နှင့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ စသည့် (၁၁) ဖွဲ့တို့ဖြစ်ကြသည်။

ဤလှုပ်ရှားမှုအား ကိုရီးယားရောက်မြန်မာ့အရေးလှုပ်ရှားနေသူ မောင်ဇော်နှင့် ကိုရီယားရှိ အဲန်ဂျီအိုအဖွဲ့အစည်းများက မြန်မာပြည်တွင်းရှိပြည်သူများ ရေဒီယိုနားထောင်မှုဖြစ်မည်ဟူသော အကြံဉာဏ်တခုပေါ်ပေါက်လာခဲ့ခြင်းအပေါ်တွင် ပူးပေါင်း၍ လှုပ်ရှားမှုကို စတင်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။ ရေဒီယိုတလုံးအတွက် အလှူငွေအဖြစ် ဆယ်ဒေါ်လာကောက်ခံခဲ့ပြီး ဤလှုပ်ရှားမှုအတွက် ဒေါ်လာ (၈,၀၀၀) သုံးစွဲထားပြီးဖြစ်ကြောင်းလည်း သတင်းစာရှင်းလင်းပွဲတွင် ကိုရီးယားကိုယ်စားလှယ်တော် အိုခွန်ယောင်က ထည့်သွင်းပြောကြားသွားသည်။ အဖွဲ့အစည်းများကိုပေးခြင်းမှာ မြန်မာပြည်သူများအား ဤသို့ရေဒီယိုများကို ဖြန့်ဝေပေးနိုင်ကြောင်း နမူနာအဖြစ်ပေးခြင်းဖြစ်သည်ဟု ဆက်လက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ရေဒီယိုကမ်ပိန်းဖြစ်ပေါ်လာရခြင်းအကြောင်းနှင့်ပတ်သက်၍ ကိုငွေလင်းမှ ရှင်းလင်းပြောပြရာတွင် "ပြည်တွင်းမှာ ဩဂုတ်၊ စက်တင်ဘာတိုက်ပွဲဖြစ်တော့ ဒီတိုက်ပွဲအတွင်းမှာ ရက်ရက်စက်စက်ပစ်ခတ်ဖြိုခွဲမှုတွေဖြစ်တော့ ကျောင်းသူကျောင်းသားတွေသာမက သံဃာတော်တွေပါ သွေးသံရဲရဲနဲ့ အတိဒုက္ခရောက်ကြတဲ့အနေအထားကို ကိုရီးယားပြည်သူတွေက နေ့စဉ်နဲ့အမျှ ဘီဘီစီက၊ စီအဲန်အဲန်က၊ အင်တာနက်တွေကတဆင့် တွေ့နေရတယ်။ သူတို့ရင်ထဲမှာ ဘယ်လိုထိရှခံစားမိသလဲဆိုလို့ရှိရင် သူတို့ (၇၀) ကျော်ကာလတွေက ကွမ်ဂျူးခေတ် အရေးတော်ပုံကာလရဲ့ခံစားချက်တွေ ပြန်ပြီးတော့ပေါ်လာတယ်။ အဲဒီကွမ်ဂျူးခေတ်ကလည်း လူထုက သိပ်ကိုဆင်းရဲတယ်။ ရေဒီယိုကိုတောင် ဝယ်ပြီးမဖွင့်နိုင်ကြသေးဘူး။ လူတိုင်းလူတိုင်းမှာ ရေဒီယိုနားထောင်နိုင်တဲ့ အနေအထားမရှိကြဘူး။ နောက်တချက်က ရေဒီယိုရှိတာမရှိတာထက် အဆိုးဆုံးအချက်က သတင်းအမှောင်ချခံရတဲ့ကိစ္စဖြစ်နေတယ်"ပြောသည်။

ဤအခမ်းအနားသို့တက်ရောက်လာသူ ကဗျာဆရာအောင်ဝေးကလည်း မြန်မာပြည်တွင် သတင်းမှောင်ချခံရခြင်းကိုလည်းကောင်း၊ မြန်မာပြည်သူများ သတင်းငတ်မွတ်ဆာလောင်နေမှုများအကြောင်းကိုလည်းကောင်း ဖွင့်ချခဲ့ပြီးနောက် စက်တင်ဘာအရေးအခင်းအတွင်းက ဆရာအောင်ဝေးအနေနှင့် အရေးအခင်းတွင်ပူးပေါင်းပါဝင်ရန် မိတ်ဆွေအနုပညာရှင်များ စုစည်းရန်အတွက်ပင် အလွန်ခက်ခဲခဲ့ကြောင်း၊ စစ်အစိုးရက ဖုန်းလိုင်းများကိုပါဖြတ်တောက်ထားခဲ့သည့်အတွက် တနေရာမှသတင်းကိုသိရှိနားထောင်ရရန် ရေဒီယိုကိုသာ အားကိုးခဲ့ရကြောင်းပြောသည်။ ထို့အပြင် စက်တင်ဘာလအတွင်းက မြန်မာပြည်သူများ သတင်းဆာလောင်မှုကြောင့် ရေဒီယိုအရောင်းဆိုင်များတွင် ရေဒီယိုဈေးနှုန်းများမြင့်တက်သွားရုံမျှမက ရောင်းစရာလက်ကျန်ပင်မရှိအောင် ပြတ်တောက်ခဲ့ရကြောင်းကိုလည်း ပြောခဲ့သည်။ ❖

# ဂျပန်နိုင်ငံတွင်ကျင်းပသော (၆၁) နှစ်မြောက် ပြည်ထောင်စုနေ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့


အဲန်စီယူဘီဥက္ကဋ္ဌဗိုလ်ချုပ်တာမလာဘော

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင်ကျရောက်သော (၆၁) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဂျပန်နိုင်ငံတွင် စည်းကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ထိုင်း–မြန်မာနယ်စပ်အခြေစိုက် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (အဲန်စီယူဘီ) ဌာနချုပ်မှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာတစောင်ကိုပေးပို့ခဲ့သည်။

ဤအခမ်းအနားသို့ မြန်မာနိုင်ငံပြင်ပသို့ရောက်ရှိနေကြသော မြန်မာ့ဒီမိုကရေစီအရေးလှုပ်ရှားတိုက်ပွဲဝင်နေကြသော တိုက်ပွဲဝင်အင်အားစုအားလုံး၊ ဂျပန်နိုင်ငံမှ မြန်မာ့အရေးစိတ်ဝင်စားအားပေးကြသော ဂျပန်အာဏာပိုင်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ စုံညီစွာတက်ရောက်ခဲ့ကြသည်။ ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ကျင်းပသော ထိုပြည်ထောင်စုနေ့အခမ်းအနားတွင် တိုင်းရင်းသားပေါင်းစုံ ကပွဲပဒေသာပွဲတော်တရပ်လည်း ပါဝင်ကြောင်းသိရသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီမှပေးပို့ခဲ့သော ဥက္ကဋ္ဌ ဗိုလ်ချုပ်တာမလာဘောက လက်မှတ်ရေးထိုးထားသည့် အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုစိတ်ဓာတ်ကိုရှင်သန်ခိုင်မာစေမည့် ဤအခမ်းအနားပွဲတော်ကြီးအားကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သူများအားလည်းကောင်း၊ တက်ရောက်ချီးမြှင့်ခဲ့ကြသော ဂုဏ်သရေရှိ ဂျပန်နိုင်ငံသားခေါင်းဆောင်များအားလုံးကိုလည်းကောင်း ကျေးဇူးတင်စကားပြောကြားထားသည်။ ထို့နောက် မြန်မာနိုင်ငံသားတိုင်းရင်းသားပေါင်းစုံတို့၏ ပြည်ထောင်စုစိတ်ဓာတ်ခိုင်ကြည်မှုကိုလည်းကောင်း၊ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေး အခြေခံစိတ်ဓာတ်ကောင်းများကို ဖော်ပြလိုက်သည့် ထိုသို့သော တက်ကြွလှုပ်ရှားမှုများအပေါ်တွင်လည်း အထူးဂုဏ်ယူဝမ်းမြောက်ရကြောင်း ဖော်ပြထားသည်။

ထိုသို့ ကျက်သရေမင်္ဂလာနှင့်ပြည့်စုံသောအခမ်းအနားကြီးဖြင့် အခိုင်အမာစိုက်ထူနိုင်မည့် ပြည်ထောင်စုစိတ်ဓာတ်သည် အနာဂတ်ပြည်ထောင်စုကြီး၏ ညီနောင်သားချင်း လူမျိုးတမျိုးချင်းစီအတွက် မည်သို့မှ မေ့ပျောက်မရနိုင်မည့် သမိုင်းမှတ်တိုင်ကြီးတခုအဖြစ်လည်း ထင်ကျန်နေလိမ့်မည်ဟု ယုံကြည်ကြောင်း ပါရှိသည်။

ယနေ့ကမ္ဘာ့တိုးတက်မှုဖြစ်စဉ်များ အခြေခံလူ့အခွင့်အရေးဆိုင်ရာ 'စံ'များနှင့် နှိုင်းယှဉ်ကြည့်လိုက်ပါက ယခုပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ပကတိအခြေအနေမှာ တိုင်းရင်းသားတမျိုးနှင့်တမျိုးကြားမှာသော်လည်းကောင်း၊ လူမျိုးတမျိုးချင်းစီအတွင်းမှာသော်လည်းကောင်း၊ ဆိုးဝါးစွာဆန့်ကျင်လျှက် စည်းလုံးညီညွတ်မှုများလည်း ပျက်စီးနေသောအခြေအနေများကို မြင်တွေ့ရမည်ဖြစ်ကြောင်း အဆိုပါသဝဏ်လွှာတွင် သုံးသပ်တင်ပြထားသည်။ ဤသို့ဖြစ်နေရခြင်းသည် ပြည်သူ့ဆန္ဒနှင့်ဆန့်ကျင်၍ နိုင်ငံတော်အာဏာကို မတရားသိမ်းပိုက်ရယူထားသော နအဖစစ်အုပ်စု၏ စနစ်တကျဖန်တီးလုပ်ကြံမှုများကြောင့်သာဖြစ်ကြောင်းကိုလည်း ဆက်လက်ထောက်ပြထားသည်။

သက္ကရာဇ် ၂၀၀၈ ခုနှစ်သည် မြန်မာနိုင်ငံသားအားလုံးအတွက် အရေးကြီးသောနှစ်ဖြစ်နေပြီး နအဖစစ်အုပ်စုနှင့် ပြည်သူလူထု၏ပဋိပက္ခကို အဆုံးအဖြတ်ပေးရမည့် အချိန်လည်း နီးကပ်လာနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားအားလုံးပါဝင်သော အမျိုးသားသွေးစည်းညီညွတ်ရေးစိတ်ဓာတ်နှင့် နအဖစစ်အုပ်စုအား အပြီးတိုင်ဖယ်ရှားနိုင်ရေးသည် ယနေ့ကာလအတွက် သမိုင်းပေးတာဝန်တရပ်ဖြစ်လာနေကြောင်းလည်း အဆိုပါသဝဏ်လွှာတွင် ပါရှိသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများက အမျိုးသားသွေးစည်းညီညွတ်ရေးစိတ်ဓာတ်ကို ပင်လုံစိတ်ဓာတ်အဖြစ် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် လက်မှတ်ရေးထိုးသက်သေပြုခဲ့ကြသည့်နည်းတူစွာ ယနေ့ကျင်းပနေသော (၆၁) နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားကြီးတွင် မြန်မာပြည်၏ လက်ရှိအခြေအနေများနှင့် ကိုက်ညီသောလုပ်ငန်းလမ်းညွှန်မှုများကို ချမှတ်သွားနိုင်ပါစေကြောင်းကိုလည်း အလေးအနက်ဆန္ဒပြုလိုက်ပါကြောင်း နိဂုံးချုပ်တွင် ရေးသားဖော်ပြထားသည်။ ❖

> သက္ကရာဇ် ၂၀၀၈ ခုနှစ်သည် မြန်မာနိုင်ငံသားအားလုံးအတွက် အရေးကြီးသောနှစ်ဖြစ်နေပြီး နအဖစစ်အုပ်စုနှင့် ပြည်သူလူထု၏ပဋိပက္ခကို အဆုံးအဖြတ်ပေးရမည့် အချိန်လည်း နီးကပ်လာနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားအားလုံးပါဝင်သော အမျိုးသားသွေးစည်းညီညွတ်ရေးစိတ်ဓာတ်နှင့် နအဖစစ်အုပ်စုအား အပြီးတိုင်ဖယ်ရှားနိုင်ရေးသည် ယနေ့ကာလအတွက် သမိုင်းပေးတာဝန်တရပ်ဖြစ်လာနေကြောင်း ...

# ပဒိုမန်းရှာလာဖန်း၏ကျဆုံးမှုသည် မြန်မာ့တော်လှန်ရေးဖြစ်စဉ် အတွင်း အစားထိုးရန်ခက်ခဲသော ခေါင်းဆောင်ကောင်းတဦးကို ဆုံးရှုံးခဲ့ရခြင်းဟု အဲန်စီယူဘီမှကြေညာချက်ထုတ်ပြန်

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (အဲန်စီယူဘီ) ၏ အထွေထွေအတွင်းရေးမှူးအဖွဲ့ဝင် ပဒိုမန်းရှာလာဖန်းကျဆုံးခဲ့ရခြင်းသည် မြန်မာပြည်ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး တော်လှန်ရေးဖြစ်စဉ်ကြီးအတွင်း အစားထိုးရန်ခက်ခဲသော ခေါင်းဆောင်မှုအား ဆုံးရှုံးလိုက်ရခြင်းဖြစ်ကြောင်း ကြေညာချက်တစောင်ထုတ်ပြန်လိုက်သည်။


အဲန်စီယူဘီ အဋ္ဌမအကြိမ်ညီလာခံတွင် တွေ့မြင်ရသည့် ပဒိုမန်းရှာလာဖန်း

ပဒိုမန်းရှာကျဆုံးခဲ့ရသော်လည်း မြန်မာပြည်ဒီမိုကရေစီလှုပ်ရှားမှုကြီး၏ သမိုင်းဖြစ်စဉ်၌လည်းကောင်း၊ ကရင့်တော်လှန်ရေးသမိုင်း၌လည်းကောင်း၊ အာဇာနည်တဦးအဖြစ် ဥဒါန်းတွင်ရစ်မည်ဖြစ်ကြောင်းကိုလည်း အဆိုပါကြေညာချက်တွင်ဖော်ပြထားသည်။

ဆက်လက်၍ လုပ်ကြံသတ်ဖြတ်မှုကို ဦးဆောင်စီစဉ်မှုပေးခဲ့သူများအားလည်းကောင်း၊ ကိုယ်တိုင်ကိုယ်ကျ အကြမ်းဖက်လုပ်ကြံသတ်ဖြတ်ခဲ့သူများအားလည်းကောင်း ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (အဲန်စီယူဘီ) မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချလိုက်သည်။ ဤသို့ လူပုဂ္ဂိုလ်တဦးချင်းစီအား လိုက်လံလုပ်ကြံနေရုံမျှဖြင့်လည်း မြန်မာပြည်ဒီမိုကရေစီရေးလှုပ်ရှားမှုအား ဟန့်တားနှောက်ယှက်နိုင်မည်မဟုတ်သကဲ့သို့ လူမျိုးစုံပြည်သူတို့၏ အမျိုးသားပြန်လည်သင့်မြတ်ရေး ကျိုးပမ်းမှုဖြစ်စဉ်အားလည်း တားဆီးနိုင်လိမ့်မည်မဟုတ်ဟု ဆက်လက်ဖော်ပြထားသည်။

အဆိုပါကြေညာချက်တွင် လုပ်ကြံသတ်ဖြတ်မှုများ၊ အကြမ်းဖက်မှုများပေါ်ပေါက်ခဲ့ရခြင်း၏အကြောင်းရင်းများမှာ လူမျိုးစုံပြည်သူများအတွင်း၊ လူမျိုးအသီးသီးအတွင်း သပ်လျှိုဖြိုခွဲရေးနှင့် မြန်မာပြည်ဒီမိုကရေစီရေးလှုပ်ရှားမှုအား ဘက်ပေါင်းစုံမှ ဖြိုခွဲရေးဖြစ်သော မြန်မာပြည်စစ်အုပ်စုအဆက်ဆက်၏ မဟာဗျူဟာများအနက် တခုဖြစ်ကြောင်း မသမာသောနည်းဖြင့် လုပ်ကြံသူများအား ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီမှ ထောက်ပြသတိပေးလိုကြောင်းကိုလည်း ဖော်ပြထားသည်။

တပြိုင်တည်းမှာပင် ဒီမိုကရေစီအင်အားစုအသီးသီးနှင့် တိုင်းရင်းသားအင်အားစုများ ပြိုကွဲရေး၊ အင်အားချိနဲ့ရေးအား နည်းလမ်းပေါင်းစုံဖြင့်ဆောင်ရွက်နေသော နအဖ၏ ဆောင်ရွက်ချက်များအား ပြည်သူများက နိုင်ငံရေးသတိ အထူးရှိလျှက် ရင်ဆိုင်ကာကွယ်သွားရန်လိုကြောင်း အဲန်စီယူဘီမှ ပြည်သူများအား ထပ်လောင်းပြောကြားလိုက်သည်။

တိုင်းပြည်နှင့် လူမျိုးအသီးသီးတို့၏ ကံကြမ္မာအတွက် အထူးအရေးကြီးလှသောအခြေအနေတွင် နိုင်ငံရေးသတိရှိရှိဖြင့် ပိုမိုစည်းလုံးညီညွတ်ကြပါရန်နှင့် အင်အားစုအားလုံး လက်တွဲ၍ ညီညွတ်မှုအရှိန်ဖြင့် နအဖစစ်ခေါင်းဆောင်များ၏ လမ်းပြမြေပုံအဆင့် (၄) အပါအဝင် စစ်အာဏာတည်မြဲရေး ကျိုးပမ်းအားထုတ်မှုမှန်သမျှအား ချေဖျက်ကျော်လွှားသွားနိုင်ကြရန် အဲန်စီယူဘီ၏ကြေညာချက်တွင် တပါတည်းဖော်ပြထားသည်။ ❖

# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ဥပသကာအဖွဲ့နှင့် သာသနာ့ဥသျှောင် (ထိုင်းနိုင်ငံ) အဖွဲ့တို့ အတွေ့ထွေညှိနှိုင်းဆွေးနွေးပွဲကျင်းပခဲ့


သာ့သနာဥသျှောင်အဖွဲ့အား အဲန်စီယူဘီဥပသကာအဖွဲ့မှ ဆွမ်းကပ်နေစဉ်

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၃) ရက်နေ့က ထိုင်း–မြန်မာနယ်စပ်တနေရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ ဥပသကာအဖွဲ့နှင့် သာသနာ့ဥသျှောင်အဖွဲ့မှဆရာတော်များ အတွေ့ထွေညှိနှိုင်းဆွေးနွေးပွဲတရပ်ကို ကျင်းပခဲ့သည်။ ထိုဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေအရပ်ရပ်ကို ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ရှေ့ဆက်လုပ်ငန်းစဉ်များကိုလည်း ချမှတ်ခဲ့ကြသည်။

အစည်းအဝေးသို့တက်ရောက်ခဲ့သော ဆရာတော်များမှာ ဦးစိတ္တိတ၊ ဦးဃောသိတ၊ ဦးသြဘာသနှင့် ဦးသီလာနန္ဒတို့ဖြစ်ကြပြီး ဦးမန်းငြိမ်းမောင်၊ ဦးညွန့်လွင်တို့နှင့်အတူ အဲန်စီယူဘီမှ ဦးထွန်းအောင်ကျော်နှင့် ဦးမျိုးဝင်းတို့တက်ရောက်ကြသည်။

ထိုအစည်းအဝေးတွင် ပြည်ပရောက်ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်များအတွက် ဖွဲ့စည်းပုံစည်းမျဉ်းရေးဆွဲရေး (မူကြမ်း) အဖွဲ့ကို ဖွဲ့စည်းခဲ့ကြသည်။ ဤအစည်းအဝေးနှင့်ပတ်သက်၍ အဲန်စီယူဘီ၏ စည်းရုံးရေးနှင့်ဆက်ဆံရေးတာဝန်ခံ ဦးထွန်းအောင်ကျော်က "စက်တင်ဘာအရေးအခင်းကြောင့် ဒီဘက်ထွက်ပြေးလာကြရတဲ့ ရဟန်းတော်တွေရဲ့ နေမှု၊ ထိုင်မှု၊ စားမှု၊ သောက်မှုကစပြီး ပြင်ပကမ္ဘာနဲ့ တခြားနိုင်ငံတွေနဲ့ ဆက်ဆံတဲ့အခါမှာ အဆင်ပြေဖို့အတွက်ကို တာဝန်ယူပေးရပါတယ်"ဟု မိုးကြိုးသတင်းဌာနသို့ ပြောသည်။

နအဖစစ်အုပ်စုက အတင်းအဓမ္မပြုလုပ်လျှက်ရှိသော ပြည်သူ့ဆန္ဒခံယူပွဲနှင့်ပတ်သက်၍လည်း "မထောက်ခံဘူး။ အဲန်စီယူဘီက နအဖလုပ်နေတဲ့ဆန္ဒခံယူပွဲကိုရော ရွေးကောက်ပွဲကိုရော မထောက်ခံဘူး။ အဲန်စီယူဘီက "စုန်တိုက်" မဟုတ်ဘူး။ "ဆန်တိုက်,တိုက်" နေတာ။ ပြည်တွင်း အဲန်အယ်လ်ဒီကလည်း ဒီလိုပဲ၊ ထောက်ခံတာမှမဟုတ်ဘဲ။ ကန့်ကွက်မဲပေးကြပါ။ ဂမ်ဘာရီတို့ ကုလသမဂ္ဂတို့ လာကြည့်ပါဆိုတာက စုန်တိုက်,တိုက်တာလို့ ခေါ်တယ်။ အဲန်စီယူဘီကတော့ ရွေးကောက်ပွဲအတည်ဖြစ်သွားအောင် စစ်အုပ်စုက အတင်းလုပ်ယူသွားလည်း မထောက်ခံဘူး" ဟု ပြောသွားခဲ့သည်။ ❖

# အဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) မှ နအဖ၏တဖက်သတ်ရေးဆွဲနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့ဆန္ဒခံယူပွဲအား ဆန့်ကျင်တိုက်ဖျက်ရေးဦးစားပေးဆောင်ရွက်သွားမည်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ ဒုတိယအကြိမ် ဗဟိုကော်မတီမျက်နှာစုံညီအစည်းအဝေးကြီးမှ ချမှတ်သောလုပ်ငန်းစဉ်များကို ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

ညီလာခံကြီးမှဆုံးဖြတ်လိုက်သော မဟာဗျူဟာဦးတည်ချက်မှာ ၂၀၀၈ ခုနှစ်အတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေးအပေါ် အခြေခံ၍ အဓိပ္ပာယ်ပြည့်ဝသော သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးဖြစ်ကြောင်း သိရသည်။

၂၀၀၈ ခုနှစ်အတွက် ဦးစားပေးလုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို သတ်မှတ်ရာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးအား ချွင်းချက်မရှိ အမြန်ဆုံးလွှတ်မြောက်ရေးလည်း တခုအပါအဝင်ဖြစ်သည်။ ထို့အပြင် တဖက်သတ်ရေးဆွဲလျက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပြည်သူ့ဆန္ဒခံယူပွဲအား ဆန့်ကျင်တိုက်ဖျက်ခြင်းနှင့် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ဦးဆောင်မှုဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိသော နိုင်ငံရေးလှုပ်ရှားမှုအစီအစဉ်များအား နည်းလမ်းမျိုးစုံဖြင့် ပံ့ပိုးကူညီခြင်းတို့လည်းပါဝင်သည်။

အဆိုပါကြေညာချက်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များအပေါ် တိုင်းရင်းသားအဖွဲ့အစည်းများ၏ ထောက်ခံမှုပိုမိုရရှိစေရန်လည်း ချဉ်းကပ်စည်းရုံးဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်၏မှာကြားချက်အတိုင်း ဖြစ်နိုင်ချေရှိသော အဆိုးရွားဆုံး အရေးပေါ်အခြေအနေများအတွက်ကိုလည်း ကြိုတင်ပြင်ဆင်ခြင်းများပါဝင်ကြောင်း သိရသည်။

ထို့အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ ဗဟိုဌာနချုပ်အား ပိုမိုစနစ်ကျအားကောင်းလာစေရေး၊ ဗဟိုဌာနချုပ်နှင့် နိုင်ငံတကာဌာနခွဲများအကြား ပိုမို၍ ဆက်စပ်ဆောင်ရွက်မှုများ ရှိလာစေရေးအတွက်တို့ကိုလည်း ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

❖

# ညီညွတ်ခြင်းဖြင့် ဘုံရန်သူကိုတိုက်ကြရန် နယ်စပ်အခြေစိုက် မြန်မာနိုင်ငံရေး လှုပ်ရှားနေသော ခေါင်းဆောင်တဦးက တိုက်တွန်း

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလကုန်ပိုင်း၌ အမေရိကန်ပြည်ထောင်စု၊ ဖို့တ်ဝိန်းမြို့တွင်စတင်ကျင်းပခဲ့သော မြန်မာ့ဒီမိုကရေစီရေးလုပ်ငန်းစဉ် တတိယအကြိမ်ညီလာခံတွင်တက်ရောက်လာခဲ့ကြသော နယ်စပ်ခေါင်းဆောင်အားလုံးက ဒီမိုကရေစီအင်အားစုများအကြား ညီညွတ်ရန်ကိုသာအဓိကထားပြီး ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

အဲန်အယ်လ်ဒီအယ်လ်အေ ဥက္ကဋ္ဌ ဦးတင်အောင်က “အားရလောက်အောင် ညီညွတ်တဲ့အဆင့်မဟုတ်ပေမယ့် အာဏာရှင်စနစ်ကို နှစ်ဖက်ရင်ဆိုင်တိုက်မယ်ဆိုရင်တော့ ဒီညီညွတ်မှုစွမ်းအားက အဆုံးအဖြတ်ပေးအနိုင်ရလိမ့်မယ်လို့မျှော်လင့်ပါတယ်။ ညီညွတ်ရေးကိုပြန်ကြည့်ရင် ဘုံရန်သူကိုမမေ့ဖို့လိုပါတယ်။ ဘုံရန်သူကိုသိတဲ့နေ့ဟာ ညီညွတ်ရေးအားကောင်းလာတဲ့နေ့လို့ ကျနော်မြင်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း ဗွီအိုအေသတင်းဌာနတွင်ဖော်ပြထားသည်။

ဆက်လက်၍ ဦးတင်အောင်က ယခုညီလာခံမှနေ၍ အဝေးရောက်မျိုးချစ်များ ညီညွတ်လာမည်ဟုလည်းပြောသွားခဲ့သည်။

အမေရိကန်သို့ ညီလာခံတက်ရန်ရောက်ရှိနေသော ထိုင်းနိုင်ငံအခြေစိုက် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီအဖွဲ့ဝင်များကလည်းထိုအစည်းအဝေးမှနေ၍ နိုင်ငံတကာသို့ရောက်ရှိနေကြသော မြန်မာ့ဒီမိုကရေစီအင်အားစုများအားလုံးညီညွတ်ကြရန်နှင့် စစ်အုပ်စုအား ဖိအားပေးသည့်နည်းကိုကျင့်သုံးနေစဉ်မှာပင် အကျိုးခံစားခွင့်ပေးမည့်နည်းနှင့်လည်းချဉ်းကပ်ရန် တိုက်တွန်းလိုက်သည်။

လက်ရှိနိုင်ငံရေးအခြေအနေများနှင့် အစိုးရအပေါ်ချဉ်းကပ်မှုပုံစံများနှင့်ပတ်သက်၍ အဲန်စီယူဘီကိုယ်စားလှယ် စောဒေးဗစ်တာကပေါက စစ်အုပ်စုနှင့်ဆက်ဆံရာတွင် မုန့်ကြီးကြီးလည်းကျွေး၊ ဒုတ်ကြီးကြီးလည်းပေးဆိုသည့်စနစ်မျိုးကို ကျင့်သုံးသွားရမည်ဟု သုံးနှုန်းပြောဆိုသွားသည်။

မုန့်ကြီးကြီးဆိုသည်မှာ တိုင်းရင်းသားလူမျိုးများကောင်စီ (အီးအဲန်စီ) က ချဉ်းကပ်မှုမျိုးဖြစ်ပြီး နအဖအားဝေဖန်ခြင်းမရှိ၊ ငြိမ်းချမ်းသည့်နည်းနှင့်ပြဿနာကို ဖြေရှင်းမည်ဆိုပါက ဖြစ်လာနိုင်သည့်ရလာဒ်များ၊ အကျိုးခံစားခွင့်များကိုအဓိကထောက်ပြပြီး ချော့မော့ကျင့်သုံးသည့်နည်းဖြစ်၍ အဲန်စီယူဘီအနေနှင့်ကမူ စစ်အစိုးရအားနည်းမျိုးစုံနှင့်တွန်းအားပေးရန်၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့်သံတမန်ရေးအရ ပို၍နိုင်ငံတကာကအပြစ်ဒဏ်ခတ်နိုင်ရန်ကြိုးစားသွားရမည်ဖြစ်ကြောင်း အဲန်စီယူဘီကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သော ကေအဲန်ယူကရင်အမျိုးသားအစည်းအရုံးက စောဒေးဗစ်တာကပေါကပြောခဲ့သည်။

❖

# ၂၀၀၈ ခုနှစ်အား မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးအတွက် အရေးပါသောနှစ်အဖြစ် အဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဗဟိုကော်မတီမျက်နှာစုံညီအစည်းအဝေးမှ ချွင်းချက်မရှိအတည်ပြု



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဗဟိုကော်မတီ မျက်နှာစုံညီအစည်းအဝေး

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ ပဥ္စမအကြိမ်ညီလာခံသက်တမ်းအတွင်း ဒုတိယအကြိမ် ဗဟိုကော်မတီ မျက်နှာစုံညီအစည်းအဝေးကြီးအား ဖေဖော်ဝါရီလ (၅) ရက်မှ (၈) ရက်နေ့အထိ ထိုင်း–မြန်မာနယ်စပ်တနေရာတွင် (၄) ရက်ကျင်းပခဲ့သည်။

ထိုဗဟိုကော်မတီအစည်းအဝေးကြီးမှနေ၍ လက်ရှိဖြစ်ပေါ်နေသော ပြည်တွင်းပြည်ပနိုင်ငံရေးအခြေအနေများ အပေါ်အလေးအနက် သုံးသပ်ခြင်း၊ လုပ်ငန်းကော်မတီများ၊ ဌာနကြီးများမှ လုပ်ငန်းအစီရင်ခံစာတင်သွင်းခြင်း၊ သုံးသပ်ခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အပြင် မိခင်ဌာနဖြစ်သော ပြည်တွင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၂၀၀၈ ခုနှစ်အား အမျိုးသားပြန်လည်သင့်မြတ်ရေးနှစ်အဖြစ် သတ်မှတ်ခဲ့ခြင်းကိုလည်းကောင်း၊ အဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်မှ ပြည်သူလူထုသို့ ‘အကောင်းဆုံးကို မျှော်လင့်ပြီး၊ အဆိုးဆုံးကိုပြင်ဆင်’ထားရန် မှာကြားချက်ကိုလည်းကောင်း၊ ဒီမိုကရေစီအင်အားစုများအားလုံး သွေးစည်းခိုင်မာမှုနှင့် အမျိုးသားညီညွတ်ရေးတို့ကို လမ်းညွှန်ချက်အဖြစ်သတ်မှတ်၍လည်းကောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အနေနှင့်လည်း ၂၀၀၈ ခုနှစ်အား မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးအတွက် အရေးပါသောနှစ်အဖြစ် ဗဟိုကော်မတီမျက်နှာစုံညီအစည်းအဝေးမှနေ၍ ချွင်းချက်မရှိ မှတ်ချက်ပြုခဲ့ကြသည်။

ထို့အပြင် ဗဟိုကော်မတီမျက်နှာစုံညီအစည်းအဝေးကြီးမှ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့အား တိုးချဲ့ပြင်ဆင်ခြင်းနှင့် ခိုင်မာကျယ်ပြန့်သော နိုင်ငံရေးဦးဆောင်မှုနှင့်ပတ်သက်သော သဘောထားကြေညာချက်အပါအဝင် လက်ရှိအခြေအနေအရပ်ရပ်နှင့်ကိုက်ညီပြီး ပြည်တွင်း နိုင်ငံရေးဖြစ်တည်မှုများအပေါ် လက်တွေ့ကျကျ ဦးစားပေးအကောင်အထည်ဖော်လုပ်ဆောင်သွားနိုင်မည့် လုပ်ငန်းစဉ် (၈) ရပ်ကိုလည်း ချမှတ်နိုင်ခဲ့ကြောင်းသိရသည်။

ထိုမျက်နှာစုံညီအစည်းအဝေးကြီးတွင် ဗဟိုကော်မတီဝင်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) နိုင်ငံတကာဌာနခွဲများမှ ကိုယ်စားလှယ်ခေါင်းဆောင်များ၊ လူငယ်၊ အမျိုးသမီးလုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ပြည်ပရောက်အဖွဲ့ချုပ်ဗဟို ဦးစီးအဆင့် ခေါင်းဆောင်များ စုံညီစွာတက်ရောက်ခဲ့ကြသည်။

# နောင်လာနောက်သားများစစ်ကျွန်မဖြစ်စေရန်ပြည်သူအားလုံးမှာ တာဝန်ရှိကြောင်းလွှတ်တော်ကိုယ်စားလှယ်တဦးကပြော


ရန်ကုန်တိုင်း၊ ဆိပ်ကမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်စန်းစန်း

နယ်စပ်ဒေသတနေရာတွင် ဖေဖော်ဝါရီလနှောင်းပိုင်းကကျင်းပခဲ့သော အမျိုးသား ညွန့်ပေါင်းအစိုးရအဖွဲ့ တိုးချဲ့ဖွဲ့စည်းရေးညီလာခံအပြီး ထုတ်ပြန်သည့်ကြေညာချက်တွင် နအဖ၏ အတုအယောင်ဆန္ဒခံယူပွဲနှင့် ရွေးကောက်ပွဲတို့အားဆန့်ကျင်ရန် မြန်မာပြည်သူလူထုအား တိုက်တွန်းလိုက်သည်။

မြန်မာ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဒေါ်စန်းစန်းက “ဒီအချိန်မှာတော့ ပြည်သူတွေအနေနဲ့ နအဖရဲ့လုပ်ရပ်ကို နည်းအမျိုးမျိုးနဲ့ ဆန့်ကျင်ရမယ်။ လူထုဆန္ဒခံယူပွဲလုပ်ရင် ပြည်သူတွေအနေနဲ့ မသွားဖို့၊ တကယ်လို့ မဲပုံးထောင်မယ်ဆိုရင်လည်း ဆန့်ကျင်ဘက်မဲပေးကြဖို့ ပြည်သူတွေကို တိုက်တွန်းသွားမယ်။ ကျမတို့ကလည်း နည်းအမျိုးမျိုးနဲ့ ဆန့်ကျင်သွားမယ်။ ဒါကြောင့် ပြည်သူတရပ်လုံးအနေနဲ့ နောက်လာနောက်သားတွေ စစ်ကျွန်အဖြစ်မခံရလေအောင် တာဝန်ရှိတယ်”ဟု ပြောကြားခဲ့သည်။

အဆိုပါ မြန်မာပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့၏ကြေညာချက်တွင် နအဖက တဖက်သတ်ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေသည် လူထုကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများပါဝင်ရေးကိုလည်းကောင်း၊ ဒီမိုကရေစီနည်းလမ်းနှင့် ညီညွတ်သောဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး နည်းလမ်းများရှိစေရေးတောင်းဆိုနေသည့် လူထုဆန္ဒကို မျက်ကွယ်ပြုနေသောကြောင့်လည်းကောင်း၊ ၎င်းတို့ကိုယ်တိုင် တရားဝင်ထုတ်ပြန်ခဲ့သော ၁/၉၀ ကြေညာချက်အရ လူထုကရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်များကသာ အနာဂတ်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရန် တာဝန်ရှိသူများဖြစ်သည်ဟူသောအချက်နှင့် ဆန့်ကျင်နေသောကြောင့်လည်းကောင်း လုံးဝတရားဝင်ခြင်းမရှိဟုလည်း ကြေညာချက်တွင်ဖော်ပြထားသည်။

စင်ပြိုင်အစိုးရတိုးချဲ့ ဖွဲ့စည်းရေးအတွက် ပြည်ပအခြေစိုက်တပ်ပေါင်းစုများကို ပြန်လည်ပေါင်းစည်းထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (အဲန်စီယူဘီ) နှင့် နယ်စပ်အခြေစိုက် တိုင်းရင်းသားအဖွဲ့အစည်းများကြားတွင်လည်း ဆွေးနွေးညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဲန်စီယူဘီတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသမဂ္ဂ (အမ်ပီယူ)၊ လက်နက်ကိုင် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များပေါင်းစုထားသည့် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (အဲန်ဒီအက်ဖ်) နှင့် မဟာမိတ်များအဖွဲ့ချုပ် (ဒီအေဘီ) တို့အား ဒေါက်တိုင်ပြုကာ ဖွဲ့စည်းထားခြင်းဖြစ်သည်။

# ဒီမိုကရေစီအင်အားစုများတွင်လည်း စစ်အုပ်စု၏

## အခြေခံဥပဒေနှင့် နှိုင်းယှဉ်ချပြစရာ ဖွဲ့စည်းပုံအခြေခံဥပဒေရှိနေ




ထိုင်း–မြန်မာနယ်စပ်တနေရာတွင်ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ်မြောက်ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနီးနှောဖလှယ်ပွဲ

နယ်စပ်အခြေစိုက် အတိုက်အခံအဖွဲ့များရေးဆွဲထားသည့် ဖွဲ့စည်းပုံမူကြမ်းကို ပြည်သူလူထုမှ လေ့လာသုံးသပ်ပြီး နအဖ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နှိုင်းယှဉ်နိုင်ရန်ပြုလုပ်သွားမည်ဖြစ်ကြောင်း အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးနှင့်ညှိနှိုင်းရေးကော်မတီ (FCDCC) ကပြောလိုက်သည်။

(FCDCC) ၏ ဒုဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခွန်ဉက္ကာက "ကျနော်တို့ဖွဲ့စည်းပုံမှာ ခွဲထွက်ပိုင်ခွင့်မရှိဘူး။ ရေးလည်းမထားဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေက ခွဲထွက်ခွင့်ကို ခွင့်မပြုတဲ့သဘောရှိတော့ ဖွဲ့စည်းပုံကခွင့်ပြုထားတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သာဖြစ်တယ်"ပြောသည်။

၎င်းဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား နယ်စပ်အခြေစိုက် နိုင်ငံရေးတပ်ပေါင်းစုများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ လူထုလူတန်းစားအသီးသီးမှ ကိုယ်စားလှယ်များသည် ပြီးခဲ့သည့်ပြည်ထောင်စုနေ့က သဘောတူရေးဆွဲနိုင်ခဲ့သည်။

မြန်မာစစ်အစိုးရအဆက်ဆက်တွင် ဖက်ဒရယ်မူဆိုသည်ကို တိုင်းပြည် အစိတ်စိတ်အမြွှာမြွှာပြိုကွဲစေသည့်မူအဖြစ် အစဉ်တစိုက်ပြောဆိုနေခဲ့သော်လည်း အတိုက်အခံများရေးဆွဲထားသည့် ယခုဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ခွင့်ပြုထားသည့်ဘောင်အတွင်းမှ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သာဖြစ်သောကြောင့် ခွဲထွက်ခွင့်ပုဒ်မ မပါဝင်ကြောင်း သိရသည်။

(၁၄) နှစ်ကြာကျင်းပခဲ့သော နအဖစစ်အုပ်စု၏ ဖွဲ့စည်းပုံရေးဆွဲရေးညီလာခံတွင် အပစ်ရပ်အဖွဲ့များမှ အထူးဖိတ်ကြားခြင်းခံရသော ကိုယ်စားလှယ်တော်များက ၎င်းတို့၏လိုလားချက်များကို အကြိမ်ကြိမ်တင်ပြတောင်းဆိုခဲ့သော်လည်း စစ်အုပ်စုက လျစ်လျူရှုခဲ့သဖြင့် မွန်ပြည်သစ်ပါတီသည် ညီလာခံသို့ ကိုယ်စားလှယ်အနေနှင့်မဟုတ်တော့ဘဲ လေ့လာသူအဖြစ်နှင့်သာ တက်ရောက်ခဲ့သည်။

ဗိုလ်မှူးကြီးခွန်ဉက္ကာက "ညီလာခံကိုတက်ရောက်ခဲ့တဲ့ တိုင်းရင်းသားတွေ အကြံပြုချက်ကို တခုမှထည့်သွင်းစဉ်းစားတာ မရှိခဲ့တော့ အခုဖွဲ့စည်းပုံမှာ ဒီအုပ်စုတွေ သဘောတူညီချက်ပါတယ်လို့ ပြောဖို့ခက်တယ်။ ဒီဖွဲ့စည်းပုံသာ အတည်ဖြစ်သွားရင် ကျနော်တို့မြန်မာပြည် ပြည်သူလူထုတရပ်လုံးက စစ်အုပ်ချုပ်မှုအောက်မှာ တရားဝင်လည်စင်းခံရမယ့် သဘောတွေ့ရတယ်ခင်ဗျ" ဟု ပြောသည်။

မြန်မာနိုင်ငံသည် ယခင်ကရေးဆွဲအတည်ပြုထားသည့် ၁၉၄၇ ခုနှစ်နှင့် ၁၉၇၄ ခုနှစ် အခြေခံဥပဒေနှစ်ရပ်လုံးသည် စစ်အာဏာသိမ်းခြင်း၊ လူထုအုံကြွမှုပေါ်ပေါက်ခြင်းတို့ကြောင့် (၁၅) နှစ်စီထက် သက်တမ်းပိုမရှည်ခဲ့ပေ။

မေလတွင်ကျင်းပမည့် လူထုဆန္ဒခံယူပွဲတွင် နအဖ၏ဖွဲ့စည်းပုံကိုသာ အတည်ပြုလိုက်ပါက တိုင်းရင်းသားများသာမက ပြည်သူတရပ်လုံးက စစ်အာဏာရှင်ကို တရားဝင်စိုးမိုးခွင့်ရအောင် လုပ်ပေးလိုက်သလိုဖြစ်သွားတော့မည်ဖြစ်ကြောင်း ဗိုလ်မှူးကြီးခွန်ဉက္ကာက ပြောသည်။ ❖

# မေလအတွင်းကျင်းပမည့်ပြည်လုံးကျွတ်ဆန္ဒခံယူပွဲသည် စစ်အာဏာရှင်စနစ်ကြီးစိုးရေးကိုသာဦးတည်နေဟု နယ်စပ်အခြေစိုက် အဖွဲ့ (၇) ဖွဲ့မှ ကြေညာချက်ထုတ်ပြန်

ထိုင်း–မြန်မာနယ်စပ်အခြေစိုက် မြန်မာ့အရေးလှုပ်ရှားနေသော အဖွဲ့ (၇) ဖွဲ့ပူးပေါင်း၍ နအဖ၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်ပတ်သက်သော ကြေညာချက်တစောင်ကို ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့စွဲဖြင့် ထုတ်ပြန်လိုက်သည်။

အဆိုပါကြေညာချက်တွင် နအဖ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ၁၉၉၀ ရွေးကောက်ပွဲခံ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ပြည်သူ့ဆန္ဒသဘောထားများမပါသောကြောင့် တရားဝင်မှုမရှိသည့်အတွက် မိမိတို့ ဒီမိုကရေစီအင်အားစုများက လုံးဝလက်ခံနိုင်ခြင်းမရှိကြောင်း ဖော်ပြပါရှိသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အဓိကပြဿနာမှာ နိုင်ငံရေးပြဿနာဖြစ်ပြီး နအဖစစ်အုပ်စုက ထုတ်ပြန်ကြေညာခဲ့သည့် ၁/၂၀၀၈၊ ၂/၂၀၀၈ နှင့် ၃/၂၀၀၈ တို့သည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို ဦးတည်ခြင်းမဟုတ်ဘဲ စစ်အာဏာရှင်စနစ်တည်မြဲရေးကိုသာ ရှေးရှုနေသည့်အတွက် လက်ခံနိုင်ခြင်းမရှိကြောင်း ကြေညာချက်တွင်ပါရှိသည်။

နအဖ၏ တဖက်သတ်ကျသော ထိုကြေညာချက်များသည် ၁၉၉၀ ရွေးကောက်ပွဲရလာဒ်ကိုလည်းကောင်း၊ တရားဝင် နိုင်ငံရေးပါတီများ၏အခန်းကဏ္ဍကိုလည်းကောင်း၊ နိုင်ငံရေးအင်အားစုများနှင့် နိုင်ငံတကာက တိုက်တွန်းတောင်းဆိုနေသော တွေ့ဆုံဆွေးနွေးအဖြေရှာရေးကိုလည်းကောင်း ဆန့်ကျင်နေခြင်းဖြစ်သည့်အတွက် စစ်အုပ်စု၏ လုပ်ငန်းစဉ်မှန်သမျှအား ရဲရဲဝံ့ဝံ့ စုပေါင်းတိုက်ဖျက်သွားရန် ပြည်သူလူထုအားလည်း တိုက်တွန်းတောင်းဆိုထားသည်။

မိမိတို့ တော်လှန်ရေးအင်အားစုများကလည်း နအဖ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၎င်းအား အတည်ပြုရေးအတွက် အဆင့်ဆင့်ကြိုးပမ်းရန်ချမှတ်ထားသောလမ်းပြမြေပုံအဆင့်ဆင့်အားလည်းကောင်း ပြည်သူလူထုနှင့်လက်တွဲ၍ အစဉ်တစိုက် ဆန့်ကျင်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်းအခိုင်အမာတင်ပြထားသည်။

အကယ်၍ နအဖအနေဖြင့် ပြည်သူလူထုတရပ်လုံးကိုသာမက နိုင်ငံတကာမိသားစု၏ ဆန္ဒသဘောထားများကိုပါ မျက်ကွယ်ပြုလျက်ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို တဖက်သတ်ကျင်းပပြုလုပ်မည်ဆိုပါက စစ်အာဏာရှင်စနစ်ကို တရားဝင်ဖြစ်စေမည့် နအဖ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအား တခဲနက် ကန့်ကွက်ဆန္ဒမဲပေးခြင်းဖြင့် ပြည်သူလူထု၏ ဆန္ဒသဘောထားများကို အတိအလင်းထုတ်ဖော်ပြသရန် ကြပါရန် လေးနက်စွာ နှိုးဆော်တိုက်တွန်းလိုက်သည်။

၎င်းပူးတွဲကြေညာချက်အား ထုတ်ပြန်ခဲ့သော ထိုင်းနိုင်ငံအခြေစိုက်အဖွဲ့များမှာ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ၊ တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ)၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၊ မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်၊ တိုင်းရင်းသားလူငယ်များဆိုရပ်တို့ ဖြစ်ကြသည်။

## တလအတွင်း အဲန်စီယူဘီ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ









ဒီကနေ့မြန်မာ့စစ်အုပ်စုရဲ့ ၂၀၀၈ ခုနှစ်၊ မေလမှာ ကျင်းပမယ့်ပြည်သူ့ဆန္ဒခံယူပွဲက မြန်မာပြည်သူလူထုကို ဘယ်လိုမှကိုယ်စားမပြုဘူး။ အမျိုးသားညီလာခံနဲ့ သူတို့ရဲ့လမ်းပြမြေပုံ (၇) ချက်ဆိုတာကလည်း စစ်အုပ်စုကိုသက်ဆိုးရှည်စေဖို့ သက်သက်ပဲဖြစ်တယ်။

ဗိုလ်မှူးကြီး ခွန်ဉက္ကာ
(ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးနှင့်ညှိနှိုင်းမှုကော်မတီဥက္ကဋ္ဌ)

# ပြည်သူလူထုရဲ့ဆန္ဒပါဝင်မှုမရှိဘဲ တဖက်သတ်ရေးဆွဲထားသည့် နအဖရဲ့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် တရားဝင်အတည်မဖြစ်



> “ဒီကြေညာချက်နှစ် ခုမှာ
> အဲန်အယ်လ်ဒီရဲ့ကြေညာချက်ကတော့
> မူပိုင်းဆိုင်ရာကိုဦးဆောင်မှုပေးတဲ့အနေနဲ့
> ထုတ်ပြန်ကြေညာတာလို့ ကျနော်တို့မြင် ပါတယ်။
> မူပိုင်းအရတော့ ကွဲလွဲမှုမရှိပါဘူး၊ နှစ်ခုလုံးကတော့
> နအဖရဲ့ဖွဲ့စည်းပုံဥပဒေ ဟာ တရားမဝင်ဘူးဆိုတဲ့ဟာကို
> ပြောကြား တဲ့နေရာမှာတော့အတူတူပါပဲ။ အဖွဲ့ချုပ်
> အနေနဲ့ပြောတာကတော့ (၉၀) ခုနှစ် ရွေး ကောက်ပွဲရလဒ်ကို
> အကောင်အထည်ဖော်ဖို့ပေးခဲ့တဲ့
> ကတိကဝတ်တွေအတိုင်းကိုဖော်ဆောင်ဖို့ဒါကိုပြောတာပဲ၊”

မြန်မာအစိုးရရဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းအပေါ် လူထုဆန္ဒခံယူပွဲနဲ့ ရွေးကောက်ပွဲကျင်းပရေးကြေညာခဲ့တဲ့အပေါ် ပြည်တွင်းပြည်ပဝေဖန်မှုတွေ အတော်များများ ယခုသတင်းပတ်အတွင်း ထွက်ပေါ်လာခဲ့ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဲန်အယ်လ်ဒီကလည်း ပြီးခဲ့တဲ့ဖေဖော်ဝါရီလ (၁၈) ရက်နေ့မှာ အထူးကြေညာချက်တရပ် ထုတ်ပြန်ခဲ့ပြီး အဲဒီကြေညာချက်မှာ အခုန အဖက လူထုဆန္ဒခံယူပွဲလုပ်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းဟာ (၁၉၉၀) ရွေးကောက်ပွဲကဖြစ်ပေါ်လာတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေက ရေးဆွဲထားတာ မဟုတ်တဲ့အတွက် အခုဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းဟာ တရားဝင်မှုမရှိနိုင်ဘူးဆိုတဲ့ သဘောဖော်ပြရေးသားထားပါတယ်။ ထို့အပြင် နအဖရဲ့ ၁/၂၀၀၈ ၊ ၂/၂၀၀၈ တို့ဟာ နအဖယခင်ကထုတ်ပြန်ခဲ့သည်များနဲ့ လိုက်လျောညီထွေမှုမရှိဘူးလို့လည်း ဖော်ပြထားပါတယ်။ နောက်နှစ်ရက်အကြာ ဖေဖော်ဝါရီလ (၂၀) ရက်နေ့မှာ ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့က သခင်သိန်းဖေ လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့တဲ့ ကြေညာချက်ထဲမှာလဲ နအဖရဲ့ကြေညာချက်တွေနဲ့ ပတ်သက်ပြီး နအဖအပါအဝင် နိုင်ငံရေးအင်အားစုတွေကြား တွေ့ဆုံဆွေးနွေးရေးလုပ်ဖို့ သူတို့အစဉ်တစိုက်တောင်းဆိုခဲ့သလို အခုလဲ ထပ်မံတောင်းဆိုခဲ့ပါတယ်။ ဒ့ါအပြင် သူတို့ရဲ့မေတ္တာရပ်ခံချက်ကို နအဖအနေနဲ့ ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ စီစဉ်ထားသလို ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို လူထုဆန္ဒခံယူပွဲလုပ်မယ်ဆိုရင် ဖြစ်သင့်တဲ့အချက်တွေကိုလည်း ထောက်ပြထားပါတယ်။ အဲဒီထဲက တချို့ကို ကောက်နှုတ်တင်ပြရမယ်ဆိုရင် ဆန္ဒမဲပေးရမယ့် ပြည်သူလူထုအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကြမ်းကို လေ့လာနိုင်ဖို့ လုံလောက်တဲ့အချိန်ပေးဖို့၊ ဆန္ဒခံယူပွဲကျင်းပမှုကို ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့၊ နိုင်ငံတကာလေ့လာသူတွေနဲ့ သတင်းသမားတွေကို လေ့လာခွင့်ပြုဖို့ နိုင်ငံသူနိုင်ငံသားတွေ အားလုံး ဆန္ဒမဲနိုင်ရေးအတွက် နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ပေးဖို့ စသဖြင့်ပါဝင်ပါတယ်။ ဒီနေရာမှာ အဲန်အယ်လ်ဒီရဲ့ထုတ်ပြန်ချက်က ဖွဲ့စည်းပုံအခြေခံဥပဒေဟာ တရားမဝင်ဘူးဆိုတဲ့သဘော ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်သူ့ဆန္ဒခံယူပွဲလုပ်မယ်ဆိုရင် ဖော်ပြပါအချက်တွေနဲ့လုပ်ပါ စသဖြင့် ဖော်ပြခဲ့တော့ ကွဲလွဲနေသလိုဖြစ်နေတာတွေ့ရပါတယ်။

ဒီအပေါ်မှာသုံးသပ်နိုင်အောင် အဲန်အယ်လ်ဒီပါတီကရွေးကောက်ခံအမတ်လည်းဖြစ် အဲန်ပီယူလို့ခေါ်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့က တွဲဖက်အတွင်းရေးမှူး ဦးခွန်မြင့်ထွန်းကို ကိုရင်မောင်ကဆက်သွယ်မေးမြန်းခဲ့ပါတယ်။ ဦးခွန်မြင့်ထွန်းက သူ့ရဲ့အမြင်ကိုအခုလိုစပြောကြားခဲ့ပါတယ်။

“ကျနော့်အမြင်က ဒီကြေညာချက်နှစ်ခုမှာ အဲန်အယ်လ်ဒီရဲ့ကြေညာချက်ကတော့ မူပိုင်းဆိုင်ရာကိုဦးဆောင်မှုပေးတဲ့အနေနဲ့ ထုတ်ပြန်ကြေညာတာလို့ ကျနော်တို့မြင်ပါတယ်။ မူပိုင်းအရတော့ ကွဲလွဲမှုမရှိပါဘူး။ နှစ်ခုလုံးကတော့ နအဖရဲ့ဖွဲ့စည်းပုံဥပဒေဟာ တရားမဝင်ဘူးဆိုတဲ့ဟာကို ပြောကြားတဲ့နေရာမှာတော့အတူတူပါပဲ။ အဖွဲ့ချုပ်အနေနဲ့ပြောတာကတော့ (၉၀) ခုနှစ် ရွေးကောက် ပွဲရလဒ်ကို အကောင်အထည်ဖော်ဖို့ ပေးခဲ့တဲ့ ကတိကဝတ်တွေအတိုင်းကို ဖော်ဆောင်ဖို့ဒါကိုပြောတာပဲ။ တဖက်သက်ရေးစွဲရင် နအဖရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေဟာ တရားဝင်အတည်မဖြစ်ဘူးဆိုတဲ့ဟာကို ဒါကို တိတိလင်းလင်းပြောလိုက်တာပဲဖြစ်ပါတယ်။ ဒီသဘောထားကို အဖွဲ့ချုပ်က သိမ်သိမ်မွေ့မွေ့ပြောတာ မူပိုင်းအရဦးဆောင်မှုပေးတာလို့ ကျနော်အဲဒီလိုမြင်ပါတယ်။ ဝါရင့်နိုင်ငံရေးသမားကြီးများထုတ်တဲ့ဟာကတော့ လှုပ်ရှားမှုအပိုင်းကို ဘယ်လိုပုံဖော်မလည်းဆိုတာကို ပြောတာလို့ ကျနော်အဲဒီလိုမြင်ပါတယ်။”

*မေး ။ ။ ဝါရင့်နိုင်ငံရေးသမားကြီးတွေရဲ့ ထုတ်ပြန်ချက်ကိုကြည့်မယ်ဆိုရင် သူတို့အနေနဲ့တွေ့ဆုံဆွေးနွေးရေးကို ဖြစ်စေချင်တယ် အဲဒီအတိုင်းလည်းတိုက်တွန်းခဲ့တယ်။ အဲဒီအတိုင်းလည်းဖြစ်စေချင်တယ်။ သမိုင်းမှာလည်း အမဲကွက်စွန်းပြီးတော့ ဒီလိုမျိုးဆက်သွားမှာမျိုး သူတို့မလိုလားဘူး။ ဒါပေမယ့် နအဖအနေနဲ့ တကယ်လို့ဆက်သွားတော့မယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အပေါ်အဲ့ဒီအတွက် ပြည်သူလူထုဆန္ဒခံယူပွဲမှာဆိုရင် ဘယ်အချက်၊ ဘယ်အချက်တွေ ပါဝင်သင့်တယ်ဆိုပြီး သူတို့က ထောက်ပြထားတာရှိပါတယ်ခင်ဗျ။ အဲဒီအခါကျတော့ တစိတ်တပိုင်းက လူထုဆန္ဒခံယူပွဲဆီကို ငါတို့သွားရတော့မယ်လို့ သတ်မှတ်လိုက်သလိုမျိုးများ မဖြစ်သွားဘူးလားခင်ဗျ။*

ဖြေ ။ ကျနော်မြင်တဲ့အမြင်ကတော့ ဒါကတော့ ဝါရင့်နိုင်ငံရေးသမားကြီးတွေက နအဖရဲ့ မတရားလုပ်ဆောင်ထားမှုတွေကို တရားမျှတမှုမရှိတဲ့ ပတ်ဝန်းကျင်အခြေအနေတွေလုပ်ထားတဲ့ဟာကို ဒါကို သူတို့က ထောက်ပြပြောရင်းနဲ့ ဆန့်ကျင်နေတာပဲလို့ ကျနော်အဲဒီလိုမြင်တယ်။

*မေး။ ။ နအဖကြေညာထားသလိုမျိုးဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို မေလတွင်းမှာ လူထုဆန္ဒခံယူပွဲလုပ်မှာဆိုပြီး ကြေညာထားပါတယ်။ လူထုဆန္ဒခံယူပွဲကို ဘယ်လိုလုပ်မယ်ဆိုတာတော့ မသိသေးဘူးပေါ့လေ။ ဘာပဲဖြစ်ဖြစ် အဲဒီကာလဟာသိပ်မလိုတော့ပါဘူး။ နှစ်လကျော်၊ သုံးလနီးပါးပဲရှိတော့တယ်။ ဒီကာလမှာ ခုန အဲန်အယ်လ်ဒီက ကြေညာချက်ထုတ်တယ်၊ ဝါရင့်နိုင်ငံရေးသမားကြီးများက ကြေညာချက်ထုတ်တယ်။ ဒီလိုပဲတခြားသူတွေရဲ့ အမြင်ကြေညာချက်တွေ၊ ကြေညာချက်တွေထုတ်တယ်။ ဒီလူထုဆန္ဒခံယူပွဲနဲ့ပတ်သက်ပြီးတော့ ဘယ်လိုသဘောထားရမယ်၊ ဘာလုပ်ကြရမယ်ဆိုတဲ့ဟာမျိုးတွေထုတ်ကြပါတယ်ခင်ဗျ။ အဲဒီလိုမျိုး အမျိုးမျိုးဖြစ်နေမယ်ဆိုရင် အဲဒီထုတ်ပြန်ကြေညာချက်တွေကို ဖတ်ရတဲ့လူထုတွေအနေနဲ့ အမြင်တွေများရှုတ်ထွေးတာမျိုးတွေ ဝေဝါးတာမျိုးတွေ မဖြစ်သွားနိုင်ဘူးလားခင်ဗျ။*

ဖြေ ။ ။ အဖွဲ့ချုပ်အနေနဲ့ကတော့ ဘယ်ပုံနည်းနဲ့ နအဖလုပ်မယ်ဆိုတာကို သေသေချာချာမပြောသေးတဲ့အတွက် လှုပ်ရှားမှုအပိုင်းကို ဘယ်လိုလုပ်သင့်တယ်ဆိုတာကို မပြောသေးတာလို့လည်း ကျနော်ထင်ပါတယ်။ ဒါပေမယ့် မူပိုင်းအရကတော့ ဆန့်ကျင်နေတာပေါ့လေ။ ကျနော်တဦးထဲ အမြင်အရပြောရမယ်ဆိုရင်တော့ နအဖရေးတဲ့ ဖွဲ့စည်းပုံ အသွင်ကူးပြောင်းရေးကာလဆိုတဲ့အချက်ထဲမှာ အချက်တစ်ချက်က ဘာပါလည်းဆိုရင် မဲပေးပိုင်ခွင့်ရှိသူအားလုံးရဲ့ ထက်ဝက်ကျော်မဲနဲ့ အတည်ပြုပြဋ္ဌာန်းမယ်လို့ပါတယ်။ မဲလာပေးတဲ့သူ ထက်ဝက်ကျော်မဟုတ်ဘူးနော်။ မဲပေးပိုင်ခွင့်ရှိသူ အားလုံးရဲ့ထက်ဝက်ကျော်လို့ပြောတဲ့အတွက် ကျနော်တဦးထဲရဲ့သဘောထားအရဆိုရင် ဒီဆန္ဒခံယူပွဲကို သပိတ်မှောက်စေချင်ပါတယ်။ ပြည်သူလူထုအနေနဲ့ ပါဝင်ပူးပေါင်းဆောင်ရွက်မှု မလုပ်ဖို့အတွက်ကို ကျနော်တဦးထဲသဘောထားက အဲဒီလိုရှိပါတယ်။ ဒါပေမယ့်လို့ ပြည်သူလူထုကတော့ သူ့ဘဝလက်တွေ့အခြေအနေမှာဆိုရင် သေနတ်နဲ့ထောက်ပြီတော့ မဲထည့်ခိုင်းရင် သူကတော့ ဆန့်ကျင်ကန့်ကွက်တဲ့မဲပေးသွားမှာပါဘဲ။ အဲဒီအခြေနေကို လူထုကဆုံးဖြတ်သွားမယ်လို့ ကျနော်တို့မြင်ပါတယ်။ ဒါပေမယ့် ကျနော်တို့အမြင်ကတော့ဆိုရင် အဖွဲ့ချုပ်အနေနဲ့က ပြည်သူလူထုကို ဒီထက်ကို ပိုမိုရှင်းလင်းတဲ့ဟာကို ပြောစေချင်တယ်။ မူပိုင်းဆိုင်ရာကို ပြတ်ပြတ်သားသား ဦးဆောင်မှုပေးသလို လှုပ်ရှားမှုအပိုင်းကိုလည်း အဖွဲ့ချုပ်အနေနဲ့က ပြတ်ပြတ်သားသားဦးဆောင်မှုပေးစေချင်ပါတယ်။

*မေး ။ ။ အခု ဦးခွန်မြင့်ထွန်းပြောသလို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ပြည်သူတွေ ရှင်းရှင်းလင်းလင်းနားလည်ပြီး လိုက်ပါလာစေနိုင်မယ့် ကြေညာချက်မျိုး၊ သဘောထားမျိုးထုတ်ပြန်လာလိမ့်မယ်။ ဘယ်တော့လောက်မှာမှ ဖြစ်လာလိမ့်မယ်လို့ ထင်မြင်ပါသလဲခင်ဗျ။*

ဖြေ။ ။ အဲဒါကတော့ ပြည်တွင်းမှာ အဖွဲ့ချုပ်က သူစောင့်ကြည့်နေတာတွေရှိမယ်လေ။ ပြည်တွင်းမှာရှိတဲ့ အခြေနေတွေအရ ပြောလိမ့်မယ်လို့ ကျနော်တို့ထင်တယ်။ အဲကာလကိုတော့ ကျနော်မှန်းလို့မတတ်ဘူး။ ဒါပေမဲ့အဖွဲ့ချုပ်ကိုကတော့ ကျနော်တို့က မူပိုင်းအရရော၊ လှုပ်ရှားမှုအပိုင်းအရရော အဲဒါကို ပြတ်ပြတ်သားသား ဒီထက်ပိုပေးစေချင်တာပါ။

(အဲန်စီယူဘီ အထွေထွေအတွင်းရေးမှူး အဖွဲ့ဝင် ခွန်မြင့်ထွန်းနှင့် ဘီဘီစီအင်တာဗျူးမှ ထုတ်နုတ်ဖော်လိုက်ခြင်းဖြစ်ပါသည်။)

❖



# ကျနော်တို့အသည်းပြင်မှာ သူတို့နှလုံးသွေးနဲ့ရေးသွားခဲ့ကြလေပြီ...



ရဲဘော်ရှောင်း

မန်းရှာလားဖန်းကို ၁၉၄၃ ခုနှစ်၊ ဇူလိုင် လ (၅) ရက်မှာ ဧရာဝတီတိုင်း၊ ပန်းတနော် မြို့နယ် တောကျောင်းရွာမှာ အဖ မန်းဘသော်၊ အမိဂွါနမ့်တင်တို့က မွေးဖွားခဲ့တယ်။ မွေးချင်း မောင်နှမသုံးယောက်အနက် ဒုတိယမြောက်သားဖြစ်တယ်။ ကရင့်လက်နက်ကိုင် တော်လှန်ရေး စတင်ခဲ့တဲ့ ၁၉၄၉ ခုနှစ်မှာ မန်းရှာဟာ (၆) နှစ်သား လူမမယ်သိတတ်စ အရွယ်ရှိပါသေးတယ်...။

(KNU) ကရင့်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာလားဖန်းဟာ မသမာသူတစုရဲ့ လုပ်ကြံသတ်ဖြတ်မှုကြောင့် (၁၄၊ ၂၊ ၂၀၀၈) ခုနှစ် ညနေ (၄း၂၀) အချိန်လောက်မှာ သူ့ရဲ့နေအိမ်မှာပဲ ရုတ်တရက်ကွယ်လွန်သွားခဲ့ရပါတယ်။ ပဒိုမန်းရှာလားဖန်း ရုတ်တရက်ကွယ်လွန်သွားခြင်းဟာ ကရင့်တော်လှန်ရေးနဲ့ ကရင်တမျိုးသားလုံးအတွက် ကြီးမားတဲ့ဆုံးရှုံးမှုကြီးတရပ်ဖြစ်ပါတယ်။

တနည်းအားဖြင့်ပြောမယ်ဆိုရင် စစ်အာဏာရှင်စနစ်အောက်ကလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေကြတဲ့ ဗမာပြည်အဖိနှိပ်ခံတိုင်းရင်းသားလူမျိုးစုံပြည်သူတရပ်လုံးရဲ့ကြီးမားတဲ့ ဆုံးရှုံးမှုတရပ်ဖြစ်ပါတယ်။

မန်းရှာလားဖန်းကို ၁၉၄၃ ခုနှစ်၊ ဇူလိုင်လ (၅) ရက်မှာ ဧရာဝတီတိုင်း၊ ပန်းတနော်မြို့နယ် တောကျောင်းရွာမှာ အဖ မန်းဘသော်၊ အမိဂွါနမ့်တင်တို့က မွေးဖွားခဲ့တယ်။ မွေးချင်းမောင်နှမသုံးယောက်အနက် ဒုတိယမြောက်သားဖြစ်တယ်။ ကရင့်လက်နက်ကိုင်တော်လှန်ရေးစတင်ခဲ့တဲ့ ၁၉၄၉ ခုနှစ်မှာ မန်းရှာဟာ (၆) နှစ်သား လူမမယ်သိတတ်စ အရွယ်ရှိပါသေးတယ်။

မြစ်ဝကျွန်းပေါ်တိုင်းဟာ ကရင်အမျိုးသားတွေနဲ့ ဗမာအမျိုးသားတွေရှေးအစဉ်အဆက်ကတည်းက အတူတကွရောနှောနေထိုင်ခဲ့ကြတဲ့ဒေသကြီးတခုလည်းဖြစ်ပါတယ်။ ချစ်ချစ်ခင်ခင်နဲ့ အပြန်အလှန်ကူးလူးဆက်ဆံမှုတွေရှိခဲ့ပါတယ်။

ကရင့်တော်လှန်ရေးစတင်တာနဲ့ တပြိုင်ထဲမှာ ဖဆပလအစိုးရဟာ ကရင်–ဗမာလူမျိုးရေးအဓိကရုဏ်းကို ဖန်တီးပြီးတော့ ကရင့်တော်လှန်ရေးကို လမ်းမှားရောက်အောင်တွန်းပို့ခဲ့ပါတယ်။ လူမျိုးရေးအဓိကရုဏ်းရဲ့ဆိုးရွားတဲ့ဒဏ်ကို မြစ်ဝကျွန်းပေါ်မှာနေထိုင်ကြတဲ့ ကရင်အမျိုးသားတွေနဲ့ ဗမာအမျိုးသားတွေဟာ အပြင်းအထန်ခံခဲ့ကြရပါတယ်။ အစဉ်အဆက်ကရှိခဲ့ကြတဲ့ ချစ်ခင်ရင်းနှီးမှုတွေ ရုတ်တရက်ပျောက်ကွယ်သွားပြီးတော့ အမုန်းတရားတွေဟာ ဘယ်ကနေဘယ်လိုရောက်လာမှန်းတောင် မသိလိုက်ကြတော့ပါဘူး။ ကရင်ရွာ၊ ဗမာရွာ အပြန်အလှန် မီးရှို့ကြတယ်။ ကရင်ဗမာ အပြန်အလှန်သတ်ဖြတ်ကြတယ်။ မြစ်ချောင်းအင်းအိုင်ပေါများတဲ့ မြစ်ဝကျွန်းပေါ်ဒေသ မြစ်ရိုးချောင်းရိုးတလျှောက်မှာ အပြစ်မဲ့တဲ့ ကရင်ပြည်သူတွေ၊ ဗမာပြည်သူတွေရဲ့ အလောင်းတွေဟာ ဒီရေအတက်အကျမှာ စုန်ဆန်မျောခဲ့ကြရပါတယ်။

မန်းရှာတို့ တောကျောင်းကြီးရွာဟာလည်း မီးရှို့ခံရပြီးတော့ ရွာသူရွာသားတွေဟာကိုယ်လွတ်ရုန်းပြီး ထွက်ပြေးတိမ်းရှောင်ခဲ့ကြရပါတယ်။ ဒီအချိန်တုန်းက မန်းရှာတို့အဖေဟာ ကရင့်တော်လှန်ရေးကို အားပေးကူညီမှုနဲ့အဖမ်းခံနေရတဲ့အတွက် မန်းရှာမိခင်ကြီးဟာ သူတို့မောင်နှမသုံးယောက်ကို စောင့်ရှောက်ထွက်ပြေးခဲ့ရပါတယ်။ မန်းရှာတို့မိခင်ကြီးဟာ ခြေထောက်မှာငုတ်စူးတဲ့ဒဏ်ရာရရှိခဲ့ပါတယ်။ သူ့ညီမလေးဟာလည်း ပြေးရင်းလွှားရင်း ကျောက်ကြီးရောဂါပေါက်ပြီး လမ်းမှာကွယ်လွန်ဆုံးပါးခဲ့ရပါတယ်။

ကရင့်တော်လှန်ရေးရဲ့လှိုင်းဂယက်တွေ၊ ပြည်တွင်းစစ်နဲ့ လူမျိုးရေးအဓိကရုဏ်းရဲ့ ဆိုးရွားတဲ့ဒဏ်တွေဟာ သိတတ်စလူမမယ် မန်းရှာရဲ့ ဦးနှောက်နဲ့နှလုံးသားမှာ စွဲထင်ကျန်ရစ်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။ (၁၉၅၉–၆၀) ခုနှစ်မှာ ပန်းတနော်မြို့နယ် ယင်းတိုက်ကုန်းအလယ်တန်းကျောင်းမှာ မူလတန်းနဲ့ အလယ်တန်းပညာကို သင်ယူခဲ့တယ်။ ပန်းတနော်အထက်တန်းကျောင်းမှာ (၈) တန်းအောင်မြင်ခဲ့ပြီးတော့ ရန်ကုန်မြို့မှာ အထက်တန်းအောင်မြင်ခဲ့ပါတယ်။

၁၉၆၂ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်မှာ တက်ရောက်ပညာသင်ကြားတဲ့နှစ်မှာပဲ ဆဲဗင်းဂျူလိုင်အရေးတော်ပုံမှာ ပါဝင်လှုပ်ရှားခဲ့ပါတယ်။ ၁၉၆၆ ခုနှစ်မှာ တက္ကသိုလ်ဝိဇ္ဇာတန်းကို သမိုင်းအဓိကဘာသာနဲ့ ဘွဲ့ရရှိခဲ့ပါတယ်။

သူဟာ တက္ကသိုလ်မှာပညာသင်ကြားနေစဉ်မှာပဲ ၁၉၆၃ ခုနှစ် နှစ်ကုန်ပိုင်းလောက်မှာ ကရင်အမျိုးသားအစည်းအသုံး ကေအဲန်ယူနဲ့ဆက်သွယ်ပြီး ၁၉၆၆ ခုနှစ်အထိ ကေအဲန်ယူရဲ့မြေအောက်လှုပ်ရှားမှုတာဝန်တွေကို ထမ်းဆောင်ခဲ့တယ်။

၁၉၆၇ ခုနှစ်မှာ ပဲခူးရိုးမ ကရင့်တော်လှန်ရေးနယ်မြေကိုရောက်ရှိပြီး ကရင်အမျိုးသားအစည်းအရုံးရဲ့တာဝန်တွေကို ထမ်းဆောင်ခဲ့တယ်။

၁၉၆၈ ခုနှစ်မှာ (KNUP) ပါတီ ဗိုလ်မှူးဘော်ဒွင်ဦးဆောင်တဲ့ တံခွန်နီစစ်ကြောင်းမှာ မန်းရှာပါဝင်ခဲ့ပါတယ်။ တံခွန်နီစစ်ကြောင်းဟာ ရှမ်းပြည်အလယ်ပိုင်းလောက်သာရောက်ခဲ့ပါတယ်။ ရန်သူ့ပိတ်ဆို့မှုတွေကြောင့် ရှေ့ဆက်ချီတက်လို့မရဘဲ ပြန်လှည့်လာခဲ့ရပါတယ်။ ဗိုလ်မှူးဘော်ဒွင်လည်း လမ်းခုလပ်မှာ ကျဆုံးခဲ့ပါတယ်။

၁၉၆၉ ခုနှစ်မှာ ဗိုလ်အေးဟန်ခေါင်းဆောင်တဲ့ မြောက်ပိုင်းချီစစ်ကြောင်းကို ထပ်မံကြိုးစားပြန်ပါတယ်။ ထူးခြားတဲ့ဖြစ်ရပ်တခုကတော့ ဗိုလ်အေးဟန်ခေါင်းဆောင်တဲ့ ဒီအဖွဲ့ဟာ တော်လှန်ရေးနယ်မြေထဲကနေ ချီတက်သွားတာမဟုတ်လို့ပါပဲ။ ရုပ်ဖျက်ပြီးတော့ မီးရထားနဲ့ တောင်ငူကနေမန္တလေး၊ အဲဒီကနေမှတဆင့် မြစ်ကြီးနားမရောက်ခင် နမ္မတီးအလွန် မရမ်းဘူတာအထိ မီးရထားနဲ့ တောက်လျှောက်သွားခဲ့ပါတယ်။ မရမ်းဘူတာကနေဆင်းပြီးတော့ KIA တပ်ရင်း (၁၁) တပ်ရင်းမှူး ဗိုလ်မှူးဇော်ဆိုင်း (ယခု KIO နိုင်ငံခြားရေးတာဝန်ခံ ဗိုလ်မှူးကြီးဇော်ဆိုင်း) က ကြိုဆိုလက်ခံ စောင့်ရှောက်ပို့ဆောင်ခဲ့ပါတယ်။

ဗိုလ်အေးဟန်ခေါင်းဆောင်တဲ့အဖွဲ့ဟာ တရုတ်ပြည် ယူနန်နယ် တိုင်းမြို့တော် ပေါက်ဆန်းမြို့အထိရောက်ရှိခဲ့တယ်။ တရုတ်ပြည်ရဲ့ စစ်ရေး၊ နိုင်ငံရေးအကူအညီတွေရယူဖို့ ကြိုးပမ်းခဲ့ပါတယ်။ ဒါပေမယ့် လက်တွေ့ကျတဲ့ အကူအညီ ပြောပလောက်အောင် ဘာမှမရရှိခဲ့ပါဘူး။ ဒီခရီးစဉ်မှာ ယခု KNU မှာ ဗဟိုကော်မတီဝင်တဦးဖြစ်တဲ့ ပဒိုစောသမိန်ထွန်းလည်းပါရှိခဲ့ပါတယ်။

၁၉၇၂ ခုနှစ်မှာ KNUP အထွေထွေ အတွင်းရေးမှူး ဆရာကြီးစကောလယ်တောဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ မြောက်ပိုင်းကို ထပ်မံချီတက်ခဲ့ပြန်ပါတယ်။ တရုတ်ပြည် ယူနန်နယ်အထိရောက်ခဲ့ပါတယ်။ တရုတ်ပြည်ကတော့ ဗမာပြည်ကွန်မြူနစ်ပါတီကနေတဆင့် အကူအညီရယူဖို့ သဘောထားပေးပါတယ်။ KNUP ကိုယ်စားလှယ်အဖွဲ့ဟာ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီဟာ အဲဒီကာလတုန်းက စိန်နားတောင်းအရောင်နဲ့ ပါးပြောင်ပြီး စိတ်ကြီးဝင်နေတဲ့ကာလမို့ ဘာတခုမှ ရေရေရာရာတိုးတက်မှုမရရှိခဲ့ပါဘူး။ ဒီနေရာမှာ မှတ်မှတ်ရရအဖြစ်အပျက်လေးတခုဖြစ်ခဲ့ပါတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ KNUP ကိုယ်စားလှယ်အဖွဲ့ ဆွေးနွေးကြစဉ်မှာ မန်းရှာက ဗမာပြည်သမိုင်းဆိုင်ရာတွေ ဆွေးနွေးတင်ပြပါတယ်။ ဒီမှာတင် သခင်ဗသိန်းတင်က မန်းရှာကို ထပြီးဟောက်ပါတယ်။ "ဗမာပြည်သမိုင်းတွေမှာ မင်းကိုယ်တိုင် မီခဲ့ပါခဲ့လို့လား"ဆိုပြီးတော့ သဟောက်သဟန်းလုပ်ပါတယ်။ မြောက်ပိုင်းချီတက်ခဲ့တဲ့ ၆၈၊ ၆၉၊ ၇၂ ဒီခရီးတွေမှာ မန်းရှာလားဖန်းဟာ သုံးကြိမ်စလုံးပါဝင်ခဲ့ပါတယ်။ ၆၉၊ ၇၂ ခရီးစဉ်မှာ ပဒိုစောသမိန်ထွန်းပါရှိခဲ့ပါတယ်။

စစ်ပြီးခေတ် လက်ဝဲလက်ယာနိုင်ငံရေးအယူအဆတွေဟာ နိုင်ငံတကာမှာလွှမ်းမိုးရိုက်ခတ်မှုရှိသလို ကရင့်တော်လှန်ရေးမှာလည်း လက်ဝဲလက်ယာ ဂယက်ရိုက်ခတ်မှုတွေရှိခဲ့ပါတယ်။ လက်ဝဲလက်ယာနိုင်ငံရေးအယူအဆတွေကြောင့် ကရင့်တော်လှန်ရေးအတွင်းမှာ အမျိုးသားစည်းလုံးညီညွတ်ရေးပြိုကွဲခဲ့ရပါတယ်။ ကရင့်အမျိုးသားစည်းလုံးညီညွတ်ရေးပြိုကွဲခဲ့တဲ့အတွက် ကရင့်တော်လှန်ရေးမှာလည်း ထိခိုက်နစ်နာဆုံးရှုံးမှုတွေကြီးမားစွာ ကြုံတွေ့ခဲ့ရပါတယ်။ အမျိုးသားစည်းလုံးညီညွတ်ရေးပြိုကွဲခဲ့ရတဲ့ သင်ခန်းစာကို အလေးအနက်သဘောထားကြပြီးတော့ ကရင့်တော်လှန်ရေးခေါင်းဆောင်တွေဟာ အမျိုးသားစည်းလုံးညီညွတ်ရေးကို ပြန်လည်တည်ဆောက်ဖို့ ကြိုးပမ်းခဲ့ကြပါတယ်။ ဒါကြောင့်မို့ ၁၉၇၄ ခုနှစ် (၉) ကြိမ်မြောက် KNU ကွန်ဂရက်မှာ ကရင့်အမျိုးသားစည်းလုံးညီညွတ်ရေး ပြန်လည်တည်ဆောက်ဖို့ တညီတညွတ်ထဲ သဘောထားပေးပြီး ဆုံးဖြတ်ခဲ့ကြပါတယ်။

၁၉၇၅ ခုနှစ်မှာ ပဲခူးရိုးမအခြေခံတဲ့ ဗိုလ်ချုပ်မြအောင်၊ ဆရာကြီးစကောလယ်တောခေါင်းဆောင်တဲ့ KNUP နဲ့ အရှေ့တိုင်း ဥက္ကဋ္ဌ မန်းဘဇံ၊ ဗိုလ်ချုပ်မြခေါင်းဆောင်တဲ့ KNU တို့ဟာ အမျိုးသားစည်းလုံးညီညွတ်ရေးကို လက်တွေ့အကောင်အထည်ဖော်ခဲ့ကြပါတယ်။ ၁၉၄၇ ခုနှစ်ကစပြီး ကရင်တမျိုးသားလုံးကိုဦးဆောင်ခဲ့တဲ့ KNU ကရင်အမျိုးသားအစည်းအရုံးအမည်ကို သတ်မှတ်လက်ခံပြီးတော့ အမျိုးသားစည်းလုံးညီညွတ်ရေးကို ပြန်လည်တည်ဆောက်နိုင်ခဲ့ပါတယ်။

မန်းရှာကို ၁၉၇၅ ခုနှစ်မှာ KNU တပ်မဟာ (၃) နယ်မြေ ညောင်လေးပင်ခရိုင်တွဲဖက်အတွင်းရေးမှူး တာဝန်ပေးအပ်ခံခဲ့ရပြီး ၁၉၈၄ ခုနှစ်အထိ တာဝန်ယူခဲ့ပါတယ်။

၁၉၇၆ ခုနှစ်မှာ သူနဲ့တရွာတည်းသားကျောင်းနေဘက်သူငယ်ချင်း ကရင့်တော်လှန်ရေး ရဲမေနန့်ကျင်ရွှေနဲ့ ကေအဲန်ယူညောင်လေးပင်ခရိုင်မှာ လက်ထပ်ခဲ့ပါတယ်။ သားသမီး (၄) ဦးထွန်းကားခဲ့ပါတယ်။ စောစေးစေး၊ နန့်ဘွားဘွားဖန်း၊ နန့်ဇိုယာဖန်း၊ စလုံဖန်းတို့ ဖြစ်ကြပါတယ်။

မန်းရှာဟာ အရာကိစ္စတိုင်းကို အလေးအနက်ထားတတ်တဲ့ သူ့ရဲ့ပင်ကိုယ်စရိုက်ရှိပါတယ်။ သူ့ရဲ့ ငယ်နာမည်က မန်းချစ်ရွှေဖြစ်ပါတယ်။ ကရင့်တော်လှန်ရေးထဲရောက်ရှိချိန်မှာတော့ မန်းရှာလားဖန်းဆိုတဲ့နာမည်ကို သူမှည့်ပါတယ်။ ဒီနာမည်မှာ တလုံးခြင်းအဓိပ္ပါယ်ရှိပါတယ်။ (မန်း) ဆိုတာက ပိုးကရင်တွေရဲ့ ရှေ့ကနာမည်ပါ။ (ရှာ) ဆိုတာက ကြယ်လို့အဓိပ္ပါယ်ရပါတယ်။ (လား) ဆိုတာက လမင်းလို့အဓိပ္ပါယ်ရပါတယ်။ (ဖန်း) ဆိုတာက အလင်းရောင်လို့အဓိပ္ပါယ်ရပါတယ်။ (မန်းရှာလားဖန်း) ဆိုတဲ့ နာမည်တခုလုံးရဲ့အဓိပ္ပါယ်က (ကြယ်လတို့ရဲ့ အလင်းရောင်) လို့ အဓိပ္ပါယ်ရပါတယ်။ ကြယ်လတို့ရဲ့အလင်းရောင်ဟာ ကြည်လင်ရှန်းမြ အေးချမ်းလှပါတယ်။ မန်းရှာလားဖန်းကို ထိတွေ့ဆက်ဆံပေါင်းသင်းခဲ့ရတဲ့ ခေါင်းဆောင်များ၊ ရဲဘော်များ၊ ပြည်သူများအားလုံးဟာ နှလုံးစိတ်ဝမ်းအေးချမ်းမှုကို ခံစားခဲ့ရတယ်ဆိုတာ အားလုံးကိုယ်တွေ့ပဲဖြစ်ပါတယ်။ ပြီးတော့ နောက်ဆုံးနာမည် (ဖန်း) ဆိုတာ နောက်

စာမျက် (၁၇) သို့ ....

**စာမျက် (၁၆) ရဲဘော်ရှောင်းဆောင်းပါးမှ ....**

ထပ်အဓိပ္ပါယ်တမျိုးရှိပါသေးတယ်။ မြစ်ဝကျွန်းပေါ်တိုင်း ပန်းတနော်နယ်သားတွေ လေးစားဂုဏ်ယူရတဲ့ ပန်းတနော်နယ်သားဖြစ်တဲ့ မြစ်ဝကျွန်းပေါ်တိုင်း တပ်မဟာ (၄) တပ်မဟာမှူး ဗိုလ်မှူးကြီး ဖန်းရှောင်းရဲ့ နာမည် (ဖန်း) ကိုယူပြီး မှည့်ထားတာဖြစ်ပါတယ်။ ဗိုလ်မှူးကြီးဖန်းရှောင်းဟာ စစ်ရေးနိုင်ငံရေးမှာ ထူးချွန်ပြောင်မြောက်တဲ့ ခေါင်းဆောင်တဦးဖြစ်ပါတယ်။

မန်းရှာဟာ သူ့သားသမီးတွေရဲ့ နာမည်အဆုံးမှာ (ဖန်း) ဆိုတဲ့နာမည်ကို မှည့်ထားတာတွေ့ရပါတယ်။ သူ့သားသမီးတွေကို တော်လှန်ရေးအမွေဆက်ခံဖို့ သူ့မှာပြင်းပြတဲ့ ဆန္ဒရှိပါတယ်။ သူ့သမီးငယ် ဇိုယာဖန်းဆိုတဲ့ နာမည်ဟာ ဒုတိယကမ္ဘာစစ်တုန်းက နာဇီဂျာမန်တွေကို ခုခံတိုက်ခိုက်ခဲ့တဲ့ ဆိုဗီယက်လူငယ် အာဇာနည် သူရဲကောင်း မောင်နှမနှစ်ယောက်ဖြစ်တဲ့ ဇိုယာနဲ့ရှုရာတို့ရဲ့နာမည်ကိုယူပြီး မှည့်ထားတာဖြစ်ပါတယ်။

မန်းရှာဟာ ၁၉၈၄ ခုနှစ်မှာ ဗဟိုကော်မတီဝင်တဦးဖြစ်လာပါတယ်။ အဲ့ဒီနှစ်မှာဘဲ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) ဗဟိုသဘာပတိအဖွဲ့ဝင်တဦးလည်း ဖြစ်ပါတယ်။ ၁၉၈၄ ခုနှစ်မှာ ကရင်နီနယ်စပ်၊ ရှမ်းပြည်တောင်ပိုင်း၊ ရှမ်းပြည်မြောက်ပိုင်း၊ ကချင်ပြည်နယ်စပ်အထိ မြောက်ပိုင်းစည်းရုံးရေးခရီးစဉ်မှာ KNPP၊ KNU၊ ALP၊ PNO၊ PSLP၊ NMSP၊ KIO၊ SSPP စတဲ့အဖွဲ့တွေက တိုင်းရင်းသားခေါင်းဆောင်ကြီးများနဲ့ အတူ ဒုတိယစစ်ရေးခေါင်းဆောင်တဦးအဖြစ် ပါဝင်ခဲ့ပါတယ်။ အဲဒီခရီးစဉ်မှာ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) ရဲ့ တိုင်းရင်းသားလူမျိုးများတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ စစ်မှန်တဲ့ဖယ်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းတွေကို ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်သူများကို တက်တက်ကြွကြွ ဆွေးနွေးဦးဆောင်ပါဝင်ခဲ့ပါတယ်။

၈၄ ခုနှစ်၊ မြောက်ပိုင်းချီ (မဒတ) ကိုယ်စားလှယ်အဖွဲ့ဟာ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ စစ်ရေးမဟာမိတ်စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ မြောက်ပိုင်းချီ (မဒတ) ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ဟာ (KNU) ဗဟိုကော်မတီဝင် ဆရာကြီး ဦးစိုးအောင်ဖြစ်ပြီးတော့၊ (KNPP) ဥက္ကဋ္ဌ ဆရာကြီးထဲဖူးဖဲက ဒုတိယအဖွဲ့ခေါင်းဆောင်ဖြစ်ပါတယ်။ စစ်ရေးတာဝန်ခံက (KNPP) အထွေထွေအတွင်းရေးမှူး ခူးရီမန်ထူးဖြစ်ပါတယ်။ မန်းရှာက ဒုစစ်ရေးတာဝန်ခံဖြစ်ပါတယ်။ ခေါင်းဆောင်မှုအရကြည့်ရင် မန်းရှာဟာ နံပါတ် (၄) အဆင့်မှာရှိပါတယ်။ မြောက်ပိုင်းချီ (မဒတ) ကိုယ်စားလှယ်အဖွဲ့ဟာ ၁၉၈၆ ခုနှစ်မှာ (KNU) ဌာနချုပ် မာနယ်ပလောကို ပြန်ရောက်လာတဲ့အချိန်မှာ (ဗကပ) နဲ့ စစ်ရေးမဟာမိတ်စာချုပ် ချုပ်ခဲ့တဲ့အပေါ် မန်းရှာကိုအရေးယူခဲ့ပါတယ်။ ဗဟိုကော်မတီဝင်အဖြစ်ကနေ ထုတ်ပယ်ခံခဲ့ရပါတယ်။ သာမန်ရဲဘော်တဦးအဖြစ် ရောက်သွားပါတယ်။ မန်းရှာဟာ ဒီနိုင်ငံရေးလောကခံကို အတော့်ကိုခံစားလိုက်ရပါတယ်။ ဟိုးရှေ့တန်းတွေမှာ ကျောပိုးအိတ်တလုံးနဲ့ ရဲဘော်တယောက်ရဲ့တာဝန်ကို ထမ်းရွက်ခဲ့ရပါသေးတယ်။ အနိမ့်မှာဝိုင်းထောင်းတက်တဲ့ လောကသဘာဝအတိုင်း မန်းရှာကို ဒီထက်ကြီးလေးတဲ့ ပြစ်ဒဏ်တွေပေးဖို့ အချို့ကကြိုးစားကြပါသေးတယ်။

၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီးပေါ်ပေါက်လာတဲ့အချိန်မှာ တပ်ပေါင်းစုခေါင်းဆောင်များ၊ KNU ခေါင်းဆောင်များရဲ့ အကြံပေးတိုက်တွန်းမှုအရ ဗိုလ်ချုပ်ကြီးစောဗိုလ်မြက မန်းရှာကို ကိုယ်ရေးအရာရှိအဖြစ် တာဝန်ပေးအပ်ခံခဲ့ရပါတယ်။ ၁၉၈၈–ခုနှစ် လူထုအရေးတော်ပုံကြီးက တော်လှန်ရေးနယ်မြေကို ရောက်ရှိလာကြတဲ့ ကျောင်းသားများ စုစည်းညီညွတ်ရေးနဲ့ ပေါင်းစည်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့သူတဦးလည်း ဖြစ်ပါတယ်။

၁၉၈၈ ခုနှစ် မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် (DAB) စတင်ဖွဲ့စည်းရာမှာ ခေါင်းဆောင်တဦးအဖြစ် ပါဝင်ခဲ့ပါတယ်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တဦးအဖြစ် တိုင်းရင်းသားအင်အားစုများနဲ့ ဒီမိုကရေစီအင်အားစုများ စုစည်းရေးနဲ့ညီညွတ်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ခဲ့သူတဦးလည်း ဖြစ်ပါတယ်။

၁၉၉၁ ခုနှစ် (၁၀) ကြိမ်မြောက် KNU ကွန်ဂရက်မှာ မန်းရှာဟာ ဗဟိုကော်မတီဝင်အဖြစ် ပြန်လည်အရွေးချယ်ခံခဲ့ရပါတယ်။

၁၉၉၂ ခုနှစ် စက်တင်ဘာလ (၂၂) ရက်နေ့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB) ကို စတင်ဖွဲ့စည်းရာမှာပါဝင်ခဲ့ပြီး တွဲဖက်အထွေထွေအတွင်းရေးမှူး (၃) အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ကွယ်လွန်ချိန်အထိ အတွင်းရေးမှူးအဖွဲ့ဝင်အဖြစ် တာဝန်ယူခဲ့ပါတယ်။

၁၉၉၅ ခုနှစ် (၁၁) ကြိမ်မြောက် KNU ကွန်ဂရက်မှာ တွဲဖက်အထွေထွေအတွင်းရေးမှူး (၁) အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရပါတယ်။ ၂၀၀၀ ခုနှစ် (၁၂) ကြိမ်မြောက် KNU ကွန်ဂရက်မှာ KNU အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရပါတယ်။ ၂၀၀၄ ခုနှစ် (၁၃) ကြိမ်မြောက် ကေအဲန်ယူကွန်ဂရက်မှာ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ထပ်မံရွေးချယ်ခံခဲ့ရပါတယ်။

၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလကနေ ၁၉၉၆ ခုနှစ် နှစ်ကုန်အထိ ကရင်အမျိုးသားအစည်းအရုံး (KNU) နဲ့ နဝတတို့ တွေ့ဆုံဆွေးနွေးပွဲ (၄) ကြိမ်ပြုလုပ်ခဲ့ရာမှ ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီလ မော်လမြိုင်မြို့မှာ ပြုလုပ်ခဲ့တဲ့ ဒုတိယ အကြိမ်ဆွေးနွေးပွဲမှာ အဖွဲ့ခေါင်းဆောင်။ ၁၉၉၆ ခုနှစ်၊ ဇွန်လ (တတိယအကြိမ်) မော်လမြိုင်မှာပြုလုပ်တဲ့ဆွေးနွေးပွဲမှာ ဗိုလ်ချုပ်ကြီးတာမလာဘောက အဖွဲ့ခေါင်းဆောင်၊ မန်းရှာက ဒုတိယခေါင်းဆောင်။ ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ စတုတ္ထအကြိမ်ဆွေးနွေးပွဲမှာ ဗိုလ်ချုပ်ကြီးတာမလာဘောက အဖွဲ့ခေါင်းဆောင်၊ မန်းရှာက ဒုတိယ ခေါင်းဆောင်အဖြစ်ဆောင်ရွက်ခဲ့ပါတယ်။

ကေအဲန်ယူနဲ့ နဝတတွေ့ဆုံဆွေးနွေးပွဲတွေမှာ နဝတကိုင်စွဲထားတဲ့ လက်နက်ကိုင်လမ်းစဉ်ကိုစွန့်ပြီး တရားဥပဒေဘောင်ထဲဝင်ရောက်ရေးဆိုတဲ့ လက်နက်ချအညံ့ခံရေးလမ်းစဉ်ကို ပြတ်ပြတ်သားသားဆန့်ကျင်ခဲ့တယ်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ဖြေရှင်းဖို့ (KNU) ရဲ့ ချမှတ်ထားတဲ့မူအပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်ခဲ့တယ်။ နဝတဟာ ကေအဲန်ယူကို လက်နက်ချအညံ့ခံရေးဘောင်ထဲကိုရောက်အောင် ကျုံးမသွင်းနိုင်ခဲ့တဲ့အတွက် မန်းရှာအပေါ်မှာ အညိုးကြီးခဲ့ပါတယ်။ မန်းရှာရှိနေသမျှ KNU ကို ဘယ်တော့မှ လှည့်စားဖြားယောင်းလို့ မရနိုင်ဘူးလို့ နဝတကသတ်မှတ်ခဲ့ပါတယ်။

ကရင့်တော်လှန်ရေး နှစ် (၆၀) ရှည်ကြာတဲ့ ခရီးတလျှောက်မှာ အမျိုးသားနဲ့ တော်လှန်ရေးအတွက် ပေးဆပ်စွန့်လွှတ်ခဲ့ရတဲ့ ကရင့်တော်လှန်ရေးရဲ့ သားကောင်းကြီးများဟာ မနည်းတော့ပါဘူး။ ကရင့်တော်လှန်ရေးရဲ့အစခရီးမှာ ကရင့်အမျိုးသားဦးစီးခေါင်းဆောင်ဖြစ်တဲ့ ကော်ခိုစောဘဦးကြီး၊ ဗိုလ်ချုပ်စိုင်းကေ၊ စကောပောလေး၊ ဗိုလ်ချုပ်မင်းမောင်၊ ဗိုလ်ကျင်ဖေ၊ ယခု မန်းရှာလားဖန်းစတဲ့ ကရင့်တော်လှန်ရေးအဆင့်မြင့်ခေါင်းဆောင်တွေ ဖြစ်ကြပါတယ်။ မရေမတွက်နိုင်တဲ့ ကရင့်တော်လှန်ရေး အာဇာနည် အထောင်အသောင်းတွေဟာလည်း မွန်မြတ်လှတဲ့ သူတို့ရဲ့အသက်တွေကို ရက်ရက်ရောရောပေးလှူခဲ့ကြပါပြီ။ ဒီအာဇာနည်များရဲ့ ကိုယ်ကျိုးစွန့်လွှတ်ပေးဆပ်မှုတွေကို ပြန်ပြောင်းတွေးလိုက်တိုင်း ကျနော်တို့ရင်မှာ ကြေကွဲဝမ်းနည်းရပါတယ်။ အသက်ထင်ရှားရှိနေကြသေးတဲ့ ကျနော်တို့အားလုံးဟာ ဒီအာဇာနည်သူရဲကောင်းများရဲ့ အသက်ပေးပြီး သွေးနဲ့ခင်းခဲ့တဲ့လမ်းအတိုင်း ခိုင်မာတဲ့ဇွဲ၊ သန္နိဋ္ဌာန်ချပြီး ပြည်သူတရပ်လုံး လွတ်မြောက်တဲ့တိုင်အောင် တိုက်ပွဲဝင်သွားကြရပါမည်။ ကေအဲန်ယူ ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူးချုပ် ပဒိုမန်းရှာလာဖန်းဟာ မကျဆုံးမီ နောက်ဆုံးမိန့်ခွန်းပြောသွားပါတယ်။

"တော်လှန်ရေးကို ဆုံးခန်းတိုင်ဆင်နွှဲသွားကြရမယ်"လို့ မှာကြားသွားပါတယ်။

ရဲဘော်ရှောင်း ❖

**မာနယ်ပလောကို ပြန်ရောက်လာတဲ့အချိန်မှာ (ဗကပ) နဲ့ စစ်ရေးမဟာမိတ်စာချုပ် ချုပ်ခဲ့တဲ့အပေါ် မန်းရှာကိုအရေးယူခဲ့ပါတယ်၊ ဗဟိုကော်မတီဝင်အဖြစ်ကနေ ထုတ်ပယ်ခံခဲ့ရပါတယ်၊ သာမန်ရဲဘော်တဦးအဖြစ်ရောက်သွားပါတယ်၊ မန်းရှာဟာ ဒီနိုင်ငံရေးလောကခံကို အတော့်ကို ခံစားလိုက်ရပါတယ်၊ ဟိုးရှေ့တန်းတွေမှာ ကျောပိုးအိတ်တလုံးနဲ့ ရဲဘော်တယောက်ရဲ့တာဝန်ကို ထမ်းရွက်ခဲ့ရပါသေးတယ်...၊**



## ပဒိုမန်းရှာ . . . သွေးသစ္စာ

ပဒိုမန်းရှာ
သူသေရှာပြီ၊
သူသေသည်မှာ
လူသေ သေခြင်းဖြစ်ပါ၏၊

လူသေခြင်းသည်
မှု သေခြင်းလည်း မဟုတ်ပါ၊
လူသာသေလည်း
နာမည်သေမည်မဟုတ်ပါ၊

လူကို ခွေးသတ်
ဇာတ်ကြောင်းထပ်လည်း
သတ်သူသာသေ၊ သေသူရှင်မည်
အာဇာနည်မျိုး၊ သေရိုးမရှိ
ခေတ်၏ဆောင်ပုဒ်၊ အသစ်ထုတ်၊
ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခန်းမှ
မန်းရှာလားဖန် လုပ်ကြံခန်းထိ
သွေးလမ်းကြီးသည် ခရီးရှည်ခဲ့
မညီသမျှ မဆုံးနိုင်၊

ပဒိုမန်းရှာ ... သွေးသစ္စာဖြင့်
ငါတို့လူထု၊ သစ္စာပြုစို့
ပြည်ထောင်စုဒီမိုကရေစီ အောင်ရမည်၊
သွေးစည်းညီညီ ဆောင်ကြမည်၊

မောင်စွမ်းရည်
(၂၀၀၈၊ ဖေဖော်ဝါရီ ၁၄)

**တိုင်းပြည်ပြိုကွဲစေမယ့်အကြောင်းတရားက အာဏာရှင်စနစ်ပဲ၊ အာဏာရှင်စနစ်က ဒီနေ့ ပြုတ်ကျရင် တိုင်းပြည်က ဒီနေ့စည်းလုံးသွားမှာပဲ၊ ဒါကို ကျနော်တို့ယုံကြည်တယ်၊**

**ပဒိုမန်းရှာလားဖန်း**

# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဒီပီအဲန်အက်ဖ်) ဥက္ကဋ္ဌ ဦးအောင်မိုးဇော်နှင့်

## မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီတွေ့ဆုံမေးမြန်းချက်



နအဖရဲ့၁/၂၀၀၈ နဲ့ ၂ /၂၀၀၈ ဒီကြေညာချက်တွေဟာ အဲန်အယ်လ် ဒီကို အလဲထိုးဖို့၊ ဒေါ်အောင်ဆန်းစုကြည်ကို အလဲထိုးဖို့၊ (၉၀) ရွေးကောက်ပွဲရလဒ်ကို ချေဖျက်ဖို့ဖြစ်တယ်လို့ဖြေခဲ့တယ်။ ဒေါ် အောင်ဆန်းစုကြည်၊ အဲန်အယ်လ်ဒီ၊ (၉၀) ရွေးကောက်ပွဲရလဒ်တွေဟာ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးနဲ့ ပြည်သူတွေ ရဲ့ အောင်သီးအောင်ပွင့်တွေဖြစ်တယ်။ ဒီအောင်သီးအောင်ပွင့်တွေ အလဲထိုးမခံရအောင် ကျနော်တို့ကာကွယ်ကြရလိမ့်မယ်။ အဲဒီလိုကာကွယ်ကြဖို့ဆိုလို့ရှိရင် ကာယကံ ရှင်ဖြစ်တဲ့ အဲန်အယ်လ်ဒီရဲ့သဘောထားဟာ အခရာအကျဆုံးဖြစ်တယ်။ ဒီလိုကျနော်တို့ ထောက်ပြတာဟာ အဲန်အယ်လ်ဒီကို ချောင်ထဲပို့ဖို့မဟုတ်ဘူး။ အဲန်အယ်လ်ဒီကို အကြပ်အတည်းဖြစ်အောင် လုပ်တာမဟုတ်ဘူး။ အဲန် အယ်လ်ဒီကို ကာကွယ်ဖို့ဖြစ်တယ်။ ပြည်သူ့ဆန္ဒကိုကာကွယ်ဖို့ဖြစ်တယ်...။

*မေး ။ ။ နအဖအစိုးရက ၂၀၀၈ ခုနှစ် ဖေဖေါ်ဝါရီလ (၉) ရက်နေ့မှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (မူကြမ်း) ကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုခြင်းကို ၂၀၀၈ ခုနှစ်၊ မေလမှာ ပြုလုပ်သွားမယ်။ ၂၀၁၀ မှာ ပါတီစုံအထွေထွေရွေးကောက်ပွဲ အသစ်ပြုလုပ်သွားမယ်လို့ ကြေညာချက်အမှတ် ၁/၂၀၀၈ နဲ့ ၂/၂၀၀၈ ဆိုတာတွေကို ထုတ်ပြန်လိုက်ပါတယ်။ ဒီလိုလုပ်ရပ်အပေါ်မှာ ဘယ်လိုမြင်ပါလဲ။ နအဖအစိုးရက ဘယ်လို ရည်ရွယ်ချက်တွေနဲ့ ရုတ်တရက်ကြီး အခုလို ကြေညာလိုက်တယ်လို့ ယူဆပါသလဲ။*

ဖြေ ။ ။ (၁) ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ်ကိုချေဖျက်ဖို့၊ (၂) အပစ်အခတ်ရပ်စဲရေး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို လက်နက်ဖြုတ်ဖို့၊ (၃) အခြေခံဥပဒေကအကာအကွယ်ပေးတဲ့ စစ်အာဏာရှင်စနစ်ကို အကောင်အထည်ဖော်ဖို့ကြိုးစားတဲ့ ခြေလှမ်းဖြစ်တယ်။ ပြည်သူတွေ၊ နိုင်ငံရေးအင်အားစုတွေနဲ့ နိုင်ငံတကာက ဝိုင်းဝန်းတောင်းဆိုနေတဲ့ တွေ့ဆုံဆွေးနွေးရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ကျောခိုင်းလိုက်တာဖြစ်တယ်။ ပြီးခဲ့တဲ့စက်ဘာလအတွင်းက သွေးမြေအကျခံပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကိုတောင်းဆိုခဲ့တဲ့ ရဟန်းသံဃာတွေကို ထပ်မံပြီးစော်ကားလိုက်တာဖြစ်တယ်။

နောက်ထပ်ပြီးတော့ ပြောချင်တာက စက်တင်ဘာလှုပ်ရှားမှုကြီးကြောင့် ဒေါ်အောင်ဆန်းစုကြည်နဲ့ စကားပြောမယောင်ယောင်ပြည်သူတွေနဲ့ နိုင်ငံတကာကို လှည့်စားခဲ့တယ်။ အလစ်အငိုက်မှာ ကိုယ်နဲ့စကားပြောဖော်ပြောဖက်ကို နောက်ဖက်က အကောက်ကြံတာဖြစ်တယ်လို့ ပြောချင်တယ်။ နောက်ဆုံးတစ်ချက်အနေနဲ့ ထပ်ပြီးပြောချင်တာကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အလဲထိုးဖို့ကြိုးစားတဲ့ ကြိုးပမ်းချက်ဖြစ်တယ်။

*မေး ။ ။ နအဖရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (မူကြမ်း) ဟာ အတုအယောင်အခြေခံဥပဒေမူကြမ်းသာဖြစ်တယ်လို့ ဦးအောင်မိုးဇော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ထောက်ပြထားပါတယ်။ ဘာ့ကြောင့် ဒီလိုပြောနိုင်တာပါလဲ။ နည်းနည်းလောက်ရှင်းပြပေးပါလားခင်ဗျာ။*

ဖြေ ။ ။ အရှင်းလင်းဆုံးပြောရရင်တော့ နအဖမှာ အခြေခံဥပဒေရေးဆွဲဖို့ အခွင့်အာဏာမရှိဘူး။ အခု သူတို့ရေးဆွဲတဲ့ အခြေခံဥပဒေဆိုတာကလည်း ပြည်သူ့ကိုယ်စားလှယ် (၁) ရာခိုင်နှုန်းလောက်ပဲပါပြီး ရေးဆွဲခဲ့တာဖြစ်တယ်။ တရားမဝင်ဘူး။ အခြေခံဥပဒေကို ပြည်သူ့ကိုယ်စားလှယ်တွေက ပဲရေးဆွဲရမှာဖြစ်တယ်။ ဒါက ပထမတစ်ချက်။ ဒီနေရာမှာ ခပ်လွယ်လွယ်ထောက်ပြရရင်ဒီအခြေခံဥပဒေရေးဆွဲမှုဟာစစ်အစိုးရကိုယ်တိုင်ထုတ်ပြန်ထားတဲ့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ ကြေညာချက် ၁/၉၀ အပိုဒ် (၂၀) နဲ့လည်း မကိုက်ညီဘူး။

ဒုတိယတစ်ချက်အနေနဲ့ ပြောချင်တာက ဒီအခြေခံဥပဒေရဲ့ အခြေခံမူတွေအားလုံးဟာ မြန်မာပြည်မှာ စစ်အာဏာရှင်စနစ် ထာဝစဉ်တည်တံ့နိုင်ဖို့အတွက် ချမှတ်ထားတဲ့ မူတွေပဲဖြစ်တယ်။ ဥပမာအားဖြင့် အချို့အချက်တွေကို နည်းနည်းထောက်ပြချင်တယ်။ ဒီဥပဒေသာအတည်ဖြစ်ခဲ့ရင် စစ်တပ်ဟာ နိုင်ငံတော်ရဲ့ ဝန်ထမ်းအဖွဲ့အစည်းမဟုတ်တော့ဘဲ နိုင်ငံတော်အာဏာကိုကိုင်တွင်မယ့် အဖွဲ့အစည်းတခုဖြစ်သွားမယ်။ ကာကွယ်ရေးဦးစီးချုပ်ဟာ နိုင်ငံရဲ့ အမြင့်ဆုံးအာဏာပိုင်ပုဂ္ဂိုလ်ဖြစ်သွားလိမ့်မယ်။ စစ်တပ်ဟာ ဥပဒေအထက်မှာရှိပြီး အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာတွေကို ထင်သလိုချယ်လှယ်ခွင့်ရမှာဖြစ်တယ်။

နောက်မှ ပြန်ပြင်ရင်လည်းရပါတယ်လို့ စိတ်ကူးတော့မယဉ်လိုက်နဲ့။ စစ်တပ်ကို ဒီအခြေခံဥပဒေက အာဏာသိမ်းခွင့်လည်းပေးထားပြန်တယ်။

အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ ပြည်နယ်နဲ့တိုင်းဒေကြီးတွေ အသီးသီးက လွှတ်တော်တွေမှာလည်း စစ်တပ်က အလိုအလျောက် ကိုယ်စားလှယ်နေရာတွေ ရဦးမှာဖြစ်တယ်။ စစ်တပ်ရဲ့ အရေးအရာကိစ္စတွေကို ဘယ်သူကမှ ဝင်ရောက်စွက်ဖက်လို့မရဘူး။ တရားစီရင်ရေးပိုင်းဆိုင်ရာအထိပဲ။ နိုင်ငံတော်သမတဖြစ်ဖို့ဆိုရင်လည်း စစ်ရေးအတွေ့အကြုံရှိဖို့ လိုသေးတယ်လို့ ဖော်ပြထားတယ်။ တိုင်းရင်းသားလူမျိုးတွေရဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဒီအခြေခံဥပဒေက ငြင်းပယ်ထားတယ်။ နောက် နည်းနည်းဆက်ပြောချင်တယ်။ ဒီအခြေခံဥပဒေသာအတည်ဖြစ်ခဲ့ရင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ပြည်တွင်းပြည်ပက ဒီမိုကရေစီအင်အားစုတွေ၊ တိုင်းရင်းသားအင်အားစုတွေက ရွေးကောက်ပွဲဝင်မယ်လို့ပြောရင်တောင်မှ ဝင်လို့ရမှာမဟုတ်ဘူး။ စတဲ့အချက်တွေကြောင့် ဒီအခြေခံဥပဒေဟာ ပြည်သူ့ဆန္ဒမဟုတ်ဘူး။ အတုအယောင်သာဖြစ်တယ်။ လုံးဝဆန့်ကျင်ရမယ်လို့ ကျနော်တို့ ထပ်တလဲလဲပြောနေတာဖြစ်တယ်။

*မေး ။ ။ နအဖအစိုးရရဲ့ ဒီကြေညာချက်နှစ်ခုအပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တိကျရှင်းလင်းတဲ့သဘောထားတရပ်ထုတ်ပြန်ဖို့လိုအပ်ကြောင်း လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ဖေဖေါ်ဝါရီ (၁၀) ရက်နေ့မှာပဲ ထောက်ပြခဲ့တာတွေ့ရပါတယ်။ ဘာ့ကြောင့် ဒီလိုထောက်ပြခဲ့တာပါလဲ။*

ဖြေ ။ ။ ကျနော်မေးခွန်းနံပါတ် (၁) မှာဖြေခဲ့တယ်။ နအဖရဲ့ ၁/၂၀၀၈ နဲ့ ၂/၂၀၀၈ ဒီကြေညာချက်တွေဟာ အဲန်အယ်လ်ဒီကို အလဲထိုးဖို့၊ ဒေါ်အောင်ဆန်းစုကြည်ကို အလဲထိုးဖို့၊ (၉၀) ရွေးကောက်ပွဲရလဒ်ကို ချေဖျက်ဖို့ဖြစ်တယ်လို့ ဖြေခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည်၊ အဲန်အယ်လ်ဒီ၊ (၉၀) ရွေးကောက်ပွဲရလဒ်တွေဟာ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးနဲ့ ပြည်သူတွေရဲ့ အောင်သီးအောင်ပွင့်တွေဖြစ်တယ်။ ဒီအောင်သီးအောင်ပွင့်တွေ အလဲထိုးမခံရအောင် ကျနော်တို့ကာကွယ်ကြရလိမ့်မယ်။ အဲဒီလိုကာကွယ်ကြဖို့ဆိုလို့ရှိရင် ကာယကံရှင်ဖြစ်တဲ့ အဲန်အယ်လ်ဒီရဲ့ သဘောထားဟာ အခရာအကျဆုံးဖြစ်တယ်။ ဒီလိုကျနော်တို့ ထောက်ပြတာဟာ အဲန်အယ်လ်ဒီကို ချောင်ထဲပို့ဖို့မဟုတ်ဘူး။ အဲန်အယ်လ်ဒီကို အကြပ်အတည်းဖြစ်အောင်လုပ်တာမဟုတ်ဘူး။ အဲန်အယ်လ်ဒီကို ကာကွယ်ဖို့ဖြစ်တယ်။ ပြည်သူ့ဆန္ဒကိုကာကွယ်ဖို့ဖြစ်တယ်။

နောက်အရေးကြီးတဲ့အချက်ကတော့ မေးခွန်းနံပါတ် (၂) မှာ ကျနော်ဖြေခဲ့တဲ့ တရားမဝင်တဲ့ ဒီအတုအယောင် အခြေခံဥပဒေကို ကျနော်တို့ပြည်သူတရပ်လုံးက လက်ခံမလား၊ လက်မခံဘူးလား အဖြေပေးရတော့မယ့် အချိန်ရောက်တော့မယ်။ ကျနော်တို့အားလုံးအနေနဲ့က ဒီအခြေခံဥပဒေကို ပြတ်ပြတ် သားသားဆန့်ကျင်ကြဖို့ ပြည်သူတွေကို စည်းရုံးလှုံ့ဆော်ကြရတော့မယ်။ ဒီလုပ်ငန်းအောက်မှာ နိုင်ငံရေးအင်အားစုအားလုံးကို စုစည်းဖို့၊ ပြည်သူတရပ်လုံးကို စည်းရုံးဖို့ဆိုရင် အဲန်အယ်လ်ဒီရဲ့သဘောထားဟာ အခရာအကျဆုံးဖြစ်ပြန်တယ်။ ဘာ့ကြောင့်လဲဆိုတော့ ပြည်သူကရွေးချယ်ထားတဲ့၊ ပြည်သူကို ဦးဆောင်မယ့် နိုင်ငံရေးပါတီတရပ်ဖြစ်နေလို့ပါပဲ။

ဒါကြောင့်မို့ တတိုင်းပြည်လုံးအတွက် ကာလတခုအထိ အဆုံးအဖြတ်ပေးမဲ့ ဒီနအဖရဲ့ကြေညာချက်တွေနဲ့ပတ်သက်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ တိကျရှင်းလင်းတဲ့ သဘောထားလိုအပ်ပါတယ်လို့ ကျနော်တို့ ထောက်ပြခဲ့တာဖြစ်တယ်။ မေတ္တာရပ်ခံခဲ့တာဖြစ်တယ်။ အဲန်အယ်လ်ဒီအနေနှင့် လူထုအားကို အပြည့်အဝအရယူနိုင်ဖို့ ပြည်သူတရပ်လုံးရဲ့အကျိုးအတွက်၊ အဲန်အယ်လ်ဒီရဲ့ အကျိုးအတွက် အကြံပြုတာ၊ ထောက်ပြတာဖြစ်ပါတယ်။

*မေး ။ ။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ဆိုတာကို ဆန့်ကျင်နိုင်ဖို့ဆိုရင် ဘယ်လိုအခြေအနေတွေလိုအပ်ပါသလဲ။ ဘာ့ကြောင့် လိုအပ်တယ်လို့ပြောတာပါလဲ။*

ဖြေ ။ ။ ဖေဖေါ်ဝါရီ (၂၀) ရက်နေ့က ၁၃၀၀ ပြည့်အရေးတော်ပုံကြီးရဲ့မျိုးဆက်ဝါရင့်နိုင်ငံရေးသမားကြီး သခင်သိန်းဖေက အခြေခံဥပဒေဟာ ပြည်သူ့ကိုယ်စားလှယ်တွေက ရေးဆွဲရမှာဖြစ်ကြောင်း။ စစ်အုပ်စုကိုယ်တိုင်ထုတ်ထားတဲ့ အမိန့်အမှတ် ၁/၉၀ ကို ကိုးကားပြီးထောက်ပြခဲ့တယ်။ တပြိုင်နက်တည်းမှာလည်း နအဖက ဆန္ဒခံယူပွဲကို မဖြစ်မနေလုပ်မယ်ဆိုရင် ....

(၁) ဆန္ဒပေးရမယ့် ပြည်သူလူထုများထံ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို စောလျင်စွာဖြန့်ချိဝေ၍ လုံလောက်သည့်အချိန်ပေး လေ့လာခွင့်ရရှိစေရန်။

(၂) ဆန္ဒမဲပေး နိုင်ခွင့်ရှိသူများကိုစနစ်တကျ တပြည် လုံးအတိုင်းအ တာဖြင့် တာဝန် ရှိသူများက ပြုစုကြေညာပေးရန်။

(၃) ဆန္ဒမဲပေးသူများအနေဖြင့် လျှို့ဝှက်၍ လွတ်လပ်စွာမဲပေးနိုင်သည့် အစီအစဉ်များကို မဲရုံများသီးခြားဆောက်၍ ဆောင်ရွက်ပေးရန်။

(၄) မိမိတို့ဆန္ဒအစစ်အမှန်ကို လွတ်လပ်စွာပေးနိုင်ရေးအတွက် ဆန္ဒမဲရုံကြီးကြပ်သူများ၊ မဲရုံစောင့်များက စနစ်တကျကူညီဆောင်ရွက်ပေးရန်။

(၅) ဆန္ဒခံယူပွဲကျင်းပမှုကို ကုလသမဂ္ဂအဖွဲ့ကိုယ်စားလှယ်များ၊ နိုင်ငံတကာလေ့လာသူများနှင့် သတင်းသမားများကို လေ့လာခွင့်ပေးရန်။

(၆) ဆန္ဒမဲပေးသူများ လွတ်လပ်စွာဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထုတ်ပြန်ခဲ့သည့် ၅/၉၆ ဥပဒေကို ရုတ်သိမ်းပေးရန်။ *(၎င်းဥပဒေက ကန့်ကွက်ဆန္ဒမဲပေးသူများကို ကြီးလေးသောအပြစ်ဒဏ်ချမှတ်*

စာမျက် (၂၁) သို့ ....

**စာမျက် (၂၀) ဦးအောင်မိုးဇော်နှင့် အင်တာဗျူးမှ ....**

*နိုင်သောကြောင့် ရုတ်သိမ်းပေးရန်လိုအပ်ပါသည်။)*

(၇) နိုင်ငံသူ နိုင်ငံသားအားလုံး ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်ငံရေးအကျဉ်းသားများကိုလွှတ်ပေးရန်။ အခြားအကျဉ်းသားများကိုလည်း လွတ်လပ်စွာဆန္ဒမဲပေးနိုင်ရေး စီစဉ်ရန်။

နောက်အရေးကြီးတဲ့အချက်တခုကို သခင်သိန်းဖေထောက်ပြထားတာရှိသေးတယ်။ အကယ်၍ ဒီဆန္ဒခံယူပွဲမှာ ပြည်သူတွေက ဒီအခြေခံဥပဒေကိုကန့်ကွက်ခဲ့ရင် နအဖက ဘယ်လိုဆောင်ရွက်မလဲဆိုတာ အခုကတည်းကကြေညာထားသင့်ကြောင်းဆိုတာဖြစ်တယ်။

ကျနော်နည်းနည်းပဲ ထပ်ဖြည့်ပြောချင်ပါတယ်။ ဖျက်သိမ်းပေးဖို့လိုအပ်တဲ့ ဥပဒေတွေက ၅/၉၆ တခုတည်းမဟုတ်ပါဘူး။ ၂/၈၈ လို၊ (န/သ) လို လွတ်လပ်စွာဖော်ထုတ်ခွင့်၊ စုဝေးခွင့်တွေကို ပိတ်ပင်ထားတဲ့၊ ပြည်သူတွေရဲ့လွတ်လပ်မှုကို ချုပ်ချယ်တဲ့ဥပဒေအားလုံးကို နအဖကရုတ်သိမ်းပေးရလိမ့်မယ်။

*မေး ။ ။ အချို့က ဒီအချက်အလက်တွေပြောဖို့ စောလွန်းနေတယ်။ ဒီလိုပြောလိုက်တာဟာ နအဖရဲ့အစီအစဉ်တွေကို တနည်းမဟုတ်တနည်း လက်ခံလိုက်သလိုဖြစ်သွားတယ်။ ဒါ့ကြောင့် ပြောကို မပြောသင့်သေးဘူးလို့ဆိုကြတယ်။ ဒီအပေါ်မှာ ဦးအောင်မိုးဇော်ရဲ့အမြင်ကိုသိပါရစေ။*

ဖြေ ။ ။ နအဖက ဒီဆန္ဒခံယူပွဲကို လုပ်ကိုလုပ်တော့မှာဖြစ်တယ်။ ဘယ်လိုပုံစံလုပ်မလဲဆိုတာကတော့ အငြင်းပွားကြတုန်းပဲ။ ပုံစံအမျိုးမျိုးလုပ်နိုင်ပါတယ်။ ဒါပေမယ့် လျှို့ဝှက်မဲပေးတဲ့ပုံစံကပဲ အကယ်၍ မတော်တဆ သူတို့နိုင်ခဲ့ရင် (၉၀) ရွေးကောက်ပွဲရလဒ်ကို ချေဖျက်နိုင်မှာဖြစ်တယ်။ ဒီ့အတွက် ဒီပုံစံလာမယ်ဆိုရင် ကျနော်တို့အနိုင်ရဖို့ အခုကတည်းက အသေအချာပြင်ရလိမ့်မယ်။ အချိန်က သုံးလသာသာပဲရှိတော့တယ်။ ကျနော်တို့ အင်အားစုအားလုံး စုပြီးပြင်ကြရလိမ့်မယ်။

နအဖက ညစ်ပါလိမ့်မယ်။ အစွမ်းကုန်ညစ်နိုင်ပါတယ်။ ဒါပေမယ့် သူတို့မှာလည်း အကန့်အသတ်ရှိတယ်။ အဲဒီအကန့်အသတ်တွေပိုများအောင်လို့ အခုကတည်းက ကျနော်တို့ ပြောသင့်တာပြောရတော့မယ်။ ပြင်သင့်တာ ပြင်ရတော့မယ်။ အနားကပ်မှဆိုရင် ကျနော်တို့မှာ အချိန်မရှိဘူး။

*မေး။ ။ ပြတ်ပြတ်သားသား ဆန့်ကျင်ကန့်ကွက်ပြီး နအဖဖွဲ့စည်းပုံကို စက္ကူစုတ်လုပ်ပစ်နိုင်ဖို့ဆိုရင် ပြည်သူကို ဘယ်လို Massage မျိုးပေးသင့်ပါသလဲ။ မဲရုံကို လုံးဝမသွားဘဲ သပိတ်မှောက်ရေးလား။ မဲရုံကိုသွားပြီး ကန့်ကွက်မဲပေးရေးလား။ အကျိုးဆက်တွေကို နည်းနည်းလောက် ဆက်ပြီး ရှင်းပြပေးစေချင်ပါတယ်။*

ဖြေ ။ ။ (၁) မဲပေးနိုင်တဲ့ အသက်အရွယ်ရှိတဲ့ ပြည်သူအားလုံး မဲရုံကိုသွားဖို့ လိုလိမ့်မယ်။ ပြီးတော့ ကန့်ကွက်တဲ့မဲကို ပေးရလိမ့်မယ်။ ဒီဆန္ဒခံယူပွဲကို ပြည်သူတွေရဲ့ စစ်အုပ်စုဆန့်ကျင်ရေး အသံတိတ်ဆန္ဒပြပွဲကြီးအဖြစ် ပြောင်းလဲပစ်ရမယ်။

(၂) သူတို့က မနိုင်ရင်လည်းနိုင်၊ နိုင်ရင်လည်းနိုင် လုပ်နိုင်တယ်။ အဲဒီလိုလုပ်ခဲ့ရင် ပြည်သူလူထုအများစုကြီးက မဲရုံတွေမှာရှိနေတဲ့အတွက် အဲဒီမဲရုံတွေကို သပိတ်စခန်းတွေအဖြစ်ပြောင်းလဲပစ်ဖို့ ပြင်ဆင်ထားရလိမ့်မယ်။

(၃) ပြည်သူအများစုအနေနဲ့ မဲရေတွက်ပြီးချိန်အထိ မဲရုံတွေမှာ စောင့်ကြည့်လေ့လာဖို့လိုလိမ့်မယ်။

*မေး ။ ။ ပြည်သူ့ဆန္ဒခံယူပွဲကို မဲရုံစနစ်နဲ့လုပ်မယ်။ ဘောလုံးကွင်းထဲမှာ သူ့လက်ကိုင်တုတ်အဖွဲ့အစည်းကိုသုံးပြီး အတုအယောင်လူထုထောက်ခံပွဲတွေအနေနဲ့ လုပ်မယ်ဆိုတာ ဒီနေ့အထိတော့ တိတိကျကျ နအဖကထုတ်ပြန်တာမျိုးမရှိသေးဘူး။ ဘယ်လိုဖြစ်လာမယ်လို့ မှန်းဆမိပါသလဲ။*

ဖြေ ။ ။ နအဖက ဘယ်လိုပုံစံနဲ့ဆန္ဒခံယူပွဲလုပ်မယ်ဆိုတာ မကြေညာသေးဘူး။ ဒါပေမယ့် ဘောလုံးကွင်းထဲမှာလည်း လုပ်နိုင်တယ်။ တအိမ်တက်ဆင်း လိုက်ပြီးတော့ ထောက်ခံမဲစုနိုင်တယ် စသဖြင့် ဝေဖန်သူတော်တော်များက ပြောနေကြတယ်။ အဲဒီလိုပုံစံလုပ်မယ်ဆိုရင်တော့ နအဖက သူတို့လိုချင်တဲ့တရားဝင်မှုကို ရမှာမဟုတ်ဘူး။ ၉၀ ပြည့်ရွေးကောက်ပွဲရလဒ်ကိုလည်း ချေဖျက်နိုင်မှာမဟုတ်ဘူးလို့ ကျနော်ယူဆတယ်။ အဲဒီလိုပုံစံတွေနဲ့လုပ်လာရင်လဲ သူတို့ရဲ့ရလဒ်တွေ တရားဝင်မှုမရှိအောင် ကျနော်တို့ဆက်တိုက်ရမှာပဲ။ ကျနော်အရေးအကြီးဆုံးလို့ယူဆတာကတော့ လျှို့ဝှက်မဲပေးတဲ့ပုံစံပဲ။ အဲဒီပုံစံနဲ့ပဲလုပ်လိမ့်မယ်လို့ ကျနော်ထင်တယ်။ ဒါ့ကြောင့် ကျနော်တို့နိုင်အောင် အခုကတည်းက ပြင်ရမယ်။

*မေး။ ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ကြေညာချက်အမှတ် ၁/၀၂/၀၈ ကို ဦးအောင်မိုးဇော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ကြိုဆိုထားပါတယ်။ ဘာ့ကြောင့်ပါလဲ။*

ဖြေ ။ ။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က သူ့ရဲ့တည်ကြည်တဲ့ ပေါ်လစီသဘောထားကို ပြည်သူနဲ့နိုင်ငံတကာကို ချပြလိုက်လို့ပါပဲ။ ဒါဟာ နိုင်ငံရေးအရဦးဆောင်မှုဖြစ်ပါတယ်။

*မေး ။ ။ ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့နဲ့ ဇန်နဝါရီလ (၃၀) ရက်နေ့တွေ့ဆုံပွဲမှာ အကောင်းဆုံးကိုမျှော်လင့်ပြီး အဆိုးဆုံးအတွက်ပြင်ဆင်ထားကြဖို့ မှာကြားလိုက်တာကို ဘယ်လိုနားလည်ပါသလဲ။*

ဖြေ ။ ။ ကျနော်တို့အားလုံး မျှော်လင့်နေတဲ့ တွေ့ဆုံဆွေးနွေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို နအဖကကျောခိုင်းဖို့ ပြင်နေပြီ။ ဒါ့ကြောင့် ကျနော်တို့လိုချင်တာကို ကျနော်တို့ တိုက်ယူဖို့ပြင်ရတော့မယ်ဆိုတာဖြစ်တယ်။ အဆိုးဆုံးဆိုတာကတော့ အခု နအဖလမ်းပြမြေပုံအဆင့် (၄) ဖြစ်တယ်။ ဒါကို မရရအောင်ဖျက်ရမယ်လို့ နိုင်အောင်တိုက်ရမယ်လို့ ဆိုလိုတာဖြစ်တယ်လို့ ကျနော်တို့ နားလည်တယ်။

မေး ။ ။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအပါအဝင် ပြည်တွင်းပြည်ပ အင်အားစုအသီးသီးရဲ့ ဒီနေ့တာဝန်တွေက ဘာတွေဖြစ်မလဲ။ ဦးအောင်မိုးဇော်တို့ပါတီအနေနဲ့ ဘာတွေလုပ်ဆောင်ဖို့ ပြင်ဆင်ထားပါသလဲ။

ဖြေ ။ ။ ကျနော်တို့ပါတီအပါအဝင် ပြည်တွင်း ပြည်ပနိုင်ငံရေးအင်အားစုအသီးသီးရဲ့ ဒီနေ့တာဝန်က တိုင်းပြည်အတွင်းက ပြည်သူအသီးသီး ဆန္ဒခံယူပွဲနေ့မှာ မဲရုံကိုသွားပြီး ဒီအခြေခံဥပဒေကို ကန့်ကွက်မဲပေးကြဖို့ ပြင်ဆင်စည်းရုံးလှုံ့ဆော်ဖို့ဖြစ်တယ်လို့ ကျနော်ယူဆတယ်။

အကယ်၍ နအဖကမနိုင်တာကို အနိုင်လုပ်ဖို့ပြင်ရင်၊ နည်းလမ်းပေါင်းစုံနဲ့ညစ်ပတ်ရင် အဲဒီမဲရုံနေရာတွေကို ဆန္ဒပြပွဲစတင်ဖြစ်ပေါ်တဲ့နေရာတွေအဖြစ် ပြောင်းလဲပစ်နိုင်အောင် ကျနော်တို့ပြင်ဆင်ကြရလိမ့်မယ်။ လူထုကို လှုံ့ဆော်ကြရလိမ့်မယ်။

မေး ။ ။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာရဲ့ဝန်းရံမှုအပေါ် ဘယ်လိုသဘောထားပါသလဲ။ မြန်မာနိုင်ငံရဲ့ပြဿနာအရပ်ရပ်ကို ဖြေရှင်းနိုင်ရေးမှာ သူ့အခန်းကဏ္ဍက ဘယ်အနေအထားမှာရှိတယ်လို့ ယူဆပါသလဲ။

ဖြေ ။ ။ ကုလသမဂ္ဂနဲ့နိုင်ငံတကာအနေနဲ့တွေ့ဆုံဆွေးနွေးရေးကိစ္စအတွက် နအဖကိုသေသေချာချာမေးဖို့ လိုမယ်လို့ထင်တယ်။

နအဖက ဒီဆန္ဒခံယူပွဲ မဖြစ်မနေလုပ်မယ့်ကိစ္စကိုလည်း သေသေချာချာ နအဖနဲ့ စကားပြောဖို့လိုလိမ့်မယ်လို့ထင်တယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ပြီး သူ့စကားကိုလည်း အသေအချာနားထောင်ဖို့လိုမယ်။ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအနေနဲ့ ကျိန်းသေပေါက်လုပ်သင့်တဲ့အလုပ်ကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ချွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးဖို့၊ တိုင်းပြည်တွင်းမှာ ဖိနှိပ်ချုပ်ချယ်တဲ့ဥပဒေတွေကို ရုတ်သိမ်းပေးဖို့၊ ဆန္ဒခံယူပွဲလုပ်မယ်ဆိုရင်လည်း လွတ်လပ်ပြီးတရားမျှတတဲ့ ဆန္ဒခံယူပွဲလုပ်ပေးဖို့ နအဖကိုပြောဖို့လိုမယ်။

အဲဒီလိုအခြေအနေတွေမရှိဘဲ မနိုင်ဘဲနဲ့ အတင်းအဓမ္မလုပ်ခဲ့ရင် အဲဒီရလဒ်တွေကို ကုလသမဂ္ဂနဲ့ နိုင်ငံတကာကလက်မခံဘူးဆိုတာကိုပါ ပြင်းပြင်းထန်ထန်ပြောဆိုရမှာ ဖြစ်တယ်။ သို့သော်လည်း နအဖက နိုင်ငံတကာစကားလည်းနားမထောင်၊ ပြည်သူတွေရဲ့ဆန္ဒကိုလည်း လျစ်လျူဆက်ရှုဆိုတာမျိုးဆက်လုပ်သွားနိုင်တယ်။ ဒီအတွက် ပြည်သူတွေရဲ့အားနဲ့ပဲ နအဖကို အလဲထိုးရလိမ့်မယ်။

*မေး ။ ။ "လူထုကသာ အဓိကဖြစ်တယ်။ လူထုနည်းဖြင့်သာ အရာရာကိုဆုံးဖြတ်နိုင်တယ်" အဆိုကို လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက လက်ခံယုံကြည်ပါသလား။*

ဖြေ ။ ။ ကျနော်တို့ပါတီရဲ့ ဆောင်ပုဒ်ဟာ "ပြည်သူသာ အမိ၊ ပြည်သူသာ အဖ" ဖြစ်ပါတယ်။

*မေး ။ ။ နအဖက နည်းအမျိုးမျိုးနဲ့ ညစ်ပတ်လာမှာကို လူထုနည်းနဲ့ ဘယ်လိုတားဆီးကျော်လွှားနိုင်မှာလဲ။ ကျော်လွှားနိုင်မယ်လို့ မျှော်လင့်ယုံကြည်ပါသလား။ လူထုကို၊ လုပ်ဖော်ကိုင်ဖက်များကို ယနေ့လုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး ပန်ကြားချင်တာ အကြံပြုချင်တာရှိရင် ပြောကြားပေးပါ။*

ဖြေ ။ ။ နအဖက ကြံ့ဖွံ့အင်အား (၂၄) သန်းရှိတယ်လို့ပြောတယ်။ ကျောင်းဆရာ၊ ဆရာမတွေ၊ ကျောင်းသူကျောင်းသားတွေ၊ ဝန်ထမ်းတွေ၊ လယ်သမားအလုပ်သမားတွေအားလုံးကို သူတို့အားဆိုပြီး လုပ်ထားတယ်။ တကယ်တော့ သူတို့အားဆိုတာ အဲဒီ (၂၄) သန်းထဲက (၁) ရာခိုင်နှုန်းလောက်တောင် ရှိချင်မှရှိမှာပါ။ အဲဒီအားတွေဟာ တကယ်တော့ ကျနော်တို့အားတွေဖြစ်တယ်။ ကျနော်တို့ပြည်သူတွေဖြစ်တယ်။

အဲဒီ (၂၄) သန်းသောပြည်သူတွေက မဲပေးနိုင်တဲ့အရွယ်အများစုဖြစ်တယ်။ အဲဒီပြည်သူတွေကို ယုံယုံကြည်ကြည်စည်းရုံးပါ။ ယုံယုံကြည်ကြည်လှုံ့ဆော်ပါ။ သူတို့ နအဖရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျိန်းသေပေါက်ဆန့်ကျင်ပါလိမ့်မယ်။

ကြံ့ဖွံ့အင်အားတွေထဲမှာ ညစ်ပတ်မယ့် နအဖရဲ့လက်ကိုင်တုတ်တွေက လက်တဆုပ်စာပါ။ စက်တင်ဘာလှုပ်ရှားမှုကို ကြည့်ပါ။ သံဃာထုနဲ့ပြည်သူတွေက တကယ်တမ်းလမ်းပေါ်ထွက်လာတော့ အဲဒီလက်တဆုပ်စာကြံ့ဖွံ့တွေ အကုန်ပျောက်ကုန်တယ် မဟုတ်လား။

ဒီဆန္ဒခံယူပွဲမှာလည်း မဲပေးနိုင်တဲ့ပြည်သူအားလုံး မဲရုံကိုသွားခဲ့ရင် ကန့်ကွက်မဲပေးခဲ့ရင် ပြီးတော့ သူတို့ကိုစောင့်ကြည့်ရင် ဒီလက်ကိုင်တုတ်တစုက ပြည်သူအများစုကြီးကို ရင်ဆိုင်ရဲမယ်လို့ ကျနော်မထင်ဘူး။ ဒါကြောင့် အဲဒီနေ့မှာ ပြည်သူအများစုကြီးက လမ်းမပေါ်ထွက် မဲရုံကိုသွား၊ အင်နဲ့အားနဲ့ နအဖရဲ့အတုအယောင်ဖွဲ့စည်းပုံကို ကန့်ကွက်ကြရလိမ့်မယ်။ အဲဒီလိုအခြေအနေဖန်တီးနိုင်အောင် ကျနော်တို့တတွေနဲ့ ကျနော်တို့ လုပ်ဖော်ကိုင်ဖက်တွေက အခုကတည်းက ပြင်ပြင်ဆင်ဆင် လုပ်ကြရလိမ့်မယ်။ ဒီပွဲနိုင်ကိုနိုင်ရမယ်။ နိုင်အောင်လည်း တိုက်ရမယ်။ ❖

**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ**
**သုတေသနနှင့်လေ့လာရေးဌာန**
**ဝေဖန်သုံးသပ်ချက်**
**အမှတ်စဉ် (၂/၂၀၀၈)**
**အဆင့်တိုင်းတိုက်ဖျက်နေပါသည်**

**(၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)**

၁။ (နအဖ) စစ်အစိုးရ၏ '(၅၄) ဦးကော်မရှင်'က အခြေခံဥပဒေ (မူကြမ်း) ရေးဆွဲခြင်းကို အပြီးသတ်ခဲ့ပြီ။

၂။ ယင်းအခြေခံဥပဒေ (မူကြမ်း) ကို လာမည့်မေလ (၂၀၀၈) တွင် 'ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီး'ပြုလုပ်၍ အတည်ပြုမည်ဟု ထုတ်ဖော်ပြောကြားထားသည်။ သို့သော်လည်း 'ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီး'ကို မည်သို့သောနည်းလမ်း၊ မည်သို့သောပုံစံဖြင့်ကျင်းပပြုလုပ်မည်ကို ယခုအချိန်အထိ တိကျရှင်းလင်းစွာ ထုတ်ဖော်ပြောကြားခြင်းမရှိသေးပါ။

၃။ မည်သည့်နည်းလမ်း၊ မည်သည့်ပုံစံကိုကျင့်သုံးလာသည်ဖြစ်စေ ပြည်သူများ၊ ပြည်တွင်းပြည်ပရှိ နိုင်ငံရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအနေဖြင့် (နအဖ) စစ်အစိုးရကချပြလာမည့် အခြေခံဥပဒေမူကြမ်းကို ပြတ်ပြတ်သားသားဆန့်ကျင်ပယ်ချသွားနိုင်ရန်သာဖြစ်သည်။ အားလုံးက ယင်းဦးတည်ချက်ကို ပထမဦးစွာရှင်းရှင်းလင်းလင်းရှိစေရန်လိုအပ်ပါသည်။ တဆက်တည်းမှာလည်း ထိုသို့ ပြတ်ပြတ်သားသားဆန့်ကျင်ပယ်ချသွားနိုင်ရန်အတွက် လိုအပ်သောအခြေအနေအကြောင်းအချက်များကိုလည်း ဘက်ပေါင်းစုံကပြင်ဆင်ထားကြရမည်သာဖြစ်သည်။

၄။ ထိုသို့ ပြတ်ပြတ်သားသားဆန့်ကျင်ပယ်ချသွားနိုင်ရန်အတွက် လိုအပ်သောအခြေအနေအကြောင်းအချက်များကို ဖော်ထုတ်ခြင်း၊ တောင်းဆိုခြင်း၊ ပြင်ဆင်ခြင်းများသည်ချပြလာမည့် အခြေခံဥပဒေ (မူကြမ်း) ကို လက်ခံအသိအမှတ်ပြုရာရောက်သည်ဟု အချို့က လွဲမှားစွာထင်မြင်ယူဆနေကြသည်။

၅။ မည်သည့်ကိစ္စကိုဆောင်ရွက်သည်ဖြစ်စေ၊ ဖြစ်ပေါ်တည်ရှိနေသည့် ပကတိအခြေအနေနှင့်ကင်းလွတ်၍ စဉ်းစားနိုင်သည်မဟုတ်၊ ဆောင်ရွက်နိုင်လိမ့်မည်လည်းမဟုတ်ချေ။ ဒါဆိုလျှင် (၃) ပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးပြုလုပ်ရန်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးပြုလုပ်ရန် တောင်းဆိုနေခြင်းကို ကျနော်တို့မည်သို့နားလည်ကြမည်နည်း။ (၃) ပွင့်ဆွေးနွေးရေးတောင်းဆိုချက်သည် လက်ရှိစစ်အစိုးရကို ဆွေးနွေးဖက်အပွင့်တပွင့်အဖြစ် အသိအမှတ်ပြုခြင်းမဟုတ်ပါလား။ ၁၉၉၀ ပြည့်ရွေးကောက်ပွဲရလဒ် အတိုင်းသာဆောင်ရွက်မည်ဆိုလျှင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ အာဏာလွှဲပြောင်းပေးရန်သာရှိသည်။ သို့သော်လည်း လက်တွေ့အခြေအနေသည်ယင်းသို့ဖြစ်ပေါ်လာခဲ့သည်မဟုတ်။

၆။ ကျနော်တို့သည် ၁၉၉၀ပြည့်ရွေးကောက်ပွဲရလဒ်အတိုင်း အနိုင်ရပါတီ (ဒီချုပ်) အား အာဏာလွှဲပြောင်းပေးရန် (နဝတ) စစ်အစိုးရက မဆောင်ရွက်ခဲ့သဖြင့်ဆန့်ကျင်ကန့်ကွက်ခဲ့ကြပြီ။ ထို့နောက် (နဝတ) စစ်အစိုးရက ကြေညာချက်အမှတ် (၁/၉၀)ကြေညာခဲ့သည်။ ထို့အပြင်ကြေညာချက်အမှတ်(၁၁/၉၂)အရ အမျိုးသားညီလာခံကျင်းပလာသောအခါတွင်လည်း အတုအယောင်ညီလာခံသာဖြစ်သည်။ ထိုညီလာခံကရရှိချက်များသည်လည်း အတုအယောင်ရရှိချက်များသာဖြစ်သည်ဟု ထပ်မံဖွင့်ချခဲ့ကြသည်။ ယခု ထိုအတုအယောင်ရရှိချက်များဖြင့်ရေးဆွဲထားသည့် အခြေခံဥပဒေ (မူကြမ်း) ကို အတည်ပြုနိုင်ရန်ချပြလာတော့မည်။ ယင်းသို့ချပြလာခြင်းကို ပြတ်ပြတ်သားသားဆန့်ကျင်ကြရမည်သာဖြစ်သည်။ သို့အတွက် ဘက်ပေါင်းစုံကဆန့်ကျင်ကန့်ကွက်နိုင်ရန် လိုအပ်သောအခြေအနေအကြောင်းအချက်များကို တောင်းဆိုနေခြင်းဖြစ်ပါသည်။ ပြင်ဆင်နေခြင်းဖြစ်ပါသည်။ ယင်းသည် ကျနော်တို့ပြောခဲ့သည့်အတိုင်း လမ်းပြမြေပုံကို အဆင့်တိုင်းတွင်တိုက်ဖျက်နေခြင်းဖြစ်ပါသည်။

၇။ 'ဗဟိုဖွံ့ဖြိုးရေးအဖွဲ့'က ဦးအောင်သူငြိမ်း၏ ပြောကြားချက်ဖြင့် နိဂုံးချုပ်လိုက်ပါသည်။ "ကျနော်ထင်တယ် လာမယ့် ရက် (၉၀) လောက်အတွင်းမှာ ဖြစ်မယ်ဆိုတော့ အချိန်က သိပ်တိုတောင်းနေပါပြီ။ အဲတော့ *(NLD)* အနေနဲ့ လုပ်နိုင်တာကတော့ ကျနော်မြင်တာ ဒီဆန္ဒခံယူပွဲကို လူထုကိုအဆုံးဖြတ်ခံခိုင်းတာကတော့ အကောင်းဆုံးပဲထင်ပါတယ်။ အခုဟာက (နအဖ) စစ်အစိုးရက မညှိနိုင်းတော့ဘဲနဲ့ သူ့ဖာသာနဲ့သူသွားတော့မယ့်ပုံစံမျိုးလည်း ဖြစ်နေပါပြီ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့တော့ မဲမလိမ်အောင်၊ မညစ်အောင် စသည်ဖြင့် ဒါမျိုးဘယ်လိုလုပ်နိုင်မလဲပေါ့။ နောက်တခုက နိုင်ငံတကာ စောင့်ကြည့်မှုတွေရအောင် တောင်းဆိုတာမျိုးတို့၊ ဒါအနိမ့်ဆုံးလုပ်နိုင်မယ်လို့တော့ ထင်ပါတယ်။""ဆန္ဒခံယူပွဲကို လုံးဝမသွားတာထက်စာရင်တော့ လူကိုယ်တိုင်သွားပြီးတော့ ကန့်ကွက်မဲပေးတာကပိုပြီးတော့ ထိရောက်လိမ့်မယ်လို့ ယူဆပါတယ်။"

(ဗဟိုဖွံ့ဖြိုးရေးအဖွဲ့က ဦးအောင်သူငြိမ်း၏ ဘီဘီစီသို့ပြောကြားချက်/ဖေဖော်ဝါရီ ၁၉ )

# နအဖ၏အခြေခံဥပဒေအား တခဲနက် ကန့်ကွက်မဲပေးခြင်းသည်သာလျှင် တိုင်းပြည်အတွက် တခုတည်းသော အခွင့်အရေးဖြစ်ကြောင်း ဗမာပြည်ကွန်မြူနစ်ပါတီက အစီရင်ခံစာတစောင်ထုတ်ပြန်

နအဖစစ်အုပ်စုက ၂၀၀၈ မေလတွင် ပြည်သူ့ဆန္ဒခံယူပွဲလုပ်မည်ဟု ကြေညာလိုက်ခြင်းမှာ ၎င်းတို့၏လမ်းပြမြေပုံအဆင့် (၄) ကိုအသုံးချလျှက် အဖွဲ့ချုပ် (အဲန်အယ်လ်ဒီ) အား အပြီးတိုင်ဖျက်သိမ်းချေမှုန်းရန်ဖြစ်ကြောင်း ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းပိုင်းတွင်ထုတ်ပြန်သည့် ဗမာပြည်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး၏ အစီရင်ခံစာတွင်ရေးသားဖော်ပြထားသည်။

အကယ်၍ မေလတွင်ကျင်းပမည့် ပြည်သူ့ဆန္ဒခံယူပွဲတွင် တတိုင်းတပြည်လုံးက နအဖစစ်အုပ်စု၏ အခြေခံဥပဒေကို အတည်ပြုလိုက်ပါက လာမည့် ၂၀၁၀ တွင်ကျင်းပမည်ဖြစ်သော ရွေးကောက်ပွဲအသစ်တွင် အဖွဲ့ချုပ်ပါဝင်မည်လား၊ မဝင်ဘဲဖျက်သိမ်းခံမည်လားဟု နအဖဘက်မှ ရာဇသံပေးလာမည်ဖြစ်ကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံဆွေးနွေးနေမှုများကိုလည်း အပြီးတိုင် ရပ်စဲလိုက်မည်ဖြစ်ကြောင်းတို့ကို သုံးသပ်တင်ပြထားသည်။

ထိုအစီရင်ခံစာတွင် "အဲန်အယ်လ်ဒီသည် ကျနော်တို့ ၁၉၈၈ အုံကြွမှုရဲ့အောင်သီးအောင်ပွင့်ဖြစ်သည်။ အဲန်အယ်လ်ဒီကို ကာကွယ်ကြရပါမည်။ အဲန်အယ်လ်ဒီကိုကာကွယ်ဖို့ ကျနော်တို့ နည်းနာရှာကြရပါမည်" ဟု အတိအလင်း တိုက်တွန်းရေးသားထားသည်။

နအဖ၏ပြည်သူ့ဆန္ဒခံယူပွဲအား သပိတ်မှောက်လိုက်ပါက စစ်အုပ်စုအကြိုက်ဖြစ်သွားမည်ဖြစ်၍ 'ကန့်ကွက်မဲ' ပေးခြင်းဖြင့် တော်လှန်ရန် လူထုကိုစည်းရုံးသင့်ကြောင်း အကြံပြုတင်ပြထားသည်။ ထိုသို့စည်းရုံးရာတွင် မစ္စတာဂမ်ဘာရီမှတဆင့် ထုတ်ပြန်လိုက်သည့်သာတာဝန်ရှိသည်မဟုတ်သလို တပါတီတည်းနှင့်လုပ်၍လည်း ဖြစ်နိုင်မည်မဟုတ်သည့်အတွက် ကန့်ကွက်မဲများရရှိရေး စည်းရုံးရေးများ စတင်ဆင်းသင့်ပြီဖြစ်ကြောင်း၊ ကန့်ကွက်မဲများကိုအသုံးချ၍ နအဖ၏အခြေခံဥပဒေကိုပယ်ချနိုင်မှသာလျှင် ပြည်သူများမျှော်လင့်နေသည့် စေ့စပ်ဆွေးနွေးရေးတခါးပွင့်လာမည်ဖြစ်ကြောင်း၊ ထိုအချိန်ကျမှသာလျှင် စေ့စပ်ဆွေးနွေးလိုသောစစ်ခေါင်းဆောင်များလည်း ပေါ်ထွက်လာနိုင်မည်ဖြစ်ကြောင်းတို့ကို အတိအလင်းဖော်ပြထားသည်။

အစီရင်ခံစာ၏သုံးသပ်တင်ပြချက်တွင် ယခု နအဖစစ်အုပ်စု၏ လမ်းပြမြေပုံဆိုသည်မှာ ၁၉၄၅ ခုနှစ်က အင်္ဂလိပ်အစိုးရချပေးသော စက္ကူဖြူစီမံကိန်းနှင့် သဘာဝအားဖြင့်တူညီနေကြောင်း၊ ထိုစက္ကူဖြူစီမံကိန်းအား ဖဆပလအဖွဲ့ချုပ်က ရွှေတိဂုံအလယ်ပစ္စယံညီလာခံဖြင့်ဆန့်ကျင်ခဲ့ကြကြောင်းကိုလည်း နှိုင်းယှဉ်ဖော်ပြခဲ့သည်။

ရွှေတိဂုံအလယ်ပစ္စယံညီလာခံမှ မျက်နှာဖြူအစိုးရအားတောင်းဆိုရန် ဆုံးဖြတ်ချက်များမှာ လုံးဝလွတ်လပ်ရေး၊ မြေယာစနစ်ပြုပြင်ရေး၊ နယ်ချဲ့ကုမ္ပဏီများအား ပြည်သူပိုင်သိမ်းရေး၊ (၁၈) နှစ်ပြည့်သူတိုင်း မဲပေးရေး၊ တိုင်းပြုပြည်ပြုလွှတ်တော်ခေါ်ရေး စသည့်အချက်များပါဝင်သည်။ ထိုဆုံးဖြတ်ချက်များအား ဘုံအနိမ့်ဆုံးလုပ်ငန်းစဉ် (CMP-Common Minimum Programme) ဟု သတ်မှတ်ခဲ့သည့်နည်းတူ ယခုလည်း စီအမ်ပီကို ချမှတ်အကောင်အထည်ဖော်ရမည်ဟု ဖော်ပြထားသည်။ နအဖစစ်အုပ်စုအား အပြီးတိုင်ဖျက်သိမ်းနိုင်ရေးတွင် မရှိမဖြစ်လိုအပ်သော ထိုအနိမ့်ဆုံးဘုံလုပ်ငန်းစဉ် (စီအမ်ပီ)

> **မေလတွင်ကျင်းပမည့် ပြည်သူ့ဆန္ဒခံယူပွဲတွင် တတိုင်းတပြည်လုံးက နအဖစစ်အုပ်စု၏အခြေခံဥပဒေကို အတည်ပြုလိုက်ပါက လာမည့် ၂၀၁၀ တွင်ကျင်းပမည်ဖြစ်သော ရွေးကောက်ပွဲအသစ်တွင် အဖွဲ့ချုပ် ပါဝင်မည်လား။ မဝင်ဘဲဖျက်သိမ်းခံမည်လားဟုနအဖဘက်မှရာဇသံပေးလာမည်ဖြစ်ကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးနေမှုများကိုလည်း အပြီးတိုင် ရပ်စဲလိုက်မည်ဖြစ်ကြောင်း.....**

ဒေါ်အောင်ဆန်းစုကြည်၏ ထုတ်ပြန်ချက်သည်လည်းကောင်း၊ အဲန်အယ်လ်ဒီခေါင်းဆောင်များက အခါအားလျော်စွာထုတ်ပြန်သည့်ကြေညာချက်များတွင်လည်းကောင်း အတွေးအခေါ်အရ ဦးဆောင်မှုပေးခဲ့ခြင်းများဖြစ်သည့်အတိုင်း ရှေ့ဆက်၍လည်း ရဲရဲတောက်ရှေ့ဆောင်သွားရန်လိုအပ်ကြောင်း အကြံပြုထားသည်။

ကန့်ကွက်မဲများ အပြတ်အသတ် လိုလောက်စွာရရှိရေးသည် အဲန်အယ်လ်ဒီတွင်နှင့်ပတ်သက်၍ ဗမာပြည်ကွန်မြူနစ်ပါတီအနေနှင့် မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်နှင့်မဆို လက်တွဲ၍ဆွေးနွေးညှိနှိုင်းလိုကြောင်း ဖိတ်ခေါ်ထားသည်။

ကွန်မြူနစ်ပါတီမှချမှတ်မည့် အနိမ့်ဆုံးဘုံလုပ်ငန်း စဉ်အဆင့် (စီအမ်ပီ)တွင် နအဖ၏လမ်းပြမြေပုံကို တိုက်ဖျက်ရေးသည် နိုင်ငံရေးလုပ်ငန်းစဉ်အဖြစ် ရှေ့ဆုံးကပါဝင်သင့်ကြောင်း၊ နအဖစစ်အုပ်စုမှ ၎င်းတို့နှင့် မည်သို့မျှမသက်ဆိုင်သော စက်မှုကဏ္ဍတွင်လည်းကောင်း၊ အုပ်ချုပ်ရေး၊ သံတမန်ရေး စသည့်ကဏ္ဍများတွင် မဆီမဆိုင်ပါဝင်နေမှုများအား သင့်တော်စွာရှင်းလင်းရေးကိုလည်း စီအမ်ပီတွင်ပါဝင်သင့်ကြောင်း ဖော်ပြထားသည်။

စစ်အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့အသွင်ကူးပြောင်းရာတွင် ကြားကာလသတ်မှတ်ခြင်းလည်း ပါဝင်ရမည်ဖြစ်ပြီး စီးပွားရေး၊ အုပ်ချုပ်ရေးကဏ္ဍများတွင် စိမ့်ဝင်နေသည့် နအဖ၏စစ်ဗိုလ်စစ်သားများအား စနစ်တကျရှင်းလင်းရေးကိုလည်း ဆောင်ရွက်ရန်လိုအပ်ကြောင်း ပါရှိသည်။ ထိုသို့ဖြေရှင်းရာတွင် တပ်မတော်ခေါင်းဆောင်များ၏ စိတ်ရောကိုယ်ပါ ပူးပေါင်းကူညီမှုကိုမရရှိဘဲ ဖြေရှင်း၍မရနိုင်သည့်အတွက် အမြော်အမြင်ရှိသော၊ တိုင်းပြည်အပေါ်တွင် အမြင်ကြည်လင်သော တပ်မတော်ခေါင်းဆောင်များအား ကြားဖြတ်ကာလတွင် သင့်တော်သောအဆင့်နေရာများပေးရန် လိုအပ်ကြောင်းလည်း ပါဝင်သည်။

သတ်မှတ်ထားသော ကြားဖြတ်ကူးပြောင်းရေးကာလတွင် မဖြစ်မနေဆောင်ရွက်ရမည့် အခြားလုပ်ငန်းစဉ်တရပ်မှာ အပစ်ရပ်အဖွဲ့များနှင့် အမှန်တကယ်ငြိမ်းချမ်းရေးသဘောတူညီချက်ရအောင် ဆောင်ရွက်ရဦးမည်ဖြစ်ကြောင်းဖော်ပြပါရှိသည်။ ဤနည်းအားဖြင့် နှစ်ပေါင်း (၅၀) နီးပါးခန့် ဖျက်ဆီးထားခြင်းခံခဲ့ရသော အရာရာကို ပြုပြင်ပြောင်းလဲရမည်ဖြစ်ကြောင်းရေးသားထားသည်။ ဗိုလ်နေဝင်း၏ စစ်အုပ်စုလက်ထက်မှစ၍ ယခုအချိန်ကာလတိုင်အောင် စစ်တပ်နှင့်နိုင်ငံရေးသမားများအား ရန်တိုက်ပေးထားသည့် မှားယွင်းသော လမ်းစဉ်ပေါ်လစီများကို ပြုပြင်ရန်လည်း အရေးကြီးကြောင်းလည်း အစီရင်ခံစာတွင် ပါဝင်သည်။

ကန့်ကွက်မဲ များများပေးရန် နအဖစစ်အုပ်စု၏အခြေခံဥပဒေအား ဆန့်ကျင်သူ မည်သူမဆိုနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းကိုလည်း ထိုအစီရင်ခံစားတွင် ရေးသားထားသည်။

ပြည်သူများအနေနှင့် ၁၉၆၀ တွင်လည်းကောင်း၊ ၁၉၉၀ တွင်လည်းကောင်း၊ ရွေးကောက်ပွဲအတွေ့အကြုံများရှိခဲ့သည့်နည်းတူ ၁၉၇၄ တွင်လည်း မဲလိမ်ခံရသည့်အတွေ့အကြုံရရှိခဲ့ပြီးဖြစ်သည့်အတွက် တထွာပြလျှင် တတောင်မြင်တတ်သော ပြည်သူများအား အဲန်အယ်လ်ဒီမှ ပြတ်ပြတ်သားသားဦးဆောင်မှုပေးပါရန်ကိုလည်း တိုက်တွန်းထားသည်။

စစ်အာဏာသိမ်းအစိုးရက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲလုပ်ပေးခြင်းသည် ၁၉၉၀ ရွေးကောက်ပွဲရလဒ်အား အသိအမှတ်မပြုချင်သောကြောင့်လည်းကောင်း၊ လွှတ်တော်ခေါ်မပေးချင်၊ စေ့စပ်ဆွေးနွေးပွဲလည်း မလုပ်ချင်သောကြောင်ဖြစ်ကြောင်း၊ ထို့ကြောင့် ထိုအခွင့်အရေးအား လက်လွတ်မခံဘဲ တခဲနက်ကန့်ကွက်မဲပေးကြရန်သာ တိုင်းပြည်အတွက် တခုတည်းသောအခွင့်အရေးဖြစ်ကြောင်းကို နိဂုံးချုပ်တွင်တင်ပြထားသည်။ ❖

# နအဖကြီးမှူးကျင်းပမည့် ပြည်သူ့ဆန္ဒခံယူပွဲအား ကုလသမဂ္ဂမှ လာရောက်ကြီးကြပ်ပေးသင့်

နအဖစစ်အုပ်စု၏ (၁/၂၀၀၈) အရ မြန်မာပြည်တွင် လာမည့်မေလအတွင်း ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပတော့မည့်အရေးနှင့် ပတ်သက်၍ ရဲဘော်စိုးချစ်က မြန်မာပြည်သူများ၊ မြန်မာ့အရေးလှုပ်ရှားဆောင်ရွက်နေသူများအား အိပ်ဖွင့်ပေးစာတစောင်ကို ဖြန့်ချိလိုက်သည်။

ထိုစာတွင် ဗိုလ်နေဝင်းကျင်းပခဲ့သော ပြည်သူ့ဆန္ဒခံယူပွဲကျင်းပခဲ့ပုံနှင့် ယခုလာမည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျင်းပပေးမည့် ပြည်သူ့ဆန္ဒခံယူပွဲတို့ကို နှိုင်းယှဉ်သုံးသပ်တင်ပြထားသည်။

ဗိုလ်ချုပ်နေဝင်းသည် ၁၉၆၂ ခုနှစ်တွင် အာဏာသိမ်းခြင်းအားဖြင့် ပထစ ခေါ် ပြည်ထောင်စုအစိုးရလွှမ်းမိုးသောလွှတ်တော်ကို ဖျက်သိမ်းခဲ့သောကြောင့် ဥပဒေအတည်ပြုစရာလွှတ်တော်မရှိသဖြင့် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပခြင်းဖြင့် စစ်အစိုးရစိတ်ကြိုက်ရေးဆွဲထားသည့် အခြေခံဥပဒေကို မဲလိမ်ကာ အတည် ပြုပြခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ၁၉၆၂ ခုနှစ်ကျောင်းသားအရေးအခင်းတခုနောက်ပိုင်းမှစ၍ (၇၄) ခုနှစ်တွင် မဆလ၏ တပါတီအာဏာတည်မြဲရေးအခြေခံဥပဒေအား ရေးဆွဲချိန်မှ အတည်ပြုချိန်အထိ ဗိုလ်ချုပ်နေဝင်းအစိုးရလက်ထက်တွင် အရေးအခင်းများ၏စိန်ခေါ်မှုများ၊ နိုင်ငံရေးပါတီများ၏ နိုင်ငံအရေးလှုပ်ရှားဆောင်ရွက်မှုများကို ရင်မဆိုင်ခဲ့ရပေ။

ယနေ့အချိန်တွင် လွှတ်တော်အမတ်နေရာ အများဆုံး၊ ရာခိုင်နှုန်းအားဖြင့် (၈၄) ရာခိုင်နှုန်းအနိုင်ရထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါဝင်မည့်လွှတ်တော်ကို ခေါ်ပေးလျှင် စစ်အုပ်စုနေရာပျောက်မှာစိုး၍လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ဖျက်သိမ်းပစ်ရန်လည်း အခွင့်အရေးမရှိသောကြောင့်လည်းကောင်း ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရန် အတင်းအဓမ္မစီစဉ်နေခြင်းဖြစ်ကြောင်း ရေးသားထားသည်။

မဆလလက်ထက်က စစ်တပ်အုပ်ချုပ်ရေးသည် ယခုလက်ရှိ ဗိုလ်ချုပ်မှူးကြီးသန်းရွှေလက်ထက်ထက်ပို၍ စည်းရုံးရလွယ်ကူခဲ့သော်လည်း ယခုလက်ငင်းအခြေအနေတွင် စစ်တပ်ထဲ၌ပင်လျှင် သဘောထားမတိုက်ဆိုင်မှုများရှိနေခဲ့သည့်အတွက် ယခုလိုကာလတွင် ကန့်ကွက်မဲများများရရှိရေးအတွက် ဝိုင်းဝန်းစည်းရုံးလှုံ့ဆော်မည်ဆိုပါက စစ်အုပ်စု၏ ပြည်သူ့ဆန္ဒခံယူပွဲဖြင့်ပင် စစ်အုပ်စုအားဖြုတ်ချ၍ရနိုင်ကြောင်း သုံးသပ်တင်ပြထားသည်။

ဆက်လက်၍ ရဲဘော်စိုးချစ်က မဲပေးနိုင်သော အသက်အပိုင်းအခြားလူဦးရေ (၂၄) သန်းအား ကြို့ဖွံ့အဖြစ် လက်သပ်မွေးထားပြီးဖြစ်သော စစ်အုပ်စုနှင့်ယှဉ်ပြိုင်ရာတွင် အသံတိတ်ဆန္ဒပြနည်းကိုသာရွေးချယ်သင့်ပြီး သပိတ်မှောက်သည့်နည်းကို မလုပ်သင့်ကြောင်း သုံးသပ်တင်ပြထားသည်။ ထို့အပြင် အမျိုးသမီးရေးရာကဲ့သို့သောအဖွဲ့များနှင့် အစိုးရဝန်ထမ်း (၁) သန်းခန့်၏ မဲအရေအတွက်များလည်း ရှိနေသေးသည့်အတွက် အကယ်၍ ပြည်သူများက စစ်အုပ်စုအားသပိတ်မှောက်သောအားဖြင့် မဲသွားမထည့်ပါက ထို (၂၅) သန်းသောမဲအားလုံးသည် 'အဖြူပုံး' ထဲသို့သာရောက်ရှိသွားမည်ဖြစ်ကာ 'ကန့်ကွက်မဲ' မရှိဘဲ အတည်ဖြစ်သွားတော့မည်ဖြစ်ကြောင်း ထောက်ပြထားသည်။

ထို့ကြောင့် ပြည်သူအားလုံး မဲရုံသို့မဖြစ်မနေသွားရောက်ကာ ကန့်ကွက်မဲပေးခြင်းအားဖြင့်သာလျှင် စစ်အုပ်စုကိုဖြုတ်ချနိုင်မည့်တခုတည်းသောလမ်းကို လျှောက်ရမည်ဖြစ်ကြောင်း၊ ဤသည်မှာ လမ်းပေါ်သို့ထွက်ကာဆန္ဒပြခဲ့ကြသော စက်တင်ဘာအရေးအခင်းကဲ့သို့ စွန့်စားရခြင်းမရှိသောကြောင့် လူထုအနေနှင့် လုပ်ဝံ့လုပ်နိုင်သောအလုပ်ဖြစ်ကြောင်းလည်း ဆက်လက်ရေးသားထားသည်။

တခုတည်းသော အရေးကြီးကိစ္စမှာ ဤသို့ကန့်ကွက်မဲပေးရာတွင် ကုလသမဂ္ဂကဲ့သို့သောအဖွဲ့အစည်းက စစ်မှန်သောပြည်သူ့ဆန္ဒခံယူပွဲဖြစ်မြောက်စေရေးအတွက် လာရောက်စောင့်ကြပ်ပေးသင့်ကြောင်း တခဲနက်ဝိုင်းဝန်းတောင်းဆိုကြရမည်ဖြစ်ကြောင်းကိုလည်း အကြံပြုတင်ပြထားကြောင်းတွေ့ရသည်။ ❖

စာမျက်နှာ (၈) ဇွန်မိုးဆောင်းပါးမှ ...

ပွဲရလဒ်ကို ဒီပွဲနှင့်အပြတ်ဖြတ်လိမ့်မယ်။

တွေ့ဆုံဆွေးနွေးရေးတိုက်တွန်းချက်တွေအားလုံးကို ဒီပွဲနှင့်အပြတ်ဖြတ်လိမ့်မယ်။

အပစ်ရပ်အင်အားစုတို့ရဲ့ တပ်တည်ရှိမှုနှင့်ပါတီတည်ရှိမှုတွေကို ဒီပွဲနှင့်အပြတ်ဖြတ်လိမ့်မယ်။

ကျနော်တို့က သူ့ရဲ့အပြတ်ဖြတ်ရေးရည်မှန်းချက်တွေကို ဒီလိုပဲ လည်စင်းပေးလိုက်ကြရမှာလား။

NLD ရဲ့ ရှေ့ဆောင်ရှေ့ရွက်ပြုမှုနှင့် ပြည်တွင်းပြည်ပအင်အားစုအသီးသီးက လူမျိုးပေါင်းစုံလူထုကြီးနှင့်လက်တွဲပြီး ဒီပွဲကို တက်စုံရွက်ကုန်လွှင့်ပြီး မနိုင်နိုင်အောင် တိုက်ကိုတိုက်ကြရလိမ့်မယ် မဟုတ်ဘူးလား။

ကျနော်တို့က သူ့ကိုမဖြတ်နိုင်ရင် သူက ကျနော်တို့ကိုဖြတ်သွားလိမ့်မယ်။ အဲဒါကတော့ ကျိန်းသေပဲ။

အဲဒါကြောင့်မို့လို့ ....

နအဖရဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေကို လူထုအားနှင့် စက္ကူစုတ်လုပ်ပစ်ရေးဟာ ဒီနေ့ကာလရဲ့ သေရေးရှင်ရေး၊ မဖြစ်မနေလုပ်ကိုလုပ်ရမယ့် မဟာတာဝန်တရပ် ဖြစ်တယ်။

သူဘယ်လောက်ပဲ ညစ်ပတ် ညစ်ပတ်၊
သူဘယ်လောက်ပဲ ဖိနှိပ် ဖိနှိပ်၊

အဲဒီညစ်ပတ်မှုတွေ၊ ဖိနှိပ်မှုတွေကြားထဲကပဲ အောင်ပွဲကို လူထုနည်းနှင့် မရအရယူကြရပါလိမ့်မယ်။

ဒီပိုင်းဖြတ်မှုဟာ ကျနော်တို့အားလုံးအတွက် ကနေ့ကာလမှာ၊ ကနေ့လို အခြေအနေမျိုးတွေအောက်မှာ အခိုင်အမာချကြရမယ့်သန္နိဋ္ဌာန်ဖြစ်ပါတယ် ....။ ။

ဇွန်မိုး
၂၃/၂/၂၀၀၈
❖

စစ်အာဏာရှင် SPDC ဟာ ပြည်သူလူထုတွေက ဘာတွေတောင်းဆိုတောင်းဆို နေပါစေ .... နိုင်ငံတကာအသိုင်းအဝိုင်းတွေက ဘယ်လိုအကြံပြုဖိအားပေးနေ တိုက်တွန်းနေပါစေ .... လုံး ဝဂရုမစိုက်ပါဘူး။ လက်တလုံးခြား ဝိနည်းရှောင်ကာ လိမ်လည်လှည့်ဖျားပြီး မိမိတို့လိုချင်တဲ့ပန်းတိုင်အရောက် ချီတက်သွားမှာပဲဖြစ်တယ်။

SPDC ဟာ သူတို့ရဲ့ စစ်အာဏာသက်ဆိုးရှည်စေရေးနှင့် တရားဝင်စစ်အာဏာရှင်စနစ်နဲ့ နိုင်ငံကိုဆက်လက်အုပ်ချုပ်သွားဖို့ စီမံချက်အကွက်ကျကျထွင်းပြီး သေသေချာချာစီစဉ်နေပါတယ်။ စစ်အာဏာရှင်ဟာ သူချမှတ်ထားတဲ့ ကြိုရွယ်ချက်အရ (Road Map) အတိုင်းဆက်သွားမယ်။ ဖွဲ့စည်းပုံရေးပါတီပုံစံဖြစ်အောင် နိုင်ငံရေးပါတီဖွဲ့ ခိုင်းပြီး ရွေးကောက်ပွဲဝင်ခိုင်းမယ်။ လက်နက်ကိုင်တပ်ဖွဲ့များကိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တခုတည်းသော တပ်မတော် စစ်ဦးစီးချုပ်လက်အောက်မှာနေစေပြီး စီမံအုပ်ချုပ်ကွပ်ကဲသွားမယ်။ ဒီလိုနဲ့ လက်နက်ကိုင်ထားတဲ့တိုင်းရင်းသားအဖွဲ့အစည်းတွေဟာ ပါတီနှင့်တပ်ဖွဲ့ အင်အားကွဲသွားလိမ့်မယ်။ အချင်းချင်းကြားမှာသပ်လျှိုလိုက်မယ်။ လက်နက်ကိုင်တပ်များကိုလည်း လက်ရှိအင်အားအတိုင်း လက်နက်အင်အား၊ တပ်တည်ဖြန့်ချထားမှုကနေ ရာခိုင်နှုန်းအလိုက်၊ အချိုးအလိုက် လျှော့ချလိုက်မယ်။ ဒီနည်းဟာ လက်နက်ချစရာမလို၊ စွန့်စရာမလို၊ အပ်စရာမလိုဘဲ ဖြေးဖြေးလုံးပါးပါးလိမ့်မယ့်အစီအရာတော်သင်တန်းတက်ပြီးမှ ဆရာတော်ဖြစ်ရတာမျိုးဟာ၊ နောက်ဆုံးတော့ ကျေးရွာမှာ SPDC ရဲ့ အမာခံလူတွေအားလုံးဖြစ်သွားတော့တာပဲ။ ဒါဟာရှိခဲ့ဖူးတဲ့ SPDC ရဲ့ နည်းလမ်းများထဲက တခုအပါအဝင်ပါ။

ဒီလိုစစ်အာဏာရှင် SPDC နှင့်အတူတူတွဲလုပ်ခြင်းကြောင့် အမျိုးသားအတွင်း ပြည်သူတွေမှာ စည်းလုံးညီညွတ်ဖို့ အားနည်းလာလိမ့်မယ်။ ထောက်ခံအားပေးဖို့ မလုပ်လိုတော့ဘူး။ သံသယများလာလိမ့်မယ်။ ခေါင်းဆောင်မှုအခန်းကဏ္ဍ၊ ဦးဆောင်မှုအနေအထားကျဆင်းလာတဲ့နောက်မှာ SPDC ဟာ အခွင့်ကောင်းယူပြီး အပြတ်ချေမှုန်းတော့မှာသေချာတယ်။ ဒါ့အပြင် ပါတီခေါင်းဆောင်တွေဟာ ကိုယ်ကျိုးစီးပွားဖြစ်တဲ့ စည်းစိမ်ကို မိမိတို့အနေနဲ့ရိပ်မိခဲ့ရင် ကြိုတင်တန်ပြန်စဉ်းစားကာ စီမံချက်ချမှတ်ထားဖို့လိုပါတယ်။ ဒီလို SPDC ရဲ့ အလိုကျမဖြစ်အောင် ချော့မြူရေး၊ ခွဲထုတ်ရေး၊ အပြတ်ရှင်းရေးဘောင်မှာမခံရအောင် လက်နက်ကိုင်တော်လှန်ရေး ပြန်စဖို့လိုပါလိမ့်မယ်။ လက်နက်ကိုင်လမ်းစဉ်မှာလည်း ပုံစံအသွင်သစ်၊ အမြင်သစ်နှင့် ဖန်တီးဖို့လိုပါလိမ့်မယ်။ တောတွင်းဗဟိုနယ်စပ် မိမိတို့ဒေသမှာ မဆင်နွှဲတော့ဘဲ SPDC ရဲ့ပစ်မှတ်မှာ ပြည်သူလူထုနှင့် ပူးပေါင်းပြီး လှုပ်ရှားဖို့လိုပါတယ်။ ယနေ့ တမီးလ်တိုက်ဂါးလက်နက်ကိုင်တပ်ဖွဲ့ အီရတ်နိုင်ငံတွင်း တိုက်ပွဲပုံစံကိုဆင်နွှဲရလိမ့်မယ်။

ကနေ့ရရှိထားတဲ့ လူထုတိုက်ပွဲရလဒ်ကို ဆက်လက်ဆုပ်ကိုင်ပြီး ပြည်တွင်းမှာလည်း

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏
# ၂၀၀၈ ခုနှစ်အပေါ် ကြိုရွယ်ချက်ထင်ကြေးများ...



အခြေခံဥပဒေမှာ SPDC ဟာ အလိုအလျောက်အပေါ်စီး ရရှိပြီးသားဖြစ်တယ်။ ဥပမာအားဖြင့် စစ်တပ်ဟာ သမတနေရာ၊ အရေးကြီးတဲ့ဝန်ကြီးဌာနနေရာတွေ၊ ပြည်သူ့ကိုယ်စားလှယ် (၂၅) ရာခိုင်နှုန်းနေရာတွေမှာ ရရှိပြီး အချိန်မရွေး အရေးပေါ်အခြေအနေမှာ အချိန်မရွေးအာဏာပြန်သိမ်းနိုင်အောင် တဖက်သတ်ရေးဆွဲထားတယ်။

စစ်အာဏာရှင် SPDC ဟာ အတိုက်အခံဖြစ်နိုင်မယ့် အဖွဲ့အစည်းတွေအပေါ် အပိုင်း (၂) ပိုင်းခွဲပြီး ဖိနှိပ်သွားနိုင်ပါတယ်။ အပိုင်း (၁) က အတိုက်အခံနိုင်ငံရေးပါတီတွေ ဖြစ်တဲ့ NLD အပါအဝင် ဒီမိုကရေစီအင်အားစုတွေ တိုင်းရင်းသားနိုင်ငံရေးပါတီတွေကို အသိအမှတ်မပြုရေး၊ ခေါင်းဆောင်များကို ရွေးကောက်ပွဲ မဝင်ရောက်နိုင်ရေး၊ ဩဇာသိက္ခာကျဆင်းရေး၊ ဖမ်းဆီးအရေးယူရေးနှင့် တောထဲကို (သို့မဟုတ်) နိုင်ငံရပ်ခြားသို့ သွားရောက်စေရေးနည်းလမ်းကို အသုံးပြုသွားပါမယ်။ အထူးသဖြင့် လူထုထောက်ခံမှုပိုများတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးပါတီထဲမဝင်ရောက်ရေး ပြုလုပ်သွားပါမယ်။ နောက်ပြီး SPDC ကိုယ်စားလှယ်အများစုကို ကိုယ်စားလှယ်ဖြစ်လာနိုင်အောင် နည်းအမျိုးမျိုးသုံးပြီး ကြံဖန်လာပါမယ်။

အပိုင်း (၂) မှာ အပစ်အခတ်ရပ်စဲထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို ခွဲထုတ်ရေး၊ ချော့မြူရေး၊ ခြိမ်းခြောက်ရေး၊ အပြတ်ရှင်းရေး နည်းလမ်းအမျိုးမျိုးတို့ကို ကျင့်သုံးသွားပါမယ်။

အပစ်ရပ်အဖွဲ့တွေကို တရားဝင် နိုင်ငံစဉ်တရပ်ဖြစ်တယ်။

**ကနေ့ရရှိထားတဲ့ လူထုတိုက်ပွဲရလဒ်ကို ဆက်လက်ဆုပ်ကိုင်ပြီး ပြည်တွင်းမှာလည်း လူထုတိုက်ပွဲ ပိုမိုကျယ်ပြန့်အောင် တိုးမြှင့် လှုပ်ရှားဖို့လိုပါတယ်။ ဒေသအနှံ့အပြား အ လွှာပေါင်းစုံပါဝင်နိုင်တဲ့ အခြေအနေ ရောက် ရှိအောင် ဖန်တီးဖို့လိုပါတယ်...။**

ဒီအစီအစဉ်ကို အဖွဲ့အစည်းများ၊ ခေါင်းဆောင်များက လက်ခံနိုင်တဲ့အခြေအနေရှိကြပါတယ်။ ဒီပုံစံကိုလက်ခံမယ်ဆိုရင် စစ်အာဏာရှင် SPDC ဟာ ပါတီနှင့် တပ်အကြားမသိမသာ စိမ့်ဝင်စည်းရုံးမယ်။ အခွင့်အ ရေးထူးတရပ်ရပ်ပေးချော့မြူပြီး နိုင်ငံရေးခေါင်းဆောင်များ၊ ပါတီအဖွဲ့အစည်းများအပေါ် ပြည်သူတွေအထင်သေးအမြင်သေးလာကြပြီး ပြည်သူထောက်ခံမှုလျော့နည်းမယ်။ တပ်တွင်းထဲမှာ SPDC ရဲ့ ကွပ်ကဲမှုသင်တန်း၊ အုပ်ချုပ်မှုသင်တန်း၊ စွမ်းရည်မြှင့်သင်တန်းခေါ်ယူပြီး တပ်တွင်းထဲမှာလည်း အချင်းချင်းကွဲကွဲပြဲပြဲဖြစ်အောင် စီစဉ်လိမ့်ဦးမယ်။ တပ်တွင်းမှာလာရောက်နည်းပြ သင်ပြပူးပေါင်းစေပြီး ပြည်သူအထင်မှားစေဖို့ ပြုလုပ်အုံးမယ်။ SPDC ဟာ ကျေးရွာအုပ်ချုပ်ရေးမှာ ဘွဲ့ရ၊ အခြေခံပညာအောင်မှ ဥက္ကဌ၊ အတွင်းရေးမှူးလုပ်ခွင့်ပြုတာလို့ ကျေးရွာဘုန်းတော်ကြီးကျောင်းမှာ ကျောင်းထိုင်ဆပစ္စည်းများ၊ ဇနီးသားမယား၊ မိဘဆွေမျိုးအသိုင်းအဝိုင်းများ၊ ရောဂါဘယနှင့် သက်ကြီးရွယ်အိုဖြစ်လာခဲ့တာကြောင့် နောက်ဆံတင်းမှုများ၊ မစွန့်လွှတ်နိုင်မှုများ၊ နိုင်ငံရေးတိုက်ပွဲကို ဥပေက္ခာပြုသွားနိုင်ပါတယ်။ နိုင်ငံရေးတိုက်ပွဲနှင့် ကင်းကင်းရှင်းရှင်းနေလိုခဲ့ကြတယ်။

ဒီလိုနဲ့ အတွေ့အကြုံရှိတဲ့ နိုင်ငံရေးသမားတွေဟာ နည်းပါးလာပြီး SPDC ရဲ့ နိုင်ခြေပိုများလာလိမ့်မယ်။ ဒီလမ်းကြောင်းကို လိုက်လိုကြတဲ့အဖွဲ့အစည်းများ၊ နိုင်ငံရေးခေါင်းဆောင်များ၊ အမျိုးသားခေါင်းဆောင်များတွေဟာ ဒီလိုနဲ့နိုင်ငံရေးသမိုင်း ဇာတ်သိမ်းသွားလိမ့်မယ်။ SPDC ရဲ့ထောင်ချောက်ထဲတိုးဝင်သွားခဲ့ရင်တော့ ပြည်သူတွေရဲ့ဒဏ်ခတ်မှုကို ခံရမှာဖြစ်တယ်။ ဒါကြောင့် သတိကြပ်ကြပ်ထားစေချင်တယ်။ စစ်အာဏာရှင် SPDC ရဲ့သက်တမ်းဟာ မကြာတော့ပါဘူး။ ဒါကို တင်းခံအောင့်နိုင်အောင် တော်လှန်ရေးဇွဲ ရှိဖို့လိုပါတယ်။

SPDC ရဲ့ ၂၀၀၈ ကြိုရွယ်ချက်ထင်ကြေးလူထုတိုက်ပွဲ ပိုမိုကျယ်ပြန့်အောင် တိုးမြှင့်လှုပ်ရှားဖို့လိုပါတယ်။ ဒေသအနှံ့အပြား အလွှာပေါင်းစုံပါဝင်နိုင်တဲ့အခြေအနေ ရောက်ရှိအောင် ဖန်တီးဖို့လိုပါတယ်။ နိုင်ငံ့ဝန်ထမ်းနှင့် စစ်တပ်ပါဝင်ဖို့ အထူးလိုအပ်တယ်။ အစွမ်းကုန်ကြိုးစားပြီး နိုင်ငံရေးအနှစ်သာရရှိရှိ ဆင်နွှဲဖို့လိုပါတယ်။

နိုင်ငံတကာအသိုင်းအဝိုင်းမှာ ကနေ့ ပြည်ထောင်စုမြန်မာပြည်ရဲ့ပြဿနာဟာ တကမ္ဘာလုံးကစိတ်ဝင်စားနေတဲ့ အနေအထားတခုဖြစ်ပါတယ်။ UN, UNSC, EU, ASEAN တို့ရဲ့ဖိအားပေးမှုမှာ ပိုမိုမြှင့်လာအောင် စည်းရုံးလှုံ့ဆော် တင်ပြတောင်းဆိုနေပါတယ်။ ရှိရင်းစွဲ SPDC ရဲ့အနေအထားဟာ ဘယ်လိုပင်ဖာထေးထိမ်ချန်ကွယ်ဝှက်နေနေ ကနေ့မှာ ပြည်သူတရပ်လုံးက လွန်စွာမုန်းတီးနေပြီး ကမ္ဘာ့နိုင်ငံအတော်များများက လက်မခံနိုင်အောင်ဖြစ်နေပြီး ပြည်သူတွေကလည်း အထိုက်အလျောက်နိုးကြားလာနေပြီး၊ ဒီမိုကရေစီအင်အားစုနှင့် တိုင်းရင်းသားအင်အားစုမဟာမိတ်ပြုနေကြပြီး၊ ပြည်တွင်းအင်အားစုနှင့် ပြည်ပအဖွဲ့အစည်းအင်အားစုတို့က အပြန်အလှန်နားလည်မှုရနေကြပြီး၊ SPDC ရဲ့ အုပ်ချုပ်မှုယန္တရားဟာ ပျက်စီးသွားဖို့ မဝေးတော့ပါဘူးဖြစ်တယ်။

ဒါကြောင့် မိမိတို့ရဲ့နိုင်ငံရေးသိက္ခာကို စောင့်စည်းကြ၊ ပါတီအဖွဲ့အစည်းရဲ့ နိုင်ငံရေးအစဉ်အလာကို ထိမ်းသိမ်းကြရင်း အမြင်သစ်လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲကြပါစို့လို့ အကြံပြုပါတယ်။

❖

### စာမျက်နှာ (၆) ဇီဝဖိုးဆောင်းပါးမှ ...

ခန့်ခွဲစီရင်ပိုင်ခွင့်ပေးထားတော့ အရပ်ဖက်အုပ်ချုပ်ရေး၊ ဥပဒေပြုရေးအခန်းကဏ္ဍတွေကို သေးသိမ်သွားစေတာတွေ့ရတယ်။ တပ်မတော်က နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးမှာ ပြည်သူတရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ပေးထားလေတော့ ပေါ်တာဆွဲတာ၊ စစ်သားစုဆောင်းတာ လူ့အခွင့်အရေးဖောက်ဖျက်ကျူးလွန်တာ .... စတာတွေကို လွတ်လွတ်လပ်လပ် လုပ်ခွင့်ပေးထားသလိုဖြစ်နေတယ်။

– ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟာ စစ်ဘက်ဆိုင်ရာတရားရုံးတွေရဲ့ စီရင်ပိုင်ခွင့်အာဏာကိုမထိခိုက်စေဘဲ နိုင်ငံတော်ရဲ့ အမြင့်ဆုံးတရားရုံးဖြစ်တယ်လို့ ဆိုထားတယ်။ အခိုပ္ပါယ်က စစ်ဖက်ဆိုင်ရာတရားရုံးတွေရဲ့ တရားစီရင်ရေးအဆိုကို သီးသန့်ဖယ်ထားပြီး အရပ်ဘက်အာဏာသက်ရောက်မှုကို မျက်ကွယ်ပြုထားတာမျိုး ကျင့်သုံးထားတာတွေ့ရတယ်။

– ဒါ့အပြင် စစ်တပ်က အချိန်မရွေးအာဏာသိမ်းပိုင်ခွင့်ကို အခြေခံဥပဒေအရ ပြဋ္ဌာန်းထားသေးတယ်။

– ဒီညီလာခံက ချမှတ်တဲ့အခြေခံမူတွေထဲမှာ အဆိုးဝါးဆုံးကတော့ နိုင်ငံရေးအဖွဲ့အစည်းများရဲ့အခန်းကဏ္ဍကို သေးသိမ်သွားစေတာဖြစ်ပါတယ်။

သည်အခြေခံမူတွေ ချမှတ်လုပ်ဆောင်တာနဲ့ပတ်သက်ပြီး NLD က အကြိမ်ကြိမ်ကန့်ကွက်ခဲ့တယ်။ အခါခါပဲစာရေးပြီး မသင့်လျော်ဘူးရယ်လို့ ပြောကြားခဲ့ပေမဲ့ ရေပေါ် အရုပ်ရေးရသလို ဘာတခုမှ အရာမထင်ခဲ့ပါ။

အဲဒီတော့ အခုအချိန်ဟာ နိုင်ငံရေးသမားတွေရဲ့ နိုင်ငံရေးလှုပ်ရှားမှုကဏ္ဍထက် ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုက မရှိမဖြစ်လိုအပ် နေချိန်ရောက်လာပါပြီ။ ၈၈ တုန်းကလို .... မကြာသေးခင်ကဖြစ်ခဲ့ရတဲ့ ရွှေဝါရောင်တော်လှန်ရေးလို .... သွေးမြေကျဖို့ မလိုတဲ့ပူးပေါင်းမှုတခုပါ။ အဲဒါကတော့ မဲပေးနိုင်ခွင့်ရှိတဲ့ ပြည်သူအားလုံး မဲရုံကိုဖြစ်တဲ့နည်းနဲ့ ရောက်အောင်သွားပြီး ကန့်ကွက်မဲထည့်ပေးကြဖို့ပါပဲ။ နိုင်ငံရေးသမားတွေကတော့ လွတ်လပ်ပြီးတရားမျှတတဲ့ဆန္ဒခံယူပွဲဖြစ်လာအောင် ဖိအားပေးဖို့ တာဝန်ကိုကျေပွန်အောင် ထမ်းဆောင်ကြပါလိမ့်မယ်။

ငယ်ငယ်တုန်းက သင်ပုန်းကြီးဖတ်စာမှာ အသံကုန်အောင်အော်ဆိုခဲ့ရတဲ့ စာပုဒ်လေးကို ဒီအချိန်မှာ မြန်မာပြည်မှာနေသူတိုင်း သတိရနေကြလိမ့်မယ်။

ဇွန်ပန်းရုံအနီး
လှည်းဘီးနွံထဲ ကျွံနေသည်။
လေးလွန်း၍ မတွန်းနိုင်ဘူးလား၊
ကူ၍တွန်းပေးကြပါ။
ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်။

ကန့်ကွက်မဲကို တခဲနက်ထည့်လိုက်ခြင်းဖြင့် အာဏာရှင်စစ်အုပ်စုကို ဖယ်ရှားနိုင်တော့မယ့် မြန်မာပြည်သူပြည်သား၊ တိုင်းရင်းသားညီအကိုမောင်နှမတွေရဲ့ သွေးမဲ့တော်လှန်ရေးသမိုင်းကို ကမ္ဘာ့အလယ်မှာ ဂုဏ်သိက္ခာရှိရှိပြနိုင်တော့မယ့် ဒီအချိန်ဟာ အလွန်ကို စိတ်လှုပ်ရှားတက်ကြွဖွယ်ကာလတခုပါပဲ။

ဇီဝဖိုး

# အရေးကြီးပြီ . . . သွေးစည်းကြ

(NDD Network for Democracy and Development ၏ပြည်တွင်းသတင်းသုံးသပ်ချက် အမှတ်စဉ် (၃၂၃) အား အနစ်ချုပ်၍ပြန်လည်တင်ပြထားခြင်းဖြစ်ပါသည်၊)

မိုးကြိုးသတင်းစဉ်

ကုလသမဂ္ဂနှင့်တကွ တကမ္ဘာလုံး၊ မြန်မာတနိုင်ငံလုံးက အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးအဖြေရှာရန် တိုက်တွန်းတောင်းဆိုနေပါလျှက် နအဖစစ်အုပ်စုက ဖေဖော်ဝါရီလ (၉) ရက်နေ့စွဲဖြင့် ကြေညာချက်အမှတ် ၁/၂၀၀၈ နှင့် ၂/၂၀၀၈ တို့ကိုထုတ်ပြန်ကာ ယခုနှစ် မေလထဲတွင် ပြည်သူ့ဆန္ဒခံယူပွဲအားလည်းကောင်း၊ ၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲအသစ်အားလည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း တရားဝင်ကြေညာချက်တစောင် ထုတ်ပြန်လိုက်သည်။

ပြည်သူက လက်ခံမည်၊ မခံမည်ပင်မသိရသေးသောအချိန်တွင် ၂၀၁၀ တွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရန်ကြေညာလိုက်ခြင်းအား အဖွဲ့ချုပ်၏ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက နားမလည်နိုင်အောင်ဖြစ်ရကြောင်းကို ထုတ်ဖော်ပြောကြားခဲ့သည်။

တိုင်းပြည်တပြည်၏ အခြေခံဥပဒေဆိုသည်မှာ တိုင်းပြည်၏ အသက်တမျှအရေးကြီးသည်ဖြစ်ရာ ပြည်သူပြည်သားအားလုံးက သေချာ အချိန်ယူလေ့လာရန်လိုအပ်သည်။ ထိုမျှအရေးကြီးသော အခြေခံဥပဒေအားဆန္ဒမဲပေးရန်အချိန်ထက် (၂) လသာ စော၍ကြေညာခဲ့သည့် နအဖစစ်အုပ်စု၏ ရည်ရွယ်ချက်မှာ ပြည်သူများက အချိန်ယူကာ အသေးစိတ်လေ့လာချိန် မရနိုင်စေရန်လည်းကောင်း၊ အရေးကြီးသည့်အချက်များအား ပြန်လည်ပြင်ဆင်ခိုင်းခြင်းများ မလုပ်နိုင်စေရန်လည်းကောင်း၊ အတိုက်အခံများက စစ်အုပ်စု၏ ဖွဲ့စည်းပုံဥပဒေမူကြမ်းအား ဆန့်ကျင်ကန့်ကွက်ရန် စည်းရုံးလှုံ့ဆော်မှုများလုပ်ရန် လုံလောက်သည့်အချိန် ရမသွားစေရန်လည်းကောင်း ရည်ရွယ်လိုက်ခြင်းဖြစ်သည်။ တဖက်မှလည်း ရွေးကောက်ပွဲအသစ်တခုလုပ်မည့်အကြောင်း တပြိုင်နက်တည်းကြေညာလိုက်ခြင်းအားဖြင့် နီးကပ်နေသော အခြေခံ ဥပဒေအား စိတ်ဝင်စားအာရုံစိုက်မှုလျှော့ပါးသွားစေကာ ရွေးကောက်ပွဲသစ်အားအာရုံရောက်နေစေရန် တမင်ရည်ရွယ်ဆောင်ရွက်လိုက်ခြင်းသာဖြစ်သည်။

၂၀၀၃ ခုနှစ်၊ မေလ (၃၀) ရက်နေ့က ကျူးလွန်ခဲ့သည့် ဒီပဲယင်းလူသတ်ပွဲအား ပြည်တွင်းပြည်ပဖိအားများလျော့ပါးစေရေး ဆောင်ရွက်ချက်တရပ်အနေနှင့် နအဖစစ်အုပ်စုက ဩဂုတ်လ (၃၀) ရက်နေ့တွင် ထိုလမ်းပြမြေပုံ (၇) ချက်ကိုထုတ်ပြန်၍ ပြည်သူတို့အား အာရုံလွှဲပြောင်းရန်ကြိုးစားခဲ့သည်။ လမ်းပြမြေပုံ (၇) ချက်ဟုဆိုသော်လည်း တကယ်တန်းမှာမူ အဆင့်(၁) အခြေခံမူချမှတ်ခြင်းနှင့် အဆင့် (၄) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းကို ဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုခြင်းတို့သာလျှင် အဓိကကျသောအဆင့်များဖြစ်သည်။

ထိုနှစ်ဆင့်ကိုသာ နအဖက ကျော်ဖြတ်နိုင်ခဲ့မည်ဆိုပါက ၎င်းတို့လိုချင်နေသော စစ်အာဏာရှင်စနစ် တရားဝင်အတည်ဖြစ်သွားပြီး အချိန်မရွေးအာဏာသိမ်းခွင့်အပြင် တရားဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင်ပါ စစ်တပ်မှ (၂၅) ရာခိုင်နှုန်းရရှိနေမည်ဖြစ်သောကြောင့် အဆင့် (၅) ဖြစ်သည့် ရွေးကောက်ပွဲကျင်းပခြင်းသည် ၎င်းတို့အတွက် အလွယ်တကူ ထမြောက်အောင် ထပ်ချုပ်လိုက်ကာ အပြီးတိုင်ချေမှုန်းသည့်နည်းဗျူဟာကို လက်တွေ့ကျင့်သုံးနေခြင်းလည်းဖြစ်သည်။

နအဖ၏ အပြီးသတ်အာဏာဆုပ်ကိုင်ရေးပြင်ဆင်မှုများအနက် အဓိကတိုက်ခိုက်ရေးအင်အားစုအဖြစ် ကြံ့ဖွံ့အဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသော လူမှုရေးအသင်းအဖွဲ့အမည်ခံ လက်ကိုင်တုတ်အသင်းအဖွဲ့များကို မွေးမြူထားခြင်းလည်း ပါဝင်သည်။ ၎င်းတို့အဆိုအရ ထိုအင်အားစုများမှာ အရေအတွက်အားဖြင့် (၂၇) သန်းခန့်ရှိနေပြီး ပိုမိုခိုင်မာတောင့်တင်းစေရန် ဝန်ထမ်းအားလုံးနှင့်တကွ အဖွဲ့ဝင်သစ်များကို ရသည့်နည်းနှင့်ဆက်လက်စည်းရုံးသိမ်းသွင်းရန်၊ လူထုအစည်းဝေးပွဲများသဏ္ဍာန် ဖန်တီးသွားရန်ကိုလည်း အားထုတ်ပြင်ဆင်နေခြင်းကို အထင်အရှားတွေ့မြင်နေရပေသည်။ (ဤသည်မှာ အချိန်ဆွဲနေသော နအဖ၏လုပ်ရပ်များအပေါ် ကုလသမဂ္ဂနှင့်လုံခြုံရေးကောင်စီကပါ စိတ်ရှည်သည်းခံနိုင်မှု လျော့နည်းကျဆင်းလာနေသောကြောင့် နအဖအနေနှင့် စီးပွားရေး၊ သံတမန်ရေး စသည့်ကဏ္ဍများတွင် နိုင်ငံတကာဖိအားများ ပိုမိုများပြားလာကာ ချောင်ပိတ်မိသွားနိုင်သည့်အခြေအနေမျိုးကိုရှောင်ရှားရန် ၎င်း၏မိတ်ဆွေနိုင်ငံအချို့က နအဖဗိုလ်ချုပ်များကို ကြိုတင်သတိပေးခဲ့သဖြင့် လှုပ်ရှားမှုတခုခုကိုလုပ်ပြရန် ကြိုးစားအားထုတ်လိုက်ခြင်းလည်း ဖြစ်

**စစ်အုပ်စုစိတ်ကြိုက်ရေးဆွဲထားသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံမူကြမ်းကို လူထုဆန္ဒခံယူပွဲနှင့် အတည်ပြုနိုင်ခဲ့ပါက ၁၉၉၀ ရွေးကောက်ပွဲရလဒ်သည်လည်းကောင်း၊ ၁၉၉၀ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကော်မရှင်ထံတွင် မှတ်ပုံတင်ထားသော တရားဝင်နိုင်ငံရေးပါတီများသည်လည်းကောင်း၊ အလိုအလျှောက်ပျက်ပြယ်ပြီးသားဖြစ်သွားပေလိမ့်မည်။ ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် မြေပေါ်နိုင်ငံရေးပါတီ အဖွဲ့အစည်းများအားလုံးအနေနှင့် စစ်အာဏာရှင်ကို ဖြောင်စိန်ခေါ်ကာ ဖွင့်တိုက်ရမည့်အချိန်သို့ ရောက်နေပြီဖြစ်သည်...။**

မြင်သွားစေမည်ဖြစ်သည်။

ယခုအခါတွင် စစ်အုပ်စုသည် အဆင့် (၁) ကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပြီး နောက်တဆင့်အရေးပါသော အဆင့် (၄) အတွက် လှုပ်ရှားမှုများကို တနိုင်ငံလုံးအတိုင်းအတာနှင့် အရှိန်အဟုန်မြှင့်ကာ လုပ်ဆောင်နေပြီဖြစ်သည်။ ထိုသို့ပြင်ဆင်လှုပ်ရှားမှုများအဖြစ် ဖွဲ့စည်းပုံအခြေခံမူကြမ်း၏ အရေးပါမှုနှင့် တရားဝင်မှုတို့အား လုံးဝဥဿုံနားလည်သဘောပေါက်ထားကြသော၊ ထိုအခြေခံဥပဒေအား နည်းမျိုးစုံနှင့်ဆန့်ကျင်ကန့်ကွက်ကြမည်လည်းဖြစ်သော ထက်မြက်သည့်စည်းရုံးလှုပ်ရှားသူများအား ဖမ်းဆီးထိန်းသိမ်းခြင်း၊ လွတ်လပ်စွာလှုပ်ရှားမှု မရှိနိုင်စေရန် ဖိနှိပ်မှုမျိုးစုံဖြင့် အတိုက်အခံအင်အားစုများအား အင်အားချိနဲ့စေပြီးမှ အခွင့်ကောင်းယူကာ အချိန်ကပ်လျှက် ဆန္ဒခံယူပွဲကို ကျင်းပပေးရန် စီစဉ်လိုက်ခြင်းဖြစ်သည်။ စစ်သင်တန်းကျောင်းများတွင် သင်ကြားသည့်နည်းစနစ်အတိုင်း တဖက်ရန်သူအပေါ်တွင် တိုက်ပွဲဆင်နွှဲပြီးသည့်တိုင် အားပြန်မွေးချိန်မပေးဘဲ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပချိန်တွင် မိမိတို့နယ်မြေအသီးသီးရှိ မဲပေးပိုင်ခွင့်ရှိသူပြည်သူအားလုံးက ထောက်ခံမဲပေးလာရန် နည်းမျိုးစုံနှင့်ဆောင်ရွက်ထားကြရန်၊ မဲဆန္ဒရှင်စာရင်းများကောက်ခံပြုစုလျှက် လူထုစည်းရုံးရေးလုပ်ငန်းများကိုပါ လုပ်ဆောင်ကြရန်တို့ကိုလည်းကောင်း၊ အတိုက်အခံအင်အားစုများနှင့် လူထုဆန္ဒခံယူပွဲကို ဆန့်ကျင်နှောက်ယှက်မည့်သူများအားလည်း လက်ဦးမှုယူချေမှုန်းနိုင်ရန် သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းအသီးသီးသို့ကွင်းဆင်း၍ အနီးကပ်ကြီးကြပ်မှုများပေးရန် ညွှန်ကြားချက်များပေးထားကြောင်းကိုလည်း သိရှိထားသည်။ ထိုမျှသာမက အခြေခံဥပဒေမူကြမ်းအား ထောက်ခံကြောင်း စည်းရုံးလှုံ့ဆော်သည့်အနေနှင့်လည်းကောင်း၊ ပြည်တွင်းပြည်ပရှိ အတိုက်အခံအင်အားစုများကို ခြိမ်းခြောက်သည့်အနေနှင့်လည်းကောင်း၊ မစ္စတာဂမ်ဘာရီ မြန်မာပြည်အတွင်းသို့ နောက်တကြိမ်ပြန်လည်ဝင်ရောက်မည့် အချိန်နှင့်တိုက်ဆိုင်၍လည်းကောင်း၊ နိုင်ငံတဝှမ်းလုံးတွင် ပြည်လုံးကျွတ် ကောင်းဖြစ်နိုင်သည်။)

နအဖ၏ လမ်းပြမြေပုံအဆင့်တိုင်းအားတိုက်ဖျက်သွားရန် စိတ်ပိုင်းဖြတ်ထားသည့်နယ်စပ်အခြေစိုက်လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၊ ပြည်ပအခြေစိုက် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားနေသူများ၏ စည်းရုံးရေးအောင်မြင်သွားမည်ကို စိုးရိမ်သည့်အတွက်လည်း ထိုအဖွဲ့အစည်းများအားအ ကြမ်းဖက်သမားများအဖြစ် ပြည်တွင်းပြည်ပမှ ရှုမြင်လာရေးရည်ရွယ်ကာ အဖွဲ့အစည်းများအတွင်း သဘောထားကွဲလွဲမှုများ၊ မတည်ငြိမ်မှုများနှင့် ရှုတ်ထွေးမှုများဖြစ်လာစေရန် စနစ်တကျဖန်တီးမှုများဖြင့်လည်း စီမံချက်ချကာ လုပ်ဆောင်လျှက်ရှိသည်။

"အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ ဤသုံးမျိုးချက်မပိုင်လျှင်နောင်ပြင်ရန်ခက်သည့်အမျိုး"ဆိုသည့် ရှေးစကားကဲ့သို့ပင် နအဖ၏စစ်သက်ဆိုးရှည်စေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသာ အတည်ဖြစ်ခဲ့လျှင် သားစဉ်မြေးဆက် ပြင်ရန်ခက်တော့မည့်အရေးတွေးဆလျှက် ပြည်တွင်းပြည်ပ၊ တောင်ပေါ်မြေပြန့်ဆိုသည့် အစွဲများ၊ အကွဲများအား မေ့ပျောက်ထားကာ ဘုံရန်သူကို တစုတစည်းတည်း ဝိုင်းဝန်းတော်လှန်ကြ ရမည့်အချိန်၊ ညီညွတ်မှုအင်အားကို ပြရမည့်အချိန်ဖြစ်သည်။ တိုင်းပြည်၏ကံကြမ္မာသည် နေဝင်းအစိုးရတင်စားခဲ့သော ဂျောက်ထဲကျဖို့ လက်နှစ်လုံးအလိုဆိုသည့်အခြေအနေမျိုးမဟုတ်တော့ဘဲ အဝီစိထဲ ကျွမ်းပစ်ကျတော့မည့်ဆဲဆဲအချိန်ဖြစ်သောကြောင့် စုပေါင်းအင်အားနှင့်သာ ရန်သူကိုအောင်နိုင်မည့်အနေအထားတွင် ရောက်နေပြီဖြစ်သည်။

လာမည့်မေလတွင် စစ်အုပ်စုစိတ်ကြိုက်ရေးဆွဲထားသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံမူကြမ်းကို လူထုဆန္ဒခံယူပွဲနှင့် အတည်ပြုနိုင်ခဲ့ပါက ၁၉၉၀ ရွေးကောက်ပွဲရလဒ်သည်လည်းကောင်း၊ ၁၉၉၀ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကော်မရှင်ထံတွင် မှတ်ပုံတင်ထားသော တရားဝင်နိုင်ငံရေးပါတီများသည်လည်းကောင်း အလိုအလျှောက်ပျက်ပြယ်ပြီးသားဖြစ်သွားပေလိမ့်မည်။ ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် မြေပေါ်နိုင်ငံရေးပါတီ အဖွဲ့အစည်းများအားလုံးအနေနှင့်စစ်အာဏာရှင်ကို ဖြောင်စိန်ခေါ်ကာ ဖွင့်တိုက်ရမည့် အချိန်သို့ရောက်နေပြီဖြစ်သည်။

"အကောင်းဆုံးကိုမျှော်လင့်ပြီး အဆိုးဆုံးအတွက် ပြင်ဆင်ထားကြ"ဆိုသည့် စကားမျိုးထက် "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အလံတော်အောက်မှာ အားလုံးစုပေါင်းပြီး စစ်အာဏာရှင်စနစ်ကို အပြတ်ဆန့်ကျင်တိုက်ပွဲဝင်ကြ"၊ "ရရင်ရ၊ မရရင်ချ" ဟု ပြတ်ပြတ်သားသားပြောရမည့်အချိန်သို့ ရောက်နေပြီဖြစ်သည်။

တိုင်းရင်းသားအပစ်ရပ်အင်အားစုများနှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများအနေနှင့်လည်း နအဖ၏အမျိုးသားညီလာခံအခင်းအကျင်းကို ကိုယ်တိုင်တက်ရောက်လေ့လာပြီးခဲ့သည့်အတွက် ကိုယ့်လည်ပင်းစွပ်မည့်ကြိုးကွင်းအတွက် ကိုယ့်ကိုကြိုးကျစ်ခိုင်းနေခြင်းအား နားလည်ငြင်းဆန် ရုန်းကန်လျှက် နအဖ၏ဆန္ဒခံယူပွဲကို နည်းမျိုးစုံသုံး၍ အစွမ်းကုန်ဆန့်ကျင်တိုက်ဖျက်သွားရမည့်အချိန်ဖြစ်နေပါပြီ။

ပြည်ပအခြေပြုလှုပ်ရှားနေသည့် ဒီမိုကရေစီအင်အားစုများအနေနှင့်လည်း "အဲန်စီဂျီယူဘီအား တိုးချဲ့ပြင်ဆင်ဖွဲ့စည်းရေး" ဆိုသည့်ကဏ္ဍမှာတင် အချိန်ကုန်၊ အားပြုန်းခံမနေကြဘဲ နအဖ၏ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဆိုသည့် နောက်ဆုံးပိတ် "အဆုံးအဖြတ်တိုက်ပွဲ"မှာသာ အားသွန်ခွန်စိုက် ဆန့်ကျင်တိုက်ခိုက်ကြရန် တင်ပြတိုက်တွန်းလိုပါသည်။

❖

# စစ်အုပ်စု၏လူထုဆန္ဒခံယူပွဲအား မွန်ပြည်သစ်ပါတီလက်မခံ

## ဖိအားပေးပါက အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ပျက်ပြယ်နိုင်

စစ်အုပ်စု၏ ၁/၂၀၀၈ အရ ကျင်းပမည့် လူထုဆန္ဒခံယူပွဲအား အပစ်ရပ်အဖွဲ့အဖွဲ့ဖြစ်သော မွန်ပြည်သစ်ပါတီမှ လက်မခံဘဲ ပယ်ချလိုက်ပြီး အကယ်၍ စစ်အုပ်စုအနေနှင့် ဖိအားပေးလာမည်ဆိုပါက အပစ်ရပ်စဲရေး သဘောတူညီချက် ပျက်ကောင်းပျက်ပြယ်သွားနိုင်သည်ဟု မွန်ပြည်သစ်ပါတီ၏ ပြောရေးဆိုခွင့်ရှိသူတဦးက ပြောလိုက်သည်။

နအဖစစ်အုပ်စု၏ညီလာခံမပြီးဆုံးခင် နုတ်ထွက်ခဲ့သောအဖွဲ့ဖြစ်သော မွန်ပြည်သစ်ပါတီ၏ပြောရေးဆိုခွင့်ရှိသူ နိုင်အောင်မငဲက နအဖစစ်အုပ်စုချထားပေးသော လမ်းကြောင်းသည် မိမိတို့၏ရည်မှန်းချက်နှင့်လွဲနေသည့်အတွက် ထိုလမ်းလွဲကိုမလိုက်နိုင်ကြောင်း ပြောသည်။

သူက "ကျနော်တို့ချမှတ်ထားတဲ့ နိုင်ငံရေးပေါ်လစီက တွေ့ဆုံဆွေးနွေးရေးတခုပဲ။ တွေ့ဆုံဆွေးနွေးပြီးတော့ပဲ ဖြေရှင်းချင်တယ်။ ဖြေရှင်းပေးဖြစ်အောင်လည်း အပစ်အခတ်ရပ်စဲထားပြီးကတည်းက တစိုက်မတ်မတ် ကြိုးစားခဲ့တယ်။ အမျိုးသားညီလာခံမှာလည်း တက်ရောက်အကြံပြုဆွေးနွေးခဲ့တယ်။ ဒါပေမယ့်အမျိုးသား ညီလာခံရဲ့ ရလဒ်ဟာ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ဖို့ အတွက်ရော၊ ဒီမိုကရေစီနိုင်ငံတခုပေါ်ထွန်းလာဖို့ရော အလှမ်းဝေးနေတဲ့အတွက် အမျိုးသားညီလာခံကနေပြီး ပြီးပြည့်စုံတဲ့ဖြေရှင်းချက် ထုတ်နိုင်လိမ့်မယ်လို့ မယုံကြည်တဲ့အတွက် အမျိုးသားညီလာခံက ထွက်လာခဲ့တယ်" ဟုပြောသည်။

ညီလာခံ၏အနှစ်သာရကို လက်မခံနိုင်သောကြောင့် ညီလာခံ၏နောက်ဆက်တွဲ အကျိုးဆက်များဖြစ်သော လူထုဆန္ဒခံယူပွဲကိုလည်းကောင်း၊ လာမည့်ရွေးကောက်ပွဲ ကြေညာချက်တွေကိုလည်းကောင်း လက်ခံမည်မဟုတ်ဟု ပြောသည်။



()ကြိမ်မြောက်မွန်အမျိုးသားနေ့အခမ်းအနားတွင်စစ်ရေးပြချီတက်စဉ်

နိုင်အောင်မငဲက ဆက်၍ပြောသည်မှာ သူတို့၏ အဓိကရည်မှန်းချက်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဖြစ်သည့်အတိုင်း ထိုရည်မှန်းချက်အတွက် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်းပြောသည်။ တွေ့ဆုံဆွေးနွေးရေးသည်သာ မြန်မာပြည်အတွက် ကောင်းသောထွက်ပေါက်တခုဖြစ်သည့်အတွက် တခြားမည်သည့်နည်းလမ်းကိုမှ မယုံကြည်ကြောင်းကိုလည်း ဆက်လက်ပြောကြားခဲ့သည်။

၂/၂၀၀၈ ထွက်လာသောအခါတွင် တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်များ အားလုံးအလကားဖြစ်သွားပြီဟုမြင်ကြောင်း၊ ထိုတွေ့ဆုံဆွေးနွေးမှုသည်လည်း စစ်မှန်သောတွေ့ဆုံဆွေးနွေးမှုအစစ်အမှန်မဟုတ်ဟု ယုံကြည်ကြောင်းတို့ကိုလည်း အတိအလင်းပြောခဲ့သည်။

နအဖစစ်အုပ်စုက ၎င်းတို့၏ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်သွားပြီးပါက လက်နက်ကိုင်အပစ်ရပ်အဖွဲ့များအား လက်နက်ကိုင်ဆောင်ခြင်းအား ခွင့်ပြုတော့မည်မဟုတ်ကြောင်းသတင်းများလည်း ထွက်ပေါ်နေခဲ့ရာ နိုင်အောင်မငဲက တပ်နှင့်ပါတီအား တသီးတခြားစီဖြစ်အောင် လုပ်မည်ဆိုပါက နိုင်ငံရေးဦးတည်ချက်အရ ကာကွယ်ရမည်မှာ ၎င်းတို့၏အခြေခံမူပင်ဖြစ်ကြောင်း ဗွီအိုအေသို့ပြောသည်။

မွန်ပြည်သစ်ပါတီသည် ၁၉၉၅ ခုနှစ်ကတည်းက စစ်အုပ်စုနှင့်အပစ်အခတ်ရပ်စဲရေးသဘောတူညီခဲ့ပြီး စစ်အုပ်စုကဦးစီးသော အမျိုးသားညီလာခံကိုလည်း တက်ရောက်ခဲ့သေးသည်။ သို့ရာတွင် နောက်ပိုင်း၌ ကိုယ်စားလှယ်အဆင့်မှ လေ့လာသူအဆင့်ထိ လျှော့ချခဲ့ပြီးနောက် ညီလာခံသို့ ဆက်လက်မတက်ရောက်ခဲ့ပေ။ မြန်မာစစ်အစိုးရနှင့် နိုင်ငံရေးတင်းမာမှုများရှိနေသော လက်နက်ကိုင်အဖွဲ့များတွင် မွန်ပြည်သစ်ပါတီလည်း ပါဝင်သည်။ ❖

# မေလအတွင်းကျင်းပမည့် ပြည်လုံးကျွတ်လူထုဆန္ဒခံယူပွဲသည်

## ဒီမိုကရေစီနည်းကျ လွတ်လပ်စွာဆန္ဒဖော်ပြနိုင်ရန်လိုအပ်

ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (ကေအိုင်အို) က မေလတွင်ကျင်းပတော့မည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး လူထုဆန္ဒခံယူပွဲတွင် လွတ်လပ်၍ တရားမျှတမှုရှိရန်နှင့် ပြည်သူများအတွက် ဒီမိုကရေစီနည်းလမ်းကျသော ဆန္ဒခံယူပွဲမျိုးဖြစ်ရန်လိုအပ်ကြောင်း ဒီဗွီဘီအသံလွှင့်ဌာနသို့ပြောလိုက်သည်။

ထို့အတူ ၂၀၁၀ တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင်လည်း တရားမျှတမှုနှင့် လွတ်လပ်မှုအပြည့်အဝရရှိရေးအတွက် သင့်လျော်သော အကဲခတ်အဖွဲ့တဖွဲ့အား ဖွဲ့စည်းတာဝန်ပေးရန်သာမက ထွက်ပေါ်လာသည့် ရွေးကောက်ပွဲရလဒ်ကိုလည်း အားလုံးက လေးစားအသိအမှတ်ပြုရန် လိုအပ်ကြောင်း ကြေညာခဲ့သည်။

ထိုင်းနိုင်ငံအခြေစိုက် ကေအိုင်အိုအဖွဲ့၏ ဒုနိုင်ငံခြားရေးတာဝန်ခံ ဗိုလ်မှူးကြီး ဂျိမ်းစ်လွမ်ဒေါင်က စစ်ရေးနဲ့ဖြေရှင်းတာထက် နိုင်ငံရေးနည်းနဲ့ဖြေရှင်းတာက အဖြေမှန်ရနိုင်မည်ဟု ပြောသည်။ ဆက်လက်၍ "၁၉၆၂ ခုနှစ်ကတည်းက ဒီနေ့အထိ ဒီဗမာပြည်မှာ တရားရေး၊ တန်းတူရေး၊ ဒီမိုကရေစီရေး ဆိုတာမရှိဘူး။ ပြည်ပမှာနေတဲ့သူတွေက အဲဒီ တရားရေး၊ တန်းတူရေး၊ ဒီမိုကရေစီရေး လိုချင်တယ်။ အဲဒါမပါရင်ဆန့်ကျင်တယ်။ တသက်လုံးဒီလိုသွားကြမလား။ အပြင်မှာရှိတဲ့လူက အထဲဝင်လို့မရ၊ အထဲကလူတွေက အပြင်မှာ ထွက်လာလို့မရ၊ ဒီလိုဆိုရင် ပြည်သူ့လွတ်လပ်မှုဟာ ပြည်သူလူထုကို လုံးဝဦးဆောင်နိုင်တဲ့အခြေအနေမှာမရှိဘူး" ဟု ပြောသည်။

ဆက်လက်၍လည်း ၁၉၉၄ ခုနှစ်တွင် အပစ်ရပ်၍ ငြိမ်းချမ်းရေးယူခြင်းမှာ တိုက်ခိုက်မှုနှင့်ဖြေရှင်း၍မရသည့်အတွက် နိုင်ငံရေးနည်းနှင့်ဆောင်ရွက်ရန်အတွက်ပင်ဖြစ်ကြောင်း၊ ဤသို့ကြေညာစာတန်းများ လုပ်ခြင်းသည် တရားရေး၊ တန်းတူရေး၊ ဒီမိုကရေစီရေး တို့မရှိခြင်းအား တဆင့်ခြင်း ပူးပေါင်းဆောင်ရွက်ရန်အတွက်ဖြစ်ကြောင်းတို့ကိုလည်း ထည့်သွင်းပြောကြားသွားသည်။

ရှမ်းသံတော်ဆင့်သတင်းစဉ်အယ်ဒီတာ ဦးခွန်ဆိုင်းက "နအဖက အမြဲပြောတယ်။ အခုအချိန်ဟာ စစ်အုပ်ချုပ်ရေးကနေ ဒီမိုကရေစီအုပ်ချုပ်ရေးကိုကူးပြောင်းဖို့ အချိန်ရောက်ပြီလို့ပြောတာ။ ဒီဥစ္စာဘယ်သူမှ မငြင်းနိုင်တဲ့ကိစ္စပဲ။ ထောက်ခံနေတဲ့ကိစ္စဖြစ်တယ်" ဒီဗွီဘီအင်တာဗျူးတွင်ပြောသည်။

အပစ်ရပ်အဖွဲ့တဖွဲ့ဖြစ်သော မွန်ပြည်သစ်ပါတီက နအဖရေးဆွဲပြီးစီးသွားသော ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေမူကြမ်းသည် သူတို့နှင့်မသက်ဆိုင်ကြောင်းပြောခဲ့ပြီး အခြားငြိမ်း (အပစ်ရပ်) အဖွဲ့များသည်လည်း မွန်ပြည်သစ်ပါတီသဘောထားထက် လျော့နိုင်ဖွယ်မရှိကြောင်း ဆက်လက်သုံးသပ်ခဲ့သည်။ ❖

# နအဖစစ်အုပ်စု၏ကြေညာချက် (၂)စောင်အား

## မြန်မာနိုင်ငံလုံးဆိုင်ရာသံဃာ့တပ်ပေါင်းစုကြီးမှကန့်ကွက်

နအဖစစ်အစိုးရမှထုတ်ပြန်ခဲ့သည့် ၁/၂၀၀၈ နှင့် ၂/၂၀၀၈ တို့အား မြန်မာနိုင်ငံလုံးဆိုင်ရာသံဃာ့တပ်ပေါင်းစုမှ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁) ရက်နေ့ရက်စွဲဖြင့် ကြေညာချက်တစောင်ထုတ်ပြန်ကာ ကန့်ကွက်လိုက်သည်။

အဆိုပါကြေညာချက်တွင်ဖော်ပြထားသည်မှာ ၁၉၇၄ ခုနှစ်မှစတင်၍ ဦးနေဝင်းအစိုးရမှ ၁၉၄၇ ခုနှစ်အခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲကာ အာဏာကိုအသုံးပြု၍ ပြည်သူလူထုအား အတင်းအဓမ္မထောက်ခံခိုင်းခဲ့ပြီး တပါတီအာဏာရှင်စနစ်မှာ ပိုမိုခိုင်မြဲလာကာ ဆိုးကျိုးအနေဖြင့် တိုင်းသူပြည်သားများ၏ လူနေမှုအဆင့်အတန်းမှ တဖြည်းဖြည်းနိမ့်နိမ့်သထက်နိမ့်ဆင်းလာက ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံသည် အဆင်းရဲဆုံးနိုင်ငံဖြစ်ခဲ့သည်။ တပါတီအာဏာရှင်စနစ်ကြောင့်ပင် စီးပွားရေးကမောက်ကမဖြစ်ကာ ပြည်သူများဆင်းရဲကျပ်တည်းပြီး သည်းမခံနိုင်တော့သည့်အဆုံးတွင် ၁၉၈၈ ခုနှစ်တွင် ရှစ်လေးလုံးအထွေထွေဆန္ဒပြပွဲကြီး ဖြစ်ပေါ်လာခဲ့ရသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) ထံမှ စစ်တပ်ကအာဏာသိမ်းပြီးနောက် ၁၉၉၀ တွင် ရွေးကောက်ပွဲပြုလုပ်ပေးခဲ့သည်။ အနိုင်ရပါတီအား အာဏာလွှဲအပ်မည်ဟု စစ်အာဏာရှင်တို့က ကမ္ဘာသိကြေညာခဲ့သော်လည်း ယခုနှစ်နှစ်ဆယ်ကြာသောအခါ ၎င်းတို့၏ကတိစကားများကို ဖျက်ကွယ်ပြုပယ်ဖျက်ကာ ၎င်းတို့ကိုယ်တိုင်ထုတ်ပြန်ခဲ့သည့် ဥပဒေကိုပင်ဖောက်ဖျက်ကာ ယခု ၂၀၁၀ တွင် နောက်ထပ်ထပ်မံ၍ ရွေးကောက်ပွဲပြုလုပ်ပေးမည်ဆိုသည်မှာ မလိုအပ်ကြောင်း ထိုကြေညာချက်တွင်ဖော်ပြပါရှိသည်။

မဆလစနစ်အတိုင်း ပြည်သူလူထု၏ဆန္ဒမပါဝင်ဘဲ ပြည်သူ့ထောက်ခံပွဲပြုလုပ်ခြင်းသည် ပြည်သူလူထုအား နောက်ထပ်တကြိမ် ထပ်မံစော်ကားခြင်းဖြစ်ပြီး တိုင်းပြည်၏အခြေအနေအား ဆိုးသထက်ဆိုးရွားလာအောင်သာ ပြုမူဆောင်ရွက်နေခြင်းဖြစ်ပေသည်။ လက်ရှိမြန်မာပြည်သူများ၏ စားဝတ်နေရေးကျပ်တည်းခြင်းနှင့် ဖိနှိပ်ညှဉ်းပမ်းနေမှုများ၊ သတ်ဖြတ်ခံနေရခြင်းများသည် ယခင်မဆလခေတ်ထက်ပင် ပိုမိုဆိုးရွားလျက်ရှိကြောင်းလည်း အဆိုပါကြေညာချက်တွင်ရေးသားထားသည်။

ဆက်လက်၍ ၁၉၉၀ မေလအတွင်းကျင်းပပေးခဲ့သော အထွေထွေရွေးကောက်ပွဲကြီး၏ရလဒ်အရ အနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားကိုယ်စားလှယ်များပါဝင်သည့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးသာလျှင် မြန်မာနိုင်ငံဒီမိုကရေစီရေးနှင့် အမျိုးသားရေးအကျပ်အတည်းများအား ဖြေရှင်းပေးနိုင်မည့် အမှန်ကန်ဆုံးနည်းလမ်းဖြစ်ကြောင်း သုံးသပ်ထောက်ပြထားသည်။

သို့ပါ၍ နအဖစစ်အုပ်စု၏ ထိုကြေညာချက် (၂) စောင်သည် ပြည်သူများ၏ဆန္ဒအမှန်ကို မျက်ကွယ်ပြုကာ စစ်အာဏာရှင်စနစ် ဆက်လက်တည်မြဲရေးကိုသာ ဦးတည်နေခြင်းကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုကြီးအနေဖြင့် ကန့်ကွက်ရှုတ်ချလိုက်ကြောင်းနှင့် ပြည်သူလူထု၏ ဆင်းရဲကျပ်တည်းမှုများမှကျော်လွှားနိုင်ရန်အတွက် ပြည်သူ့အခြေခံအင်အားစုများ၊ ဒီမိုကရေစီအင်အားစုများနှင့်အတူ နည်းလမ်းပေါင်းစုံဖြင့် လက်တွဲတိုက်ပွဲဝင်သွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။ ❖

# ရွှေဝါရောင်တော်လှန်ရေး (၅) လပြည့် အထိမ်းအမှတ်

## ဘာသာကြီး (၄) ရပ်က နအဖအား သုံးပွင့်ဆိုင်ဆွေးနွေးရေးတောင်းဆို

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်နေ့သည် ရွှေဝါရောင်တော်လှန်ရေး (၅) လပြည့်ခဲ့သည့် အထိမ်းအမှတ်အနေဖြင့် ဘာသာကြီးလေးရပ်က ဘာသာမဲ့နအဖစစ်အုပ်စုထံသို့ သုံးပွင့်ဆိုင်ဆွေးနွေးရေးတောင်းဆိုကြောင်း ကြေညာချက်တစောင်ထုတ်ပြန်လိုက်သည်။

ဤဆိုပါထုတ်ပြန်ကြေညာချက်တွင် စစ်အုပ်စု၏အကြမ်းဖက်ဖြိုခွဲခြင်းကြောင့် ဗုဒ္ဓဘာသာရဟန်းတော်များ သွေးမြေကျခဲ့ရသည့်နည်းတူ အခြားဘာသာများဖြစ်သောအစ္စလာမ်၊ ခရစ်ယာန်နှင့် ဟိန္ဒူဘာသာကြီးများသည်လည်း မြန်မာ့စစ်အုပ်စုလက်အောက်တွင် လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်များ ဆုံးရှုံးလျက်ရှိသည့်အပြင် နိုင်ငံရေးအရစစ်အုပ်စု၏ သပ်သျှိုဖြိုခွဲမှုများကြောင့်လည်း တဘာသာနှင့်တဘာသာကြား စိတ်ဝမ်းကွဲပြားမှုများဖြစ်ပေါ်လျက်ရှိနေရကြောင်းဖော်ပြထားသည်။

သံဃာတော်များ၏ ဦးဆောင်မှုဖြင့်ပေါ်ပေါက်လာသော ရွှေဝါရောင်တော်လှန်ရေး၏ ရလာဒ်အဖြစ် ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖဘက်မှ ဆက်ဆံရေးဝန်ကြီးတို့၏တွေ့ဆုံမှုများကို စစ်အုပ်စုက မလွှဲမရှောင်သာခေါ်ယူပေးခဲ့ရသော်လည်း စေတနာမှန်မပါသော ဤဆွေးနွေးပွဲများသည် အနာဂတ်မြန်မာနိုင်ငံတော်ကြီးအား စစ်မှန်သည့်ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ရောက်အောင် ပို့ဆောင်နိုင်လိမ့်မည်မဟုတ်ဟု ထောက်ပြထားသည်။

ထို့အပြင် နအဖစစ်အုပ်စုကဖေဖော်ဝါရီလ (၉) ရက်နေ့စွဲဖြင့် ကြေညာလိုက်သည့် (၁/၂၀၀၈) နှင့် (၂/၂၀၀၈) တို့သည် ပြည်သူတရပ်လုံးကိုသာမက ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏တောင်းဆိုချက်များကိုပါ ပြောင်ကျကျ စိန်ခေါ်လိုက်ခြင်းဖြစ်ကြောင်းနှင့် ပြည်သူ့ကိုယ်စားလှယ်များရေးဆွဲခဲ့ခြင်းမဟုတ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူတရပ်လုံးကို ကိုယ်စားပြုနိုင်မည်မဟုတ်ဟုလည်းကောင်း၊ စည်းမျဉ်းဥပဒေမဲ့ကျင်းပမည့် ဆန္ဒခံယူပွဲသည်လည်း တရားဝင်ဖြစ်သည်ဟု လက်ခံနိုင်စရာအကြောင်းမရှိကြောင်းတို့ကို အဆိုပါကြေညာချက်တွင် ဖော်ပြပါရှိသည်။

၁၉၉၀ ရွေးကောက်ပွဲအားပျက်ကွယ်ပြုခြင်းသည် လူထုကိုစော်ကားခြင်းဖြစ်ပြီး လူထုဆန္ဒမပါဘဲ ရွေးကောက်ပွဲ နောက်တကြိမ်ကျင်းပရန် ကြိုးပမ်းခြင်းသည်လည်း ဒီမိုကရေစီရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အား ချိုးဖောက်ဖျက်ဆီးခြင်းဖြစ်ကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ ဒီမိုကရေစီအင်အားစုများကတောင်းဆိုနေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေးကို လျစ်လျူရှုလိုက်ခြင်းလည်းဖြစ်ကြောင်း အဆိုပါကြေညာချက်တွင်ပါရှိသည်။

မိမိတို့၏ အမျိုး၊ ဘာသာ၊ သာသနာများပျောက်ကွယ်မသွားစေခြင်းငှာ နအဖ၏အတုအယောင်ဆန္ဒခံယူပွဲအား ဆန့်ကျင်သွားမည်ဖြစ်ကြောင်းနှင့် မိမိတို့၏ အမျိုး၊ ဘာသာအတွက် ရဲရဲဝံ့ဝံ့ကာကွယ်စောင့်ရှောက်သွားကြမည်လည်းဖြစ်ကြောင်း ဖော်ပြထားသည်။

ပြည်သူတရပ်လုံးရင်ဆိုင်နေရသည့် အထွေထွေအကျပ်အတည်းများမှ အမြန်ဆုံးလွတ်မြောက်ပြီး စစ်မှန်နိသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသစ်ကြီးပေါ်ပေါက်လာနိုင်ရေးအတွက် ငြိမ်းချမ်းစွာအသွင်ကူးပြောင်းနိုင်မည့်တခုတည်းသောနည်းလမ်းမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် သုံးပွင့်ဆိုင်ဆွေးနွေးရေးသာလျှင်ဖြစ်သည့်အတွက် ထိုလမ်းစဉ်မှ သွေဖည်ဆန့်ကျင်နေသည့် နအဖ၏ မည်သည့်လုပ်ငန်းစဉ်ကိုမဆို အကြမ်းမဖက်သောနည်းလမ်းဖြင့် တိုင်းရင်းသားပြည်သူတရပ်လုံးနှင့်အတူ လက်တွဲကာဆန့်ကျင်သွားမည်ဖြစ်ကြောင်း အတိအလင်းထုတ်ပြန်လိုက်သည်။

ဤထုတ်ပြန်ကြေညာချက်အား သာသနာ့ဥသျှောင်အဖွဲ့ (ထိုင်းနိုင်ငံ)၊ မြန်မာနိုင်ငံလုံးဆိုင်ရာသံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ မွတ်စလင်မ်အစည်းအရုံး၊ အရှေ့ဒေါနနှစ်ခြင်း ခရစ်ယာန်ဂိုဏ်းချုပ်နှင့် ထိုင်းနိုင်ငံရောက်ဟိန္ဒူအသင်းတို့မှ ပူးတွဲထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။❖



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# အဝေးကပေးစာတစောင်



ယာတောက သာပြော

… ဗမာပြည်ရဲ့ခေတ်သစ်သမိုင်းမှာ အင်မတန်အရေးပါပြီး ထူးခြားတဲ့ ၁၉၆၀ ခုနှစ်နဲ့ ၁၉၉၀ ခုနှစ်တုန်းက ရွေးကောက်ပွဲတွေကိုပဲ ပြန်စဉ်းစားလိုက်ပါဗျာ။ ဒီနှစ်ပွဲစလုံးဟာ စစ်အာဏာရှင်စနစ်နဲ့ စစ်တပ်အာဏာသိမ်းမှုကို ဆန့်ကျင်ကြောင်း ကျနော်တို့ပြည်သူ လူထုတွေ ပြတ်ပြတ်သားသားဖော်ပြခဲ့တဲ့ အောင်ပွဲခံရွေးကောက်ပွဲတွေ မဟုတ်ဘူးလား …

၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီ ၂၃။

ကိုဟိုဒင်းရေ ….

ကျနော်တို့ဗမာနိုင်ငံသားတွေ အစွမ်းပြရမယ့်အချိန် ရောက်လာပြန်ပါပေါ့လားဗျာ။

မျက်စိလည်မသွားနဲ့ဦးနော်၊ မိတ်ဆွေကြီး။

ကျနော်ဆိုလိုတာက နအဖကျင်းပတော့မယ့် လူထုဆန္ဒခံယူပွဲကြီးကိုပြောတာ။ ဘာတဲ့ မေလထဲမှာ ကျင်းပမယ်ဆိုမဟုတ်လား။ နအဖတို့များ လုပ်ချလိုက်တာ။ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေဆိုတာကို ကြေညာတောင် မကြေညာရသေးဘူး။ အတည်ပြုဖို့အစီအစဉ်ကြေညာနေပြီ။ ကလေးမမွေးခင်ကတည်းက သူ့အတွက် ပခက်တင်ပွဲ ဖိတ်စာကမ်းနေတာနဲ့ မတူဘူးလား။

တနည်းပြောရရင် ဗမာပြည်သားတွေဟာ သတို့သားမျက်နှာတောင်မမြင်ရဘဲ အပေးစားခံရမယ့်သဘောဗျ။ နောက်ပြီး ဖွဲ့စည်းပုံမှအတည်မပြုရသေးဘူး။ အဲဒီအထဲက ပြဋ္ဌာန်းတဲ့အတိုင်း ရွေးကောက်ပွဲကျင်းပဖို့ ရက်သတ်မှတ်နေပြီ။ ငါဘုရင်၊ ခုတင်ကိုဘယ်နှစ်ပတ်…. ပတ်,ပတ်၊ ပတ်လို့ရတယ်ဆိုပြီး လုပ်နေကြတာတွေပဲ။ သူတို့နဲ့အကျိုး အကြောင်းပြောလို့မဖြစ်ပါဘူး။

ဒီတပွဲမှာ နအဖဟာ ဘယ့်ကလောက်အပိုင်တွက်ထားသလဲဆိုရင် လူထုကိုနှစ်လပဲ အချိန်ပေးပြီး အပြတ်လုပ်ဖို့ပြင်ထားရုံ မကနောက်ခြေလှမ်းအတွက်တောင် စီမံကိန်းကို ကြေငြာလိုက်သေးတယ်။ သူတို့ဘက်က ဘာတွေ၊ ဘယ်လိုပြင်ဆင်ထားတယ်တော့ မပြောနိုင်ဘူး။ လုပ်ပုံတွေကတော့ ပုံမှန်မဟုတ်တာအမှန်ပဲဗျ။ ဒီနေ့လိုလူတကာက သူတို့ကိုမုန်းတီးမှုန်းသိရက်နဲ့ အခုလိုကြေညာလိုက်တော့ လူထုအပေါ်အထင်သေးလှချည့်လားလို့ တွေးရတော့မှာပေ့ါဗျာ။

တကယ်က ဒီစစ်ဗိုလ်ချုပ်တွေဟာ ဗမာပြည်က ပြည်သူတွေရဲ့သဘောထားကို မသိတာမဟုတ်ပါဘူး။ သိတယ်။ ဒါပေမဲ့ သူတို့လက်ထဲမှာဘာဝှက်ဖဲရှိတာကို ကျနော်တို့က မသိဘူး။ ဒီလိုအခြေအနေမှာ သူတို့ဘက်က တင်လာတဲ့ကိစ္စဟာ တိုင်းပြည်ရဲ့အနာဂတ်ကံကြမ္မာကို အဆုံးအဖြတ်ပေးမယ့်ကိစ္စဖြစ်နေတယ်။ ကျနော်တို့ သားစဉ်မြေးဆက်တွေပါ စစ်သံဖနောင့်အောက်မှာ ပြားပြားဝပ်နေရမယ့်ကိစ္စဖြစ်တယ်။ အရင်ကတော့ သူတို့စစ်တပ်ထဲမှာ အောက်ခြေတပ်သားတွေက အထက်အရာရှိတွေကို ဘာမှလှန်မပြောနိုင်ဘဲ ပြားပြားဝပ်နေရတယ်ဆိုတာမျိုးရှိခဲ့တယ်။ အခုတော့ တနိုင်ငံလုံး၊ တိုင်းရင်းသားလူမျိုးအားလုံး ဆွေစဉ်မျိုးဆက် စစ်ဗိုလ်တွေကို ပြန်မလှန်ဘဲ ပြားပြားဝပ်နေရမယ့် အနေအထားဖြစ်တယ်။

ဒါကြောင့် ပြည်သူလူထုနဲ့ အတိုက်အခံနိုင်ငံရေးအင်အားစုတွေအဖို့ပြောရရင် ဒီတပွဲဟာ အသည်းချင်းပေါက်ရမယ့်ပွဲပဲဗျ။ ဒီပွဲမှာ တချက်တွေဝေရင် တသက် ဝေလေလေလုပ်နေရမှာ။ နောက်ပြီး နောင်လာနောက်သားတွေကလည်း ကျနော်တို့တတွေ ဒီအခွင့်အရေးရခဲ့ရက်သားနဲ့ သူတို့ကိုပါ စစ်အုပ်စုရဲ့ ကျေးကျွန်အဖြစ် ထားခဲ့ရကောင်းလားလို့ အပြစ်တင်ကြမှာ။ ကျနော်တို့တတွေ သူတို့ကို ကောင်းမွေပေးချင်တယ်ဆိုရင် ဒီကိစ္စကိုပါဖြေရှင်းပေးခဲ့နိုင်သင့်တယ်ဗျ။

တကယ်တော့ဗျာ၊ ကျနော်တို့ပြည်သူတွေဟာ မဲထည့်တယ်ဆိုတာနဲ့ပတ်သက်လို့ အတွေ့အကြုံလည်းရှိ၊ သတ္တိလည်းရှိ၊ တီထွင်မှုလည်းရှိကြပါတယ်။ အရေးကြီးတာ သူတို့ကိုမှန်ကန်တဲ့ခေါင်းဆောင်မှုတခု၊ ရှင်းရှင်းလင်းလင်းပေးဖို့ပဲဗျ။ ကျန်တာကို သူတို့ဖာသာသူတို့ လုပ်တတ်တယ်လို့ ကျနော်တော်ယုံကြည်တယ်။

ဗမာပြည်ရဲ့ခေတ်သစ်သမိုင်းမှာ အင်မတန်အရေးပါပြီး ထူးခြားတဲ့ ၁၉၆၀ ခုနှစ်နဲ့ ၁၉၉၀ခုနှစ်တုန်းက ရွေးကောက်ပွဲတွေကိုပဲ ပြန်စဉ်းစားလိုက်ပါဗျာ။ ဒီနှစ်ပွဲစလုံးဟာ စစ်အာဏာရှင်စနစ်နဲ့ စစ်တပ်အာဏာသိမ်းမှုကိုဆန့်ကျင်ကြောင်း ကျနော်တို့ပြည်သူလူထုတွေပြတ်ပြတ်သားသားဖော်ပြခဲ့တဲ့ အောင်ပွဲခံရွေးကောက်ပွဲတွေမဟုတ်ဘူးလား။

တကယ်ဆိုရင် ၁၉၅၆ ခုနှစ် ရွေးကောက်ပွဲမှာကိုပဲ ပြည်သူတွေဟာ သူတို့အစွမ်းကို စပြခဲ့ပြီလို့ပြောနိုင်ပါတယ်။ အဲဒီတုန်းက ဖဆပလ၊ စစ်တပ်နဲ့ ပြူစောထီးတွေကနေ နေရာပဲရတော့ (၁၄၄) နေရာရခဲ့တဲ့ ဖဆပလခေါင်းဆောင်တွေက ဟားကြတာပေါ့ဗျာ။ ဒါပေမယ့် ဖဆပလကွဲလို့ အစိုးရပြန်ဖွဲ့ကြတော့ အဲဒီအမတ် (၄၆) ဦးကပဲ အဆုံးအဖြတ်ပေးခဲ့တာဟာ သမိုင်းရဲ့လှောင်ပြောင်မှုတခုသဖွယ် ပြောစမှတ်ဖြစ်ခဲ့တယ်လေ။

နောက်တခါ ဖဆပလကွဲပြီးတဲ့နောက် စစ်တပ်ကပထမဆုံးအကြိမ် အာဏာသိမ်းပြီး ကျင်းပပေးတဲ့ရွေးကောက်ပွဲမှာကျတော့ လူထုဟာ (အဲဒီတုန်းက အသုံးအနှုန်းအ အမျိုးမျိုးညစ်ပတ်၊ သတ်ဖြတ်တဲ့အကြားကပဲ အတိုက်အခံတွေကို အင်တိုက်အားတိုက် မဲပေးခဲ့ကြသဗျ။ အမတ်အရေအတွက်အနေနဲ့တော့ ဖဆပလက အများကြီးသာတာပေါ့ဗျာ။ ဒါပေမယ့် စုစုပေါင်းရတဲ့မဲအရေအတွက်ကျတော့ ဖဆပလက (၁၇) သိန်းကျော်၊ အတိုက်အခံတွေက (၁၅) သိန်းကျော်ရခဲ့ကြတယ်ဗျ။ အမတ်အရေအတွက်မှာ ပမညတဆိုတဲ့အဓိက အတိုက်အခံပါတီက (၄၆)

တိုင်းပြောရရင်) အသည်းကြားက မဲပြားတွေနဲ့ စစ်အာဏာရှင်စနစ် မလိုလားကြောင်း ပြတ်ပြတ်သားသား ဖော်ပြလိုက်ကြတယ်ဗျ။ တကယ်ကျတော့ အဲဒီတုန်းကတည်းကမြဲနဲ့ သန့်ရှင်းအကြားမှာ မူဝါဒအရ တယ်ပြီးကွာခြားလှတာ မဟုတ်ပါဘူး။ အကျင့်ပျက်ခြစားမှုဆိုတာလည်း ဘယ်ဘက်မှသိပ်ကင်းကြတာ မဟုတ်ပါဘူးဗျာ။ (အဲဒီတုန်းက သူတို့ချင်းညောင်မြစ်တူးကြတဲ့စာတွေ သတင်းစာတွေထဲမှာဖတ်ခဲ့ရတာကို ခင်ဗျားလည်းမှတ်မိမှာပေါ့) ဒါပေမယ့် တည်မြဲ–ဆိုရှယ်လစ်–ဗိုလ်နေဝင်းစစ်အုပ်စုဆိုတဲ့ တြိဂံဆက်စပ်မှုဟာ ရွေးကောက်ပွဲရဲ့အရှုံးအနိုင်ကို ပြဋ္ဌာန်းသွားတယ်လို့ ပြောရမယ်ထင်ပါတယ်။ အပြတ်အသတ်ပါပဲ။ အဲဒီရွေးကောက်ပွဲမှာ စစ်တပ်ကသေနတ်ထောက် မဲပေးခိုင်းမှုတွေအကြားကပဲ ပထစ (သန့်ရှင်း) က အမတ်နေရာပေါင်း (၁၅၉) နေရာ၊ ဖဆပလ (တည်မြဲ) က အမတ်နေရာပေါင်း (၄၂) နေရာရခဲ့ကြပြီး ၁၉၅၆ ခုနှစ်၊ ရွေးကောက်ပွဲတုန်းက အဓိကအတိုက်အခံအင်အားကြီးဖြစ်ခဲ့တဲ့ ပမညတကတော့ တနေရာမှမရခဲ့ဘူးဗျ။

ကျနော့်တဦးချင်းအနေနဲ့ အခုပြန်စဉ်းစားလိုက်တော့ အဲဒီတုန်းကတကယ်လို့သာ ဖဆပလ (တည်မြဲ) ဟာ အာဏာသိမ်းစစ်အုပ်စုနဲ့ ကင်းကင်းရှင်းရှင်းရှိခဲ့ရင် ဒီလောက်အပြတ်အသတ် ဖြစ်ကောင်းမှဖြစ်မယ်။ တန်းတူလောက်ဖြစ်ကောင်းဖြစ်မယ်လို့ တွေးမိနေတယ်။ သေချာတာကတော့ မဲပေးသူလူထုဟာ မဲအရေအတွက်ပြားမထွက်အောင် စုပြီးပုံအောတန်ရင် အောရမယ်ဆိုတာကို နားလည်နေတာပဲဗျ။

ပြည်သူလူထုရဲ့ အဲဒီလိုတုန့်ပြန်လိုက်မှုကြောင့် မှတ်လောက်သားလောက်တဲ့ အလှည့်အပြောင်းကြီးနှစ်ခုဖြစ်ခဲ့တယ်။ တခုကဆို ရှယ်လစ်စစ်အုပ်စုနဲ့ ဖဆပလကို လူထုအကြားမှာ ပွင့်ကျသွားစေခဲ့တယ်။ တချိန်က အရှိန်ဩဇာအင်မတန်ကြီးမားလှတဲ့ ဖဆပလဆိုတဲ့နာမည်ဟာ အဲဒီအချိန်ကစပြီး ဗမာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ အမည်းစက်တွေနဲ့ ချောင်ထဲရောက်သွားတော့တာပဲဗျ။ ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲကာလမှာ ပြန်ပွဲထုတ်လို့တောင် မရတော့သလောက်ပဲမဟုတ်လား။ နောက်တချက်ကတော့ စစ်အုပ်စုထဲမှာ ကွဲထွက်သွားတာဖြစ်တယ်။ အာဏာကို တနည်းနည်းနဲ့ပြန်ယူအုန်းမယ်လို့ သန္နိဋ္ဌာန်ချထားတဲ့ဗိုလ်နေဝင်းဟာ သူ့အနာဂါတ်အတွက်အရှည်မျှော်ပြီး တချိန်က သူ့ကို ဒီနေရာရောက်အောင် ပုခုံးနဲ့ထမ်းတင်ခဲ့ကြတဲ့ ဆိုရှယ်လစ်ပါတီဝင် စစ်ဗိုလ်တွေကို တပ်ထဲကထုတ်ပစ်လိုက်တယ်။ ဗိုလ်နေဝင်းဟာ သူ့စစ်အုပ်စုအဖို့ အရင်လူ၊ အရင်မူတွေနဲ့ ဆက်သွားလို့မဖြစ်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီး စစ်အုပ်စုထိပ်ပိုင်းမှာ မျက်နှာသစ်အများအပြားတင်ပြီး ဆိုရှယ်လစ်စကားတွေနဲ့ စခန်းသွားတော့တာပဲလေ။

အလားတူပဲ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲအကြောင်းတော့ အများသိပြီးမို့လို့ ကျနော် အကျယ်မရေးတော့ပါဘူး။ ဒီမှာလည်း လူထုကြီးကမဲပေးပစ်လိုက်တာ စစ်အုပ်စုထဲမှာ ကွဲထွက်သွားပြီး ဗိုလ်နေဝင်းရဲ့အရှိန်ဩဇာတွေ နေဝင်သွားတော့တယ်မဟုတ်လားဗျာ။

ဒီတခါ နအဖရဲ့ဆန္ဒခံယူပွဲမှာလည်း လူထုဟာ မဲကလေးထည့်ရုံနဲ့ စစ်အစိုးရကို တုန်ခါသွားစေနိုင်တယ်ဆိုတဲ့ ထုံးကိုနှလုံးမူပြီး အစွမ်းပြကြရတော့မယ်ထင်တယ် ကိုဟိုဒင်းရေ။

ကမ္ဘာမှာ နိုင်ငံရေးနိုးကြားမှု၊ နိုင်ငံရေးအသိနဲ့ပတ်သက်လာရင် ကျနော်တို့ နိုင်ငံသားတွေဟာ တခြားဘယ်နိုင်ငံသားတွေထက်မှာ မနိမ့်ဘူးလို့ကျနော်မကြာခဏပြောလေ့ရှိတယ်ဗျ။ ဒါဟာလည်း ကျနော်တို့နိုင်ငံကိုက လွတ်လပ်ရေးရတယ်ဆိုကတည်းက နိုင်ငံရေးမတည်ငြိမ်မှုနဲ့ နိုင်ငံရေးတိုက်ပွဲတွေ အဆက်မပြတ်ဆင်နွှဲနေကြရတာနဲ့ တိုက်ရိုက်ဆိုင်တယ်လို့ ထင်တာပဲ။

ဘာပဲဖြစ်ဖြစ်လေ၊ အခုတခါမှာလည်း ကျနော်တို့ပြည်သူတွေဟာ သူတို့ရဲ့ကြီးမြတ်၊ ဂုဏ်ပြောင်မှုကို ဖော်ပြကြဦးမယ်လို့ပဲ ယုံကြည်မျှော်လင့်နေမိတယ် မိတ်ဆွေကြီးရေ။

ဘယာဘေး ကွာဝေးကြပါစေ။

ယာတောကသာပြော

❖

# စွမ်းအောင်



အောင်စောဦး

**ယနေ့ အချို့ အချို့သောသူများကပြောကြနေတဲ့ စစ်အုပ်စုက အသာစီးရသွားပြီ။ လူထုကတော့ ဖွတ်ဖွတ်ကြေအောင် ခံနေရတယ်။ လူထုကကြောက်သွားပြီ။ ဒါကြောင့် စစ်အုပ်စုရဲ့နောက်ကိုပဲ ရသလောက်နဲ့ လိုက်ပါဖို့တဲ့။ ဟုတ်ပါတယ်။ ပြည်သူလူထုခံနေရ တာက ဘက်တဘက်ပါ။ အခြားဘက်တဘက် ရှိပါသေးတယ်။**

အထက်တန်းကျောင်းသားဘဝတုန်းက ရူပဗေဒစာဘာသာရပ်မှာ စွမ်းအင်ကို အခုလို သင်ကြားခဲ့ဖူးတယ်။ "စွမ်းအင်သည် ပြုလုပ်ယူ၍လည်းမရ ဖျောက်ဖျက်ယူ၍လည်းမရ။ သို့သော်စွမ်းအင်သည် ပြောင်းလဲယူ၍ ရသည်"တဲ့။ အတတ်ပညာကို အတတ်ပညာသက်သက်မထားဘဲ အတတ်ပညာကို အတွေးအခေါ်နဲ့ ဆက်စပ်စဉ်းစားကြည့်ပြီး လူမှုလက်တွေ့ဘဝထဲမှာ အသုံးချကြည့်ရအောင်ပါ။

ယနေ့ အချို့ အချို့သောသူများက ပြောကြနေတဲ့ စစ်အုပ်စုက အသာစီးရသွားပြီ။ လူထုကတော့ ဖွတ်ဖွတ်ကြေအောင် ခံနေရတယ်။ လူထုကကြောက်သွားပြီ။ ဒါကြောင့် စစ်အုပ်စုရဲ့နောက်ကိုပဲ ရသလောက်နဲ့ လိုက်ပါဖို့တဲ့။ ဟုတ်ပါတယ်။ ပြည်သူလူထုခံနေရတာက ဘက်တဘက်ပါ။ အခြားဘက်တဘက် ရှိပါသေးတယ်။

အဲဒါက ခွန်အား။

လူထုက ဖွတ်ဖွတ်ညက်ညက်ကြေနေအောင် ခံနေရလို့ နောကျေအောင်သိနေကြတယ်။ ဘဝနာလို့ အသိသာဆိုသလို သိနေကြတယ်။ ဒီတော့ အဲဒီခံနေရတယ်ဆိုတာတွေကကို ခွန်အားဖြစ်နေတာပါ။ အဲဒီခံနေရမှုတွေက ခွန်အားအဖြစ် ပြောင်းလဲသွားကြလိမ့်မယ်။ ဒါဟာ စကြာဝဠာရဲ့အမှန်တရား။

ကဲ .... ကျနော်တို့ မကြာမီကာလ (၂) လအတွင်းမှာ နဖူးတွေ့ ဒူးတွေ့ရင်ဆိုင်ဖြတ်သန်းရမယ့် နအဖစစ်အုပ်စုရဲ့ လမ်းပြမြေပုံအဆင်သင့်ဖြစ်ဖို့ ဆန္ဒခံယူပွဲကို တွေ့ကြုံရတော့မှာဖြစ်ပါတယ်။ ပြင်ဆင်ချိန် သိပ်မရှိတော့ပါဘူး။ ဒါကြောင့် ပြောချင်တာတွေကို အမှတ်စဉ်ချိုးပြီးပဲ ပြောလိုက်မယ်။

(၁) နဝတ၊ နအဖ စစ်အုပ်စုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပိုင်ခွင့်မရှိဘူး။ ဒါကြောင့်စစ်အုပ်စုက တဖက်သတ်ရေးဆွဲခဲ့တဲ့ဥပဒေကို ဆန္ဒခံယူရွေးချယ်စရာအကြောင်း မရှိဘူး။

(၂) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေကသာ ရေးဆွဲရမှာဖြစ်တယ်။ ၁၉၄၇ အခြေခံဥပဒေကို တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲမှာ ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေကသာ ဦးဆောင်ရေးဆွဲသွားခဲ့တာ ဖြစ်ပါတယ်။

(၃) ဒီကနေ့ ကမ္ဘာ့အခင်းအကျင်းဟာ စစ်အေးခေတ်မဟုတ်။ စစ်အေးလွန်ခေတ်ကမ္ဘာ့ရွာခေတ်။ ဒါကြောင့် (၇၉) ခုနှစ်က မဆလစစ်အုပ်စုလုပ်တဲ့ ဆန္ဒခံယူပွဲအခင်းအကျင်းမဟုတ်တော့။

(၄) ဆန္ဒခံယူပွဲဆိုတာ ပါတီစုံရွေးကောက်ပွဲထက် ပိုအရေးကြီးတယ်။ နိုင်ငံသားတိုင်း ပါဝင်ပတ်သက်ရမယ့် နိုင်ငံရေးအခန်းကဏ္ဍဖြစ်တယ်။ ငါနဲ့မဆိုင်ပါဘူးဆိုပြီး ဖာသိဖာသာနေလို့မရဘူး။ သူ့ကျွန်ဘဝထက် စစ်ကျွန်ဘဝကပိုပြီးဆိုးတယ်ဆိုတာ သိနေရုံလောက်နဲ့ မလုံလောက်ဘူး။ ပြည်သူတွေက အပြစ်မရှိလို့ အပြစ်ဖြစ်နေကြရတယ်။ ကုန်ကုန်ပြောရင် အသက်ရှူတာတောင် အပြစ်ဖြစ်နေတယ်။ ဒီတော့ ဒီစစ်ကျွန်ဘဝကလွတ်မြောက်အောင်တိုက်တွန်းဖို့ လူတိုင်း လူတိုင်းမှာ တာဝန်ရှိပါတယ်။

(၅) နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ပြည်တွင်းက ပြည်သူလူထုရဲ့ လက်တလော အမျိုးသားရေးတာဝန်တရပ်လို့ ဆိုချင်ပါတယ်။

(က) နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ လာမယ့်မေလမှာ စစ်အုပ်စုက ဦးစီးကျင်းပမယ့်ဆန္ဒခံယူပွဲကို နိုင်ငံတကာရဲ့စောင့်ကြည့်လေ့လာအကဲဖြတ်ခွင့်ရဖို့ ထုတ်ဖော်ကြိုးပမ်းရမှာဖြစ်တယ်။ ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ အရှေ့တောင်အာရှနိုင်ငံများ၊ အမေရိကန်၊ တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဂျပန်၊ နိုင်ငံတကာစောင့်ကြည့်လေ့လာမှုများ၊ နိုင်ငံတကာသတင်းမီဒီယာများ လွတ်လပ်စွာ လေ့လာစောင့်ကြည့်ခွင့်များကို ကြိုးပမ်းရမှာဖြစ်တယ်။

(ခ) ပြည်တွင်း ပြည်သူလူထုအနေနဲ့ ဆန္ဒခံယူပွဲကို လွတ်လပ်ပြီးတရားမျှတတဲ့ အခြေအနေများဖြစ်ပေါ်ဖို့ ဖန်တီးရမှာဖြစ်တယ်။ ပြီးလျှင် မဲရုံကိုသွားကြပါ။ ကန့်ကွက်မဲ (ကြက်ခြေခတ်) ကြက်ခြေခတ်ပုံးထဲ ရဲရဲမဲထည့်ကြပါ။

(ဂ) တပ်မတော်သားများ၊ ရဲအမှုထမ်းများ၊ အစိုးရဝန်ထမ်းများ၊ ကြံ့ဖွံ့စွမ်းအားရှင်များပါမကျန် အားလုံးကို စည်းရုံးလှုံ့ဆော်ရမှာဖြစ်တယ်။ အနီးကပ်ဆုံး (၁၉၉၀) မေလရွေးကောက်ပွဲအတွေ့အကြုံကို ကြည့်ပါ။ ဥပမာ ကိုကိုးကျွန်းမှာ အရပ်သားဆိုလို့ ဘုန်းကြီးပဲရှိတယ်။ အားလုံး တပ်မတော်သားများ၊ ရဲဝန်ထမ်းများနှင့် အစိုးရဝန်ထမ်းများပဲဖြစ်ပါတယ်။ ဒါပေမယ့် ဒီမိုကရေစီဘက်သား အဲန်အယ်လ်ဒီ အနိုင်ရရှိပါတယ်။ တပြည်လုံးမှာလည်း တစည်ပေးတဲ့ နေ့တွက်ကိုယူ၊ တစညကျွေးတဲ့ ထမင်းကိုစား၊ တစညစီစဉ်ပေးတဲ့ ကားကိုစီး မဲရုံကိုသွား၊ ပြီးတော့ အဲန်အယ်လ်ဒီ (ခမောက်) ထဲ မဲထည့်လိုက်ကြတာပါပဲ။

(ဃ) အခုလည်းပဲ လူထုခွန်အားတွေ ပြောင်းလဲနိုင်ကြောင်း ပြသရမှာဖြစ်တယ်။ အဆုံးအဖြတ်ခန်းကို ရောက်လာပါပြီ။

( င) ဒီတော့ ပြည်သူတွေဘာလုပ်မလဲ။ ကျနော်ပြည်သူလူထုကိုယုံတယ်။ ကျနော်တို့ ပြည်သူလူထုမှာ မကုန်ခန်းနိုင်တဲ့စွမ်းအင်တွေ ရှိတာကို မုချယုံပါတယ်။ ကျနော်တို့ပြည်သူတွေမှာ နယ်ချဲ့ဆန့်ကျင်ရေးအတွေ့အကြုံ၊ ဖက်ဆစ်တော်လှန်ရေးအတွေ့အကြုံ၊ ရွေးကောက်ပွဲအတွေ့အကြုံများ (၄၇ တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ၊ ၁၉၆၀ သန့်ရှင်းတည်မြဲရွေးကောက်ပွဲ၊ ၁၉၉၀ တစည ပြည်သူ့ရွေးကောက်ပွဲ) ရှိပြီးသားပါ။

နိဂုံးအားဖြင့်ကတော့ သမိုင်းကို ဖန်တီးတာဟာ ပြည်သူလူထုပဲဖြစ်ပါတယ်။ ဒါကြောင့် လာမယ့် (၂၀၀၈) မေလမှာ စစ်အုပ်စုကဦးစီးကျင်းပမဲ့ ဆန္ဒခံယူပွဲမှာ ပြည်သူလူထုဘာလုပ်မလဲဆိုတာ။ မဲရုံကိုသွားကြပါ။ နအဖရေးဆွဲတဲ့ စစ်တပ်ကွင်းစက် ထာဝရကြီးစိုးရေးအခြေခံဥပဒေကို ဆန့်ကျင်ကန့်ကွက်မဲ (ကြက်ခြေခတ်) ကြက်ခြေခတ်ပုံးထဲပုံအောမဲထည့်ကြပါ။ ဆန္ဒခံယူပွဲကို အသံတိတ်ဆန္ဒပြပွဲအဖြစ် ပြောင်းလဲဖန်တီးကြ ပါလိမ့်မယ်လို့ မမှိတ်မသုံ ယုံကြည်ပါတယ် ....။

အောင်စောဦး (ခေတ္တအမေရိကား)
အမြဲတမ်းနေရပ်လိပ်စာ
၁၄၀၉ (ဂ) မြလေးဆောင်၊
တာလမ်းအနီး၊
ပုသိမ်တက္ကသိုလ်၊ ပုသိမ်မြို့။



**ဤအတုအယောင် အခြေခံဥပဒေကို ဆန့်ကျင်ရန် ပြည်သူလူထုနှင့် ပူးပေါင်းရပါလိမ့်မည်။ ဆန္ဒခံယူပွဲကိုဆန့်ကျင်မဲပေးရန် မြန်မာပြည်သူတို့အား ဦးဆောင် ပညာပေးစည်းရုံးရလိမ့်မည်ဖြစ်ပါသည်...။**

ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ
(မြန်မာနိုင်ငံ)

# ပြည်သူ့ဆန္ဒခံယူပွဲနှင့် ပတ်သက်၍ ပြည်တွင်းပြည်ပမှ သဘောထားအမြင်များ



"ရွေးကောက်ပွဲလုပ်ပေးပြီးရင် ရွေးကောက်ပွဲရလဒ်ကို အကောင် အထည် ဖော်ပေးဖို့လည်းလိုပါသေးတယ်။ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အကောင် အထည်မဖော်ပေးတာဟာ ပြည်သူတရပ်လုံးကို လိမ်လည်လှည့်ဖျား စော်ကားရာရောက်တယ်။"

"အာဏာပိုင်တွေဟာ မိမိတို့သဘောမကျတဲ့ ရွေးကောက်ပွဲရလဒ်တွေဆိုရင် လျစ်လျူရှုလိုက်၊ လိုချင်တဲ့ရလဒ်ဖြစ်လာနိုးနိုး ရွေးကောက်ပွဲ အသစ်တွေကို ကျင်းပလိုက်လုပ်နေမယ်ဆိုရင်တော့ တိုင်းပြည်ရဲ့အနာဂတ်နဲ့ ကစားရာရောက်ပါလိမ့်မယ်။ တိုင်းပြည်ရဲ့အနာဂတ်ဆိုတာ ကစားရမယ့် အရာမဟုတ်ပါဘူး။ တလေးတစားနဲ့ စောင့်ရှောက်သွားရမယ့်အရာသာ ဖြစ်ပါတယ်"

(ဒေါ်အောင်ဆန်းစုကြည် ၁၉၉၈ ခုနှစ်၊ မေလ (၂၈) ရက်)



ပြည်သူ့ကိုယ်စားလှယ်တွေမပါဘူး။ သူတို့စိတ်ကြိုက်ရွေးချယ်ထားတဲ့ကိုယ်စားလှယ်နဲ့ သူတို့လုပ်ထားတဲ့ဟာက တဖက်သတ်ဆန်လွန်းတယ်။ လက်ခံထိုက်တဲ့ ဥပဒေမဖြစ်ဘူးဆိုတာ အစကတည်းက ကျနော်တို့ကန့်ကွက်ထားတာပဲ။ အခု ဆန္ဒခံယူပွဲလုပ်မယ်ဆိုလို့ရှိရင်လည်း ကျနော်တို့က ပြည်သူ့ဆန္ဒခံယူပွဲမှာ ကန့်ကွက်မှာပါ။ မေလသာပြောတယ်၊ ဘယ်နေ့ ဘယ်ရက်ဆိုတာ အတိအကျတော့ပြောတာမဟုတ်သေးဘူး။ ကျနော်တို့က လည်း ကျနော်တို့ နည်းနာနိဿရနဲ့လုပ်မှာပါ။ ကျနော့် မဲဆန္ဒနယ်အနေနဲ့ ကျနော့်ကို မဲပေးထောက်ခံတဲ့လူများအနေနဲ့ ဒါကကျနော်တို့ကို အကျိုးပြုမဲ့ဥပဒေမဟုတ်ဘူး။ ဘယ်အချိန်မှာဖြစ်ဖြစ် ဒီဥပဒေကိုတော့ ထောက်ခံဖို့ အကြောင်းလုံးဝမရှိဘူးဆိုတာ ကျနော်ပြောထားပါတယ်။

(ဇိုမီးအမျိုးသားကွန်ပါတီဥက္ကဋ္ဌ၊ တီးတိန်မြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးပုကျင့်ရှင်းထန်)

"အခုအချိန်အထိပြည်သူတရပ်လုံးက ဒီ့.... ထောက်ခံရမလား၊ ကန့်ကွက်ရမလားဆိုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဖြူသလား၊ မဲသလားဆိုတာ လူထုကအတိအကျမသိဘူး။ အခုချိန်မှာ စည်းဝိုင်းအပြင်ဘက်မှာရှိနေတုန်း လူထုကနေပြီးတော့ ဒီရွေးကောက်ပွဲ ဒီလူထုဆန္ဒခံယူပွဲအတွက် ဘယ်လိုကျင့်သုံးကြမလဲ။ ဘယ်လိုထောက်ခံကြမလဲ။ ကန့်ကွက်မယ်ဆိုရင်လည်း ဘယ်လိုကန့်ကွက်မလဲ။ အခုအနှောင်အဖွဲ့တွေမရှိတဲ့အချိန်မှာ ပြည်သူလူထုကနေပြီးတော့ ကြိုက်တယ်၊ မကြိုက်ဘူးဆိုတာ ရွေးချယ်ခြင်းသည် ပိုပြီးတော့မှန်ကန်တယ်။ ပိုပြီးတော့မျှတတယ်၊ တရားနည်းလမ်းကျတယ်လို့ ကျနော်ကတော့ အဲဒီလိုပဲယူဆတယ်"

(ပဲခူးမြို့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လှ)

"အခုဖွဲ့စည်းပုံအခြေခံဥပဒေပြီးတယ်လို့လည်းပြောတယ်။ အဲဒါကို ပြည်သူတွေအလွယ်တကူသိရှိအောင် ဘယ်လိုလုပ်မလဲဆိုတာ ပိုအရေးကြီးပါတယ်" "ကျနော်တို့အခုပြည်လုံးကျွတ်ဆန္ဒခံယူပွဲလုပ်မယ်လို့ပြောတယ်။ ပြည်သူတွေ လွတ်လွတ်လပ်လပ်ဆန္ဒပြုတဲ့ပုံစံမှဟုတ်ရဲ့လားဆိုတာ ကျနော်တို့စဉ်းစားနေရတယ်။ အခုက ကြေညာချက်မှာ အဲဒီ့ကိစ္စတွေနဲ့ပတ်သတ်လို့ တလုံးတဘာဒမျှမပါဘူး။ နောက်တခုက ၂၀၁၀ မှာပြုလုပ်မယ့်ရွေးကောက်ပွဲ။ ရွေးကောက်ပွဲဆိုတာက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲက ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုမှရွေးကောက်ပွဲလုပ်မှာ။ အဲတော့ ပြည်သူ့ဆန္ဒခံယူပွဲရဲ့အဖြေက ထောက်ခံတာနဲ့၊ ကန့်ကွက်တာ (၂) ခုရှိတယ်။ အဲဒီ (၂) ခုမှာ ထောက်ခံတာပဲ အဖြေထွက်မယ်ဆိုတဲ့အဓိပ္ပါယ်မျိုးနဲ့ရွေးကောက်ပွဲ ကျင်းပဖို့ ကြေညာနေတာလိုဖြစ်နေတယ်။ အဲတော့ ပြည်သူလူထုက လွတ်လပ်တဲ့ဆန္ဒနဲ့ဆန္ဒပေးနိုင်တဲ့ ဆန္ဒခံယူပွဲမျိုးဖြစ်ဖို့ကိုဘဲ ကျနော်တို့လိုလားတယ်။ လွတ်လပ်တဲ့ ဆန္ဒမဲပေးမှုမျိုးသာဖြစ်ရင် ကန့်ကွက်တာအနိုင်ရမယ်လို့ ကျနော်ယုံကြည်တယ်"

(အန်အဲလ်ဒီပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်း –ဒီဗွီဘီ)



"ဆန္ဒခံယူပွဲဆိုတာ ဘယ်လိုဆန္ဒခံယူမှာလဲ။ နိုင်ငံတကာရဲ့ပါဝင်ပတ်သက်မှုက ဘယ်လောက်ရှိမှာလဲ။ အခြေခံဥပဒေဆွဲကတည်းက တဖက်သတ်ကြီး။ ကိုယ်ကြိုက်သလိုဆွဲတယ်။ ဒါဟာ စစ်အုပ်စုအာဏာတည်မြဲရေးအတွက်လုပ်ထားတဲ့ အခြေခံဥပဒေပဲ။ စစ်တပ်က စိုးမိုးရေးကိုရှေ့ရှုတဲ့အခြေဥပဒေပဲ။ ဗမာပြည်မှာ ပြဿနာပိုဆိုးသထက်ဆိုးသွားမယ်။ တိုင်းရင်းသားတွေနဲ့လည်း ပြဿနာအများကြီး ဆိုးစရာရှိတယ်။ ကျနော်တို့အနေနဲ့ ဘယ်နည်းနဲ့မှ အပြုသဘောဆောင်တယ်လို့မမြင်ဘူး။ ဒီဆန္ဒခံယူပွဲက အဓိပ္ပါယ်မရှိဘူး။ ဒီအခြေခံဥပဒေက ကျနော်တို့အားလုံးသိတာပဲ။ ဘယ်သူမှလည်းပဲ မပါဝင်မပတ်သက်ပဲနဲ့ သူတို့လိုချင်ရာကိုဆွဲတယ်။ စစ်တပ်ရဲ့အုပ်ချုပ်မှု တရားဝင်ဖြစ်အောင်ဆွဲထားတဲ့ အခြေခံဥပဒေပဲ။ ပြည်သူလူထုကလည်းမပါဘူး။ ဆန္ဒခံယူပွဲလုပ်ပြီးဆိုရင်လဲပဲ သူ့ရဲ့အခြေခံအချက်တွေနဲ့ ပြည့်စုံရမှာပေ့ါ။ လူထုမှာ လွတ်လပ်မှုရှိရမယ်။ နိုင်ငံတကာရဲ့ကြီးကြပ်မှုရှိရမယ်။ ဒါတွေမရှိဘဲနဲ့ တရားဥပဒေရဲ့အချက်တွေမပြည့်ဘူးဆိုရင် အဓိပ္ပါယ်မရှိဘူးပေ့ါ။

(အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်း)



"တိုင်းပြည်အေးချမ်းတည်ငြိမ်လာပြီး စီးပွားရေး၊ လူမှုရေးတွေ အများကြီးဖွံ့ဖြိုးလာပြီးဆိုတဲ့အချက်က အင်မတန်မှားယွင်းတဲ့သုံးသပ်ချက်လို့မြင်တယ်။ အခြေအနေက နိုင်ငံရေးအကြပ်အတည်းတွေ၊ စီးပွားရေးအကျပ်အတည်းတွေ၊ လူမှုရေးအကျပ်အတည်းတွေ ပိုပိုပြီးပြီးတော့ ဆိုဝါးနေတာဖြစ်တယ်။ သူတို့ဟာ ပြောင်းပြန်ပြောတာဖြစ်တယ်။ နောက်တခုကတော့ သူတို့ဆန္ဒခံယူပွဲလုပ်မယ်ဆိုတဲ့ ကိစ္စနဲ့ပတ်သက်လို့ သူတို့ရေးဆွဲတဲ့ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းဥပဒေဟာ National Convention ကနေပြီးတော့ အခြေခံရမယ့်မူ (၁၄) ချက်အပေါ်မှာ သူတို့ရေးဆွဲထားတာဖြစ်တော့ လုံးဝကျနော်တို့ လက်မခံနိုင်တဲ့ဖွဲ့စည်းပုံဖြစ်တယ်။ သူတို့လုပ်မယ့် ဆန္ဒခံယူပွဲကလည်း လွတ်လပ်မျှတမှုရှိမှာမဟုတ်ဘူး။ ဒါဟာ အားလုံးဟာ တရားမဝင်ဘူးလို့ ကျနော် အဲဒီလိုပဲ ပြောချင်တယ်"

(KNU (ခေါ်) ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှားလားဖန်း)



"နှစ်လ၊ သုံးလအတွင်းမှာ ဆန္ဒခံယူပွဲကိုကျင်းပပြီးတော့ လူထုရဲ့သဘောထားရယူဖို့ ပြင်ဆင်တယ်ဆိုတဲ့အချက်နဲ့ အချိန်ကာလသတ်မှတ်ချက်နဲ့တော့ လုံလောက်တဲ့ အချိန်ကာလသတ်မှတ်ချက်ဖြစ်လိမ့်မယ်လို့ ကျနော်မယူဆဘူး။ လူထုဆီက မှန်ကန်တဲ့ သဘောထားတွေရနိုင်လိမ့်မယ်လို့လည်း မယူဆဘူး။ စစ်အုပ်စုအနေနဲ့ သူတို့ဘက်က ပြင်ဆင်ထားတဲ့ လူထုသဘောထားက ဘယ်လိုရှိရှိ သူတို့လိုချင်တဲ့ သူတို့ဖြစ်ချင်တဲ့ ဆန္ဒအတိုင်း ဖြစ်အောင် အတင်းလုပ်ယူဖို့ကြိုးပမ်းတာလို့ ကျနော်တို့မြင်တယ်"

(ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရေးမှူးအဖွဲ့ဝင် ဦးမြင့်သိန်း)



"ဒီအခြေခံဥပဒေတွေကို ပြည်သူတွေမဲပေးရမှာဖြစ်တဲ့အတွက်ကြောင့် ပြည်သူတွေအနေနဲ့ အချိန်ယူပြီးတော့လေ့လာဖို့တော့ အချိန်ပေးသင့်တယ်။ ပြီးသွားတဲ့အခြေခံဥပဒေအပေါ်မှာ ပြည်သူတွေရဲ့အကျိုးစီးပွားကို ဘယ်လောက်ကာကွယ်ထားပြီးပြီလဲဆိုတာ ပြည်သူတွေအနေနဲ့ သိသင့်သိထိုက်တယ်။ အဲဒီ့အကျိုးစီးပွားအပေါ်မူတည်ပြီးတော့ ဒီဆန္ဒခံယူပွဲမှာ ပြည်သူတွေအနေနဲ့ မဲပေးရမှာဖြစ်တယ်။ မေလလို့ပြောတဲ့အပိုင်းမှာ လေ့လာမှုအချိန်နည်းတယ်လို့ပဲ ကျနော်သုံးသပ်မိပါတယ်။ အချို့ပြည်သူတွေအနေနဲ့က ဝမ်းစာကတဖက်၊ အလုပ်အကိုင်တွေကတဖက်နဲ့ အချိန်ယူလေ့လာဆွေးနွေးဖို့ အချိန်နည်းနေတယ်လို့ ကျနော်ယူဆတယ်"

(ပြည်ပရှိတိုင်းရင်းသားလူမျိုးများကောင်စီ (ENC) ပြောခွင့်ရသူ ပဒိုဒေးစောဗစ်ထော)

"နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက ကျနော်တို့ ရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့လွှတ်တော်ကကိုယ်စားလှယ်တွေနဲ့ ရွေးဆွဲထားရတာလည်းမဟုတ်ဘူး။ ကျနော်တို့ ကိုယ်စားလှယ်တွေနဲ့ ရေးဆွဲထားတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမဟုတ်တဲ့အတွက်ကြောင့် ကျနော်တို့ လုံးဝလက်ခံနိုင်မှာမဟုတ်ပါဘူး"

(ရှမ်းပြည်တောင်ပိုင်းတပ်မတော်မှပြောခွင့်ရသူ ဗိုလ်မှူးလောက်စေရန်)

"အခုချိန်မှာ ရွေးကောက်ပွဲအနိုင်ရပါတီဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် တိုင်းရင်းသားကိုယ်စားလှယ်အားလုံးဟာလည်း နအဖကို နိုင်ငံရေးပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းဖို့ တောင်းဆိုနေကြတယ်။ မြန်မာနိုင်ငံအတွင်းမှာ အတိုက်အခံတွေရော၊ စစ်တပ်ကိုယ်စားလှယ်တွေရော၊ တိုင်ရင်းသားကိုယ်စားလှယ်တွေရော၊ အားလုံးပူးပေါင်းပါဝင်လျက် နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်မှုတရပ်ကို အားလုံးကမျှော်လင့်နေကြတယ်။ နအဖက ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို သူတို့ဘာသာသူတို့ တဘက်သတ်ရေးဆွဲပြီးတော့ လူထုဆန္ဒခံယူပွဲနဲ့အတည်ပြုဖို့ကြိုးစားမယ်ဆိုရင် နအဖစစ်အုပ်စုက ၁၉၉၀ ရွေးကောက်ပွဲမှာ တခဲနက်မဲပေးခဲ့ကြတဲ့ ပြည်သူတရပ်လုံးကိုရော၊ နိုင်ငံတကာအစိုးရအဖွဲ့စည်းများကိုရော အတိအလင်း စစ်ကြေညာလိုက်တာလို့ ကျနော်ယူဆပါတယ်"

(အမေရိကန်ပြည်ထောင်စုအခြေစိုက် မြန်မာအရေးလှုပ်ရှားမှုအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ဒင်)

"အခု ဆွဲပြီးသွားပြီးဆိုတဲ့ ဥပဒေမူကြမ်းဟာ ဘယ်သူဆွဲတာလည်းဆိုတာ ဦးပဇင်းတို့စဉ်းစားဖို့လိုတယ်။ ၁၉၉၀ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ အဲန်အယ်လ်ဒီလွှတ်တော်ကိုယ်စားလှယ်တွေ အခြားပါတီက လွှတ်တော်ကိုယ်စားလှယ်တွေလည်း ပါဝင်ခြင်းမရှိဘူး။ နအဖက ဘယ်သူတွေနဲ့ဆွဲထားသလဲဆိုလို့ရှိရင် လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့တွေနဲ့ဆွဲထားတယ်။ ဘိန်းမှောင်ခိုအဖွဲ့တွေနဲ့ဖွဲ့ထားတဲ့ ဥပဒေမူကြမ်းဟာ ဘယ်လိုမှအတည်မဖြစ်နိုင်ဘူး။ ဦးပဇင်းတို့ ပြည်သူလူထုအနေနဲ့ ဒီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဆန့်ကျင်ဖို့၊ မထောက်ခံဖို့ ပြတ်ပြတ်သားသားကန့်ကွက်မဲပေးရမယ်လို့ ပြောချင်တယ်"

(ပြည်ပအခြေစိုက် သံဃာ့ဥသျှောင်အဖွဲ့မှာပါဝင်တဲ့ အရှင်ပညာနန္ဒာ)

# ဒေါ်အောင်ဆန်းစုကြည်မဝင်ရ




မနေ့ကပဲ စစ်အစိုးရနိုင်ငံခြားရေးဝန်ကြီးက စင်ကာပူမှာ အာဆီယံနိုင်ငံခြားရေးဝန်ကြီးတွေရှေ့မှာ တုံးတိတိပြောချလိုက်ပါတယ်။

'ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံခြားသားတဦးရဲ့ဇနီးဖြစ်တာရယ်၊ သား (၂) ယောက်စလုံးက ဗြိတိန်နိုင်ငံသားတွေဖြစ်တာကြောင့် ဖွဲ့စည်းပုံသစ်အရ လာမည့်ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်မပေးပါဘူး'တဲ့။

စစ်အစိုးရက ဒီလိုထုတ်ပြောလိုက်တော့ "ဒေါ်စုကို ဘာလို့ရွေးကောက်ပွဲဝင်ခွင့်မပေးရမှာလဲ"ဆိုပြီး ဒေါသထွက်ကုန်ကြပါတယ်။ အမှန်က အရင်ကတည်းက ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည် ဝင်ရောက်ယှဉ်ပြိုင်မှာမဟုတ်ဘူးဆိုတာ အဖြေရှိပြီးသားပါ။

မတ်လအစောပိုင်းမှာ မြန်မာပြည်ကို နောက်တခေါက်သွားမယ့် နိုက်ဂျီးရီးယားသံတမန်ကြီးကလည်း စစ်အစိုးရကို ဒီကိစ္စဆွေးနွေးမယ်လို့ဆိုပါတယ်။ အာဆီယံနိုင်ငံတွေကလည်း စစ်အစိုးရက ဒီလိုဆုံးဖြတ်လိုက်တာဟာ အံ့သြစရာကောင်းတယ်။ အချိန်ကာလအရလည်း လက်တွေ့မကျဘူး။ ဒါပေမယ့် သူတို့လည်း ဘာမှမတတ်နိုင်ပါဘူးလို့ပြောပါတယ်။ စင်ကာပူနိုင်ငံခြားရေးဝန်ကြီးကဆို "ဒါသူတို့ပြည်တွင်းရေး၊ သူတို့သမိုင်း၊ ကျနော်တို့က ဘာများတတ်နိုင်မလဲ" လို့ စိတ်ပျက်လက်ပျက်ပြောရှာပါတယ်။

## ဇာတ်လမ်းအစ

ပထမဆုံး စစ်အစိုးရက ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို မြောင်းထဲပို့လိုက်တာပါ။ အမျိုးသားညီလာခံဆိုပြီးအကြောင်းပြ၊ ဒေါ်စု၊ ဦးတင်ဦး၊ ဦးဝင်းတင်စတဲ့ အန်အယ်လ်ဒီက ထိပ်တန်းခေါင်းဆောင်တွေကို ဖမ်းထားလိုက်ပါတယ်။ အမတ်တော်တော်များများကို ထောင်ထဲထည့်၊ တော်တော်များများကို တောထဲပို့လိုက်ပါတယ်။ ဒီလိုနဲ့ (၁၄) နှစ်လောက်ကြာသွားပါတယ်၊ ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ပါတီကို အာဏာမလွှဲတဲ့တိုင်းပြည်ဆိုတာ ကမ္ဘာပေါ်မှာ မရှိဖူးတော့ ကုလသမဂ္ဂရော၊ အာဆီယံရော၊ နိုင်ငံတကာကရော လက်မခံပါဘူး။

## မျက်လှည့်ပြကွက်

ရှူးချင်ယောင်ဆောင်လို့မရတဲ့အဆုံးမှာ စစ်အစိုးရက လမ်းပြမြေပုံဆိုပြီး မျက်လှည့်ပြလိုက်ပါတယ်။ အမေရိကန်၊ အီးယူစတဲ့ နိုင်ငံတွေ၊ ဒီမိုကရေစီအင်အားစုတွေကလွဲလို့ ကုလသမဂ္ဂအပါအဝင်၊ အာဆီယံနိုင်ငံများက စောင့်ကြည့်မယ်ဆိုတဲ့အဆင့်ကို လျှောကျသွားပါတော့တယ်။ ဒီလိုနဲ့ အမျိုးသားညီလာခံဆိုပြီး ညောင်နှစ်ပင်မှာပြန်စတော့ လုပ်နည်းလုပ်ဟန်တွေက တရားမျှတမှုမရှိဘူး၊ လူထုကိုယ်စားလှယ်တွေမပါဘူးဆိုပြီး ဝိုင်းဝေဖန်ကြပါတယ်။ ဒါပေမယ့် စစ်အစိုးရက ခပ်တည်တည်ပဲ အမျိုးသားညီလာခံကို ၂၀၀၄ အလယ်လောက်မှာတကျော့ပြန်စပြီး၊ ၂၀၀၇ စက်တင်ဘာလဆန်းမှာ အဆုံးသတ်လိုက်ပါတယ်။ ဘယ်သူတွေ သဘောတူတူ၊ မတူတူဖွဲ့စည်းပုံမူကြမ်းကတော့ ပြီးသွားပါတယ်။

## ထိပ်တိုက်တွေ့ပြီး

ဖွဲ့စည်းပုံမူကြမ်းပြီးပြီးတဲ့အခါမှာ လူထုဆန္ဒခံယူပွဲမလုပ်ခင်မှာပဲ ရွှေဝါရောင် လူထုလှုပ်ရှားမှုကြီးနဲ့ တည့်တည့်တိုးပါတယ်။ စစ်အစိုးရက ထိတ်ထိတ်လန့်လန့်နဲ့ လမ်းပြမြေပုံနေရာမှာ "တွေ့ဆုံဆွေးနွေး"လို့ ချော့လဲရောထိုင်လုပ်ပါတယ်။ ဗိုလ်ချုပ်သန်းရွှေက ယုတ္တိမရှိတဲ့အချက်တွေကိုတောင်းဆိုပြီး ဒါတွေကို လိုက်လျှောလျှင် သူကိုယ်တိုင် ဒေါ်အောင်ဆန်းစုကြည်နဲ့ဆွေးနွေးမယ်လို့ ကုလသမဂ္ဂ ကိုယ်စားလှယ်ကိုပြောလိုက်ပါတယ်။ သိကြတဲ့အတိုင်း စက်တင်ဘာအရေးအခင်းကြောင့်တိုးလာတဲ့ ပြည်တွင်းပြည်ပဖိအားတွေ အကုန်ပျက်ပြယ်သွားပါတယ်။ ဘာမဆိုင်၊ ညာမဆိုင် အလုပ်သမားဝန်ကြီး၊ ဗိုလ်ချုပ်အောင်ကြည်ကို ဆက်ဆံရေးဝန်ကြီးဆိုပြီးတောင်ခန့်လိုက်တာ (၃) လလောက်ကြာပါတယ်။ ဒီကြားထဲမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ (၄) ခါ တွေ့ပါတယ်။ ဒီဆွေးနွေးပွဲတွေကို အစကတည်းက မယုံကြည်တဲ့လူတွေလည်းရှိပါတယ်။ ဒါပေမယ့် တခုခုတော့ ထူးခြားလာကောင်းပါတယ်လို့ မျှော်လင့်တဲ့လူတွေလည်းရှိပါတယ်။ ဒီထဲမှာ ပြည်တွင်းက အန်အယ်လ်ဒီအဖွဲ့ချုပ်လည်း ပါ,ပါတယ်။

## အလိမ်ပေါ်ပုံ

ဒီကြားထဲမှာ မစ္စတာဂမ်ဘာရီကလည်း မြန်မာပြည်ကိုလာမည် တကဲကဲလုပ်နေပါတယ်။ သူလာရင် တွေ့ဆုံဆွေးနွေးနေတာနဲ့ပတ်သက်လို့ အလိမ်ပေါ်မှာကို စစ်အုပ်စုက ကြောက်ပြီး ဗြို့မှလာပါလို့ မေတ္တာရပ်ခံပါတယ်။ အဲဒီတော့မှ လူထုဆန္ဒခံယူပွဲတွေ အမြန်ဖန်တီးယူပြီး မစ္စတာဂမ်ဘာရီကိုခေါ်ပြမယ်လို့ စီစဉ်ထားပုံရပါတယ်။ အကြိုတွေ့ဆုံဆွေးနွေးပွဲနဲ့ပတ်သက်လို့ ဒေါ်အောင်ဆန်းစုကြည်က နိုဝင်ဘာလဆန်းပိုင်းမှာ ကြေညာချက်ထုတ်ခဲ့ပြီး ကြိုဆိုခဲ့ပါတယ်။ အရင်လို စစ်အစိုးရက "အီရောအီရော" လုပ်လို့မရအောင်၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာရဲ့စောင့်ကြည့်မှုအောက်ကိုရောက်သွားအောင် လုပ်လိုက်တာလို့ယူဆနိုင်ပါတယ်။ ဒါပေမယ့် စစ်အစိုးရက သူတို့လမ်းစဉ်ကို အပြောင်းအလဲမလုပ်ဘဲ၊ အရင်လိုပဲ "အရည်မရ၊ အဖတ်မရ"လုပ်နေတော့ ဇန်နဝါရီလ (၃၀) ရက်နေ့မှာတော့ ဒေါ်အောင်ဆန်းစုကြည်က "အကြိုဆွေးနွေးပွဲအပေါ်မှာအားမရဘူး။ အဆိုးဆုံးအတွက်ပြင်ဆင်ထားကြပါ"လို့ အပြင်ကမ္ဘာကို သတင်းစကားပါးလိုက်ပါတယ်။ အဲဒီမတိုင်ခင်က ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်က ပထမတကြိမ်က နှစ်ဖက်ယုံကြည်မှုတည်ဆောက်တာပါ။ ဒုတိယတကြိမ်က ဆွေးနွေးပွဲခေါင်းစဉ်တွေ စဉ်းစားတာပါ။ တတိယတကြိမ်က ထပ်ဖြည့်စရာတွေကို ဆွေးနွေးတာပါလို့ပြောပါတယ်။ နောက်ထပ်တကြိမ်လည်းတွေ့ပြီးရော ဘာမှဆင်ခြေအပေးနိုင်ခင် အလိမ်ပေါ်သွားပါတယ်။

## မထူးဇာတ်ခင်း

စစ်အစိုးရက ကုလသမဂ္ဂကိုရော၊ နိုင်ငံတကာကိုရော ထပ်လိမ်လည်း မထူးတော့ပါဘူးဆိုပြီး တွေ့ဆုံဆွေးနွေးရေးကို ဆက်မလုပ်တော့ဘူးဆိုတာကို ပြတ်ပြတ်ပြပါတော့တယ်။ ဖေဖော်ဝါရီလ (၉) ရက်နေ့မှာ (မေလ) လူထုဆန္ဒခံယူပွဲနှင့် ၂၀၁၀ ရွေးကောက်ပွဲအစီအစဉ်ကို ကောက်ခါကြေညာလိုက်ပါတယ်။ ဒေါ်အောင်ဆန်စုကြည်က အဆိုးဆုံးကိုပြင်ဆင်ထားပါလို့ပြောတာနဲ့ (၁၀) ရက်ပဲကွာပါတယ်။ အားလုံးက မျှော်လင့်မထားတဲ့အချိန်မှာပါ။ နောက်ထပ်ရက် (၁၀) အကြာမှ ဖွဲ့စည်းပုံအချောပြီးပြီးလို့ ဦးအောင်တိုးက ကြေညာပြီး၊ အဲဒီနေ့မှာပဲ စင်ကာပူရောက်နေတဲ့ စစ်အစိုးရနိုင်ငံခြားရေးဝန်ကြီးက ဒေါ်အောင်ဆန်းစုကြည်ကို ရွေးကောက်ပွဲမှာ ဝင်ခွင့်မပေးဘူးဆိုပြီး ထုတ်ပြောလိုက်ပါတယ်။

## ကယ်တင်ရှင်ပြန်လာ

စစ်အစိုးရက ဒီလိုလည်းကြေညာလိုက်ရော တရုတ်ပြည်ကိုရောက်နေတဲ့ မစ္စတာဂမ်ဘာရီက "ကောင်းပါတယ်၊ အချိန်အကန့်အသတ်နဲ့ဆိုတော့ တိုးတက်မှုရှိပါတယ်"လို့ ဆိုပြန်ပါတယ်။ လွန်ခဲ့တဲ့တပတ်ကမှ ကုလသမဂ္ဂအတွင်း ရေးမှူးချုပ်ကိုယ်တိုင်ပြောထားတဲ့ ဘက်ပေါင်းစုံပါဝင်တဲ့အဖြေရှာရေးကို မေ့သွားပါတယ်။ တွေ့ဆုံဆွေးနွေးရေးပေါ်ပေါက်ရေးအတွက် ကြားဝင်ဆောင်ရွက်နေတယ်ဆိုတာလည်းမေ့သွားပြီး ဒေါ်အောင်ဆန်းစုကြည်ကို ရွေးကောက်ပွဲဝင်ခွင့်ရရေးအတွက် သူပြောပေးမယ်လို့ ဆိုလာပြန်ပါတယ်။

## မမျှော်လင့်သင့်သောအရာ

စစ်အစိုးရဘက်က တွေ့ဆုံဆွေးနွေးရေးမှာ အလိမ်မပေါ်ခဲ့ရင် ၁/၂၀၀၈ နဲ့ ၂/၂၀၀၈ ကို အခုလောက် စောစောကြေညာချင်မှ ကြေညာမယ်လို့သုံးသပ်ရပါတယ်။ ဒါပေမယ့် ဘယ်အခြေအနေမှာပဲဖြစ်ဖြစ် သူတို့က အနှေးနဲ့အမြန် တွေ့ဆုံဆွေးနွေးရေးကိုဖျက်မှာပါပဲ။ စစ်အစိုးရဘက် ဆန္ဒခံယူပွဲကို လုပ်ချင်သလိုလုပ်ပြီး၊ ရွေးကောက်ပွဲလည်း လုပ်ချင်သလိုလုပ်သွားလို့ရပါတယ်။ ကုလသမဂ္ဂအပါအဝင်၊ တော်တော်များများက စစ်မှန်တဲ့ တွေ့ဆုံဆွေးနွေးရေးကို ဝိုင်းတွန်းရမယ့်အစား၊ လူထုဆန္ဒအစစ်အမှန်နဲ့ ဆန္ဒခံယူပွဲ၊ ယုံကြည်လောက်တဲ့ ရွေးကောက်ပွဲလို့ အော်လိုက်တဲ့အချိန်မှာ စစ်အစိုးရအနေနဲ့ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို လွှင့်ပစ်ဖို့ အခွင့်အရေးရသွားပါတယ်။ နောက်တဆင့်အနေနဲ့ ဒေါ်အောင်ဆန်စုကြည်ကို ရွေးကောက်ပွဲမှာ ဝင်ခွင့်မပေးပါဘူးလို့လည်း ကြေညာလိုက်ရော တော်တော်များများက ဒေါ်စုဘာလို့မပါရမလဲဆိုပြီး ဖြစ်သွားကြပြန်ပါတယ်။ သုံးပွင့်ဆိုင်တို့၊ အမျိုးသားရင်ကြားစေ့ရေးကို မေ့သွားကြပါတော့တယ်။ ဒေါ်အောင်ဆန်းစုကြည်သာပါခွင့်ရရင် စစ်အစိုးရကလုပ်မယ့် ၂၀၁၀ ရွေးကောက်ပွဲကို လက်ခံမယ်လို့ အဓိပ္ပါယ်ထွက်သွားလို့ စစ်အစိုးရအတွက် အမြတ်ချည်းပါပဲ။

## ၁၉၉၀ လား၊ ၂၀၁၀ လား

၁၉၉၀ ရွေးကောက်ပွဲရလဒ်ဟာ အခုအချိန်မှာ လူထုဆန္ဒနဲ့ဘယ်လောက်ကိုက်ညီသလဲဆိုတာ အငြင်းပွားစရာမဟုတ်ပါဘူး။ ဥပဒေကြောင်းအရ တရားဝင်သလို၊ လူထုဆန္ဒနဲ့လည်း ကိုက်ညီနေတုန်းပါပဲ။ လူထုက ဒေါ်အောင်ဆန်းစုကြည်ရဲ့ဦးဆောင်မှုကို ထောက်ခံနေဆဲဖြစ်တယ်ဆိုတာ ၂၀၀၃ ခုနှစ်ကတကြိမ်၊ ပြီးခဲ့တဲ့ ရွှေဝါရောင်တော်လှန်ရေးမှာတကြိမ် ပြသခဲ့ပြီးဖြစ်ပါတယ်။ တကယ်လို့ စစ်အစိုးရအနေနဲ့ လွန်ခဲ့တဲ့နှစ်တွေက ဝါဒဖြန့်ခဲ့တဲ့အတိုင်း ဒေါ်အောင်ဆန်းစုကြည်ကို လူထုထောက်ခံမှုမရှိတော့ပါဘူးလို့ အမှန်တကယ်ယုံကြည်ရင် နေအိမ်အကျယ်ချုပ်က ပြန်လွှတ်လိုက်ရုံပဲရှိပါတယ်။

## လှသောဂိမ်း

၂၀၁၀ မှာ အဲန်အယ်လ်ဒီက ရွေးကောက်ပွဲဝင်တယ်။ မဝင်ဘူးဆိုတာ ခဏထားပြီး လောလောဆယ်မှာ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ နိုင်ငံရေးအကျဉ်းသား (၂,၀၀၀) နီးပါးကိုပြန်လွှတ်၊ လွတ်လွတ်လပ်လပ်စည်းရုံးလှုပ်ရှားခွင့်ပေးလိုက်မယ်ဆိုရင် စစ်အစိုးရအတွက်ပိုပြီး သိက္ခာတက်စရာရှိပါတယ်။ (ဒေါ်စုလုံခြုံရေးတော့ သတိထားရမယ်)။ သတ္တိရှိရင် စစ်အစိုးရအနေနဲ့ ယခုနှစ်ကုန် (သို့မဟုတ်) နောက်နှစ်ဆန်းလောက်မှာ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ မတရားဖမ်းထားတဲ့အကျဉ်းသားတွေအားလုံးကိုပြန်လွှတ်၊ မတရားအသင်းကြေညာထားတဲ့ တိုင်းရင်းသားပါတီတွေကို ပြန်လည်တရားဝင်ခွင့်ပေး၊ ပြီးမှ ၂၀၁၀ မှာ ရွေးကောက်ပွဲလုပ်မယ်ဆိုရင်တော့ သမိုင်းလမ်းကြောင်းက တမျိုးတဖုံဖြစ်သွားနိုင်ပါတယ်။ အန်အယ်လ်ဒီကပြောနေတဲ့ နိုင်ငံရေးဝန်းကျင်ကောင်းနဲ့၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်နိုင်ပါတယ်။ ဒါပေမယ့် စစ်အစိုးရက ဒီလမ်းကြောင်းကိုမရွေးဖို့ သေချာသလောက်ပါပဲ။

## အကျပ်အတည်း

ဒေါ်အောင်ဆန်းစုကြည်ကိုဆက်ဖမ်းထားပြီး ရွေးကောက်ပွဲကို စစ်အစိုးရဘက်က မသမာတဲ့နည်းနဲ့ လုပ်နိုင်တယ်ထား။ နောင်တက်လာမည့်အစိုးရဟာ အမည်ခံအရပ်သားအစိုးရပဲဖြစ်မယ်ဆိုတာက ရှင်းလွန်းပါတယ်။ ဘယ်အခြေအနေမှာပဲဖြစ်ဖြစ် ပြည်တွင်းပြည်ပမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးသြဇာကလည်း ကျသွားဖို့မရှိပါဘူး။ လူထုက သူတို့ခေါင်းဆောင်ကို ဘယ်အခြေအနေမှာပဲဖြစ်ဖြစ် မျှော်ကြမှာပါပဲ။ တရုတ်၊ အိန္ဒိယနဲ့ အာဆီယံက ပေးထားမယ်ဆိုရင်တောင် အမေရိကန်နဲ့ အီးယူကတော့ နောက်တက်မယ့်အစိုးရကို အသိအမှတ်ပြုမှာမဟုတ်ပါဘူး။ အနှစ် (၅၀) ကျော်၊ လက်နက်ကိုင်လာတဲ့ တိုင်းရင်းသားပြဿနာတွေကလည်း ပြေလည်သွားမယ့်ပုံမရပါဘူး။ ဒီလိုပဲ ပြည်တွင်း၊ ပြည်ပက ဒီမိုကရေစီအင်အားစုတွေကလည်း (၁၉၉၀) ရွေးကောက်ပွဲရလဒ်ဆိုတဲ့ သူတို့ရဲ့အနိုင်ဖဲကို ဘယ်တော့ဖြစ်ဖြစ် လက်လွှတ်လိုက်ကြမယ်လို့မမြင်ပါဘူး။ ဒီအတိုင်းဆိုရင် မစ္စတာဂမ်ဘာရီတို့စိတ်ကူးယဉ်နေတဲ့အတိုင်း မြန်မာပြည်ရဲ့နိုင်ငံရေးအကြပ်အတည်းကလည်း ပြေလည်သွားစရာ အကြောင်းမရှိပါဘူး။

နေသွင် (ဖေဖော်ဝါရီ-၂၁)

# ပုဒ်မကို ခုတမျိုး တော်ကြာတမျိုးပြောင်းပြီး တရားစွဲနေတဲ့ နအဖစစ်အစိုးရ


၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်များ

ဩဂုတ်လတွင်းကတည်းက ဖမ်းဆီးထားခဲ့သော (၈၈) မျိုးဆက်ကျောင်းသားများအား စစ်အစိုးရက ပုံနှိပ်ဥပဒေဖြင့် တရားစွဲထားခဲ့ရာမှ ယခုအခါတွင် ပုဒ်မနောက်တမျိုးဖြင့်ပြောင်းလဲစွဲဆိုလိုက်သည်။

ကိုမင်းကိုနိုင်၊ ကိုကိုကြီးအပါအဝင် ကျောင်းသားခေါင်းဆောင် (၂၀) ကျော်တို့သည် စစ်အစိုးရက လောင်စာဆီဈေးနှုန်းကို ရုတ်တရက်နှင့် အဆမတန်မြှင့်တင်လိုက်သည့် ၂၀၀၇ စက်တင်ဘာလမှစ၍ စစ်အစိုးရအား ပိုမိုဝေဖန်၍ အကြမ်းမဖက်ဆန့်ကျင်လာခဲ့ကြသည်။ ထို့နောက် ဩဂုတ်လ (၁၉) ရက်နေ့တွင် လမ်းလျှောက်ဆန္ဒပြပွဲတရပ်ကို ပြည်သူ (၄၀၀) ခန့်ဖြင့် ကျင်းပခဲ့ပြီးချိန်မှစ၍ တယောက်ပြီးတယောက် ဖမ်းဆီးခံခဲ့ကြရသည်။

ဖမ်းဆီးစဉ်က ပုဒ်မတစုံတရာတပ်ခဲ့ခြင်းမရှိဘဲ ဇန်နဝါရီလကုန်ပိုင်းက ပုံနှိပ်အက်ဥပဒေချိုးဖောက်မှု ပုဒ်မ ၁၇/၂၀ ဖြင့်တရားစွဲဆိုခဲ့သော်လည်း ယခုအခါ အမျိုးသားညီလာခံအား နှောင့်ယှက်မှုပုဒ်မ ၅/၉၆ ဖြင့် ပြောင်းလဲတရားစွဲလိုက်ကြောင်းကို ထောင်ဝင်စာသွားရောက်တွေ့ခွင့်ရခဲ့သော ကိုအံ့ဘွယ်ကျော်၏မိခင်က ပြောသည်။

ရမန်နှစ်ပတ်ပေးထားသော်လည်း မည်သည့်အချိန်ရုံးထုတ်မည်ကိုမူ မသိရသေးကြောင်း အင်္ဂါနေ့ကထောင်ဝင်စာသွားတွေ့ခဲ့သော မိသားစုဝင်တချို့၏ပြောစကားများအရ သိရသည်။ ကျောင်းသားခေါင်းဆောင်များသည် ယခင်က အခန်းပြင်သို့ထွက်ခွင့်ရခဲ့သော်လည်း ယခုအခါ လမ်းလျှောက်ခွင့် ရုတ်သိမ်းလိုက်ပြီဖြစ်ကြောင်းလည်း သိရသည်။ ❖

# မစ္စတာဂမ်ဘာရီအင်ဒိုနီးရှားနှင့်ဂျပန်နိုင်ငံတွင်မြန်မာ့အရေးဆွေးနွေး စစ်အစိုးရနှင့် ၎င်းတို့၏ထုတ်ပြန်ချက်များအပေါ်ဆွေးနွေးရန်ဆန္ဒရှိ

မြန်မာစစ်အုပ်စုကထုတ်ပြန်သော ရွေးကောက်ပွဲနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းကို ပြန်လည်သုံးသပ်နိုင်ရန်အတွက် မစ္စတာဂမ်ဘာရီသည် ဖေဖော်ဝါရီလအတွင်းက အင်ဒိုနီးရှားနိုင်ငံနှင့် ဂျပန်နိုင်ငံများသို့ သွားရောက်၍ မြန်မာနိုင်ငံအပြောင်းအလဲအတွက် ဖိအားပေးနိုင်ရန် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်းသိရသည်။

အင်ဒိုနီးရှားနိုင်ငံ သမတကြီးကလည်း နအဖစစ်အုပ်စု ထုတ်ပြန်ကြေညာသော ဖွဲ့စည်းပုံအခြေခံမူကြမ်းကို ဆန္ဒခံယူပွဲနှင့် ရွေးကောက်ပွဲပြုလုပ်သောအချိန်တွင် ပွင့်လင်းပြီး ပါဝင်သင့် ပါဝင်ထိုက်သော အချက်အလက်များ အားလုံးပါဝင်ရန်လိုကြောင်း၊ ၎င်းတို့၏ အစီအစဉ်များကို ထောက်ခံအားပေးသော်လည်း ယုံကြည်စိတ်ချရသော စီစဉ်ဆောင်ရွက်မှုမျိုးဖြစ် သင့်ကြောင်းပြောကြားခဲ့သည်။

(ဘယ်သူပြောလဲ) ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ပုဂ္ဂိုလ်ရေးအရ စာအဆက်အသွယ်တချို့ရှိပြီး ယင်းဆက်သွယ်မှုကို မပျက်အောင်ဆက်ပြီးထိန်းသိမ်းသွားမှာဖြစ်ကြောင်း၊ ယခုကဲ့သို့ဆက်သွယ်မှုသည် မြန်မာနိုင်ငံရင်ဆိုင်နေရသော အကျပ်အတည်းများမှလွတ်မြောက်ရန်ကူညီမှုဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်ပြောရေးဆိုခွင့်ရှိသူက သတင်းထောက်များကို ပြောကြားခဲ့သည်။


မစ္စတာဂမ်ဘာရီနှင့်ဂျပန်နိုင်ငံခြားရေးဝန်ကြီးနှင့်ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင်တွေ့ဆုံစဉ်

အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး ဟာဆန်ဝီရာယုဒက နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်ခွင့်ရအောင် အာဆီယံအဖွဲ့မှ စစ်အစိုးရအား တွန်းအားပေးသွားမည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်ဖြစ်သော မြန်မာနိုင်ငံရေးများ ဖြစ်ပေါ်တိုးတက်မှုများသည် အာဆီယံနှင့် နိုင်ငံတကာအသိုင်းအဝန်းမှ လက်ခံနိုင်သောလုပ်ဆောင်မှုမျိုး ဖြစ်ရန်လိုကြောင်း ဆက်လက်ပြောကြားခဲ့သည်။ ထို့အပြင် ယခုပြုလုပ်မည့်အစီအစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားအားလုံးကို ပါဝင်ခွင့်ပေးရန်လိုအပ်ပြီး မစ္စတာဂမ်ဘာရီ၏ ကြိုးပမ်းမှုများကိုလည်း ကြိုဆိုပါကြောင်း ပြောကြားခဲ့သည်။ မစ္စတာဂမ်ဘာရီသွားရောက်ခဲ့သော အင်ဒိုနီးရှားခရီးစဉ်၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအရေးဆောင်ရွက်ချက်များကို အင်ဒိုနီးရှားနိုင်ငံမှ ပံ့ပိုးကူညီမှုများပေးရန်၊ မြန်မာနိုင်ငံအပေါ် အင်ဒိုနီးရှားနိုင်ငံ၏ ရှုမြင်ချက်များနှင့်အတူ စစ်အုပ်စုမှထုတ်ပြန်ထားသော ဖွဲ့စည်းပုံမူကြမ်း ဆန္ဒခံယူပွဲနှင့်ရွေးကောက်ပွဲကျင်းပခြင်းနှင့်ပတ်သက်ပြီး အင်ဒိုနီးရှားနိုင်ငံ၏ အမြင်များကိုရယူရန်ဖြစ်ကြောင်း ဝန်ကြီး၏ ပြောခွင့်ရပုဂ္ဂိုလ် မစ္စတာခစ္စတီးယားနီးမှ ပြောကြားခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံကလည်း မစ္စတာဂမ်ဘာရီ၏ မြန်မာနိုင်ငံအရေး ကြိုးပမ်းမှုကို ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံရေးဖြစ်စဉ်များတွင် နိုင်ငံရေးအဖွဲ့ပေါင်းစုံ ပါဝင်ခွင့်ပြုခြင်းကို မြင်တွေ့လိုကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးမှ ပြောကြားခဲ့ကြောင်း သိရှိရသည်။

မစ္စတာဂမ်ဘာရီကလည်း မြန်မာနိုင်ငံက လတ်တလောကြေညာသော ဒီမိုကရေစီရွေးကောက်ပွဲအစီအစဉ်များနှင့် ပတ်သက်ပြီး အကောင်းဘက်မှ မြင်တွေ့လိုကြောင်း၊ ထိုပြုပြင်ပြောင်းလဲရေးအတွက် အင်ဒိုနီးရှားနိုင်ငံ၏ပံ့ပိုးကူညီမှုသည် အဓိကလိုအပ်ကြောင်း၊ ၎င်းတို့တွင်ရှိထားသော ရွေးကောက်ပွဲအတွေ့အကြုံကို မြန်မာစစ်အစိုးရအား ရှင်းပြပေးနိုင်ကြောင်း၊ စစ်အုပ်ချုပ်ရေးပြီးသွားသော်လည်း ဘဝတွေရပ်တည်နိုင်ရန်အတွက် အသွင်ကူးပြောင်းသော အကျိုးကျေးဇူးများစွာရှိကြောင်းတို့ကို အင်ဒိုနီးရှားနိုင်ငံက ကူညီဆောင်ရွက်ပေးသွားမည်ဟု ယုံကြည်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး မာဆာဟီကိုကိုမူရာနှင့် တိုကျိုမြို့တွင် တွေ့ဆုံအပြီး၌ ပြောကြားခဲ့သည်။

မစ္စတာဂမ်ဘာရီသည် ယခု မတ်လ ပထမပတ်အတွင်း မြန်မာနိုင်ငံသို့သွားရောက်ရန်ရှိပြီး စစ်အစိုးရနှင့် ၎င်းတို့၏ထုတ်ပြန်ကြေငြာချက်များအပေါ် ဆွေးနွေးရန်ဆန္ဒရှိကြောင်းလည်း သိရသည်။ ❖

# အဓမ္မစေခိုင်းခံရမှုများနှင့်ပတ်သက်သည့်စာရင်းကြောင့် အဖွဲ့ချုပ်ဝင်တဦးအား အာဏာပိုင်များက ဖမ်းဆီး

အဖွဲ့ချုပ်အဖွဲ့ဝင်တဦး အိုင်အယ်လ်အိုကိစ္စနှင့်ပတ်သက်ကာ အဖမ်းခံရစဉ် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်၏ အလုပ်အမှုဆောင်အဖွဲ့၏ ဒါရိုက်တာတဦးသည် အလုပ်သမားရေးရာဥပဒေများနှင့် ပတ်သက်သည့် တိုင်ကြားလွှာများအကြောင်း ဆွေးနွေးရန် မြန်မာပြည်သို့စတင်လာရောက်တော့မည်ဖြစ်သည်။

မစ္စတာတာကာရီပီယိုလာသည် သူ၏ မြန်မာပြည်တွင်းလေးရက်ခရီးစဉ်အတွင်း မြန်မာစစ်အစိုးရနှင့်အခြားကိစ္စများကိုလည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အဲန်အယ်လ်ဒီ) အဖွဲ့ဝင် စမ်းချောင်းမြို့နယ်မှ ဥက္ကဋ္ဌ ဦးသက်ဝေသည် အိုင်အယ်လ်အိုနှင့် ဆက်သွယ်ထားသည့် လူပုဂ္ဂိုလ်များ၏ အမည်စာရင်းများပါဝင်သော ကွန်ပြူတာမဲန်မိုရီကဒ်ကလေးအား တရားမဝင်လက်ဝယ်ကိုင်ဆောင်မှုဖြင့် အဖမ်းခံခဲ့ရသည်။

ဦးသက်ဝေသည် တကိုယ်တော်ဆန္ဒပြသမား ဦးအုန်းသန်းအတွက် ရှေ့နေငှားပေးရန် ဇန်နဝါရီလ (၉) ရက်နေ့က ဦးအုန်းသန်းအားရုံးထုတ်စဉ် သွားရောက်တွေ့ဆုံခဲ့ရာ ဦးအုန်းသန်းကပေးသော စာတစောင်အား ရဲတပ်ကြပ်လှဘုန်းက အဓမ္မလုယူသိမ်းဆည်းခဲ့ပြီးနောက် ဤသို့အဖမ်းခံခဲ့ရခြင်းဖြစ်သည်။

ဦးသက်ဝေက အဖမ်းမခံရမီ တပတ်ခန့်အလို ဖေဖော်ဝါရီလ (၁၃) ရက်နေ့က ဒီဗွီဘီနှင့်တွေ့ဆုံရာတွင် ''တရားရုံးမှာ ရှေ့နေကိစ္စ ဦးအုန်းသန်းနဲ့ကျနော် ဆွေးနွေးနေရင်းနဲ့ ဦးအုန်းသန်းက သူ့လက်ထဲက စာတစောင်ကျနော့်ကိုပေးပါတယ်။ အဲဒါ ရဲတပ်ကြပ်လှဘုန်းက အတင်းလုယူပြီးသိမ်းတော့ ကျနော်က ဥပဒေနဲ့အညီ ရှာဖွေပုံစံနဲ့သိမ်းဖို့ပြောပါတယ်''ဟု ပြောသည်။

ဆက်လက်၍ ဦးသက်ဝေမှပြောရာတွင် ''အဲဒီကနေ သူက ကျနော့်ကို ရဲစခန်းလိုက်ရှင်းဖို့ပြောထာနဲ့ ဦးအုန်းသန်းရဲ့သမီးကို ကျနော့်စာရွက်စာတန်းတွေနဲ့ ကွန်ပြူတာသုံး မဲန်မိုရီစတစ်တခုကိုပေးလိုက်တယ်။ အဲဒါကိုပါ တခါတည်းသိမ်းလိုက်ပါတယ်''ဟု ဒီဗွီဘီသို့ပြောသည်။

ထိုမန်မိုရီစတစ်ထဲတွင် အိုင်အယ်လ်အိုနှင့်သက်ဆိုင်သော သတင်းအချက်အလက်များစုဆောင်းထားပြီး ဥပဒေနှင့်အညီ သိမ်းဆည်းခံခဲ့ရသည်လည်းမဟုတ်ကြောင်း ဦးသက်ဝေကပြောသည်။

နအဖစစ်အုပ်စုနှင့် အိုင်အယ်လ်အိုတို့၏ သဘောတူညီချက်ထဲတွင် အဓမ္မလုပ်အားပေးခိုင်းစခံရမှုများနှင့်ပတ်သက်၍ အတားအဆီးမရှိ တိုင်ကြားနိုင်သည်ဟူသောအချက် ပါဝင်ထားပါလျက် ဦးသက်ဝေအား ဖေဖော်ဝါရီလ (၁၉) ရက်နေ့က ဖမ်းဆီးလိုက်ကြခြင်းဖြစ်သည်။

အိုင်အယ်လ်အိုနှင့် မြန်မာအစိုးရကြားရှိလက်ရှိသဘောတူညီချက်များသည် လာမည့် ဖေဖော်ဝါရီလ (၂၆) ရက်နေ့တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည်။ ထိုသဘောတူညီချက်အရ အိုင်အယ်လ်အိုအရာရှိသည် စစ်အစိုးရ၏ နှောက်ယှက်မှုတစုံတရာမရှိစေရဘဲ အတင်းအကျပ် လုပ်အားပေးခိုင်းစေမှုများနှင့်ပတ်သက်၍ တိုင်ကြားချက်များအား ကြားနာစစ်ဆေးခွင့်ရှိသည်။ ❖





# နအဖက ဗမာပြည်သူတွေကို စိမ်ခေါ်လိုက်ပြီ

ဗိုလ်တင်အောင်မြင့်ဦးလက်မှတ်နဲ့ ထုတ်ပြန်ခဲ့တဲ့ နအဖရဲ့ ၁/၂၀၀၈နဲ့ ၂ /၂၀၀၈ တို့ဟာ စစ်ကြေငြာချက်တခုအလား ပြည်တွင်း ပြည်ပမှာ ဂယက်ထသွားတယ်။ နအဖက သူတို့ရဲ့လမ်းပြမြေပုံရဲ့ စတုတ္ထခြေလှမ်းဖြစ်တဲ့ သူတို့စိတ်ကြိုက်ရေးဆွဲခဲ့တဲ့ ဖွဲ့စည်းပုံဥပဒေအတွက် ပြည်သူ့ဆန္ဒခံယူပွဲလုပ်တော့မယ်၊ နောင် (၂) နှစ်ကြာရင် ရွေးကောက်ပွဲကိုလည်းလုပ်တော့မယ်လို့ ထုတ်ပြန်ခဲ့တယ်။

နအဖဟာ ဆန္ဒခံယူပွဲဆိုတာကို အခုလို အံ့သြစရာကောင်းလောက်အောင်စောပြီး ကျင်းပမယ်ဆိုတဲ့အတွက် အားလုံးအဖို့ ပဟေဠိဖြစ်သွားခဲ့ရတယ်။ ဒီနောက်ကွယ်မှာ ဘာအကောက်ကြံထားတာတွေရှိနေလဲ၊ အာဏာရှင်ဗိုလ်ချုပ်တွေ ဘာကြောင့် သူတို့ကိုယ်သူတို့ ဒါလောက်တောင် ယုံကြည်မှုရှိနေတာလဲ။

နအဖအဖို့ပြောရရင် ညောင်နှစ်ပင်ညီလာခံဟာ ဟန်ပြသက်သက်ပဲ။ သူတို့ကြိုက်သလောက်အချိန်ဆွဲ၊ သူတို့နားချင်တဲ့အချိန်မှာနား၊ သူတို့ထုတ်ပြန်ချင်တာကို ထုတ်ပြန်လို့ရတဲ့ညီလာခံဖြစ်တယ်။ အလားတူ အဲဒီမှာ ရေးဆွဲတယ်ဆိုတဲ့ ဖွဲ့စည်းပုံဆိုတာဟာလည်း အချိန်မရွေး "ရေးဆွဲပြီးပြီ"လို့ ပြောလို့ရတဲ့အရာဖြစ်တယ်။ သူတို့ရဲ့အချိန်ရွေးချယ်မှုကိုပဲ သတိထား၊ စဉ်းစားရမှာဖြစ်တယ်။ ဒီလို အရေးကြီးတဲ့ ခြေလှမ်းကြီးနှစ်ရပ်ကို မကြေငြာခင် နအဖတဖွဲ့လုံး အစည်းအဝေးထိုင်တဲ့ သတင်းမကြားရဘူး။ ဒါဖြင့် ဒါဟာ ဗိုလ်သန်းရွှေနဲ့ သူ့လက်စွဲကြိုးဖွတ်ဂိုဏ်းက ဆုံးဖြတ်လုပ်ချလိုက်တာလား စဉ်းစားစရာဖြစ်နေတယ်။ ဒါမှမဟုတ် ဗိုလ်သန်းရွှေဟာ တခြားနအဖအဖွဲ့ဝင်တွေအပေါ် အင်မတန် မီးသေနေလို့လား။ ကျန်တဲ့လူတွေမှာ ပြောခွင့်မရှိလို့လား။

သချာတာတခုကတော့ နအဖဟာ ဒေါ်အောင်ဆန်းစုကြည်၊ ကိုမင်းကိုနိုင်၊ မစုစုနွေးစတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ပြန်မလွှတ်ခင် ဆန္ဒခံယူပွဲဆိုတာကို လုပ်လိုက်ချင်တယ်ဆိုတာပဲ။ သူတို့မရှိရင် နအဖအနေနဲ့ သူတို့လုပ်ချင်တာတွေကို လုပ်လို့ပိုကောင်းတယ်မဟုတ်လား။

နအဖရဲ့ဒီခြေလှမ်းဟာ အင်မတန်သဘာဝမကျဘူး။ တရားနည်းလမ်းမကျဘူးဆိုတာ အထူးပြောဖို့မလိုဘူး။ လူတိုင်းသိတယ်။ ဖွဲ့စည်းပုံဥပဒေကိုမှ လူထုသိအောင် မကြေငြာရသေးဘူး၊ အဲဒါကိုအတည်ပြုဖို့ ဆန္ဒခံယူပွဲစီစဉ်ပြီးပြီ။ နှစ်လသာကျန်တော့တဲ့ ဆန္ဒခံယူပွဲဟာ ဘယ်ဥပဒေအပေါ်အခြေပြုလို့ ဘယ်သူ့ကြီးကြပ်မှုနဲ့လုပ်မယ်ဆိုတာလည်း မပြောဘူး။ ဒီလိုတနိုင်ငံလုံးနဲ့ဆိုင်တဲ့ သရေးရှင်ရေးတမျှ အရေးကြီးတဲ့ကိစ္စကြီးတခုကို ကျင်းပဖို့လုပ်ရာမှာ နှစ်လသာလိုတဲ့အချိန်အထိ ရက်အတိအကျ သတ်မှတ်ပေးမထားဘူး။ နောက်ပြီးဖွဲ့စည်းပုံဥပဒေကိုမှ အတည်မပြုရသေးဘူး။ အဲဒီဥပဒေကပြဋ္ဌာန်းတဲ့ ရွေးကောက်ပွဲကို ရက်သတ်မှတ်ထားလိုက်ပြီ။

အဲဒီလို ကမောက်ကမတွေက အများကြီး။

ဒါဖြင့်သူတို့ဟာ ဒီလိုမြင်းလှည်းက ရှေ့၊ မြင်းကနောက်ဖြစ်နေတဲ့အရာမျိုးတွေကို ဘာလို့ဒီအချိန်မှာ ပွဲထုတ်လာတာလဲ။ အင်မတန်နိုင်ငံရေးအပါးဝတဲ့၊ နအဖအကြောင်း နောကျေနေတဲ့ ဗမာပြည် ပြည်သူလူထုကြီးကို လှည့်စားဖို့တော့ မဟုတ်နိုင်ဘူး။ ရည်ရွယ်ချက်တခုက သူ့တပ်တွင်းကို ငါတို့ဘက်က အလွန်မဟုတ်ဘူးလို့ ပြောနိုင်ဖို့ဆိုတာဖြစ်တယ်။ ဒီထက်ပိုအဓိကကျတာက နိုင်ငံတကာက တချို့အင်အားစုတွေကို ဦးတည်တာဖြစ်တယ်။ ပြည်ပက အစိုးရတွေ၊ အဖွဲ့အစည်းအမျိုးမျိုးတွေအကြားမှာ ဗမာပြည်အရေးကို စိတ်မရှည်တော့လို့ ရှိနေတဲ့အခြေအနေကိုပဲ အသိအမှတ်ပြုပြီး နအဖနဲ့လက်တွဲချင်တဲ့ဟာတွေရှိနေတယ်။ တချို့ဟာ နအဖဘက်ကသာ ဒီမိုကရေစီလမ်းလိုက်တဲ့သဘောမျိုး ဟန်ဆောင်လောက်ပဲဖြစ်ဖြစ်၊ တခုခုလုပ်ပြလိုက်ရင်ရပြီလို့ စဉ်းစားပြီးစောင့်နေကြတာ။ အခု နအဖဟာ အဲဒီလိုအင်အားစုတွေကို ပစ်မှတ်ထားပြီး မီးရှူးမီးပန်းလွှတ်ပြလိုက်တာဖြစ်တယ်။

စစ်အစိုးရအဖို့ပြောရရင် သူတို့ရဲ့လမ်းပြမြေပုံအဆင့် (၇) ဆင့်မှာ ဒီနံပါတ် (၄) အဆင့်ဟာ သူတို့အတွက် အခက်ခဲဆုံးဖြစ်တယ်။ ကျန်တဲ့အဆင့်တွေဟာ သူတို့ချည်း၊ ကိုယ့်ခြေကိုယ့်လက် ကြိုက်သလိုလုပ်ရတာဖြစ်တယ်။ ညောင်နှစ်ပင်လိုဟာဆိုရင် ကိုယ်တက်စေချင်သူကိုတက်ခိုင်း၊ တက်ခိုင်းပြီးမှ သဘောမကျရင် ထုတ်ပစ်၊ ဖမ်းတောင်ဖမ်းချုပ်ပစ်တာ။ ဒါပေမယ့် ဒီအဆင့်မှာတော့ သူတို့ လိုသော်ရှိ၊ မလိုသော်ရှိ လူထုကြီးကို ပါခိုင်းလာရပြီ။ သူတို့အတွက် အန္တရာယ်အကြီးဆုံးနဲ့ အစွန့်စားရဆုံးအဆင့်လို့ ပြောရင်ရတယ်။ ဒါကြောင့်လည်း နဖအစစ်တိုင်းမှူးတွေဟာ ငြိမ်းအဖွဲ့တွေဆီတဖွဲ့ဖွဲ့သွားပြီး တီးခေါက်တာ၊ နှစ်သိမ့်တာတွေလုပ်နေကြတယ်။ အခုလိုအခါမှာ ဒင်းတို့တတွေ တပူ့အပြင် နှစ်ပူမဆင့်ချင်ကြဘူး။ ငြိမ်းတွေကလည်း နအဖအခြေအနေကိုသိနေလို့ နအဖဗိုလ်ချုပ်တွေတောင်းဆိုတာကို ဈေးဆစ်တယ်။ နအဖကလည်း ငြိမ်းတွေ ထောင်မလာလောက်သေးဘူးဆိုတာ တွေ့ရတော့ သဘောတူလိုက်တယ်။ ဘာစာနဲ့မှရေးမထားတဲ့ ဒီလိုသဘောတူညီချက်မျိုးတွေဟာ ဗမာ့နိုင်ငံရေးသမိုင်းရဲ့ထူးခြားချက်မို့ စိတ်ဝင်စားစရာလည်းကောင်း၊ မှတ်သားစရာလည်း ကောင်းတယ်။

ပြည်သူလူထုဘက်ကကြည့်ရင်တော့ ဒီအဆင့်ဟာကိုယ့်အစွမ်းပြလို့ အကောင်းဆုံးဖြစ်တယ်။ ဘာပဲလုပ်နေနေ၊ နအဖဟာ နည်းမျိုးစုံညစ်ပြီး ဆန္ဒခံယူပွဲကို အနိုင်ယူမှာမို့ ဘာမှမလုပ်ဘူးလို့ မတွေးသင့်ဘူး။ အနည်းဆုံး နအဖစစ်ဗိုလ်တွေ ဒီတကွေ့မှာ သာမန်ညစ်ရုံနဲ့ မရအောင်ဝိုင်းလုပ်ကြဖို့လိုတယ်။

ကိုယ့်ဘက်က မဲလေးတမဲဖော်ပြလိုက်ရုံနဲ့ နအဖကိုပိုအရှက်ရစေ၊ ပွင့်ကျစေ၊ ဒုက္ခတွေ့စေမယ့်အခွင့်အရေးကို လက်မလွှတ်သင့်ဘူး။

တကယ်တော့ ဒီအကွေ့ဟာ နအဖအတွက်သာမဟုတ်ဘူး။ ဗမာပြည် ပြည်သူတွေလည်းအရေးကြီးလှတယ်။ နောက်ပြီး ဒီချုပ်အတွက်လည်း အရေးကြီးလှတယ်။ နအဖအဖို့ ပြောရရင် သူတို့အာဏာတည်မြဲရေးမှာ အကြီးမားဆုံးဆူးညှောင့်ခလုတ်ဟာ ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲရလဒ်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ပဲဖြစ်တယ်။ ဒီတကွေ့ဟာ နအဖဘက်ကထုတ်မပြောပေမယ့် အဲဒီအတားအဆီးတွေကို အပြတ်ရှင်းဖို့လုပ်တာဖြစ်တယ်။ သူတို့ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေဆိုတာသာအတည်ဖြစ်သွားရင် ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲဟာ အလိုလိုပျောက်ပြယ်သွားမှာ။ ဒါဆိုရင် အဲဒီရွေးကောက်ပွဲမှာ အနိုင်ရသူဆိုတဲ့ဂုဏ်သရေနဲ့ ရပ်တည်နေရတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာလည်း အဆင့်နေရာလျှောကျသွားမယ်။ ဒီလိုအခြေအနေမှာ ဘာမှမဆီမဆိုင်နဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ရွေးကောက်ပွဲဝင်ခွင့်မရှိဘူးလို့ ပြောလိုက်တာဟာ နအဖအနေနဲ့ ဒီချုပ်ကို လှမ်းပြီး နားရွက်တံတွေးဆွတ်လိုက်တာပဲဖြစ်တယ်။ ဒါမှမဟုတ် ပြည်တွင်းပြည်ပက ဘယ်လိုတုန့်ပြန်မလဲဆိုတာ လှမ်းထောက်လိုက်တာဖြစ်တယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ သူတို့ကျင်းပမယ့် ရွေးကောက်ပွဲဆိုတာကို ဝင်ပြိုင်ရင် ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲကို ကိုယ်ကိုယ်တိုင်က အသိအမှတ်မပြုတော့ရာကျသွားမှာဖြစ်သလို ဝင်မပြိုင်ရင်လည်း နအဖရဲ့ဥပဒေအရ ပါတီဖျက်သိမ်းခံရမယ့်သဘောရှိနေတယ်။ ဆုပ်စူးစားရူးဖြစ်အောင် ထောင်ချောက်ဆင်ထားတာဖြစ်တယ်။ ဒါကြောင့်မို့ အဲဒီရွေးကောက်ပွဲအဆင့်ကို မရောက်မီ နအဖရဲ့ အကြံယုတ်၊ ဉာဏ်ပုပ်တွေကို တိုက်ဖျက်ကြရမယ်။

ဒီတခါ နအဖကစိမ်ခေါ်လာတာဟာ ဘယ်သူမှငြင်းမရတဲ့ စိမ်ခေါ်ချက်ဖြစ်တယ်။ ဒါကိုရင်ဆိုင်ဖို့ကိစ္စဟာ လက်တွေ့ပြဿနာဖြစ်တယ်။ ဒါကြောင့် ဒီနေ့အခါမှာ တခြားကိစ္စတွေကိုဘေးချိတ်ပြီး နအဖရဲ့ခြေလှမ်းကို ရိုက်ချိုးရေးအတွက် အင်အားအားလုံး၊ ခွန်အားအားလုံး စုစည်းလုပ်ကိုင်ကြရမယ်။

ဒီလုပ်ငန်းကနေ အာရုံပြောင်းစေမယ့် တခြားလုပ်ငန်းတွေကို ဒီနေ့အခါမှာ ရှေ့တန်းတင်လာသူဟာ တရားခံဖြစ်သွားနိုင်တယ်။

ဗညြ ❖




ပြည်သူလူထုဘက်ကကြည့်ရင်တော့ ဒီအဆင့်ဟာ ကိုယ့်အစွမ်းပြလို့
အကောင်းဆုံး ဖြစ်တယ်။ဘာပဲလုပ်နေနေ၊ နအဖဟာ နည်းမျိုးစုံညစ်ပြီး
ဆန္ဒခံယူပွဲကို အနိုင်ယူမှာမို့ ဘာမှမလုပ်ဘူးလို့ မတွေးသင့်ဘူး။ အနည်းဆုံး
နအဖစစ်ဗိုလ်တွေ ဒီတကွေ့မှာ
သာမာန် ညစ်ရုံနဲ့ မရအောင်ဝိုင်းလုပ်ကြဖို့လိုတယ်…။

မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာချုပ်**
ဇီဝဇိုး

**တာဝန်ခံအယ်ဒီတာ**
ခွ၁ညို

**သတင်းအယ်ဒီတာ**
အောင်ဖုန်းမြင့်

**စာမျက်နှာဖွဲ့စည်းမှု**
အောင်ထက်

မိုးကြိုးသတင်းစဉ် သို့

စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
www.binamojo.org
admin@binamojo.org

ပြည်တွင်းလှုပ်ရှားမှု ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအံတုမှုကော်မတီ
နှင့်
နိုင်ငံရေးအကျဉ်းသားများ
ကူညီစောင့်ရှောက်ရေးအသင်း
(မြန်မာနိုင်ငံ)
တို့အား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

– ကိုယ့်အခွင့်အရေးအတွက် ကိုယ်တိုင်တိုက်ပွဲဝင်ကြ။
– ကောင်းတဲ့ကိစ္စ၊ တရားတဲ့ကိစ္စမှန်သမျှ ရဲရဲလုပ်ကြ။
– မတရားတဲ့အမိန့် အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ။

## နအဖက ပြည်သူအား ခေါင်းပန်းလှန်ပြပြီးမှ ဘယ်ဘက်ကကျကျ သူပဲစားရန်ကြံစည်ထားဟု ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဋ္ဌပြောဆို


စီအာရ်ပီပီဥက္ကဋ္ဌဦးအေးသာအောင်

မေလတွင်ကျင်းပပေးမည့် လူထုဆန္ဒခံယူပွဲသည် လက်ရှိစီးပွားရေး၊ နိုင်ငံရေးနှင့် တိုင်းရင်းသားပြဿနာများကို ဖြေရှင်းပေးနိုင်သည့်ကိစ္စမဟုတ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်က ပြောလိုက်သည်။

နအဖပိုင် အသံလွှင့်ဌာနများနှင့်မီဒီယာများမှ လူထုဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်ဖွဲ့စည်းကြောင်းနှင့် ဆန္ဒခံပွဲအတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်းဥပဒေများအား ကြေညာခဲ့ပြီးသည့်နောက် ဤသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

ဦးအေးသာအောင်က "လုပ်သင့်လုပ်ထိုက်တာကိုမလုပ်ဘဲနဲ့ မလုပ်သင့်မလုပ်ထိုက်တာကိုလုပ်နေတာ။ တကယ်လုပ်ရမှာက တွေ့ဆုံဆွေးနွေးရေး၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးရေးကို အလေးအနက်ထားလုပ်ရမယ့်အစား တဖက်သတ်ချမှတ်ထားတဲ့ ဆန္ဒခံယူပွဲလုပ်ငန်းစဉ်တွေကို ဟန်ပြလုပ်နေတယ်လို့ပဲ ပြောချင်တယ်" ဟု ပြောသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည့် ကြေညာချက်အမှတ် ၃/၂၀၀၈ တွင် တရားသူကြီးချုပ် ဦးအောင်တိုးနှင့် အဖွဲ့ဝင် (၄၅) ဦးပါ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းလိုက်ခြင်းနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ဖော်ပြထားသည်။

ဆန္ဒခံယူပွဲနှင့်ပတ်သက်၍ ဦးအေးသာအောင်ကပင် "ကိုယ့်ဖဲကိုယ်ချိုး၊ ကိုယ့်ဟာကိုယ်ကုလားဖန်ထိုးနေတာလူတွေကို သက်သက်ခေါ်ပြီး ကိစ္စတခုပဲဖြစ်တယ်။ အခုဟာက ခေါင်းပန်းလှန်ပြီး ခေါင်းပဲကျကျ၊ ပန်းပဲကျကျ စားမယ့်အလုပ်လေ" ဟု ပြောသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံသာ အတည်ဖြစ်သွားခဲ့ပါက တိုင်းရင်းသားပြည်သူတရပ်လုံး စစ်တပ်စိုးမိုးမှုအောက်သို့ ရောက်သွားမည်ဖြစ်ကြောင်းလည်း ပြောကြားသွားသည်။ ဆက်လက်၍ "ပြည်တွင်းမှာရှိတဲ့ အဲန်အယ်လ်ဒီပါတီအပါအဝင် တိုင်းရင်းသားနိုင်ငံရေးပါတီတွေရဲ့ သဘောတူညီမှုကိုမရတဲ့အတွက် ပြည်သူတွေရဲ့ထောက်ခံမှုကိုလည်း မရနိုင်ပါဘူး" ဟုပြောကြောင်း ခေတ်ပြိုင်အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။

ထို့အပြင် နိုင်ငံရေးငြိမ်သက်မှုမရှိသမျှ တိုင်းပြည်စီးပွားရေးတိုးတက်အောင်လည်း မည်သို့မျှ လုပ်ဆောင်၍ရမည်မဟုတ်ဟုလည်း ဆိုသည်။ တိုင်းရင်းသားများလိုလားနေသည့် ကိုယ်ပိုင်အုပ်ချုပ်ပြဋ္ဌာန်းခွင့်ရှိသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို လုံးဝဆန့်ကျင်နေခြင်းကြောင့်လည်း ပြည်တွင်းငြိမ်းချမ်းရေးကို ရနိုင်မည်မဟုတ်ကြောင်းကိုလည်း ပြောပြသွားခဲ့သည်။

ဦးအေးသာအောင်သည် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (စီအာရ်ပီပီ) ၏ အတွင်းရေးမှူးဖြစ်ပြီး ထိုစီအာပီပီသည် တိုင်းပြည်၏ကြပ်တည်းခက်ခဲသောအနေအထားတွင် ၁၉၉၀ ရွေးကောက်ပွဲက တင်မြှောက်ထားခြင်းခံခဲ့ရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ကိုယ်စားပြောရေးဆိုခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့်ပေးထားသောအဖွဲ့ဖြစ်သည်။ ❖

ဖွတ်မြီးနဲ့ဖွတ်ကို ချည်ကြဖို့<br>
ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ၏ထုတ်ပြန်ချက်<br>
အမှတ် (၁/၂၀၀၈)<br>
(၂၈ – ၂ – ၂၀၀၈)

(၁) "ဆန္ဒခံယူပွဲ"ကို သန်းရွှေစစ်အုပ်စုက မတတ်သာလို့လုပ်ရတာဖြစ်ပါတယ်။ ဒီအခွင့်အရေးကို လက်မလွှတ်ပါစေနဲ့။ စစ်အာဏာရှင်စနစ်သက်တမ်း (၄၆) နှစ်မှာ ဒီအခွင့်အရေးမျိုး (၂) ခါပဲ ရခဲ့တာဖြစ်ပါတယ်။ ပထမတခါတုန်းက နေဝင်းစစ်အုပ်စုကို ကျနော်တို့ အလဲထိုးနိုင်တဲ့အခြေအနေမရှိခဲ့ပါဘူး။ အခု သန်းရွှေစစ်အုပ်စုကို အလဲထိုးနိုင်တဲ့အခြေအနေရှိနေပါပြီ။

(၂) နအဖလုပ်နေပုံတွေ မတရားပါဘူး။ အတိုက်အခံတွေကို ဖမ်းထားပါတယ်။ '၅/၉၆ တင်းဘုတ်'နဲ့ ထုဖို့ပြင်နေပါတယ်။ ပြည်တွင်းပြည်ပက ဆန္ဒခံယူပွဲကို စောင့်ကြည့်လေ့လာခွင့်မရှိပါဘူး။ 'ဆန္ဒခံယူပွဲ' လုပ်မယ့်ရက် မကြေညာဘဲထားပြီး သူတို့တကောင်တည်း ပြေးနေပါတယ်။ လူထုကို ချည်ပြီးတုပ်ပြီး ပါးစပ်ပိတ်နားပိတ်ပြီး အနိုင်ယူဖို့ လုပ်နေပါတယ်။ ဒါပေမဲ့ 'ဖွတ်ကို ဖွတ်မြည်းနဲ့ချည်တဲ့နည်း' ကျနော်တို့ လူထုကြီးက လုပ်ရပါမယ်။ သူ့ဥပဒေမှာက 'ဆန္ဒခံယူပွဲ' ပျက်ပြားအောင်လုပ်ရင် ထောင် (၃) နှစ်ချမယ်ပဲ ပြောဝံ့တယ်။ 'ကန့်ကွက်မဲ' ပေးရင် အရေးယူမယ်လို့ မပြောဝံ့ဘူး။

ဒါကြောင့် .... မဲရုံကိုသွား ကန့်ကွက်မဲပေးကြ။ DASSK လွတ်စေချင်သလား၊ မင်းကိုနိုင်လွတ်စေချင်သလား၊ မဲရုံကိုသွားကန့်ကွက်မဲပေးကြ။

– ၁၉၉၀ လွှတ်တော်ခေါ်စေချင်သလား။ NLD အမတ်တွေ လွတ်စေချင်သလား။<br>
ပြည်ပရောက်တွေ ရင်ကော့ပြန်လာစေချင်သလား။<br>
မဲရုံကိုသွားကြ။ ကန့်ကွက်မဲပေးကြ။

## စစ်တပ် တမတ်သားပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား နအဖတရားသူကြီးချုပ် ဦးအောင်တိုး လက်မှတ်ထိုးအတည်ပြု


နအဖ၏အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မတီအဖွဲ့(၁)၏မြင်ကွင်း

ဖေဖော်ဝါရီလ (၁၉) ရက်နေ့တွင် ကျင်းပခဲ့သော နအဖစစ်အုပ်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်အစည်းအဝေး (၁၇/၂၀၀၈) မှနေ၍ အခြေခံဥပဒေရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်က ဥပဒေမူကြမ်းအား လက်မှတ်ထိုး၍ အတည်ပြုလိုက်သည်။

ဤသတင်းအား မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှနေ၍ တရားသူကြီးချုပ်ဦးအောင်တိုးက တရားဝင်ပြောကြားခဲ့ခြင်းဖြစ်ပြီး ၎င်း၏ တိုင်းပြည်သို့ကြေညာချက်တွင် ကော်မရှင်၏ အခြေခံဥပဒေမူကြမ်းတွင် အနာဂတ်မြန်မာနိုင်ငံ၌ စစ်တပ်၏နိုင်ငံတော်အုပ်ချုပ်ရေးအခန်းကဏ္ဍအပါအဝင် ရည်မှန်းချက် (၆) ရပ်နှင့်အညီ ရေးဆွဲထားခြင်းဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားသည်။ သို့သော် အခြေခံဥပဒေနှင့်ပတ်သက်၍ မူအသေးစိတ်ပြောကြားသွားခဲ့ခြင်းမရှိခဲ့ပေ။

နိုင်ငံပိုင်သတင်းဌာနများ၏ တရားဝင်ထုတ်ပြန်ခဲ့ချက်များအရ ဤဥပဒေမူကြမ်းကို အတည်ပြုလိုက်ချိန်မှစ၍ စစ်သေနာပတိချုပ်ကသာလျှင် နိုင်ငံတော်၏ အမြင့်ဆုံးအာဏာကိုပိုင်ဆိုင်ရမည်ဖြစ်သည်။ ထို့အပြင် အရေးပေါ်အခြေအနေများတွင်လည်း စစ်သေနာပတိချုပ်ကသာဆုံးဖြတ်ပိုင်ခွင့်ရှိပြီး ဝန်ကြီးများခန့်အပ်ရေး အခွင့်အာဏာသည်လည်း စစ်သေနာပတိချုပ်တွင်သာရှိသည်။ ပါလီမန်လွှတ်တော်အမတ်နေရာ လေးပုံတပုံကိုလည်း စစ်တပ်မှ အလိုအလျောက်ရယူထားပြီး ဥပဒေပြုလွှတ်တော်အမတ်များအနေနှင့် ဗီတိုအာဏာကိုလည်း သုံးနိုင်မည့်အခွင့်အာဏာကိုလည်း စစ်တပ်ကပိုင်ဆိုင်နိုင်လိမ့်မည်ဖြစ်သည်။

နအဖစစ်အုပ်စုက ကျင်းပပေးမည့် အခြေခံဥပဒေဆန္ဒခံယူပွဲအတွက် မဲဆွယ်စည်းရုံးကြရန် တရားသူကြီးချုပ်ဦးအောင်တိုးက အဖွဲ့ဝင် (၅၄) ယောက်ပါသော အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်အားတိုက်တွန်းလိုက်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းပြီးဆုံးသွားသည်ဟူသော ကြေညာချက်နှင့်ပတ်သက်၍ လွတ်လပ်သည့်အာရှအသံမှမေးမြန်းခဲ့ရာတွင် အဲန်အယ်လ်ဒီပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက "ကျနော်တို့ အဲသလိုတွေးလို့ လည်းရပါတယ်ဗျာ။ ဒါပေမယ့် အခုဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲပြီးပြီလို့လည်း ပြောတယ်။ အဲဒါကို ပြည်သူတွေအလွယ်တကူသိရှိရအောင် ဘယ်လိုလုပ်မလည်းဆိုတာက ပိုအရေးကြီးပါတယ်" ဟု ပြောလိုက်သည်။

ဤသည်မှာ အမျိုးသားရင်ကြားစေ့ရေးလမ်းစဉ်အား ဥပက္ခာပြုသည့်သဘောမျိုးသက်ရောက်နေကြောင်း၊ အမျိုးသားရင်ကြားစေ့ရေးလမ်းစဉ်နှင့်ဆန့်ကျင်ဘက်သို့သွားနေခြင်းဖြစ်ကြောင်း ဆက်လက်ပြောကြားသွားသည်။

မူကြမ်းရေးဆွဲရေးကော်မရှင်ဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်၏ အဖွဲ့ဝင်များဖြစ်ကြသော ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဦးသောင်းညွန့်တို့လည်း လက်မှတ်ရေးထိုးရာတွင် ပါဝင်ခဲ့ကြသည်။

## လူထုဆန္ဒခံယူပွဲ မပြုလုပ်မီကပင် အာဏာပိုင်တွေ လိမ်ညာမှုစတင်

ရန်ကုန်တိုင်း ဒဂုံမြို့သစ်တောင်ပိုင်း (၂၆) ရပ်ကွက် ရွာမဘုန်းကြီးကျောင်း၌ အာဏာပိုင်များက မှတ်ပုံတင်နှင့်သန်း ခေါင်စာရင်းလုပ်ပေးမည်ဟုလိမ်ခေါ်ပြီး လူထုဆန္ဒခံယူပွဲအကြောင်းများ ဟောပြောစည်းရုံးခဲ့သည်။

မှတ်ပုံတင်နှင့် သန်းခေါင်စာရင်း လုပ်ပေးမည်ဟု အာဏာပိုင်များမှ အသံချဲ့စက်နှင့်ကြေညာသောကြောင့် သွားရောက်ရာ လမ်းပြမြေပုံ (၇) ချက်နှင့်အညီ မေလတွင် ပြုလုပ်မည့် လူထုဆန္ဒခံယူပွဲတွင် ပြည်သူများမှ အရွေးမမှားကြရန်၊ မှန်မှန်ကန်ကန်ရွေးချယ်ကြရန်လိုကြောင်း၊ ပြည်ပနိုင်ငံများ၏ သွေးထိုးလှုံ့ဆော်မှုများကို မယုံကြည်ကြရန်လိုကြောင်း၊ ဆန္ဒခံယူပွဲနှင့်သက်ဆိုင်သော ကိစ္စများကို ဟောပြောစည်းရုံးလိုက်ခြင်းသာဖြစ်ကြောင်း ထိုအစည်းအဝေးကို တက်ရောက်သူတဦးက ဒီဗွီဘီသတင်းဌာနသို့ ပြောသည်။

ဤဖြစ်ရပ်နှင့်ပတ်သက်၍ "အမှန်ကတော့ သူတို့လုပ်ဆောင်မှုမှန်သမျှကို ပြည်သူတယောက်အနေနဲ့ လုံးဝအယုံအကြည်မရှိဘူးဗျ။ ဒီနေ့ဆွေးနွေးပွဲမှာတောင် ကျနော်တို့လူထုကို လိမ်ညာပြီးတော့ဆွေးနွေးပွဲခေါ်ခြင်းဖြစ်တယ်။ ဟိုကိုရောက်တော့ သူတို့ပြောချင်တာတွေပြောပြီး စည်းရုံးသွားတာဖြစ်တဲ့အတွက် သူတို့ရဲ့လုပ်ဆောင်မှုကို အပြည့်အဝကျနော်မယုံကြည်ဘူးခင်ဗျ၊ ပြည်သူတွေဘာတွေကိုလိုချင်ပါသလဲလို့မေးတယ်ဗျ။ ဘာမှလုပ်မပေးဘဲနဲ့ ဘာလိုချင်လဲ လာမေးတော့ ပြည်သူတွေက ထပြီးတော့ ဒီမိုကရေစီလိုချင်တယ်။ နောက်တယောက်က စစ်မှန်သော ဒီမိုကရေစီလိုချင်တယ်ဗျလို့ပြောတော့ ကျနော်တို့လည်း ဒီလမ်းကြောင်းကို သွားနေပါတယ်ဆိုပြီးတော့ ပြေးသွားတာပဲ"ဟု ၎င်းအစည်းအဝေးကို တက်ရောက်သူတဦးက ပြောကြားခဲ့သည်။

၎င်းတို့၏ စည်းရုံးဟောပြောမှုများကို ပြည်သူများမှ စိတ်ဝင်စားခြင်းမရှိသောကြောင့် အစည်းဝေးမပြီးခင် ထပြန်ခြင်းဖြင့် လူထုဆန္ဒကို ထုတ်ဖော်ပြခဲ့ကြောင်းလည်း သိရသည်။ စစ်အုပ်စု၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းကို လူထုဆန္ဒခံယူပွဲပြုလုပ်သောအချိန်တွင် မှန်မှန်ကန်ကန်ထောက်ခံနိုင်ရန် ပြည်သူများအတွက် လွတ်လပ်မှုရှိရန်လိုကြောင်း၊ အခြေခံမူကြမ်းပါ အချက်အလက်များကို ယခုအချိန်ထိ မသိရှိရသောကြောင့် ထောက်ခံဖို့ခက်ခဲကြောင်းသိရသည်။

လူထုဆန္ဒခံယူပွဲနှင့်ပတ်သက်၍ စည်းရုံးဟောပြောမှုများကို အခြားမြို့နယ်များတွင်လည်းလုပ်ဆောင်နေပြီး၊ ရန်ကုန် ဆင်ခြေဖုံးရပ်ကွက်များတွင်လည်း ခရိုင်မီးသတ်နှင့်ကြက်ခြေနီအဖွဲ့ဝင်များမှ လှည့်လည်စည်းရုံး၍ ကန့်ကွက်သူရှိ မရှိ၊ ပြည်သူတွေ မည်သို့ဝေဖန်နေကြသည်များကို သိရှိနိုင်ရန် စုံစမ်းနေကြောင်း သတင်းရရှိသည်။

❖

**ကျွန်ုပ်တို့အား မဲပေးရွေးကောက်ခဲ့ကြသော ပြည်သူတို့၏မျှော်လင့်ချက်ကို အချည်းအနှီးမဖြစ်စေရ...။**

ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ (မြန်မာနိုင်ငံ)